တက္ကသိုလ်

# နေလင်းအောင်

## မြေရာမဲ့ သိုင်းရဲ့ကမ္ဘာ

စာစဉ်

၇



ကုလုံ၏ ဝူးလင်ကူစု

စာမူခွင့်ပြုချက်အမှတ် ၈၇၉ / ၂၀၀၂ (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၈၄၂ / ၂၀၀၂ (၁၀)

ဒုတိယအကြိမ်၊ ၂၀၀၂-ခုနှစ်၊ နိုဝင်ဘာလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀ ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေနိုင် (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးသန်းဝင်း (ကျော်ပုံနှိပ်တိုက်)
အမှတ် ၂၇၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှိပ်
ဦးထွန်းလင်း (ဖိုးဝအောင်ဆက်)
အမှတ် ၁၇၇၊ ၄၅-လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။



စင်လုံသည် တောင်ကျရေဆေးဆင်းသည့် အင်အားမျိုးဖြင့် ရွှင်ပျော်ပျော်မြို့စားကြီး၏ရင်ခွင်သို့ တားဖြင့် ထိုးသွင်းလိုက်၏။ ရွှင်ပျော်ပျော်မြို့စားကြီးကလည်း ရဲရင့်စွာပင် ရင်ကော့ပေးလေသည်။

သို့သော် စင်လုံ၏ တားဦးသည် ရွှင်ပျော်ပျော်မြို့စားကြီး၏ရင် ခွင်နှင့်တစ်လက်မမျှအလိုတွင် ရုတ်တရက်ရပ်ဆိုင်းသွားရုံမျှမက သူ့ တစ်ကိုယ်လုံးနောက်ဘက်သို့ သုံးလေးလှမ်းမျှ ခုန်ဆုတ်သွားသည်၊ ထို့နောက် ရွှင်ပျော်ပျော်မြို့စားကြီးအား ပြုံး၍ကြည့်နေလေသည်။

ရွှင်ပျော်ပျော်မြို့စားကြီးက တုန်ယင်သောအသံဖြင့် လှမ်းပြောလိုက်သည်။

"ခင် - ခင်ဗျားမှာ နောက်ထပ်နှစ်ကြိမ်ပဲ တားနဲ့ထိုးခွင့်ရှိတော့တယ်"

စင်လုံက ဟက်ဟက်ပက်ပက်ရယ်မောလိုက်၏။

"ပြီးခဲ့တာတွေ ပြီးပါစေတော့ဗျာ"

ရွှင်ပျော်ပျော်မြို့စားကြီးမှာ စင်လုံ၏အပြုအမူနှင့် အပြောအဆိုကို လုံးဝနားမလည်နိုင်ဘဲ ဖြစ်နေသည်။

"ခင် - ခင်ဗျားဘာတွေ ပြောနေတာလဲ၊ ကျုပ်ကို တားနဲ့ထိုးဖို့ နှစ်ကြိမ်ပဲရှိတော့တယ် သိရဲ့လား"

စင်လုံက ခပ်ပြုံးပြုံးကြည့်၍ အော်လိုက်သည်။

"ချစ်ချစ် - မင်းကို ငါမမှတ်မိဘူးလို့ ထင်နေသလား"

ရွှင်ပျော်ပျော်မြို့စားကြီးမှာ ရုတ်တရက် ငေးကြောင်သွားသည်၊ ထို့နောက် တားပွဲခုံ၌ မျက်နှာမှောက်ကာ ကြွကြွပါအောင်ငိုလေတော့၏။

"ကျွန်မ - ကျွန်မ - ကံဆိုးတယ်၊ သိပ်ကံဆိုးတယ်၊ ဘာကြောင့် ဒီလိုဒုက္ခတွေထပ်တလဲလဲ တွေ့နေရသလဲမသိဘူး၊ ကျွန်မ သိပ်သေချင်တယ်၊ သေချင်လည်းမသေရဘူး"

စင်လုံသည် သူမအနီးသို့ ချဉ်းကပ်လာပြီး သူမ၏ဆံပင်များကို ပွတ်သပ်လျက် နှစ်သိမ့်ပေးနေသည်။

"ကလေးရယ် ဘာကြောင့်သေချင်ရတာလဲကွယ်"

ချစ်ချစ်သည် မျက်ရည်လည်ရွဲဖြင့် စင်လုံအားမော့ကြည့်ကာ-

"ကျွန်မဘာဖြစ်လို့ သေချင်ရမှာလဲ၊ လူ့လောကမှာ နေနေရတာ အစိပ်ပိုင်းကင်းမဲ့နေလို့ပေါ့၊ အသက်ရှင်ပြီး အစိပ်ပိုင်း ကင်းမဲ့နေရင် လူ့ဘဝမှာ ဘာအရသာရှိတော့မှာလဲ၊ စင်လုံရယ် ကျွန်မကို သနားရင် သတ်လိုက်ပါ၊ သတ်ပေးပါနော်"

စင်လုံက သက်ပြင်းချရင်း -

"ဘယ်လိုများ သတ်ရက်ပါ့မလဲ မိန်းကလေးရယ်"

ချစ်ချစ်သည် မျက်ရည်များဝေနေသည့် မျက်လုံးများဖြင့် တွေတွေဝေဝေမော့ကြည့်ယင်း တုန်ယင်လှုပ်ရှားစွာမေးလိုက်သည်။

"စင် - စင်လုံ၊ ရှင် - ရှင် - ကျွန်မ - ကျွန်မကို"

စင်လုံသည် ချစ်ချစ်ကို ပြုံးပြလိုက်၏။ သူ့အပြုံး၌ အကြင်နာ၊ ကရုဏာနှင့် မေတ္တာတရားတို့ အပြည့်အဝပါသည်။ ချစ်ချစ်သည် စင်လုံ၏အပြုံးကို ချမ်းမြေ့စွာ ခံစားလိုက်ရသည်။

စင်လုံက -

"စင်လုံဆိုတာလည်း လူပါပဲကွယ်၊ စင်လုံရဲ့အသည်းနှလုံးကလည်း သံမဏိနဲ့လုပ်ထားတာ မဟုတ်ပါဘူးကွယ်"

ချစ်ချစ်သည် စင်လုံ၏ရင်ခွင်ထဲသို့ပြေးကာ ဝမ်းသာဝမ်းနည်း



ကြူကြူပါအောင် ငိုချလိုက်လေတော့၏။ ထိုတဒင်္ဂအတွင်းဝယ် မေတ္တာတရား၏ အေးမြခြင်းများ လွှမ်းခြုံဝန်းပတ်နေသည်။ သူတို့သည် ခက်ခဲကြမ်းတမ်းလှသော ခယောင်းလမ်းကို ကျော်ဖြတ်လာခဲ့ကြရသဖြင့် ချစ်မေတ္တာ၏ အေးချမ်းမှုကို ပီသကြည်မြစွာ ခံစားနေရလေသည်။ ချစ်ချစ်သည် စင်လုံ၏ရင်ခွင်၌ မှီနေသည်။ တစ်ယောက်နှင့်တစ်ယောက် စကားမပြောနိုင်ကြတော့ပါချေ။

ထိုစဉ် အလန့်တကြား အော်ဟစ်ပြေးလွှားလာသည့် လူတစ်ယောက်ကြောင့် နှစ်ယောက်စလုံး ခေါင်းများထောင်ထမိတော့သည်။

"စင်လုံ - စင်လုံ - မသတ်နဲ့၊ မသတ်နဲ့ အဲဒါ ရှင်ပျော်ပျော် မြို့စားကြီးမဟုတ်ဘူး။ ချစ်ချစ် - ကြူးချစ်ချစ်"

ပြေးဝင်လာသူက ဝံကြောင်ကလေးပင်တည်း။

ချစ်ချစ်သည် စင်လုံ၏ရင်ခွင်အတွင်းမှ လှမ်းပြောလိုက်လေ၏။

"အစ်ကိုကြီး ဝံကြောင်ကလေး ညီမလေးဒီမှာ"

ဝံကြောင်ကလေးက အမောတကောပြေးလာရသဖြင့် ဖားဖိုကြီးကဲ့သို့ ဟောဟဲလိုက်ရင်း မေးလိုက်၏။

"မင်း - မင်း - ချစ်ချစ်နော်၊ ဟုတ်ရဲ့လား။ ချစ်ချစ် ဟုတ်ရဲ့လား"

သူမက ပြုံးရင်း ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ် - အစ်ကိုကြီးရဲ့ ချစ်ချစ်ပါ၊ ကြူးချစ်ချစ်ပါ"

ဝံကြောင်ကလေးက မောသံကြီးဖြင့် ဆက်မေးနေသည်။

"မင်း - မင်း - မသေဘူးနော်"

"မသေလို့ တွေ့နေရတာပေါ့ အစ်ကိုကြီးရယ်"

ဝံကြောင်ကလေးက စင်လုံကိုကြည့်ရင်း -

"စင်လုံ - အစ်ကိုကြီး၊ ခင်ဗျား ချစ်ချစ်ကို မသတ်ရသေးဘူး ပေါ့နော်"

စင်လုံကပြုံး၍ ဖြေလိုက်သည်။

"မသတ်ရသေးပါဘူးကွာ"

ဝံကြောင်ကလေးသည် နောက်ဘက်သို့ ခြေသုံးလေးလှမ်းမျှ ဆုတ်သွားပြီး သူတို့နှစ်ယောက်ကို အသေအချာကြည့်သည်။ ထို့နောက် ရုတ်တရက်အော်ဟစ်ရယ်မောလေတော့၏။

ချစ်ချစ်က -

"အစ်ကိုကြီးက ဘာဖြစ်လို့ ဒီလောက်တောင် ရယ်နေရတာလဲ"

ဝံကြောင်ကလေးသည် ရယ်မောရင်းမှ ဗလုံးဗထွေး ပြောလိုက်သည်။

"မုတ်ဆိတ်မွေးရှည်ရှည်နဲ့ လူကြီးတစ်ယောက်က စာသမား ပေသမား လက်ာသမားလို လူငယ်တစ်ယောက်ရဲ့ ရင်ခွင်ထဲဝင်နေတာမြင်ရတော့ ရယ်မိတာပေါ့ဗျာ၊ လောကကြီးမှာ ဒီမြင်ကွင်းထက် ရယ်စရာကောင်းတာရှိပါဦးမလား"

ချစ်ချစ်မှာ လွန်စွာရှက်နေတော့၏။ စင်လုံ၏ ရင်ခွင်တွင်းမှ မခွာချင့်ခွာချင် ခွာလိုက်ပြီး သူမ၏မျက်နှာ၌တပ်ဆင်ထားသော မျက် နှာဖုံးအတုနှင့် မုတ်ဆိတ်မွေးအတုများကို ခွာချပစ်လိုက်၏။ မီးအိမ် များ၏အလင်းရောင်အောက်ဝယ် ချစ်ချစ်၏ ချောမွေ့လှပသော မျက်နှာကလေးကို အထင်းသားမြင်လိုက်ကြရ၏။

ဝံကြောင်ကလေးက သက်ပြင်းရှည်ကြီးတစ်ချက်ချရင်း -



"အင်း - ကျုပ်ညီမကြီးရဲ့ အချောအလှကတော့ တစ်စက်ကလေးမှ မပြောင်းလဲပါဘူးကွာ၊ ဒါပေမယ့် မင်းရဲ့မျက်စိအစိမ်းရောင် ပြောင်းနေတာကတော့ အတော့်ကို ထူးခြားတာပဲ၊ ဘယ်လိုများ လုပ်ထားသလဲ"

ချစ်ချစ်က ရယ်လိုက်၏။

"ဒါလည်း မျက်လှည့်တစ်မျိုးပါပဲ၊ ကဲ - ကြည့်နေ ညီမမျက်လှည့်ထပ်ပြမယ်"

ချစ်ချစ်သည် ဦးခေါင်းကိုနောက်ဘက်သို့ လှည့်လိုက်၏။ ချက် ချင်းဆိုသလိုပင် ပြန်လှည့်လာသည်။ သူမ၏မျက်လုံးများသည် သဘာဝအရောင်အတိုင်း ဖြစ်သွားလေပြီ။ သူမသည် လက်ဝါးဖြန့်ပြလိုက်၏။ လက်ဝါးထဲ၌ မျက်လုံးအရွယ်ခန့် စိမ်းဖန့်ဖန့်မှန်ချပ်ကလေး နှစ်ချက်ကို တွေ့ကြရ၏။

ဝံကြောင်ကလေးက မျက်လုံးပြူး မျက်ဆံပြူးဖြင့် မှန်ကလေး နှစ်ချက်ကို ကြည့်လိုက်သည်။

"ဒါ - ဘာပစ္စည်းလဲ ချစ်ချစ်ရဲ့"

"ဒါ ဝယ်ထားရတာလေ၊ ထုတ်ချင်းပေါက် မြင်ရတဲ့ မှန်ကလေး နှစ်ချက်ပေါ့၊ ငွေသားနှစ်ထောင်လောက် ပေးရတယ်၊ နည်းနည်းနော်နော် တန်ဖိုးရှိတာမဟုတ်ဘူး၊ ရုပ်ဖျက်တဲ့နေရာမှာတော့ အင်မတန်အရာရောက်တယ်"

ဝံကြောင်ကလေးက မနှစ်မြို့စွာ မေးလိုက်၏။

"ဝမ်းလင်းဝါးရဲ့ပစ္စည်းပဲပေါ့ ဟုတ်လား"

ချစ်ချစ်က ရယ်လိုက်၏။

“အစ်ကိုကြီးကလည်း ဒါများအဆန်းလုပ်နေရသေးတယ်၊ ဝမ်းလင်းဝါးလို လူမျိုးဆီမှာပဲ ဒီလိုပစ္စည်းရှိနိုင်တဲ့ဥစ္စာ၊ အထူးအဆန်းလုပ်ပြီးမေးနေရသေးတယ်”

ဝံကြောင်ကလေးက ဝန်ခံလိုက်၏။

“ဟုတ်တယ် - ငါက ဝမ်းလင်းဝါးအကြောင်း ကောင်းကောင်းသိတယ်၊ ဒါပေမယ့် သူ့ရုပ်ဖျက်ထားရင်တော့ ငါလည်းမသိတော့ဘူး။ ရုပ်ပြောင်းရုပ်လွှဲ ရုပ်ဖျက်တဲ့နေရာမှာတော့ တကယ့်ကို တော်တဲ့လူပါပဲ”

ချစ်ချစ်က ပြုံး၍ -

“အစ်ကိုကြီးမသိပေမယ့် စင်လုံကတော့ ဘယ်သူဘယ်လောက် ရုပ်ဖျက်ဖျက်သိနေတာပဲ”

ဝံကြောင်ကလေးက ချစ်ချစ်အား နောက်ပြောင်ကျီစယ်လိုသဖြင့် -

“မင်းမျက်နှာက ပြုံးနေပါလား။ ဘာဖြစ်လို့ ဒီလောက်တောင် ပြုံးနေရတာလဲ၊ ဩော် - ဩော် - သိပြီ - သိပြီ၊ စင်လုံတစ်ယောက်လုံးရှိနေတာကိုး။ ဒါကြောင့် ဒီလောက်ပြုံးနေတာမဟုတ်လားဟေ့၊ ဟား - ဟား - ဟား”

ချစ်ချစ်မှာ ရှက်စနိုးဖြစ်လျက် ဝံကြောင်ကလေး၏ ကျောကုန်းအား တဘုံးဘုံးထုလိုက်မိသည်။

ဝံကြောင်ကလေးသည် စင်လုံဘက်သို့ လှည့်လျက် မေးလိုက်၏။

“အစ်ကိုကြီးစင်လုံ - ဒီတစ်ချီလည်း ကျွန်တော်ရှုံးသွားပြီ၊ သူ့ကို ဘယ်လိုမှတ်မိလိုက်သလဲ၊ ရှင်းပြစမ်းပါဦး”



ချစ်ချစ်ကလည်း ဝင်မေးသည်။

“ဟုတ်တယ် - ဒီတစ်ချီမှာ စင်လုံမသိအောင် ကျွန်မအချိန်ယူပြီးလေ့ကျင့်ထားတာ၊ လူတွေမှာ အနံ့အသက်က တစ်မျိုးစီရှိတယ်ဆိုတာ ကြားဖူးထားတော့ အနံ့အသက်ထွက်လာရင် ရိပ်မိသွားမှာစိုးလို့ အမွှေးရနံ့တွေနဲ့ ကာကွယ်ထားခဲ့တယ်၊ တစ်ခန်းလုံးမွှေးကြိုင်နေတာကြည့်ပါလား၊ ကောင်မလေးတွေအားလုံးကိုလည်း အမွှေးရနံ့တွေအားလုံး သင်းထုံနေအောင် ဖျန်းထားပေးခဲ့တယ်၊ ကျွန်မကိုယ်ကျွန်မလည်း မှန်အထပ်ထပ်ကြည့်ခဲ့သေးတယ်၊ ကျွန်မမှာဘာ ချွတ်ယွင်းချက်ကိုတွေ့ပြီး မှတ်မိသွားတာလဲစင်လုံ”

စင်လုံက ရယ်လိုက်၏။

“ကောင်မလေးတွေအားလုံး မွှေးနေတာကိုတော့ ကျုပ်ကောင်းကောင်းမှတ်မိပါတယ်”

ချစ်ချစ်သည် ခြေဆောင့်၍ ဝံကြောင်ကလေးအား တိုင်လိုက်၏။

“အစ်ကိုကြီး - တွေ့လား။ ဒါ ညီမလေးကို စော်ကားနေတာပဲ၊ စောစောကလည်း တစ်ခါစော်ကားပြီးပြီ”

ဝံကြောင်ကလေးက တအံ့တသြမေးလိုက်၏။

“သူ - ဘယ်လို စော်ကားလို့လဲ”

“အစ်ကိုကြီးမတွေ့လို့ပါ။ စောစောက ဒီကောင်မလေးတွေနဲ့ ဖက်လားရမ်းလားလုပ်နေတာ၊ တမင်သက်သက် ညီမလေးကို ဒေါသထွက်အောင် လုပ်နေတာ၊ သူ့ကို ညီမလေး စိတ်ဆိုးတယ်”

ဝံကြောင်ကလေးက စင်လုံအား မေးလိုက်၏။

“ကဲ - အစ်ကိုကြီးစင်လုံ” တွေ့ပုံလေး ရှင်းပြစမ်းပါဗျာ၊

ကျွန် တော်တို့လည်း ပညာရတာပေါ့။ ဘယ်အချိန်ကစပြီး သံသယ ရှိခဲ့ သလဲ"

စင်လုံက ပြုံးရယ်လျက် ရှင်းပြ၏။

"ခြေရာတွေ၊ ပစ္စည်းအတိုအစတွေ တွေ့ကတည်းက သံသယ ရှိခဲ့တာပဲ၊ ရှင်ပျော့ပျော့မြို့စားကြီးဟာ အင်မတန်အကြံကြီးတဲ့လူ၊ အင်မတန်စေ့စပ်သေချာတဲ့လူပဲ၊ သူစခန်းသိမ်းသွားတဲ့အခါမျိုးမှာ ဘယ် ဒီလိုပစ္စည်းအတိုအစတွေ ကျန်ရစ်အောင်ချန်ထားခဲ့လိမ့်မလဲ၊ ဒီလို သဲလွန်စတွေချန်ထားခဲ့ရင် သူ့အတွက် အန္တရာယ်မကင်းဘူး ဆိုတာ သူကောင်းကောင်းသိတာပေါ့"

ချစ်ချစ်က ရယ်ရွှင်ပြောသည်။

"ကျွန်မ တမင်သက်သက် ပစ္စည်းအတိုအစတွေ ချန်ထားခဲ့ တာပါ၊ အခုတော့ ကျွန်မလုပ်တာက ပြောင်းပြန်ဖြစ်သွားတော့ တာပေါ့"

စင်လုံက ဆက်ရှင်းပြသည်။

"ဒုတိယအကြိမ် သံသယဖြစ်ရတဲ့အချက်ကတော့ ကျောက် တုံးပေါ်မှာ တွေ့ရတဲ့စာကြောင်းပဲ"

ဝံကြောင်ကလေးက တအံ့တသြ ပြောသည်။

"ဘုရားရေ - အဲဒီစာကို ကျွန်တော်လည်း ဖတ်လိုက်ရတာပဲ၊ ဘာသဲလွန်စမှ မတွေ့ပါဘူး"

စင်လုံက ပြုံးလိုက်သည်။

"လက်ရေးလက်သား သိပ်မကောင်းဘူး၊ ဝါကျဖွဲ့ပုံ သိပ်မပြေ ပြစ်ဘူး၊ ရှင်ပျော့ပျော့မြို့စားကြီးဟာ သူ့နေရာနဲ့သူ အံဝင်ခွင်ကျသုံး ရမယ့် တပည့်တပန်းတွေ အများကြီးမွေးထားတယ်၊ အင်မတန်



သေသပ်ကောင်းမွန်တဲ့ စာတစ်စောင်တော့ ကောင်းကောင်းရေးနိုင် မှာပါ"

"ဟာ - ဟုတ်သပေါ့ဗျာ၊ သိပ်ဟုတ်သပေါ့၊ စာတွေ့တုန်းက ဒီချွတ်ယွင်းချက်ကို အစ်ကိုကြီးက ဘာဖြစ်လို့ ပြောမပြတာလဲ"

"ဒါက အသေးအဖွဲ့အချက်အလက်ကလေး တစ်ချက်ပဲ ရှိသေးတယ်၊ ဒီလိုအသေးအဖွဲ့တွေများလာရင်တော့ ပြောပြကောင်း ပြော ပြမှာပေါ့ကွာ၊ ပိုးအင်္ကျီဝတ်ဆင်ထားတဲ့ လမ်းပြကိုတွေ့တော့မှ ပို သေချာသွားတယ်၊ အဲဒီလမ်းပြဟာ ဘယ်နည်းနဲ့မှ ရှင်ပျော့ပျော့ မြို့စားကြီးရဲ့ တပည့်မဖြစ်နိုင်ဘူးဆိုတာ ရိပ်မိလိုက်တယ်"

ချစ်ချစ်က ကမန်းကတန်း ဝင်မေးလိုက်သည်။

"ဘာလဲ သူစကားပြောမှားသွားလို့လား"

စင်လုံက ရယ်လိုက်၏။

"စကားပြောမမှားပါဘူး၊ အင်္ကျီကြောင့် ရိပ်မိလိုက်တာပါ။

"ရှင် - အင်္ကျီကြောင့် ဟုတ်လား"

"ဟုတ်တယ် သူ့အင်္ကျီက အသစ်စက်စက်ကြီးဖြစ်နေတယ်၊ အင်္ကျီတင်မကဘူး၊ ဖိနပ်ပါ အသစ်စက်စက်ကြီးဖြစ်နေတယ်၊ ရှင် ပျော့ပျော့မြို့စားကြီးရဲ့အဖွဲ့ဟာ ဖုန်တွေ၊ သဲတွေ၊ နှင်းတွေ အထပ် ထပ်ကို ဖြတ်သန်းပြီး ခရီးကြမ်းနှင်လာကြရမှာ၊ သူတို့ရဲ့ အဝတ် အစားနဲ့ ဖိနပ်တွေဟာ ဘယ်လိုမှ အသစ်စက်စက်မဖြစ်နိုင်ဘူး"

စင်လုံသည် စကားကိုခေတ္တဖြတ်ရင်း ရယ်မောလိုက်၏။

"ဒါတွေ တွေ့ထားလို့ ဝံကြောင်ကလေး အားရပါးရ အရက် သောက်နေတာကို စိတ်ချလက်ချကြည့်နေခဲ့တာပေါ့၊ ဟား - ဟား - ဟား"

ချစ်ချစ်မှာ သူ့ဘက်က အစစအရာရာ အသေအချာပြင်ဆင်ထားသော်လည်း စင်လုံတို့ဘက်မှ ပါးနပ်လိမ္မာလွန်း၍ သူ၏အကြံအစည်များ ဖူးပေါ်သလိုပေါ်လာခဲ့ရသဖြင့် ရှက်သွေးမှွန်သွားမိသည်။

"ရှင် - ရှင် - သိပ်ပါးနပ်တာပဲ၊ ကျွန်မကိုယ်ကျွန်မတောင် ရှက်လာမိပြီ"

စင်လုံက ပြုံး၍ချီးကျူးလိုက်သည်။

"ဝမ်းလင်းဝါးရုပ်ပြောင်းရုပ်လွှဲလုပ်နိုင်တာကို ချီးကျူးဖို့ကောင်းတယ်၊ မင်းက ရှင်ပျော်ပျော်မြို့စားကြီးပုံပေါက်အောင် ယောကျ်ားတွေလေယူလေသိမ်းနဲ့ စကားပြောနိုင်တာလည်း ချီးကျူးဖို့ကောင်းတယ်"

"ကျွန်မ အဲဒီလေယူလေသိမ်းရအောင် အထပ်ထပ်လေ့ကျင့်ခဲ့ရတယ်၊ နောက်ဆုံးတော့ အလကားပါပဲရှင်"

ဝံကြောင်ကလေးက ဝင်မေးသည်။

"ချစ်ချစ်ဖြစ်ကြောင်း ဘယ်လိုရိပ်မိသလဲ အစ်ကိုကြီးစင်လုံ"

စင်လုံက ပြုံးလိုက်၏။

"ဒါလည်း လွယ်ပါတယ်၊ ပထမသဲလွန်စတွေ့ထား ရကတည်းက ချစ်ချစ်ဖြစ်ဖို့ အကြောင်းကများနေပြီ ငါက ကောင်မလေးတစ်ယောက်ရဲ့ခါးကိုဖမ်းဆွဲပြီး ပလူးပလဲလုပ်လိုက်တော့ သူ့မျက်နှာက ဘွားဘွားကြီးပေါ်လာတော့တာပေါ့၊ သူ ဒေါသသိပ်ထွက်နေတယ်လေ"

ဝံကြောင်ကလေးက တဟားဟားရယ်လျက် ချစ်ချစ်ကို ကြည့် လိုက်သည်။

"နောက်ဆုံးတော့ ငါ့ညီမ ရှုံးသွားတာပေါ့လေ"



စင်လုံက ဝံကြောင်ကလေးကို ပြောလိုက်သည်။

"ကဲ - အခြေအနေအရပ်ရပ်ကို ရှင်းရှင်းလင်းလင်း သဘောပေါက်သွားပြီမဟုတ်လား"

ဝံကြောင်ကလေးက ခေါင်းညိတ်ပြ၏။

"ရှင်းပါပြီဗျာ၊ ရှင်းပါပြီ၊ ကောင်မလေးက ကျွန်တော့်ကိုတော့ တကယ့်ကို နလပိန်းတုံးကြီးအဖြစ် သတ်မှတ်ထားတာပါပဲ၊ သူက ကျွန်တော့်ကို ကောင်းကောင်းလိမ်နိုင်ညာနိုင်တယ်၊ ခင်ဗျားကျတော့ ဘယ်လိုမှမလိမ်နိုင်ဘူး၊ ခင်ဗျားက ဒီမှာလာပြီး အလိမ်ဖော်နေတဲ့အချိန်မှာ ကျွန်တော်က ဟိုရွက်ဖျင်တဲထဲမှာ သူပေးထားတဲ့ စာတစ်စောင်နဲ့ ဒုက္ခရောက်နေရပြီ ခင်ဗျားတို့ဆီ ချက်ချင်းပြေးလာချင်ပါရဲ့ဗျာ၊ ဘယ်ပြေးလာရမှန်းမသိဘူး၊ ဒါပေမဲ့ ကျွန်တော်လည်း ဖွတ်ရွတ်ပြီး ပြေးလာခဲ့တာပဲ"

ချစ်ချစ်က -

"အစ်ကိုကြီးလာတော့ နောက်ကျနေပါပြီ"

"ဘာ - ငါလာတော့ နောက်ကျနေပြီဟုတ်လား"

"ဟုတ်တယ် အစ်ကိုကြီးက နောက်ကျနေတော့ တကယ့်မြင်ကွင်းကို မမြင်လိုက်ရတော့ဘူးပေါ့"

ဝံကြောင်ကလေးက တအံ့တသြမေးလိုက်၏။

"ဘာမြင်ကွင်းများလည်းဟာ မင်းတို့က ဘာများအဆန်းတကြယ် လုပ်နေကြလို့လဲ"

"အစ်ကိုကြီးအနေနဲ့ စင်လုံ ဓားရည်သုံးတာ မြင်ဖူးသလား"

ဝံကြောင်ကလေးက ခေါင်းကို သွက်သွက်ကလေး ခါယမ်းပြလိုက်၏။

"ငါတော့ သူစားရှည်သုံးတာ တစ်ကြိမ်မှ မတွေ့ဖူးဘူး"

ချစ်ချစ်က ရယ်လိုက်၏။

"အဲဒါပြောတာပေါ့၊ ညီမလေးကတော့ သူစားရှည်ကိုင်တာ မြင်ခဲ့ရပြီးပြီ"

"သူစားကွက်က ဘယ်လိုလဲ၊ ကောင်းရဲ့လား၊ ထူးဆန်းရဲ့လား"

ချစ်ချစ်က မျက်လုံးမှိတ်၍ ဖြည်းဖြည်းချင်းပြောပြလေ၏။

"စားကွက်က လှပတယ်၊ သေသပ်တယ်၊ သွက်လက်တယ်၊ ချစ်စရာကောင်းတယ်"

ဝံကြောင်ကလေးက ချစ်ချစ်၏ စကားမဆုံးမီမှာပင် ကြားဖြတ် ဝင်ပြော၏။

"စားကွက်က ချစ်စရာကောင်းတယ်၊ လူ - လူ - က"

ချစ်ချစ်သည် စားပွဲပေါ်ရှိ ပန်းသီးတစ်လုံးဖြင့် ဝံကြောင်ကလေး၏ ပါးစပ်ထဲသို့ ပစ်သွင်းလိုက်လေသည်။

တိမ်ညိုတိမ်မည်းများ အုံ့ဆိုင်းစိုးမိုးခဲ့သော အချိန်ကာလ လွန် မြောက်ခဲ့ချေပြီ၊ ဝမ်းနည်းစရာ၊ စိတ်ရှုပ်စရာများ ကုန်ဆုံး သွားသောအခါ ဝမ်းသာစရာ၊ ကြည်နူးစရာများ ပြန်လည်ရောက်ရှိ လာပြီဟု မှတ်ထင်ယူဆရတော့သည်။

ချစ်ချစ်သည် ရွှေခွက်ကြီးသုံးခွက်ထဲသို့ အရက်များကို လောင်း ထည့်လိုက်ပြီး -

"ကဲ - လာကြ ပျော်စရာကောင်းတဲ့အချိန်မှာ အရက်သောက် လို့အကောင်းဆုံးပဲ"

ဝံကြောင်ကလေးက တဟားဟားအော်ရယ်ရင်း ထောက်ခံ လိုက်၏။



"အင်မတန် လျော်ကန်သင့်မြတ်တဲ့ အကြံဉာဏ်ပဲ၊ ကဲ - သောက်လိုက်ကြစို့"

သူတို့သုံးယောက် မြိုင်တူမော့သောက်လိုက်ကြသည်။ ဝံ ကြောင်ကလေးက သူ၏အရက်ခွက်ကို ရှေ့သို့ထိုးပေးရင်း -

"ကဲ - ချစ်ချစ် ထပ်ထည့်ပါဦးဟ၊ မမူးရင် အသောက်မ ရပ်ရဘူး။ အရှိန်ပျက်တယ်"

စင်လုံက ဝင်ပြောလိုက်သည်။

"ကြောင်ကလေး - သိပ်မသောက်နဲ့ဦးကွ၊ ဟို - ဝမ်းလင်းဝါး ဆိုတဲ့ကောင်ရှိသေးတယ်"

ချစ်ချစ်သည် စင်လုံ၏စိုးရိမ်ကြောင့်ကြစိတ်ကို ဝင်ရောက်ဖြေ သိမ့်ပေးသည်။

"စင်လုံ - ဝမ်းလင်းဝါးအတွက် ဘာမှစိုးရိမ်မနေပါနဲ့၊ စိတ်ချ ပါ၊ ဒီတစ်ခါ သူလွတ်မထွက်သွားစေရပါဘူး"

အရက်သောက်ရန် အာသာပြင်းပြနေသော ဝံကြောင်ကလေး မှာ ဝမ်းလင်းဝါး၏အမည်ကို ကြားလိုက်ရသည်နှင့် နားရွက်များ ထောင်သွားတော့၏။ အရက်ခွက်ကိုပင် လွှတ်လိုက်မိသည်။

"ဟုတ်သားပဲ၊ ဒီကောင့်ကို မေ့နေလိုက်တာ၊ သူက အန္တရာယ် ကောင်ပဲ၊ ဘယ်မှာလဲ ဒီကောင်"

ချစ်ချစ်က ရယ်လိုက်၏။

"အစ်ကိုကြီးတို့ကို ဥက္ကာစမ်းပုစ္ဆာထုတ်မယ်၊ ဝမ်းလင်းဝါး ဘယ်မှာ ရှိမယ်ဆိုတာ စဉ်းစားကြည့်ပါဦး"

"ဟာ - ဘယ်လွယ်မလဲ၊ သူ့ကို မင်းဘယ်မှာဝှက်ထားတယ် ဆိုတာ ငါတို့မှမသိဘဲ"

"ဒီရွက်ဖျင်တဲထဲမှာပဲ ရှိပါတယ်"

"ဘုရားရေ - ဒီရွက်ဖျင်ဇာတဲထဲမှာ ဟုတ်လား"

စင်လုံရော ဝံကြောင်ကလေးပါ ရွက်ဖျင်တဲပတ်လည်ကို လိုက်လံရှာဖွေကြည့်မိကြသည်။ ဝမ်းလင်းဝါးနှင့်တူသည့်လူကိုလည်း မတွေ့ရပါ။ အခြားလူ တစ်ဦးတစ်ယောက်မျှကိုလည်း မတွေ့ရပါချေ။

ဝံကြောင်ကလေးက မေးလိုက်၏။

"ကျွန်တော် - ဒီကောင့်မှာ ကိုယ်ပျောက်ဆေးရှိနေပြီနဲ့တူတယ်၊ ငါတို့တော့ လုံးဝရှာလို့မတွေ့ဘူး"

ချစ်ချစ်က တခစ်ခစ်ရယ်နေတော့၏။

အတန်ကြာ ရယ်မောနေပြီးမှ

"ကဲ - ကျွန်မဘယ်မှာထိုင်နေသလဲဆိုတာ တဆိတ်လောက်ကြည့်ကြပါအုံး"

ချစ်ချစ်သည် သေတ္တာကြီးတစ်လုံးပေါ်၌ထိုင်နေသည်။ ဝံကြောင်ကလေးက သေတ္တာကြီးကို လက်ညှိုးထိုးပြယင်း

"မင်းပက သူ့ကိုဒီအထဲမှာ ဖမ်းချုပ်ထားတာလား"

ချစ်ချစ်က ခေါင်းညိတ်ပြသည်။

"ညီမလေးပြောသားပဲ၊ သူ လွတ်မထွက်သွားစေရပါဘူးလို့၊ ဒီသေတ္တာထဲမှာ ဖမ်းချုပ်ထားတာလောက် ဘယ်ဟာက ပိုပြီးလုံခြုံအုံးမှာလဲ၊ မဟုတ်ဘူးလား"

ဝံကြောင်ကလေးမှာ လွန်စွာသဘောကျသွားသည်။ လက်ခုပ်လက်ဝါးတီးလျက် ချစ်ချစ်အား ကောင်းချီးပေးလိုက်သည်။

"တော်တယ်၊ ငါ့ညီမက ဒီနေရာမှာတော့ မဆိုးဘူးလို့ ဆိုရမယ်"



ချစ်ချစ်သည် ထိုင်နေရာမှ ဘေးသို့လျှောဆင်းလိုက်ပြီး အရက်ခွက်ဖြင့် သေတ္တာကို ခေါက်လိုက်သည်။

"ဝမ်းလင်းဝါး၊ ရှင်ကြားတယ်မဟုတ်လား၊ အပြင်မှာ ကျွန်မတို့အားလုံး ပျော်ပျော်ပါးပါးဖြစ်နေကြပြီ"

ဝံကြောင်ကလေးကလည်း သေတ္တာကို အရက်ခွက်ဖြင့် ထပ်ခေါက်ရင်း

"ကိုယ့်လူ၊ အဲဒါ ဘယ်သူမပြုမိမိမှုပဲ၊ မကောင်းမှုလုပ်ရင် မကောင်းမှုဒဏ်ခံရမှာပဲ၊ ဘယ်သူကမှ မင်းကို မကောင်းမှုမလုပ်နိုင်ဘူး။ မင်းသာ သူတစ်ပါးကို မတရားမလုပ်ဘူးဆိုရင် ခုအချိန်မှာ အားလုံးပျော်ပျော်ပါးပါးရယ်နေကြလောက်ပြီ တစ်ခုတော့ သင်ခန်းစာယူထားပေါ့ကွာ၊ နောင်ဆိုရင် လူတွေကို သိပ်ဒုက္ခမပေးပါနဲ့ ဟုတ်လား"

ချစ်ချစ်နှင့် ဝံကြောင်ကလေးတို့မှာ ရွှင်လန်းတက်ကြွစွာရယ်နေကြ၏။ မရယ်နိုင်သူမှာ စင်လုံပင်ဖြစ်တော့သည်။

ချစ်ချစ်သည် စင်လုံမျက်နှာပျက်နေသည်ကို ရုတ်တရက်တွေ့လိုက်ရသဖြင့် အရေးတကြီးမေးလိုက်သည်။

"စင်လုံ - ဘာဖြစ်လို့လဲဟင်"

စင်လုံက ခြောက်သွေ့စွာပြောလိုက်၏။

"ချစ်ချစ် မင်းရဲ့သေတ္တာက ဗလာသက်သက်ပါလား"

ချစ်ချစ်က ရယ်လိုက်၏။

"ဟောဒီစင်လုံဟာလေ သိပ်မှန်းဆရာကောင်းတာပဲ၊ ကျွန်မကို ကျီစယ်ရင် သည့်ပြင်နည်းနဲ့ကျီစယ်စမ်းပါ၊ ဒါနဲ့တော့ လာမခြောက်ပါနဲ့နော်၊ ကဲ - ကြည့်"

သူမသည် ပတ္တာများကို ဖယ်လိုက်ပြီး သေတ္တာကို ဆွဲဖွင့်လိုက်လေ၏။

“အို - ”

“ဟာ - ”

သေတ္တာကြီးမှာ စင်လုံပြောသကဲ့သို့ ဗလာချည်းသက်သက်သာ။ လူမပြောနှင့် ပုရွက်ဆိတ်တကောင်ပင် မရှိချေ။ ချစ်ချစ်မှာ အာမေဋိတ်စကားတစ်ခွန်းသာ ပြောထွက်နိုင်ပြီး ကျောက်ရုပ်ကြီးတစ်ရုပ်လို ငေးကြောင်နေမိတော့သည်။

စင်လုံက ချစ်ချစ်အား မေးခွန်းထုတ်လိုက်သည်။

“သူ့ကို ဒီသေတ္တာထဲမှာပိတ်ပြီး တခြားတစ်နေရာကို သွားမိသေးသလား”

“ကျွန်မ - ကျွန်မ - ဟိုဘက်ကို သွားခဲ့သေးတယ်၊ ကျွန်မရဲ့အစီအစဉ်တွေ ချွတ်ယွင်းချက်ရှိမရှိ သွားစစ်ဆေးခဲ့တယ်၊ ဒါပေမယ့် ဒီမှာလူရှိနေသေးတာပဲ”

“ကျွန်မခေါ်လာတဲ့လူလေ၊ ရှင်ပျော်ပျော်မြို့စားကြီးရဲ့ တပည့်အတုပေါ့”

စင်လုံမှာ ခံပြင်းဒေါသထွက်လာသဖြင့် “တောက်”တစ်ချက်ခေါက်လိုက်သည်။

“ဒီကောင်ဟာ မင်းငွေပေးတားလို့ လိုက်လာခဲ့တဲ့ ကြေးစားပဲ၊ ကြေးစားဆိုတာ ငွေမျက်နှာတစ်ခုပဲ ကြည့်တယ်၊ တခြားဘာမှ မကြည့်ဘူး။ ဝမ်းလင်းဝါးက ငွေပေးတားရင်လည်း ဝမ်းလင်းဝါးရဲ့ ငွေမျက်နှာကိုပဲ ကြည့်မှာပဲ၊ သူပဲ ဖွင့်ပေးလိုက်မှာပဲ”

ချစ်ချစ်က တုန်တုန်ယင်ယင်ဖြင့် ပြောသည်။



“စင်လုံ - စင်လုံ - ဝမ်းလင်းဝါးမှာ ငွေဘယ်ပါလာမလဲ၊ သူက ကျွန်မရဲ့ အကျဉ်းသားပဲ”

စင်လုံက မချိပြုံးပြုံးလိုက်သည်။

“ဝမ်းလင်းဝါးကို မင်းကသိပ်အထင်သေးတာကိုး။ ဒါကြောင့်ပိုလည်း၊ သူလွတ်ထွက်သွားတာပဲ၊ သူ့ပါးစပ်က အသက်မရှိတဲ့ အလောင်းကောင်ကိုတောင် စကားပြောအောင် လုပ်နိုင်တယ် ချစ်ချစ်ရဲ့ မင်းခေါ်လာတဲ့ မိန်းကလေးတွေလောက်တော့ သူ စကားနှစ်ခွန်းပြောမှာမဟုတ်ဘူး”

ချစ်ချစ်၏မျက်နှာ ချက်ချင်းသွေးဆုတ်ဖြူရော်လာသည်။

“ဝက်မတွေ - ကျွန်မကိုယ်တိုင် သူတို့ကို သွားကြည့်မယ်၊ ဟင်၊ - အဖြစ်မှန်ကို သိရင်တော့လား - ”

သူမသည် အပြင်ဘက်သို့ လျှောက်ထွက်သွား၏။ သို့သော်ခြေလှမ်းဆယ်လှမ်းမျှ မလှမ်းရသေးမီပင် ပျော့ခွေလဲကျသွားလေတော့၏။ မတ်တပ်မရပ်နိုင်တော့ပေ။

စင်လုံနှင့် ဝံကြောင်ကလေးနှစ်ယောက်သည် ဖြိုင်တူပြေး၍ပွေ့ထူပေးမိကြသည်။ သူမ၏မျက်နှာ၌ အမှန်တကယ် သွေးဆုတ်နေပေပြီ။

ဝံကြောင်ကလေးက ချစ်ချစ်၏ ပုခုံးအားလှုပ်၍ မေးလိုက်၏။

“ချစ်ချစ် - နင် ဘာဖြစ်သွားတာလဲ”

“ကျွန်မ - ကျွန်မ - ရင်ထဲမှာသိပ်ပူတယ်၊ အခံရလည်းခက်တယ်၊ ဘာဖြစ်တာလဲမသိဘူး။ မျက်လုံးတွေလည်း ဖွင့်လို့မရတော့ဘူး။ ကျွန်မ - ကျွန်မ”

သူမ၏စကားသံသည် တဖြည်းဖြည်းပျော့သွား၏။ နောက်ဆုံး

သတိလစ်မေ့မြောသွားတော့သည်။

ဝံကြောင်ကလေးက ထိတ်လန့်တကြား မေးလိုက်၏။

“ဒါ - ဘာဖြစ်တာလဲဟင်”

“ဘာဖြစ်ရမလဲ၊ အဆိပ်လေ၊ အဆိပ်ပေါ့၊ ငါတို့သောက်ခဲ့တဲ့ အရက်ထဲမှာ အဆိပ်ခတ်ထားတာပေါ့၊ ဝမ်းလင်းဝါးက ကြိုပြီးအဆိပ်ခတ်ပြီးပြီ၊ သူ့အဆိပ်က ချက်ချင်းထိနိုက်တဲ့ အဆိပ်မျိုးမဟုတ်ဘူး၊ တဖြည်းဖြည်းထိနိုက်တဲ့ အဆိပ်မျိုး”

“ခွေးကောင် - ဒီကောင့်ကို ကျုပ်မသတ်ရရင် မကျေဘူး၊ တွေ့ကြသေးတာပေါ့လေ”

“ဒီကောင်ဟာ - ခပ်စောစောကတည်းက သေတ္တာအပြင်ဘက် ရောက်နေခဲ့တယ်၊ ငါက ချစ်ချစ်ကို ဓားနဲ့ထိုးသတ်တာကို သူစောင့် ကြည့်နေပုံရတယ်”

“အခု - ဘယ်လိုလုပ်ကြမလဲဟင်”

“အဆိပ်အပြင်းအထန်မတက်ခင် ဒီနေရာက အမြန်ဆုံးခွာရမယ်၊ အင်း - ချစ်ချစ် ဒီလောက်ပေါ့ဆလိမ့်မယ်လို့ မထင်မိဘူးလေ၊ ဒီလိုသာ ပေါ့ဆမှန်းသိရင် သူတိုက်တဲ့အရက်ကို ဘယ်သောက်လိမ့်မလဲ၊ ခုတော့ လွန်ကုန်ပြီပေါ့”

စင်လုံသည် ချစ်ချစ်ကိုပွေ့ချီ၍ ရွက်ဖျင်တဲအပြင်သို့ ပြေးထွက်လာ၏။ စောစော တွေ့မြင်ခဲ့ရသည့် မိန်းကလေးများကို ယခုတစ်ဦးတစ်ယောက်မျှ မတွေ့ရတော့ပေ။ ဤအချက်ကပင် ဝမ်းလင်းဝါး မည်မျှလက်ဦးနေပြီဖြစ်သည်ကို ပြသနေခြင်းဖြစ်တော့သည်။

“အစ်ကိုကြီးစင်လုံ - ကျွန်တော်တို့ တောင်ပေါ်တက်မလား၊ တောင်ပေါ်က ဆင်းပြေးမလား”



“တောင်ပေါ်ကို ထပ်တက်မယ်၊ ဝမ်းလင်းဝါးက ငါတို့တောင်အောက်ဆင်းပြေးမယ်လို့ ယူဆထားချင် ယူဆထားလိမ့်မယ်”

စင်လုံသည် ခြေလှမ်းကျဲကျဲဖြင့် ရှေ့မှသွားနေရင်း ထပ်ပြောသည်။

“တကယ်တကယ်တော့ တောင်ပေါ်ထပ်တက်လည်း လွတ်ချင်မှလွတ်မှာ၊ ဝမ်းလင်းဝါးက အင်မတန်စေ့စပ်သေချာတယ်၊ တောင်ပေါ်က စောင့်ချင်လည်းစောင့်နေဦးမှာ”

“အစ်ကိုကြီးစင်လုံ - ကျွန်တော်တော့ ဦးနှောက်ခြောက်မယ့်အလုပ်ကို သိပ်မတွေးချင်တော့ဘူးဗျာ”

သူတို့နှစ်ဦးသည် လျင်မြန်စွာလျှောက်နေကြ၏။ ကိုယ်ဖော့ပညာကို အသုံးပြုသော်လည်း ယခင်ကလို မြန်ဆန်မှုမရှိတော့ချေ။

ဝံကြောင်ကလေးက -

“တော်တော်ပြင်းတဲ့အဆိပ်ပဲဗျာ၊ ကျွန်တော်တို့စွမ်းအားတွေအားလုံးလိုလို ပျောက်ကုန်တာပဲ၊ ဝမ်းလင်းဝါးက ကျွန်တော်တို့ကိုကြက်ကလေး၊ ငှက်ကလေးဖမ်းသလို ဖမ်းတော့မှာပဲ”

စင်လုံက ရယ်လိုက်၏။

“မင်းနဲ့ငါ တကယ်အဆိပ်မတက်သေးခင် ဝမ်းလင်းဝါး လာမဖမ်းရဲပါဘူးကွာ၊ အဲဒါကိုတော့ ယုံပါ”

ဝံကြောင်ကလေးမှာ ဤမျှအသက်ဘေးနှင့်နီးလျက် ဤမျှစိတ်ညစ်ညူးဖွယ်ကောင်းလှသော အခြေအနေမျိုး၌ပင် ရယ်မောနိုင်သောစင်လုံကိုကြည့်၍ စိတ်ထဲမှ ကြိတ်၍ချီးကျူးလိုက်မိသည်။ စင်စစ် စင်လုံ၏သိုင်းပညာနှင့်အတွင်းအားသည် လွန်စွာကောင်းမွန်လှသည်။ ချစ်ချစ်၏ဖိတ်ခေါ်ချက်ကြောင့် ဝေါယာဦဖြင့် ရောက်ရှိ

လာပြီး မကြာမီ ချစ်ချစ်တိုက်သော အရက်တစ်ခွက်ကို သောက်လိုက်မိသေးသည်။ ထိုအရက်၌လည်း အဆိပ်ပါနေရာ ချစ်ချစ်အဆိပ် တက်သကဲ့သို့ သူလည်း အဆိပ်တက်နေခဲ့သည်သာဖြစ်၏။

ဝံကြောင်ကလေးမှာ သုံးဦးသောက်သည့် အရက်ပိုင်း၌ စတင်သောက်မိပြီး အဆိပ်မိခြင်းဖြစ်၏။ စင်လုံကဲ့သို့ စောစီးစွာ အဆိပ်မိပါက ဝံကြောင်ကလေးသည်လည်း ချစ်ချစ်ကဲ့သို့ စောစီးစွာသတိမေ့သွားမည်သာဖြစ်ပါ၏။ စင်လုံကမူ သိုင်းအခြေခံကောင်းလွန်း၍ အဆိပ်ဒဏ်ကို ကြံ့ကြံ့ခံနိုင်တားထားနိုင်သည်။ သို့သော် ထိုသို့တားထားနိုင်သည့်အစွမ်းမှာ အဆုံးအစမရှိမဟုတ်ပါချေ။ အဆိပ် အမြန်မတက်နိုင်အောင် တားထားနိုင်ခြင်းသာဖြစ်သည်။ နောက်ဆုံး အဆိပ်က တစ်ကိုယ်လုံးဖုံးအုပ်သွားရမည်သာဖြစ်ပါသည်။

ဝံကြောင်ကလေးက စင်လုံအား ပြောလိုက်၏။

"ကံကောင်းတယ်ဗျာ၊ ဝမ်းလင်းဝါးကို ခုထက်ထိမတွေ့ရသေးဘူး။ တွေ့ရင် ကျွန်တော်တို့တော့ ကိစ္စချောပြီ"

သူ့စကားမဆုံးမီမှာပင် သူတို့နှင့် မလှမ်းမကမ်းတစ်နေရာမှ ရယ်မောသံကြားလိုက်ရလေ၏။

"ဩော် - ခင်ဗျားတို့ ရောက်လာကြပြီကိုး"

ဝမ်းလင်းဝါး၏ အသံပင်ဖြစ်ပါ၏။

အသံမှာ ညှို့ဝတ်ကျေပွန်သည့် အိမ်ရှင်၏ အသံမျိုးဖြစ်၏။ မိတ်ဟောင်းဆွေဟောင်း ညှို့သည်ဟောင်းကို ဆီးကြိုသည့် အသံမျိုးဖြစ်သည်။ သို့သော် စင်လုံနှင့် ဝံကြောင်ကလေးအဖို့ ယခုအချိန်တွင် ငက်ဆိုးထိုးသံဖြစ်နေသည်။

သူတို့နှစ်ယောက်သည် အသံကြားရာသို့ ဖျတ်ခနဲ ကြည့်လိုက်မိကြသည်။ သူတို့၏အထက်ဘက် ကျောက်တုံးကြီး တစ်ခု



ပေါ်တွင် တင်ပျဉ်ခွေထိုင်နေသော ဝမ်းလင်းဝါးကိုတွေ့လိုက်ရ၏။

ဝမ်းလင်းဝါးက ရွှင်မြူးစွာရယ်လိုက်၏။

"ကျုပ် စောင့်နေရတာ ကြာပြီဗျာ၊ ခင်ဗျားတို့က တယ်ပြီးနောက်ကျသကိုး။ သည့်ထက်စောစော ရောက်လာသင့်သဗျ၊ ဒီကျောက်တုံးကြီးပေါ် တက်ခဲ့ကြဗျာ၊ ခင်ဗျားတို့အတွက် အရက်ကောင်းကောင်းရှိနေပါတယ်"

ဝံကြောင်ကလေးက ဒေါသတကြီးနှင့် အော်လိုက်၏။

"လုပ်လိုက်ဦးပေါ့ကွာ၊ နောက်တစ်ကြိမ်တွေ့ရင် မင်းတော့မလွယ်ဘူး"

"ဟား - ဟား - ဟား နောက်တစ်ကြိမ် စောင့်မနေပါနဲ့ဗျာ၊ ကျုပ်ဦးနှောက်ကို အခုလိုချင်ရင် အခုပဲခွဲထုတ်ပေးပါ့မယ်၊ ကျုပ်ကိုယ်တိုင်ခင်ဗျားတို့ကို ပေးဆပ်ပါ့မယ်၊ ကျောက်တုံးပေါ်ကိုသာ တက်ခဲ့ပါဗျာ"

"မင်းက ငါ့ကိုလှောင်တာပေါ့လေ၊ တက်ဆိုလည်း ပြေးတက်ရတာပေါ့ - ကဲ"

ဝံကြောင်ကလေးသည် ဝမ်းလင်းဝါးထံသို့ ပြေးတက်သွားသည်။ သို့သော် သုံးလေးလှမ်းမျှပြေးပြီးသည်နှင့် ချက်ချင်းပင်လဲကျသွားတော့သည်။ အဆိပ်များသည် သူ့အား အားအင်မရှိသောကလေးကဲ့သို့ ဖန်တီးထားခဲ့လေပြီ။

ဝမ်းလင်းဝါးသည် ဝံကြောင်ကလေးကိုကြည့်၍ တဟားဟားရယ်မောနေသည်။

"ကြောင်ကလေး ခင်ဗျားက အရက်သိပ်မူးနေတာကိုး၊ ဘာဖြစ်လို့ ဒီလောက်မူးအောင် သောက်ရတာလဲ၊ ကြည့်စမ်း မတ်တတ်တောင်မရပ်နိုင်တော့ဘဲကိုး"

ဝံကြောင်ကလေးသည် လူးလဲထရင်း ဝမ်းလင်းဝါးအား ခုန်အုပ်ရန် ကြိုးစားနေသည်။ သို့သော် စင်လုံကဆွဲထားသဖြင့် ရှေ့သို့ မသွားနိုင်တော့ပေ။

စင်လုံက -

"ကြောင်ကလေး ဘာဖြစ်လို့ အစိပ္ပါယ်မရှိဘဲ ဒေါသကြီးနေရတာလဲ၊ နောက်ဆုတ်"

ဝမ်းလင်းဝါးက ရယ်လိုက်၏။

"ဘယ်လိုလဲ၊ ခင်ဗျားတို့ သွားကြတော့မလို့လား။ လိုက်မပို့တော့ဘူးဗျာ၊ ခင်ဗျားတို့ချည်း သွားကြပေတော့"

ဝံကြောင်ကလေးက ဦးခေါင်းကို တစ်ပတ်လှည့်ကြည့်ရင်း

"ခွေးကောင် မင်းအသာစီးရနေတုန်းတော့ ပေါင်ဦးပေါ့ကွာ တစ်နေ့ကျရင်"

ဝံကြောင်ကလေးမှာ စကားကိုပင် ဆုံးအောင်မပြောနိုင်တော့ဘဲ လဲကျသွားလေတော့၏။

ဝမ်းလင်းဝါးက ရယ်လိုက်၏။

"ကောင်းကောင်းလျှောက်ကြပါဗျာ၊ ခြေလှမ်းကို ကောင်းကောင်းထိန်းပြီးလျှောက်၊ ဒါပေမယ့် ခြေလှမ်းခုနစ်လှမ်းအထိ လျှောက်နိုင်လိမ့်မယ်တော့ ကျုပ်မထင်ဘူး"

စင်လုံသည် အံကိုတင်းတင်းကြိတ်လိုက်၏။ ကြိုးစား၍ ရှေ့သို့လျှောက်လိုက်သည်။ သို့သော် ကိုက်သုံးဆယ်ထက်ပို၍ မလျှောက်နိုင်ပါချေ။ သူ၏အကြောများသည် ထိတ်လန့်ဖွယ်ရာ လေးလံနေချေပြီ။

ဝမ်းလင်းဝါးက ရပ်နေသည့် စင်လုံအား ကြည့်၍မေးလိုက်၏။



"စင်လုံ - ခင်ဗျားက ဘာဖြစ်လို့ ဆက်မလျှောက်ဘဲ ရပ်နေတာလဲ၊ ဆက်လျှောက်လေဗျာ"

စင်လုံသည် ဝမ်းလင်းဝါးကို လှည့်ကြည့်၍ ဖြည်းညင်းစွာ ပြောလိုက်၏။

"အင်း - ဝမ်းလင်းဝါး ဒီတစ်ချီမှာတော့ ခင်ဗျားက ကျုပ်ကို နိုင်သွားပြီ"

ဝမ်းလင်းဝါးက အောင်နိုင်သူ၏ အပြုံးဖြင့်ပြုံးရယ်လိုက်၏။

"စိတ်မကောင်းပါဘူးဗျာ၊ ခင်ဗျားဟာ ကျုပ်အတွက် အကောင်းဆုံးယှဉ်ပြိုင်ဘက်ပဲဗျ၊ ဒါပေမယ့် နောက်တစ်ခါ ကျုပ်နဲ့ယှဉ်ပြိုင်ဖို့ အခွင့်အရေးခင်ဗျားမှာမရှိတော့တဲ့အတွက် ကျုပ်က ခင်ဗျားကို အားနာမိပါတယ်ဗျာ၊ ကျုပ်လုပ်ပေးနိုင်တာတစ်ခုတော့ ရှိပါတယ်၊ ဒီနေရာမှာရှိနေမယ့် ခင်ဗျားရဲ့မြေပုံပေါ်မှာ နောင်နှစ်ကျရင် အရက်တွေ အမွှေးတိုင်တွေနဲ့လာပြီး ပူဇော်ပသတာလေးတော့ ကျုပ်လုပ်ပေးပါ့မယ်"

စင်လုံက ပြုံးလိုက်၏။

"ခင်ဗျား အပိုတွေပြောမနေစမ်းပါနဲ့ ကျုပ်ကို ခင်ဗျား မသတ်ဝံ့ပါဘူး"

ဝမ်းလင်းဝါးသည် စင်လုံအား မျက်ထောင့်နီကြီးဖြင့် ကြည့်လိုက်၏။

"ဘာဖြစ်လို့ ခင်ဗျားကို မသတ်ဝံ့ရမှာလဲ"

"ခင်ဗျား - ကျုပ်ကို မသတ်ဝံ့ပါဘူးဗျာ - ဟား - ဟား - ဟား"

စင်လုံသည် ရယ်ရင်းလဲကျသွားတော့၏။ သူမွေးချီထားသော ချစ်ချစ်ပါ မြေကြီးပေါ်သို့ ဝုန်းခနဲ ပြုတ်ကျသွားတော့၏။

ဝမ်းလင်းဝါးသည် ကျောက်တုံးပေါ်၌ မတ်တတ်ရပ်ရင်း အားရကျေနပ်စွာ အော်ဟစ်ကြွေးကြော်နေတော့၏။

"စင်လုံ - စင်လုံ - ခင်ဗျားဘယ်လောက်ပဲ တော်တော် - ဘယ်လောက်ဉာဏ်ကောင်းကောင်း။ နောက်ဆုံးကျတော့ ကျုပ်လက်ထဲကျရတာပဲမဟုတ်လား။ ခင်ဗျားမရှိတဲ့နောက် မိုးအောက်မြေပြင်မှာ ကျုပ်ကိုယှဉ်ပြိုင်နိုင်တဲ့လူ တစ်ယောက်မှမရှိဘူးဗျ၊ ဟား - ဟား - ဟား။ ဝမ်းလင်းဝါးဆိုတဲ့ ကျုပ်ပဲ ရှိတော့သဗျ"

ဝမ်းလင်းဝါး၏ ရယ်သံသည် တဖြည်းဖြည်းပျောက်သွား၏။ စင်လုံလဲကျနေသည့်နေရာသို့ လျှောက်လာပြီးငုံ့ကြည့်လိုက်သည်။ သူသည် အံကိုတင်းတင်းကြိတ်ယင်း အော်မေးလိုက်သည်။

"စင်လုံ - ဟေ့ စင်လုံ၊ ခင်ဗျားကို ကျုပ်မသတ်ဝံ့ဘူးလို့ ဘယ်လိုသိသလဲ၊ ပြောစမ်းပါဦး။ ခင်ဗျား ဘယ်လိုသိနေတာလဲ"

မိုးလည်း လင်းတော့မည်။ ဆီးနှင်းများကလည်း တဖွဲဖွဲ တသဲသဲ ကျနေသည်။ ထိုက်ရှင်တောင်တန်းကြီးတစ်ခုလုံးသည် နှင်းဝတ်ရုံ ကြီးအောက်၌ လဲလျောင်းနေလေ၏။

❖ ❖ ❖

ချစ်ချစ်သည် မေ့မျောနေရာမှ သတိရလာသည်။ သူမ ပထမဆုံးတွေ့မြင်လိုက်ရသည့်အရာမှာ မီးအိမ်တစ်လုံးဖြစ်၏။ သူမသည် စိုးရိမ်တကြီးဖြင့် သူမ၏ခန္ဓာကိုယ်တစ်ခုလုံး ပြန်လည်စမ်းသပ်လိုက်မိ၏။ သူမ၏ ခန္ဓာကိုယ်တွင် အဝတ်အစားများရှိနေသည်ကို စမ်းသပ် ထိတွေ့လိုက်ရသောအခါမှ ရင်ထဲမှအလုံးကြီး ကျသွားတော့၏။ ထိတ်လန့်စရာပြဿနာမျိုး ထပ်မံမကြုံကြိုက်ရသဖြင့် များစွာ စိတ်သက်သာရာရသွားသည်။



ချစ်ချစ်သည် ရုတ်တရက်စင်လုံကို သတိရလိုက်သည်။

"စင်လုံ - စင်လုံ"

သူမသည် အနီးပတ်ဝန်းကျင်ကို ရှာဖွေကြည့်လိုက်မိ၏။ စင်လုံကို လုံးဝမတွေ့ရချေ။ ဝံကြောင်ကလေးကိုမူ သူမဘေး၌ တွေ့နေရသည်။

သူမရောက်ရှိနေသည့် အခန်းကိုလည်း ချက်ချင်းသဘောပေါက်သွားသည်။ တံခါးမရှိ၊ ပြတင်းပေါက်မရှိ၊ အလုံခန်း အကျဉ်းခန်းသာတည်း။ သူမသည် အခန်းထောင့်တစ်နေရာ၌ လဲကျမေ့မြောနေခဲ့ရသည်။

သူမ၏ဦးခေါင်းများ မကြည်လင်သေးသော်လည်း ကုန်းရုန်း၍ ထနိုင်သေးသည်။ ထို့ကြောင့် ဝံကြောင်ကလေးရှိရာသို့ လှမ်းလျှောက်လာမိသည်။ ဝံကြောင်ကလေးသည် သူ၏ပါးစပ်ကိုလှုပ်လျက် တတွတ်တွတ်ရွတ်နေ၏။

"ကောင်းတယ်၊ စားလို့ကောင်းတယ်၊ သိပ်ပြီးစားလို့ကောင်းတယ်"

ချစ်ချစ်က ဝံကြောင်၏ ပခုံးကို လှုပ်နိုးလိုက်၏။

"အစ်ကိုကြီး၊ ဘာတွေယောင်နေတာလဲ၊ ထ - ထ - ထတော့လေ"

ဝံကြောင်ကလေးမှာ ယောင်ယမ်းမပြောတော့သော်လည်း သတိလုံးဝပြန်လည်မလာသေးပါချေ။ ချစ်ချစ်သည် အောင့်အည်းသည်းမခံနိုင်တော့သဖြင့် ဝံကြောင်ကလေး၏ ပါးနှစ်ဖက်အား ခပ်ပြည်းပြည်း တဖျပ်ဖျပ်ရိုက်လိုက်ရ၏။

ထိုအခါကျမှ ဝံကြောင်ကလေး၏ မျက်လုံးများ ပွင့်လာသည်။ ချက်ချင်းလိုလိုပင် ထထိုင်သည်။ သို့သော် သူ၏ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် ဖိနှိပ်ထားရသည်။ အဘယ်ကြောင့်ဆိုသော် ဦးခေါင်းတစ်ခုလုံးပေါက်ကွဲထွက်တော့မည့်ကဲ့သို့ နာကျင်ကိုက်ခဲနေသောကြောင့်ပေတည်း။

ဝံကြောင်ကလေးသည် ချစ်ချစ်အား မသက်မသာခံစားနေရသော မျက်နှာကြီးဖြင့် လှမ်းကြည့်ရင်းမေးလိုက်၏။

"ချစ်ချစ်၊ ငါတို့ ဘယ်နေရာရောက်နေကြသလဲ"

"ညီမလေး ဘယ်သိမလဲ၊ ညီမလေးက အလျင်ဆုံး သတိမေ့တဲ့လူပဲ၊ သိချင်းသိယင် အစ်ကိုကြီးကသာ သိနိုင်တာ"

ဝံကြောင်ကလေးသည် ဆတ်ကနဲဖြစ်သွားပြီး အသံကုန်အော်လိုက်တော့၏။

"စင်လုံ - စင်လုံ - ခင်ဗျားဘယ်မှာလဲ"

"အစ်ကိုကြီး ကောင်းကောင်း သတိရပြီပေါ့နော်"

"အေး သတိရပါပြီ"

"ကျွန်မသိချင်တာက စင်လုံဘယ်မှာလဲ ဆိုတာပဲ"

"နင်ပထမဆုံး မေ့သွားတယ်၊ ဒုတိယ ငါမေ့သွားတယ်၊ ငါလဲ ကျတုန်းက စင်လုံမတ်တပ်ရပ်နေသေးတာ ဝိုးတဝါးတွေ့လိုက်ရတယ်၊ နောက်ဆုံး အားလုံးအားလုံးကို မေ့သွားတာပါပဲဟာ"

သူမက ထိတ်လန့်တကြား မေးလိုက်၏။

"အစ်ကိုကြီး - ရှင်တို့ ဝမ်းလင်းဝါးနဲ့ တွေ့လိုက်ရသေးတာပေါ့ ဟုတ်လား"



ဝံကြောင်ကလေးမှာ များစွာစိတ်မသက်မသာ ဖြစ်သွားသည်။ အရုပ်လိုဘဝမျိုးနှင့် ဝမ်းလင်းဝါးအား တွေ့ခဲ့ရသဖြင့် များစွာ စိတ်မချမ်းမသာဖြစ်ခဲ့ရသည်။ ထို့ကြောင့် မခံချိမခံသာပြောလိုက်သည်။

"ငါ - သူ့ကိုတွေ့လိုက်တဲ့အချိန်မှာ ငါတို့က အား လုံးဝမရှိတော့ဘူး။ ကိုယ့်ခြေထောက်တောင် ကိုယ်မသယ်နိုင်တော့ဘူး"

"ဟင် - ဟုတ်လား။ စင်လုံလည်း အစ်ကိုကြီးလိုပဲ ဖြစ်သွားတာပဲလားဟင်"

"ဒီလိုပဲဖြစ်မယ်လို့ မျှော်လင့်ရတာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူ့လှုပ်ရှားမှုတွေ နှေးလာတာတွေ့ရလို့ပဲ၊ သူလည်း သိပ်မဟန်နိုင်ပါဘူးလေ"

ချစ်ချစ်မှာ ရုတ်တရက်ငေးကြောင်ကြောင် ဖြစ်သွားတော့၏။ စင်လုံအတွက် ကြောင့်ကြစိုးရိမ်သည့် ဝေဒနာများသည် သူ့ရင်ထဲ၌ ကြောက်မက်ဖွယ်ရာ ပြည့်လျှမ်းသွားခဲ့ချေပြီ။

အတန်ကြာမှ တုန်ယင်လှိုက်လှဲသောလေသံဖြင့် မေးလိုက်မိသည်။

"အစ်ကိုကြီးပြောတဲ့အတိုင်းဆိုရင် ကျွန်မတို့တစ်တွေ ဝမ်းလင်းဝါးရဲ့ အဖမ်းအဆီးကို ခံနေရပြီပေါ့"

"ဒီအတိုင်းပဲ ဖြစ်နိုင်တယ်"

"ဒါဖြင့် စင်လုံဘယ်မှာလဲ၊ စင်လုံ အပြင်ကို ထွက်ပြေးသွားပြီလား"

"ထွက်ပြေးကောင်း။ ထွက်ပြေးနိုင်ရင် စင်လုံတစ်ယောက်ပဲ ထွက်ပြေးနိုင်မှာပဲ၊ သည့်ပြင် ဘယ်သူမှ ထွက်ပြေးနိုင်မှာမဟုတ်ဘူး။ သူက သူများထက်ပိုပြီး ဉာဏ်များတယ်မဟုတ်လား"

"အစ်ကိုကြီး စင်လုံသာ တကယ်တမ်းလွတ်မြောက်သွားရင် ညီမလေးတို့ကို လာကယ်မှာ သေချာပါတယ်"

"ဟုတ်တယ်၊ လာကယ်နိုင်တယ်၊ ဝမ်းလင်းဝါးဆိုတဲ့ကောင် ကလည်း စင်လုံတစ်ယောက်တည်းကိုပဲ ကြောက်တယ်၊ စင်လုံကို တွေ့ရင် ဆင်ဖြူမျက်နှာဆင်မည်းမကြည့်ဝံ့သလိုပဲ၊ စင်လုံသာ လွတ်သွားစမ်းပါစေ၊ ငါတို့ ဝမ်းလင်းဝါးကို ဘာမှကြောက်စရာမရှိ ဘူး၊ ဟား - ဟား - ဟား"

ဝံကြောင်ကလေးမှာ ရယ်ပင်ရယ်နေသော်လည်း သူ့ရယ်သံမှာ ခြောက်ကပ်ကပ်နိုင်လှ၏။

ချစ်ချစ်သည် ဝံကြောင်ကလေး၏ အင်္ကျီစကို ဖမ်းဆွဲဆုပ်ကိုင် လိုက်၏။

"အစ်ကိုကြီး ရှင်ညာမနေနဲ့ စင်လုံလည်း ဝမ်းလင်းဝါးလက်ထဲ ကျသွားပြီမဟုတ်လား"

"ဟ - ငါကနင့်ကို ဘာဖြစ်လို့ညာရမှာလဲ၊ ပြေးသွားလို့သာ မတွေ့တာပေါ့"

ချစ်ချစ်သည် သူမ၏မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ငိုလေ တော့၏။

"စင်လုံ - စင်လုံ - သူလည်း အဖမ်းခံသွားရပြီ"

"ဟုတ်မယ်မထင်ပါဘူးကွာ"

သူ့အသံက ပျော့ညံ့လွန်းလှ၏။ လုံးဝအားအင် မပါချေ။ ချစ်ချစ်က ငိုရင်းလှမ်းပြောလိုက်၏။

"ဟုတ်ပါတယ် ဝမ်းလင်းဝါးလက်ထဲ ရောက်သွားပါပြီ၊ ဝမ်းလင်းဝါးက သူ့ကို ဘယ်အလွတ်ခံလိမ့်မလဲ"



ဝံကြောင်ကလေးမှာ လုံးဝငြိမ်သက်သွားတော့၏။ မျက်ရည် များ တတွေတွေကျဆင်းလာသည်။

"ဟုတ်တယ် စင်လုံဟာ ဝမ်းလင်းဝါးရဲ့ အကြီးဆုံးရန်သူကြီး ပဲ၊ ဝမ်းလင်းဝါးဟာ စင်လုံကိုသိပ်ကြောက်တယ်၊ သူ့ကိုမိယင် ဘယ် နည်းနဲ့မှ အလွတ်ခံမှာမဟုတ်ဘူး။ ဝမ်းလင်းဝါးရဲ့လက်ချက်နဲ့ သေပြီ ထင်ရတာပဲ"

"ဟို - ရှင်တော်ဘုရား၊ စင်လုံနဲ့တပည့်တော်တို့ ဘာဖြစ်လို့ များ ဒီလိုခွဲလိုက်ရတာလဲဘုရား၊ တပည့်တော်မရဲ့ ရင်ထဲက အသည်း၊ တွေ ကြေမွကုန်ပါပြီဘုရား"

ဝံကြောင်ကလေးက နှစ်သိမ့်လိုက်၏။

"ချစ်ချစ် စိတ်ကိုသိပ်တင်းမထားပါနဲ့ လျှော့ထားစမ်းပါ၊ ဘု ရားသခင်ကို သွားအပြစ်တင်လို့မဖြစ်ဘူး။ ဖြစ်မယ့်အရာဟာ ဖြစ် လာတာပဲ၊ အားလုံးဟာ ကံကြမ္မာ စီမံသမျှ ဖြစ်လာတာပဲ၊ ဘယ်သူ့ ကိုမှ အပြစ်တင်လို့မရပါဘူး"

ချစ်ချစ်သည် အဝေးသို့ ငေးမျှော်ကြည့်လိုက်၏။ တကယ် တမ်းအားဖြင့် သူမအနေဖြင့် အဝေးသို့မြင်နိုင်လိမ့်မည်မဟုတ်ပါ။ အလှ အကျဉ်းထောင်အတွင်း ကျရောက်နေသဖြင့် အဘယ်မှာလျှင် အဝေး သို့မြင်နိုင်ပါမည်နည်း။ သို့သော် အကျဉ်းထောင်၏ နံရံများကို သူမ၏ မျက်စိထဲ၌ မြင်မနေပါချေ။ သူမသည် တစ်ကိုယ်တည်း ရေရွတ် နေသကဲ့သို့ ဖြည်းညင်းစွာပြောနေသည်။

"ဟုတ်တယ် ဘယ်သူ့ကိုမှ အပြစ်မတင်သင့်ဘူး၊ ညီမကိုယ်ပဲ ညီမအပြစ်တင်သင့်တယ်၊ ညီမကြောင့် စင်လုံ အဖမ်းခံရတာ၊ တရားခံကတော့ ညီမပါပဲလေ"

ဝံကြောင်ကလေးသည် တုန်ယင်ကြေကွဲစွာပြောနေသည့် ချစ်ချစ်ကို ငေးမောကြည့်နေမိတော့၏။

"ညီမကြောင့် သူ - သူ - ဒုက္ခရောက်ရပြီ၊ ညီမသာ တရားခံ၊ တရားခံက ညီမပါပဲ"

ချစ်ချစ်သည် ထိုစကားကို ဆယ်ကြိမ်မက တတွတ်တွတ် ရေရွတ်ပြောဆိုနေတော့၏။ ဝံကြောင်ကလေးမှာ ချစ်ချစ်ကိုကြည့်ရင်း တဖြည်းဖြည်းထိတ်လန့်လာ၏။

"ချစ်ချစ် - နင်ဘာဖြစ်နေတာလဲ၊ သတိထားစမ်းပါဦးဟာ"

"ညီမ - ညီမ - သူ့ကို ဒုက္ခပေးလိုက်မိပြီ၊ ညီမကြောင့် သူ အကြိမ်ကြိမ်ဒုက္ခရောက်ခဲ့ရတယ်"

သူမသည် ဝံကြောင်ကလေးကို မကြည့်တော့ချေ။ ထိုင်ရာမှ တဖြည်းဖြည်းမတ်တတ်ထလိုက်၏။

သူမ၏မျက်နှာမှာ နာကြည်းဆွေးမြေ့နေသည်။ သူမ၏ လက်ထဲ၌ မည်သည့်အချိန်က ရောက်ရှိနေမှန်းမသိသည့် ဓားမြှောင် တစ်လက်ကိုင်ထားသည်။ သူမသည် အိပ်မက်မက်ပြီး ယောင်ယမ်း ထလမ်းလျှောက်နေသူပမာ သူမ၏ပခုံးကို ဓားဖြင့်ထိုးစိုက်လိုက် သည်။

ဝံကြောင်ကလေးက ထိတ်လန့်တကြား အော်လိုက်သည်။

"ချစ်ချစ် ဘာလုပ်တာလဲ ရပ်လိုက်စမ်း"

ချစ်ချစ်မှာ တခစ်ခစ်ရယ်နေ၏။ ဝံကြောင်ကလေး၏ အော်သံကို မကြားသည့်အလား ရယ်နေ၏။ ဓားဦးစိုက်ဝင် သွားသည့် နေရာမှ နီစွေးသော သွေးများစီးကျလာသည်။ သူမ၏ အင်္ကျီတစ်ခုလုံး ရဲရဲနီသွားတော့သည်။ သူမ၏ ပါးစပ်ကမူ ရယ်လျက်ပြော နေသေးသည်။



"ညီမ - သူ့ကို ဒုက္ခပေးလိုက်မိပြီ"

စကားဆုံးသည်နှင့် ချစ်ချစ်သည် အခြားပခုံးတစ်ဘက်သို့ ဓားဖြင့် ပယ်ပယ်ထိုးစိုက်လိုက်ပြန်၏။ ဝံကြောင်ကလေးက အသံကုန် ဟစ်အော်လိုက်သည်။

"ချစ်ချစ်ရပ်လိုက်စမ်း နင်ရူးနေသလား"

ဝံကြောင်ကလေးသည် ချစ်ချစ်၏လက်ကို ဖမ်းဆွဲလျက် ဓား ဆီးလိုက်ချင်ပါသည်။ သို့သော် - သူသည် အရက်တော်တော်များ များ သောက်မိခဲ့၏။ ထို့ကြောင့် အဆိပ်တော်တော်များများလည်း ဝမ်းထဲရောက်ခဲ့သည်။ ချစ်ချစ်၏လက်ကို ဖမ်းဆွဲရန်မဆိုထားနှင့် လှုပ်ကာသာထရပ်နိုင်ရန်ပင် မတတ်နိုင်ဘဲဖြစ်နေပါသည်။ ဓားတစ် ချောင်းဖြင့် သူ့ကိုယ်သူနှိပ်စက်နေသော ချစ်ချစ်ကိုသာ ငေးမော ကြည့်နေမိတော့သည်။ အတန်ကြာမှ သတိရလာပြီး အော်ဟစ် တားမြစ်လိုက်မိသည်။

"ချစ်ချစ်ရယ် - ငါ တောင်းပန်ပါတယ်၊ တော်ပါတော့၊ မလုပ်ပါနဲ့တော့။

ထိုစဉ် သူတို့၏ အနောက်ဘက်နံရံသည် တဖြည်းဖြည်းပွင့်ဟ လာ၏။ ထိုအပေါက်မှ လူတစ်ယောက် ထွက်ပေါ်လာ၏။ ထိုလူသည် ချစ်ချစ်အား ရုတ်တရက်ဖမ်းဆွဲလိုက်လေသည်။

ဝံကြောင်ကလေးသည် မျက်စိမျက်နှာ အပျက်ပျက်နှင့် အော် လိုက်မိသည်။

"ဝမ်းလင်းဝါး -"

"ချွမ်း -"

ချစ်ချစ်၏လက်ထဲမှဓားလည်း လွတ်ကျသွားလေပြီ။ ချစ်ချစ် ၏ ခန္ဓာကိုယ်မှာ အဝတ်စတစ်စကို လွှတ်ချလိုက်လျှင် ပုံကျသွား

တော့မည်နှယ် ပျော့ခွေနေလေပြီ။ သူမ မရုန်းကန်နိုင်တော့။ သူမ၌ အင်အားဟူ၍ တစ်စက်ကလေးမျှမရှိတော့၊ သူမအား ဝမ်းလင်းဝါး လွယ်ကူစွာဖမ်းယူနိုင်ခဲ့ပါပြီ။

ဝမ်းလင်းဝါးသည် ဝံကြောင်ကလေးကိုကြည့်၍ တဟားဟား အော်ရယ်လေ၏။

"ဘယ်နှယ့်လဲ - ခင်ဗျား နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ရဲ့လား၊ အိပ်မက်ကလေးတွေတောင် မက်နေမယ်လို့ ကျုပ်တော့ ထင်နေမိတာပဲ၊ ဟဲ - ဟဲ - ဟဲ -"

"ခွေးကောင် - လူယုတ်မာ၊ ချစ်ချစ်ကို လွှတ်စမ်း။ သူ့ကို လက်ဖျားနဲ့တောင် မထိနဲ့"

"ဟား - ဟား - ဟား - ကောင်းပါပြီ၊ ကောင်းပါပြီ၊ ကျုပ်က သူ့ကိုလက်ဖျားနဲ့တောင်မထိပါဘူး။ လက်မောင်းနဲ့တော့ သေသေချာချာမ,ချီရမယ်ဗျ"

ပြောပြောဆိုဆိုဖြင့် ဝမ်းလင်းဝါးသည် ချစ်ချစ်၏ ခန္ဓာကိုယ်ကလေးကို ဇွေခနဲ ပွေ့ချီလိုက်လေသည်။

ဝံကြောင်ကလေးမှာ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်သွားသည်။ တံတွေးကိုသာ အကြိမ်ကြိမ်မြိုချနေမိတော့၏။ သူ့အနေဖြင့် မည်သို့ ကာကွယ်တားဆီးနိုင်တော့မည်နည်း။ သူသည် ဝမ်းလင်းဝါးအား တိုက်ခိုက်ရန်မဆိုထားနှင့် ကြမ်းပြင်၌ မတ်တတ်ရပ်နိုင်အောင်ပင် မကြိုးစားနိုင်ဘဲ ဖြစ်နေရသည်မဟုတ်ပါလော။ ထို့ကြောင့် ဝမ်းလင်းဝါးအား မုန်းတီးရွံရှာသော မျက်လုံးအစုံဖြင့် ခါးသီးစွာစိုက်ကြည့် နေလေတော့၏။

ဝမ်းလင်းဝါးက ရယ်လိုက်၏။



"ကျုပ်ကို ဒီလိုအကြည့်မျိုးနဲ့ မကြည့်နဲ့ဗျာ၊ ခင်ဗျားရဲ့အကြည့်မှာ ခါးသီးရွံရှာမုန်းတီးမှုတွေ ရာနှုန်းပြည့် ပါနေတယ်၊ ကျုပ်ကို ဒီလောက်မမုန်းသင့်ဘူးဗျ၊ ခင်ဗျားတို့ မုန်းရမယ့်လူက စင်လုံပါ၊ ဒါမှ ခင်ဗျားတို့ မှန်မှန်ကန်ကန် မုန်းရာကျမှာ"

ဝမ်းလင်းဝါးသည် စကားကို ခေတ္တဖြတ်လျက် ဝံကြောင်ကလေးကို အကဲခတ်လိုက်သည်။ ထို့နောက် ဆက်ပြောသည်။

"ကျုပ် သိနေတယ်၊ ခင်ဗျားတို့က သူ့အတွက် သိပ်ပူပန်နေကြတယ်၊ သိပ်စိုးရိမ်နေကြတယ်၊ သိပ်ပြီး သောကရောက်နေကြတယ်။ ဒါပေမယ့် စင်လုံကတော့ ခင်ဗျားတို့အတွက် ဘာမှ စိုးရိမ်ပူပန်ခဲ့တူး။ သူကတော့ စိတ်အေးချမ်းသာစွာနဲ့ သူ့အတွက်ပဲ သူပျော်နေတယ်"

ဝံကြောင်ကလေးက ရုတ်တရက်အော်မေးလိုက်သည်။

"သူ - သူ - မသေသေးဘူးပေါ့ ဟုတ်လား"

ဝမ်းလင်းဝါးက ရယ်လိုက်၏။

"သူ မသေပါဘူးဗျ"

"ဒါဖြင့် သူဘယ်မှာလဲ"

"သူ ရှိပါတယ်ဗျာ၊ မသေပါဘူး။ သူ့ကို ပြတောင်မပြချင်ဘူးဗျ။ သူ့ကိုမြင်ရင် ခင်ဗျားတို့ ဒေါသထွက်လွန်းလို့ ကိုယ့်ကိုယ်ကို သတ်မိမှာတောင် စိုးရိမ်ရတယ်"

"တိတ်စမ်းအရူး။ ဘာတွေလျှောက်ပြောနေတာလဲ၊ ပေါက်ကရ စကားတွေ လာပြောမနေနဲ့"

"ကျုပ်သိပါတယ်ဗျာ၊ ကျုပ်ကို ခင်ဗျားတို့ အယုံအကြည်မရှိတော့ ကျုပ်စကားကိုလည်း ဘယ်ယုံမလဲ၊ ကဲ ခင်ဗျားတို့ ကိုယ်တွေ့

မျက်မြင်ဖြစ်သွားအောင် ကျုပ်ခေါ်သွားမယ်၊ ခင်လုံကို ခင်ဗျား တို့ မျက်စိနဲ့ တပ်အပ်သေချာ မြင်ရစေ့မယ်"

သူသည် လှမ်းအော်လိုက်သည်။

"ဟေ့ကောင်တွေ လာကြစမ်း။ ဟောဒီက သိုင်းဆရာကြီးကို တွဲထူပေးကြပါဦး။ သူက အရက်သောက်ထားတာ သိပ်များနေ တော့ သူ့ဘာသာ မထနိုင်ဘူးကွ"

တဒင်္ဂအတွင်း၌ လှပသော မိန်းကလေးနှစ်ယောက် ရောက်ရှိ လာသည်။ သူတို့နှစ်ယောက်သည် ဝံကြောင်ကလေးအား တစ် ယောက်တစ်ဖက် ဆွဲထူပေးကြ၏။ မိန်းကလေးတစ်ယောက်က ရယ်ရင်းပြောလိုက်သည်။

"ဟင်း - လေးလိုက်တဲ့ ခန္ဓာကိုယ်ကြီး"

ကျန်တစ်ယောက်က ရယ်လိုက်သည်။

"ညည်းက ဘာတွေလျှောက်ပြောနေတာလဲ၊ သူရဲကောင်းဆို တာ ဒီလိုပဲ အချိန်စီးတာပဲ"

ဝမ်းလင်းဝါးက ထိုမိန်းကလေးနှစ်ယောက်၏ အပြောကို လွန် စွာသဘောကျသွားသည်။

"ဟား - ဟား - ဟား မင်းတို့နှစ်ယောက်ကို ကြည့်ရတာ သူ့ကို တော်တော့်လေးမြတ်နိုးပုံရတယ်၊ မင်းတို့သဘောပဲဟေ့၊ သူ့ ကို စိတ်ကြိုက်မွေးမွေးပေးနိုင်တယ်၊ စိတ်ကြိုက် - စိတ်ကြိုက် မင်းတို့ စိတ်ကြိုက်ဟေ့"

ဝမ်းလင်းဝါးသည် တဟားဟားအော်ရင်းမှ ရုတ်တရက်ဆက် ပြောလိုက်သည်။



"ဟော့ - ဟော့ တစ်ခုတော့ရှိတယ်နော်၊ သူ့နှာခေါင်းကိုတော့ ကိုက်မဆွဲရဘူး"

ဝံကြောင်ကလေးမှာ ထိုမိန်းကလေးနှစ်ယောက် စိတ်ကြိုက် ပြုသမျှ နေနေရတော့သည်။ မိန်းကလေးနှစ်ယောက်သည် သူ့အား အလုံအကျဉ်းခန်းအတွင်းမှ ဆွဲထုတ်လာကြ၏။ ချစ်ချစ်ကိုတော့ ဝမ်းလင်းဝါးက ပွေ့ချီလာသည်။

သူတို့နှစ်ယောက်အား မြေအောက်လိုဏ်ခေါင်းမှ သယ် ဆောင် တွဲခေါ်လာသည်။ ထိုမြေအောက်လိုဏ်ခေါင်းအဆုံးတွင် လှေခါးထစ်များတွေ့ရသည်။ ထိုလှေခါးထစ်များမှ တက်လာသော အခါ အိမ်တစ်ဆောင်၏ အခန်းတစ်ခန်းအတွင်းသို့ ရောက်ရှိသွား တော့၏။

ထိုအခန်းထဲတွင် မည်သည့် ပရိဘောဂပစ္စည်းမျှ ရှိမနေပါချေ။ အခန်းနံရံ၌ ထူးထူးခြားခြားပေါ်လွင်ထင်ရှားနေသည့် အရုပ်ကလေး လေးရုပ်ကိုမူ တွေ့ရှိရသည်။

ဝမ်းလင်းဝါးက ထိုအရုပ်ကလေးများကို လက်ညှိုး ညွှန်ပြ လိုက်ပြီး -

"ကဲ - ခင်ဗျားတို့ ဟောဒီအရုပ်ကလေးတွေကို မြင်ကြရဲ့လား။ အဲဒီအရုပ်ကလေးတွေဟာ ရွှေ့လို့ပြောင်းလို့ရပါတယ်၊ သူတို့ကို ရွှေ့လိုက်ရင် အပေါက်လေးပေါက်ဖြစ်သွားမယ်၊ ခင်ဗျားတို့ နှစ်ယောက် အဲဒီအပေါက်ကနေ ခင်ဗျားတို့ရဲ့ အချစ်တော်ကြီး ခင်လုံကိုမြင်ရမယ်"

ထိုအချိန်တွင် ချစ်ချစ်နှင့်ဝံကြောင်ကလေးတို့ကို ကြမ်းပြင် ပေါ်၌ ချထားပြီးဖြစ်သည်။

ဝမ်းလင်းဝါးက ခပ်အုပ်အုပ်ရယ်လိုက်၏။

"တစ်ခုတော့စိတ်ချဗျို့၊ စင်လုံကိုယ်တိုင်ကတော့ ခင်ဗျားတို့ကို မြင်မှာမဟုတ်ဘူး။ ခင်ဗျားတို့ချောင်းကြည့်နေတာကို သိမှာမဟုတ်ဘူး။ စင်လုံဘက်ကကြည့်ရင် ခင်ဗျားတို့ကြည့်နေတဲ့ နေရာကို ရုပ်ပုံကြီးတစ်ခုအဖြစ်ပဲ တွေ့ရမှာ သေချာတယ်၊ ဒီရုပ်ပုံကလည်း သိပ်လက်ရာမြောက်တယ်ဗျာ၊ ဟား - ဟား - ဟား"

ဝံကြောင်ကလေးက ခက်ထန်ထန်ပြောလိုက်သည်။

"တော်စမ်းပါကွာ၊ ချွန်းကုန်းလက်ရာတွေကို ငါမြင်ဘူးပါတယ်"

"ဟား - ဟား - ဟား - ကြောင်ကလေး။ ခင်ဗျားက ကျုပ်သတိပြုရလောက်အောင် စွမ်းရည်ရှိတဲ့လူဆိုတာကတော့ အမှန်ပဲဗျို့၊ နံရံပေါ်က အရုပ်မြင်တာနဲ့ ချွန်းကုန်းဖြစ်တယ်ဆိုတာ ခက်ခနဲသိလိုက်တာပဲ၊ တော်တယ်ဗျာ၊ ဒါပေမယ့် အဲဒီအခန်းထဲမှာ စင်လုံဘာလုပ်နေတယ်ဆိုတာတော့ ခင်ဗျားခန့်မှန်းတတ်မယ် မထင်ပါဘူးဗျာ၊ ဘယ့်နှယ့်လဲ ခန့်မှန်းတတ်ရဲ့လား"

ထိုစဉ်သည့် ချစ်ချစ်သည် အရုပ်ကလေးများရှိရာသို့ တုန်တုန်ယင်ယင်ဖြင့် ပြေးဝင်လာသည်။ ဝမ်းလင်းဝါးက လျှင်မြန်ဖျတ်လတ်စွာ ဖမ်းဆွဲလိုက်သည်။

ချစ်ချစ်က ဒေါသတကြီးအော်လိုက်၏။

"ရှင်ပဲ ကျွန်မကိုကြည့်ဖို့ ခေါ်လာတာမဟုတ်လား။ ဘာဖြစ်လို့ အခုတားရပြန်တာတုန်း"

ဝမ်းလင်းဝါးက ရယ်လိုက်၏။

"ကြည့်ရပါတယ်၊ ကြည့်ရပါတယ်၊ ဒါပေမယ့် ဆန္ဒမစောပါနဲ့လေ"



ဝံကြောင်ကလေးက အေးစက်စွာမေးလိုက်၏။

"ဘာလို့ စောင့်ရမှာလဲ"

"စောင့်စရာရှိလို့ပေါ့ဗျာ၊ ကျုပ်ရဲ့နောင်ကြီးစင်လုံက အခုဆိုရင် သိမ်းရှင်းစီမံရှိနေပြီဗျ၊ ခင်ဗျားတို့ သူ့ကိုသွားနှောင့်ယှက်မှာကို ကျုပ်က စိုးရိမ်နေရတယ်၊ အခုအချိန်မှာတော့ ဘာပဲဖြစ်ဖြစ် ကျုပ်ရဲ့နောင်ကြီးစင်လုံအတွက်ပဲ ဦးစားပေးတွေးနေရတာပဲဗျာ၊ ခင်ဗျားတို့ နှစ်ယောက် စိတ်ဆိုးရင်လည်း ကျုပ်ခံရမှာပဲ"

ဝမ်းလင်းဝါး၏လက်သည် လျှပ်တစ်ပြက်လှုပ်ရှားသွား၏။

ဝံကြောင်ကလေးနှင့် ချစ်ချစ်တို့၏ ဆွံ့အစကားမပြောစေနိုင်သော သွေးကြောကို ရုတ်တရက် ဖိနှိပ်လိုက်သည်။

ဝံကြောင်ကလေးမှာ ဒေါသထွက်လွန်းသဖြင့် မျက်လုံးများ အဆမတန်ပြူးထွက်လာသည်။ သို့သော် သူဒေါသထွက်ရုံမှလွဲ၍ အခြားဘာမှမတတ်နိုင်တော့ပေ။ ဝမ်းလင်းဝါးကမူ သူ့အား ဖုတ်လေသည့်ငါးပိ ရှိလေသည်မျှ မထင်မှတ်ပါ။ သစ်သားအရုပ်ကလေးများ၏ ဦးခေါင်းများကို ရွှေ့ပြောင်းနေသည်။ သူပြောသည့်အတိုင်း အပေါက်ကလေး လေးပေါက်ပေါ်လာသည်။

ဝမ်းလင်းဝါးက ရယ်လိုက်၏။

"ကဲ - ခင်ဗျားတို့ ကြည့်လို့ရပြီ၊ ကျုပ်ကြိုကြိုတင်တင်ပြောထားမယ်နော်၊ ဒါက ခင်ဗျားတို့ ကြည့်ချင်မြင်ချင်လွန်းတယ်ဆိုလို့ ကျုပ်ကပြရတာ၊ ကျုပ်သဘောနဲ့ကျုပ်တော့ ခင်ဗျားတို့ကို ပြဖို့ စိတ်မကူးဘူး။ ခင်ဗျားတို့ ကိုယ့်ကိုယ်ကိုသတ်သေချင်လောက်အောင် ဒေါသထွက်လာရင်တော့ ကျုပ်ကြောင့်လို့ အပြစ်မတင်နဲ့ ပေါ့"

သူသည် အပေါက်ဝမှ ဖယ်ပေးရင်း -

"ကဲ - ကြွကြပါ။ ကြည့်နိုင်ပါပြီခင်ဗျာ"

ဝံကြောင်ကလေးနှင့် ချစ်ချစ်တို့သည် အပေါက်ကလေးများ ရှိရာ နံရံသို့ တိုးကပ်လာပြီး ဆန္ဒဇောကြီးမားစွာဖြင့် ချောင်းမြောင်း ကြည့်ရှုလိုက်မိကြတော့၏။

သူတို့မြင်တွေ့နေရသည့်အခန်း၌ ကျောက်မြတ်ရတနာများ စီ ခြယ်ချိတ်ဆွဲထားခြင်း မရှိပါချေ။ သို့သော် သားနားစွာခင်းကျင်း ပြင်ဆင်ထားသည့် ခုတင်တစ်လုံးရှိနေသည်။

စင်လုံသည် ပိုးပျော့အင်္ကျီရှည်ကို ဝတ်ဆင်လျက် သားရေ ဆိုဖာတပ်ကုလားထိုင်ပေါ်တွင် ထိုင်လျက်ရှိနေသည်။ သူ့လက်ထဲ၌ ရွှေသားစစ်စစ်ဖြင့် ပြုလုပ်ထားသည့် အရက်ခွက်တစ်ခွက်က ရှိနေ၏။ သူသည် အရက်ကို ကိုယ်တိုင်မငှဲ့ပေ။ ဇာပဝါပါးပါးကို အင်္ကျီ ချုပ်ဝတ်ထားသည့် လွန်စွာနုနယ်လှသည့် မိန်းကလေးတစ်ယောက် က ပယင်းရောင်အရက်များကို ငှဲ့ထည့်ပေးနေသည်။

ချစ်ချစ်သည် စင်လုံကိုကြည့်ရင်း သူမ၏ နှုတ်ခမ်းများကို ဖိ၍ကိုက်နေမိသည်။ မည်မျှကိုက်မိသနည်းဆိုသော် သူမ၏ နီထွေး လှပသော နှုတ်ခမ်းကလေးများမှ သွေးများယိုစီး စီးဆင်းလာသည် အထိဖြစ်ပါ၏။

ထိုနည်းတူ ဝံကြောင်ကလေးကလည်း စင်လုံကိုကြည့်ရင်း အံကြိတ်နေမိသည်။ သူ့ထံမှ စကားသံတစ်ခွန်းမျှထွက်မလာသော် လည်း အံကြိတ်သံကမူ တဂျစ်ဂျစ်ထွက်နေသည်။ ဝံကြောင်ကလေး သာ စကားပြောနိုင်ခဲ့ပါလျှင် အသံကုန်ဟစ်အော်လိုက်မိမည်ဖြစ် သည်။ ·

"စင်လုံ - ခက်ဗျားဟာ သိပ်မုန်းစရာကောင်းတဲ့လူပါကလား။ ကျုပ်တို့ကတော့ ခင်ဗျားအတွက် စိတ်မကောင်းဖြစ်နေကြတယ်၊



မှုန်မှုန်နေကြတယ်၊ ခင်ဗျားကတော့ ဒီမှာလာပြီး စည်းစိမ်ယစ်နေ တယ်။ မော်မော်လေးစားကြည့်ညိုစရာ ကောင်းတဲ့လူပါလား"

ဟိုသော် - သူသည် ထိုစကားများကို စိတ်ထဲမှသာ အော်ဟစ် နေရတော့သည်။

စင်လုံကမူ စည်းစိမ်ခံစားနေ၏။ အမျိုးသမီးကလေးက စပျစ် သီးကလေးများကိုခြွေ၍ စင်လုံ၏ပါးစပ်ထဲသို့ ခွံ့ပေးနေသည်။ စင် လုံက အရက်သောက်လိုက်၊ စပျစ်သီးစားလိုက် အရသာခံနေသည်။

ဝံကြောင်ကလေးနှင့် ချစ်ချစ်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ဝေ့ကြည့်မိကြ၏။ သူတို့၏ မျက်လုံးများ၌ အမုန်းတရား များ ဝင်းဝင်းတောက်နေကြသည်။

ချစ်ချစ်သည် စိတ်ထဲမှအော်ပြောနေမိသည်။

"ဟင် - စင်လုံ - ရှင့်ကို အစက သိပ်အထင်ကြီးမိတယ်၊ သိပ်လေးစားမိတယ်၊ သိပ်ချစ်မိတယ်၊ အခုတော့မှ တကယ့် တဏှာ ကြီးကြီးမှန်းသိတော့တယ်၊ ဟင်း - မြူးစစနဲ့ ရယ်နေလိုက်တာများ သတ်ပစ်ချင်စရာကောင်းတယ်၊ ရှင်ဘာကြောင့် မသေသေးတာလဲ ရှင်သေမှ အင်မတန်ကောင်းနေပြီ သိရဲ့လား"

ဝံကြောင်ကလေးကလည်း စင်လုံကို ကြိတ်၍အပြစ်တင်နေ မိသည်။

"ခင်ဗျားဟာ အရက်ကို လိမ်လိမ်မာမာသောက်တဲ့လူလို့ ကျုပ် က အထင်ကြီးခဲ့တယ်၊ အခုတော့မှ တကယ့်ယစ်ထုပ်ကြီးမှန်း သိရတော့တယ်၊ ကျုပ်တို့အားလုံး သေရေးရှင်ရေးဒုက္ခရောက်နေ တဲ့ကြားမှာ ခင်ဗျားမို့လို့ ဒီလိုအေးအေးဆေးဆေးစိမ်ခံပြီး အရက် သောက်နေနိုင်တယ်၊ ခင်ဗျားဟာ ရွံစရာကောင်းတယ်၊ မုန်းစရာ ကောင်းတယ်၊ ဒါပေမယ့် အရက်များများသောက်နိုင်တဲ့အတွက်

တော့ ခင်ဗျားကိုချီးကျူးဖို့ အင်မတန်ကောင်းနေတယ်"

ဝံကြောင်ကလေးနှင့် ချစ်ချစ်တို့မှာ တကယ်တမ်းအားဖြင့် အတွေးအခေါ်ရင့်သန်သူများ မဟုတ်ကြပါ။ စိတ်ထိခိုက်လွယ်သူများ ဖြစ်ကြပါသည်။ ဆန္ဒစောသူများ ဖြစ်ကြပါသည်။ အသိတရားနှင့် ဆင်ခြင်တုံတရား နည်းပါးသဖြင့် သူတို့တကယ်တမ်းမေးရမည့် မေး ခွန်းများကို စိတ်ထဲမှယောင်၍ပင် မတွေးမိဘဲ ရှိနေကြပါသည်။

"ဝမ်းလင်းဝါးက ဘာကြောင့် စင်လုံကိုမသတ်သလဲ"ဟူသော မေးခွန်းမျိုး။

"စင်လုံကိုမသတ်တဲ့အပြင် စည်းစိမ်ခံနိုင်အောင် ဘာကြောင့် ဝမ်းလင်းဝါးက ပြင်ဆင်ပေးထားရသလဲ"ဟူသည့် မေးခွန်းမျိုး။

မေးသင့်မေးထိုက်သောမေးခွန်းများ။ စဉ်းစားသင့် စဉ်းစာ ထိုက်သော အတွေးမျှင်များကို သူတို့နှစ်ယောက်စလုံး လုံးဝမတွေ တောမိပါချေ။

စင်လုံအား အရက်ငှဲ့ထည့်ပေးနေသည့် အမျိုးသမီးကလေးပ လက်ညှောင်းနေပေပြီ။ စင်လုံကမူ လုံးဝအရက်မူးဟန် မပေါ်သေ ပါချေ။ သို့သော် အမျိုးသမီးကလေးက ကြိုးစားပမ်းစား လျှင်မြ ဖျတ်လတ်စွာ အရက်များငှဲ့ပေး၏။ စင်လုံကလည်း အားကျမ တစ် ခွက်ပြီးတစ်ခွက် မော့သောက်ပစ်၏။

အမျိုးသမီးကလေးက သက်ပြင်းချ၍ပြောလိုက်သည်။

"ရှင့်အရက်သောက်စံချိန်ကတော့ တကယ့်ကို မဆိုးတာ ရှင့်လောက်အရက်သောက်နိုင်တဲ့လူမျိုးကို ကျွန်မတစ်ယောက် မတွေ့ဖူးသေးဘူး"

စင်လုံက မည်သည့်စကားမျှမပြောဘဲ တဟဲဟဲနှင့် ရယ်နေ ၏။



အမျိုးသမီးကလေးက -

"ဒီလောက်အရက်တွေ သောက်နိုင်အောင် ဘယ်လိုများ လေ့ ကျင့်ထားသလဲဟင်၊ ကျွန်မ သိပ်သိချင်တာပဲ"

စင်လုံကရယ်၍ -

"မင်းက ငါ့ကိုအရက်တွေ သိပ်တိုက်ချင်နေတယ်ဆိုတာ ကြို တင်သိထားတော့ ကြိုတင်လေ့ကျင့်ထားရတာပေါ့ကွာ"

စင်လုံနှင့် ထိုအမျိုးသမီးကလေးသည် ရယ်လိုက် ကျီစယ် လိုက်ဖြင့် လွန်စွာပျော်ရွှင်နေကြ၏။ ချစ်ချစ်မှာ ရူးသွပ်မတတ် ဒေါသထွက်နေ၏။ နှုတ်ခမ်းများကို ပြတ်လုမတတ်ကိုက်နေ၏။ လူမသာ စိတ်လွတ်ကိုယ်လွတ် လှုပ်ရှားနိုင်မည်ဆိုလျှင် စင်လုံသည် ထိုနေရာ၌ တစ်ခါမဟုတ် ဆယ်ခါပြန် အသတ်ခံရပေတော့မည်၊ အမျက်ကြီး လျှင် အမျက်ကြီးသည်မဟုတ်ပါလား။ ယခုမူ ချစ်ချစ်၏ မျက်ဝန်းအိမ်မှ ပူနွေးသော မျက်ရည်ပေါက်ကြီးများသာ လိမ့်ဆင်း လာတော့သည်။

ထိုအချိန်တွင် အရက်ငှဲ့ထည့်ပေးနေသည့် အမျိုးသမီးကလေး သည် အရက်အိုးကို စားပွဲပေါ်တင်လိုက်ပြီး သူမတစ်ကိုယ်လုံးကို စင်လုံ၏ရင်ခွင်ထဲသို့ လှဲချလိုက်လေတော့၏။ စင်လုံကမူ တဟား ဟားအော်ရယ်နေသည်။

ချစ်ချစ်သည် အခန်းထဲပြေးဝင်လျက် ထိုအမျိုးသမီးကလေး၏ ဆံပင်ကို ဆွဲဆောင့်ကာ ရွှံ့ဗွက်ရေမြောင်းအတွင်းသို့ ပစ်ပေါက် လိုက်ချင်သည်။ သို့သော် မဆင်ခြင်မတွေးခေါ်တတ်ခြင်းဟူသော ရွှံ့ဗွက်ရေမြောင်းအတွင်း လတ်တလောနစ်နေသူမှာ သူမပင်ဖြစ်နေ ပါ၏။ သူမသည် ဒေါသထွက်လွန်းသဖြင့် တစ်ကိုယ်လုံးအေးစက် တုန်ယင်နေ၏။

ချစ်ချစ်သည် ရှေ့လျှောက်ဖြစ်ပေါ်လာမည့် မြင်ကွင်းက
မကြည့်ရဲ။ မကြည့်ရက်သဖြင့် မျက်လုံးများကို စုံမှိတ်ထားလိုက်
မိသည်။ သူမအတွက် ကံကောင်းပါ၏။ အဘယ်ကြောင့်ဆိုသော်
ကယ်တင်ရှင် ဝင်လာသောကြောင့်ပေတည်း။

ထိုကယ်တင်ရှင်ကား နတ်မိမယ်တမျှ ခန့်ညားလှပသည်
သူ မ၏နောက်ဘက်၌ လှုငါးယောက်ပါလာသည်။ ချစ်ချစ်သည်
ထို ကယ်တင်ရှင် နတ်မိမယ်အား စူးစူးစိုက်စိုက် ကြည့်လိုက်၏
ဝံကြောင်ကလေးကလည်း ထိုမိန်းကလေးအား စူးစူးစိုက်စိုက်ကြည့်
လိုက်၏။ သူတို့နှစ်ယောက်၏ မျက်လုံးများသည် မှုန်ဝါးဝေသီသွား
တော့၏။

သူမကား ဝမ်းလင်းဝါး၏ မွေးသမိခင်ပေတည်း။

စင်လုံသည် ကပျာကယာ မတ်တတ်ရပ်၍ လက်နှစ်ဖက်ဆု
ကာ ဂါဝရပြုလိုက်သည်။

"ဝမ်ကတော်ပါလား"

ဝမ်ကတော်ဆိုသူကလည်း ပြန်လည်၍နှုတ်ဆက်သည်။

"သခင်ကလေးစင်လုံ"

သူတို့နှစ်ယောက်၏ နှုတ်ဆက်ပုံနှင့် ရင်းရင်းနှီးနှီးအပြုံးဖလှယ်
ပုံတို့ကိုကြည့်ပါက သူတို့နှစ်ယောက်သည် နှစ်ပေါင်းများစွာကွဲကွ
ခဲ့ကြသည့် မိတ်ဆွေဟောင်းနှစ်ဦး ပြန်လည်တွေ့ဆုံခဲ့ကြသည်န
တူညီနေသည်။

သို့သော် ယခုအခြေအနေမျိုးနှင့် တွေ့လိုက်ကြရသဖြင့် တ
ယောက်ကိုတစ်ယောက် အားတုံ့အားနာဖြစ်နေပုံရသည်။

ဝမ်ကတော်သည် စင်လုံရှိရာသို့ လျှောက်လာပြီး စင်လုံရှေ
ကုလားထိုင်တစ်လုံးတွင် ထိုင်လိုက်၏။ စောစောကစင်လုံအ



အရက်ငှဲ့ပေးသည့် အမျိုးသမီးကမူ သူတို့နှင့် ခပ်ဝေးဝေးနေရာ၌
မျက်နှာရှုံ့ကုန်လှုပ်စွာ မတ်တတ်ရပ်နေ၏။

ဝမ်ကတော်ဆိုသည့် အမျိုးသမီးကြီးက လက်ကိုတစ်ချက်
ရွယ်ပြလိုက်၏။ ထိုအခါကျမှ စင်လုံတို့၏ အနောက်ဘက်၌
ကုပ်ကုပ်ကလေးရပ်နေသည့် အမျိုးသမီးကလေးသည် ရှေ့သို့ပြန်
တိုးလာကာ စင်လုံ၏အရက်ခွက်ထဲသို့ အရက်ငှဲ့ပေးနေသည်။

စင်လုံက ပြုံး၍တားမြစ်လိုက်၏။

"နေပါစေ မထည့်ပါနဲ့တော့၊ အားနာစရာကောင်းနေပါပြီ"

ဝမ်ကတော်က လှပစွာပြုံးရယ်ရင်း -

"သခင်ကလေးစင်လုံ၊ လန်ရှန်းကို ဒီလောက်အားနာစရာ
မလိုတော့ပါဘူး။ သူနဲ့ပတ်သက်ပြီး သခင်ကလေးအလိုကျ ခိုင်းနိုင်ပါ
တယ်၊ အသုံးပြုနိုင်ပါတယ်၊ အရက်ငှဲ့ပေးပြီး ပြုစုတာမျိုးကတော့
အသေးအဖွဲ့ကလေးပါရှင်"

"ဟား - ဟား - ဟား - သူကလေးနာမည်က လန်ရှန်း
တဲ့လား။ သိပ်လှတဲ့နာမည်ပါလား။ သိုင်းလောကရဲ့နတ်ဝိဇ္ဇာ အလှ
ပဂေးကတို့ရဲ့ထိပ်ခေါင်တင် ဝမ်ကတော်ရဲ့ ပိုင်နက်နယ်မြေထဲ ဝင်လာ
ရင်ဖြင့် ကျုပ်တစ်ကိုယ်လုံးလည်း အမွှေးရနံ့တွေနဲ့ ကြိုင်လှိုင်နေပါပြီ
ကွာ"

ဝမ်ကတော်က နှစ်လိုဖွယ်ရာ ပြုံးလိုက်၏။ သူမ၏အပြုံးမှာ
ခန့်ညားလှပသကဲ့သို့ ဆွဲဆောင်မှုအပြည့်အဝရှိ၏။

"မြော် - သခင်ကလေးစင်လုံက သိုင်းပညာတော်ရုံတင်မက
ဘူး။ စကားပြောလည်း အင်မတန်ကောင်းတာပဲကိုး"

ဝမ်ကတော်က ဆက်၍စကားပြောသည်။

"စောစောက သခင်ကလေးစင်လုံပြောလိုက်တာနဲ့တူတယ် လန်ရှန်းရဲ့နာမည်က သိပ်လှတယ်လို့၊ နာမည်ပဲလှသလား သခင် ကလေးရဲ့ လူကရော ချစ်စရာမကောင်းဘူးလားရှင်"

"ချစ်စရာကောင်းပါတယ်ဗျာ၊ တကယ့်ကိုချစ်စရာကောင်းတဲ့ မိန်းကလေးပါ၊ အရက်အိုးကိုင်ပြီး ကျုပ်အနားကပ်လာတဲ့အခါမှာ သူ့အလှကြောင့် အားလုံးသေသိမ်ဂုဏ်ငယ်သလို ဖြစ်သွားတာပါပဲ ဒါပေမယ့် ဝမ်ကတော်ရဲ့ ခန့်ညားထယ်ဝါလှပတဲ့ အလှကိုတော့ မီမယ်မထင်ပါဘူးဗျာ"

ဝမ်ကတော်သည် လန်ရှန်းကိုကြည့်၍ ရုတ်တရက်ငေါက်ငေ လိုက်၏။

"လန်ရှန်း စောစောကသခင်ကလေးကို အရက်တွေငှဲ့ထည့် ပေးခဲ့တယ်ဟုတ်လား"

လန်ရှန်းမှာ တုန်တုန်ယင်ယင်ဖြစ်သွားပြီး သူမ၏အင်္ကျီစ လေးကိုသာ ကြိတ်ချေနေတော့၏။ မည်သည့်စကားကိုမျှ ပြန် ပြောရဲဘဲ ဖြစ်နေရှာပါသည်။

ဝမ်ကတော်သည် အဖော်ကလေး ဒေါသထွက်နေသည်

"ငါ့ကိစ္စကိုသိရက်သားနဲ့ ဘာဖြစ်လို့ သခင်ကလေးစင်လုံ အ ရက်တွေနှင်းကန်တိုက်ရတာလဲ၊ ငါ့မှာ သခင်ကလေးစင်လုံ ဆွေး နွေးစရာကိစ္စတွေအများကြီးရှိနေတယ်၊ နင်အရက်တွေ သိပ်တိုက်လိုက်လို့ သခင်ကလေးစင်လုံမူးသွားရင် ငါ့အဖို့မခ ပါလား၊ ငါ တို့ဆွေးနွေးမယ့်ကိစ္စပျက်ရောပေါ့၊ တယ်လေ - ငါ့ ဒေါသဖြစ်အောင် တော်တော်ကလေးလုပ်တယ်"

လန်ရှန်းဆီမှ မည်သည့်စကားမျှထွက်မလာပါချေ။ ခေါင်း



[illegible] တွင်တွင်ငုံထားရှာသည်။

စင်လုံက ရယ်လိုက်၏။

"သည်းခံပါဗျာ - သည်းခံပါ၊ ခပ်စောစောက ဝမ်ကတော်ပဲ [illegible] အမိန့်ပေးလိုက်ပြီး ခုပဲချက်ချင်းဆူပူကြိမ်းမောင်း [illegible] မကောင်းပါဘူးဗျာ၊ ဟုတ်တယ်မဟုတ်လား"

ဝမ်ကတော်၏မျက်နှာမှာ ချက်ချင်းတည်ကြည်သွားသည်။ [illegible] ကူမြန်ရရပြုံးလိုက်ပြီး ဆက်ပြောသည်။

"[illegible] - ဒီလိုတော့လည်း မဟုတ်ပါဘူးရှင်၊ ကျွန်မကို အထင် [illegible]"

"[illegible] မဟုတ်ပါဘူးဗျာ၊ ဘာပဲဖြစ်ဖြစ် အရက်မူးတော့ စကား [illegible] ကောင်းတာပေါ့၊ အာသွက်လျှာသွက်ဖြစ်ပြီး စကားဝိုင်း [illegible] ဖြစ်တာပေါ့ဗျာ ဟဲ - ဟဲ - ဟဲ"

ဝမ်ကတော်ကတော့ ပြုံးချိုစွာပြန်ပြော၏။

"ဒီလိုလည်း မဟုတ်ပါဘူးရှင်"

စင်လုံကမူ တဟဲဟဲရယ်ရင်း -

"အရက်မူကလေးက သင်းပျံ့နေတယ်၊ မိန်းကလေးရဲ့ ကြွရုပ် [illegible] အလှအပကလည်း ကျုပ်ကို ယစ်မူးစေတယ်၊ ကျုပ်ရဲ့ [illegible] ပျော်ပျော်ပျောင်းနေတဲ့ အချိန်မျိုးမှာ ဆွေးနွေးကြရင် ဝမ်ကတော်ရဲ့ အဆိုပြုချက်တွေဟာ သိပ်အောင်မြင်နိုင်ပါတယ်၊ ဝမ် ကတော်လိုချင်တဲ့ပုံစံမျိုး ချက်ချင်းဖြစ်သွားနိုင်တာပေါ့ဗျာ၊ ဟဲ ဟဲ - ဟဲ"

"[illegible] လောကမှာ သခင်ကလေးစင်လုံကျော်ကြားနေတာ အ [illegible] မဟုတ်ပါကလား။ ရှင်က သိပ်ပြီးပါနပ်လိမ္မာတာကိုးရှင်၊

ရှင့်ကိုဘယ်သူကမှ လိမ်ညာဖို့မယ်မထင်ဘူး။ ကျွန်မအပါအဝင်ပေ
ရှင်၊ ကျွန်မအနေနဲ့ တော်ရုံတန်ရုံလူ အကြံတုံး ဉာဏ်တုံး နလပိန်
တုံးလို လူမျိုးကို ကျွန်မကဘာဖြစ်လို့ ပင့်ဖိတ်ရမှာလည်း။ ရှင့်ဆီက
အကြံဉာဏ်နဲ့အကူအညီတွေ တောင်းခံချင်လို့ အခုလိုပင့်ဖိတ်ရတာ
ပါ"

"အတော့်ကို လျော့ကန်သင့်မြတ်တဲ့ အကြံဉာဏ်ပါပဲလား
ဝမ်ကတော်ရဲ့ ဦးနှောက်ထဲက ထွက်လာမှတော့ ဘယ်မှာမလျော့
ကန် မသင့်မြတ်တဲ့ အကြံဉာဏ်ရှိပါတော့မလဲ၊ တော်ပါပေတယ်ဗျ
တော်ပါပေတယ်၊ ဒါနဲ့ဗျာ ကျုပ်ကို ဒီအမျိုးသမီးကလေးနဲ့ ဘာဖြစ်
အချည်းနှီး အချိန်ဖြုန်းခိုင်းနေပါလိမ့်ဗျာ၊ ကျုပ်ဒီအခန်းထဲ ထို
နေတာ အတော်ကြာနေပြီဗျ"

ဝမ်ကတော်က ရယ်လိုက်၏။ သူမ၏ရယ်သံမှာ ပီတိမိန်းမယ
ကလေးတစ်ယောက် ဆည်းလည်းရယ်သံအတိုင်း ချိုလွင်လှသည်

"သခင်ကလေးစင်လုံ၊ အကြာကြီးထိုင်စောင့်နေရတဲ့အတွက်
ကျွန်မအားနာလှပါတယ်ရှင်၊ ကျွန်မအနူးအညွတ်တောင်းပန်ပါတယ်
ခွင့်လွှတ်ပါနော်"

စင်လုံက ပြုံးရင်းလက်ကာပြလိုက်၏။

"မတောင်းပန်ပါနဲ့၊ ဝမ်ကတော်နဲ့ တွေ့ချင်နေတဲ့လူဆိုတော
အတော်ကလေးကို အဆင်ပြေသွားတာပါပဲ၊ သိုင်းလောကရဲ့ နဝ
ဝိဇ္ဇာ အလှတကာတို့ရဲ့ထိပ်ခေါင်တင်ဖြစ်တဲ့ ဝမ်ကတော်က ကျု
လိုလူတစ်ယောက်ကို ဒီလောက်တောင်းပန်နေဖို့မလိုပါဘူးဗျ
တောင်းပန်ချင်းတောင်းပန်ရင် ကျုပ်ကသာ တောင်းပန်ရမှာပါ



ဝမ်ကတော်က စင်လုံ၏အဖြေကောင်းပုံကို နားထောင်ယင်း ပြုံးလိုက်၏။

"သခင်ကလေးစင်လုံကို ဒီအခန်းထဲ ဖိတ်ခေါ်ခဲ့တဲ့အတွက် အထိတ်တလန့်များ ဖြစ်သွားသေးသလား"

"ဟား - ဟား - ဟား - ကျုပ်ကို မသတ်ဘူးဆိုတာ သိနေတော့ အထိတ်တလန့်မဖြစ်ပါဘူးဗျာ၊ ဘာပဲဖြစ်ဖြစ် ဒီအထိ ရောက်အောင် ကောင်းကောင်းမွန်မွန်ခေါ်လာတဲ့ ဝမ်းလင်းဝါး ကိုတော့ ကျုပ် ကျေးဇူးတင်ပါတယ်"

ဝမ်ကတော်သည် ချိုလွင်စွာ ရယ်မောပြန်လေသည်။

"သည်လိုဆိုပါရှင်၊ ဝမ်းလင်းဝါးဟာ သူ့နဂိုစိတ်ကိုက ကြမ်းကြမ်း တမ်းတမ်းလုပ်တတ်တဲ့လူမျိုးဖြစ်နေလို့ သခင်ကလေးစင်လုံအဖို့ ထိခိုက်နစ်နာလောက်အောင် ဖြစ်ခဲ့ရင် ကျွန်မကလည်း တောင်းပန် ပါတယ်ရှင်၊ ဒါနဲ့ သခင်ကလေးစင်လုံကို ကျွန်မတစ်ခုလောက် မေး ခွင့်ပါရစေ၊ ဘာကြောင့် သခင်ကလေးစင်လုံကို မသတ်ဘူးလို့ တပ်အပ်သေချာသိနေတာလဲရှင်"

စင်လုံက ရယ်လိုက်၏။

"အသုံးချလို့ရသေးတဲ့ ပစ္စည်းတစ်ခုကို လွှင့်ပစ်တယ်လို့များ ရှိသေးသလား။ ကျုပ်ကို အသုံးချစရာကိစ္စရှိနေသေးရင် ကျုပ်ကို ဘယ်သတ်ဦးမလဲဗျာ၊ ဒါကတော့ ကလေးတောင်သိတဲ့ဥစ္စာဘဲ"

ထို့နောက် စင်လုံကော ဝမ်ကတော်ပါ တခစ်ခစ်တဟားဟား ပြိုင်တူရယ်မောကြလေတော့၏။ စင်လုံ၏ရယ်မောသံက အမျိုးသမီး များ၏ နှလုံးသားကို ဆွဲယမ်းလှုပ်ကိုင်နိုင်သလို ဝမ်ကတော်၏ ချိုလွင်သော ရယ်သံကလည်း ပုရိသယောက်ျားများကို ညှို့ယူ ဖမ်းစားနိုင်စွမ်းရှိပေ၏။

ဝံကြောင်ကလေးသည် ရယ်သံများကိုနားထောင်ရင်း စဉ်းစား နေမိလေ၏။

"အင်း တကယ့်ထိပ်သီးနှစ်ဦးတော့ တွေ့ကြပြီ၊ သူတို့အစွမ်း ကုန် ပညာပြိုင်ကြမယ့် ပွဲကြီးပွဲကောင်းတော့ ရောက်နေပြီ၊ အင်း -၊ ဝပ်ကတော်ရဲ့ ညို့မြူတဲ့အပြုံးက ကြောက်စရာကောင်းလှပါက လား၊ နူတ်ရေးကြွယ်ဝလှတဲ့ ဝပ်ကတော်ရဲ့ ပျားရည်ဆမ်းစကားက လည်း ကျောက်ဆစ်ရုပ်ကိုတောင် ခေါင်းညိတ်နိုင်စေလောက်တယ်၊ ဒီပျားရည်အပြုံးနဲ့ ပျားရည်စကားတွေကို ဒီလောကထဲမှာ ခုခံတွန်း လှန်နိုင်မယ့်လူကတော့ စင်လုံတစ်ယောက်တည်းပဲ ရှိလိမ့်မယ်၊ ငါသာစင်လုံနေရာရောက်နေရင် ကောင်းကောင်းကြီး ငါးပါးမှောက် တော့မှာပဲ"

ချစ်ချစ်၏အတွေးကမူ တစ်မျိုးဖြစ်သည်။ သူမ၏အတွေးက မိန်းမတွေးဖြစ်၏။ မိန်းကလေးရှုထောင့်မှကြည့်၍ သုံးသပ်သော အတွေးဖြစ်သည်။

"ဒီကဝေမကြီးက ဘာဖြစ်လို့ ဒီလောင်တောင်ပြုံးချိုနေရတာ လဲ၊ သူ့စကားသံတွေကလည်း ကလေးကလားနိုင်လိုက်တာ လွန် ပါရောပဲ၊ သူ့ကိုယ်သူ ဆယ်ကျော်သက်ကလေးများ မှတ်နေသလား မသိဘူး၊ ဘာရည်ရွယ်ချက်နဲ့ စင်လုံကို ခေါ်ထားရတာလဲ၊ စင်လုံကို သူ ချစ်များချစ်နေလို့လား"

စင်လုံသည် ရယ်မောနေခြင်းကို ရုတ်တရက်ရပ်ဆိုင်းပစ်လိုက် ၏။ ဝပ်ကတော်၏ ကြည်လဲ့ရွှန်းလက်သော မျက်လုံးအစုံကို စူးစူး စိုက်စိုက်ကြည့်လိုက်၏။ ဝပ်ကတော်၏ ရွှန်းလက်သော မျက်လုံး အစုံသည် မိုးအောက်မြေပြင်တလွှားမှ ရှိရှိသမျှ ပုရိသယောက်ျား များကို အနိုင်ယူနိုင်သည့် မျက်လုံးများဖြစ်၏။ သူမ၏ အကြည့်ကို



မည်သည့်ယောက်ျားသားမျှ စူးစူးစိုက်စိုက် ကြည့်နိုင်လိမ့်မည်မဟုတ် ပေ။ သို့သော် စင်လုံကမူ စူးစူးစိုက်စိုက်ကြည့်ပြီး ဖြည်းညင်းသက် သာစွာ စကားပြောသည်။

"ကျုပ်နဲ့ ဝပ်ကတော်ရဲ့ကြားမှာ ဘာမှ အတားအဆီးမရှိပါဘူး ဗျ။ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုအပြည့်အဝရှိနေမှတော့ မေးချင်ရာမေး၊ ဖြေချင်ရာဖြေ လုပ်နိုင်ပါတယ်၊ ကဲ - ဘာများမေး ချင်သလဲ၊ ကျုပ်ကလည်း တစ်ထိုင်တည်းနဲ့ အကုန်ဖြေလိုက်ပါ့မယ်"

ဝပ်ကတော်က ရယ်လိုက်၏။

"ဟုတ်ကဲ့ - ကျွန်မကလည်း အကူအညီတောင်းတဲ့ သဘော မျိုးပါရှင်"

"ကျုပ်ကို ခိုင်းစရာရှိလို့လား။ ဥပမာ လူတစ်ယောက်ယောက်နဲ့ ကျုပ်ကို ရင်ဆိုင်ပေးဖို့ ကိစ္စမျိုးဆိုပါတော့"

"အို - ရှင်ဟာ ကျွန်မရဲ့စိတ်ထဲမှာရှိနေသမျှတွေကို ထိုးဖောက် သိနိုင်စွမ်းရှိနေပါကလား။ ဟုတ်ပါတယ်ရှင်၊ ဟုတ်ပါတယ်၊ လူတစ် ယောက်နဲ့ ရင်ဆိုင်တွေ့ပေးဖို့ပါပဲ၊ အဲဒီလူကတော့ -"

"ရွှင်ပျော်ပျော်မြို့စားကြီး ဆိုပါတော့ဗျာ"

"ဟုတ်ပါတယ်ရှင် - သူကလွဲလို့ ဘယ်သူများဖြစ်နိုင်ဦးမှာလဲ၊ တခြားလူဆိုယင် ကျွန်မက "ဖွဲ" လို့ပဲ အောက်မေ့ပါတယ်၊ ဘယ်ဂရု စိုက်လိမ့်မလဲ၊ သခင်ကလေးစင်လုံလို့ခေါ်တဲ့ ရှင့်ကိုတောင် ခုလို တကူးတကဖိတ်ခေါ်ဖို့ ဘယ်လိုတော့မလဲ၊ ဟုတ်တယ်မဟုတ်လား ရှင်"

"ဟား - ဟား - ဟား - အံ့သြစရာပါလား၊ ဒီကိစ္စဟာ ကြီးကျယ်တာတော့မှန်ပါတယ်၊ ဒါပေမယ့် ဒီကိစ္စကြီးကျယ် သလောက် ကျုပ်က မကြီးကျယ်လှပါဘူး၊ ဝမ်းလင်းဝါးဆိုရင်

ကျုပ်ထက် တောင် ပိုပြီးစွမ်းလိမ့်ဦးမယ်လို့ ထင်မိတာပဲဗျာ"

"ရှင်ထင်လို့ပါ၊ တော်ရုံတန်ရုံကိစ္စမျိုးမှာ ဝမ်းလင်းဝါးလုပ်နိုင်တယ်ဆိုတာ ကျွန်မမငြင်းပါဘူး၊ ဒါပေမယ့် သူ့ဟာသခင်ကလေး စင်လုံကိုတော့ မမီဘူးရှင့်၊ ရှင်းရှင်းပြောရရင် ဒီကိစ္စဟာ ဝမ်းလင်းဝါးရဲ့ အရည်အချင်းနဲ့ လိုက်မမီတဲ့ကိစ္စမျိုးပါပဲ"

"ဘယ်လို ကိစ္စမျိုးလဲဗျာ"

"အခုရင်ဆိုင်ရမယ့်လူဟာ မြေခွေးလိုကောက်ကျစ်တယ်၊ စဉ်းလဲတယ်၊ ခြင်္သေ့လို ရဲရင့်တယ်၊ အားအင်ရှိတယ်၊ အဲဒီလူကို အသိဉာဏ်တစ်ခုတည်းနဲ့ တိုက်ခိုက်လို့မရဘူး၊ သတ္တိတစ်ခုတည်းနဲ့ တိုက်ခိုက်လို့မရဘူး၊ နှလုံးရည်ရော၊ လက်ရုံးရည်ပါ တိုက်ခိုက်မှ ရနိုင်မယ်"

"ဟား - ဟား - ဟား - ကျုပ်ကတော့ ဝမ်ကတော် မြှောက်ပေးတာနဲ့ အိမ်ခေါင်မိုးက ပေါက်ထွက်သွားတော့မယ်နဲ့ တူပါရဲ့ဗျာ"

ဝမ်ကတော်က ပြုံးလိုက်၏။

"အဲဒီလူဟာ အင်အားကြီးမားတာ၊ အသိဉာဏ်ကြီးမားတာ မှန်တယ်၊ ဒါပေမယ့် လူတွေရဲ့သဘာဝအတိုင်း ရွှင်ပျော်ပျော် မြို့စားကြီးမှာလည်း အားနည်းချက်တော့ ရှိနေတာပါပဲ၊ သူလည်း လူထဲက လူတစ်ယောက်ပဲ မဟုတ်လား"

စင်လုံက မည်သည့်စကားမျှ ဝင်မပြောဘဲ ဝမ်ကတော် ဆက်ပြောမည့်စကားကို နားထောင်နေသည်။

"အဲဒီတော့ သူ့ကိုအနိုင်ရချင်ရင် သူ့ရဲ့အားနည်းချက်ကိုဖိပြီး တိုက်ရမယ်၊ အဲဒီလိုတိုက်နိုင်ရင် ကျွန်မတို့ သူ့ကိုနိုင်မှာပဲ"



"သူ့ အားနည်းချက်ကိုတော့ ကျုပ်မသိဘူးဗျာ"

"ဟုတ်ပါတယ်လေ၊ ရှင်မသိချင်ယောင်ဆောင်တာ ဖြစ်ဖို့များပါတယ်၊ ရွှင်ပျော်ပျော်မြို့စားကြီးဟာ အကောင်းမှန်သမျှ သိမ်မြတ်နိုးတယ်၊ ပစ္စည်းကောင်းမှန်သမျှ စုံမက်တယ်၊ လူတော်လူကောင်းမှန်သမျှ မြတ်နိုးတယ်၊ သိမ်းသွင်းတယ်၊ ဒါဟာ သူ့အားနည်းချက်ပဲ"

"ဟား - ဟား - ဟား - ဝမ်ကတော်ပြောတဲ့အတိုင်းဆိုရင် ရွှင်ပျော်ပျော်မြို့စားကြီးဟာ အမြှောက်ကြိုက်ကြီးပေါ့ဗျာ၊ သူဟာ သူ့ကိုမြှောက်ပင့်ပေးနေတဲ့လူတွေကို သိပ်သဘောကျတယ်နဲ့တူတယ်၊ ဒါဖြစ်လို့လည်းဆိုတော့ သူ သိမ်းသွင်းတဲ့လူတွေက များလှနေလို့ပဲဗျ"

"ဒီလိုပဲပေါ့ရှင် - လူတော်လူကောင်းတွေပေါသလို လူညံ့လူချာတွေလည်း စုံပြုံဖြစ်ပြီးတော့ ပါဦးမှာပေါ့၊ သူ့ကို ကပ်ရပ်မြှောက်ပင့်ပြီးကျူးနေတဲ့လူ အခံတော်များများရှိနေလို့ သူ့မှာ ညှော်နံ့တွေ၊ ပရိသတ်တွေများနေတာပေါ့ရှင်၊ သူ့ဆီမှာ လူတော်လူကောင်းတွေရှိပါတယ်၊ ဒါပေမယ့် ရှင့်လိုလူမျိုးတော့ တစ်ယောက်မှ မရှိသေးဘူးရှင့်"

"ဘုရားရေ လက်စသတ်တော့ ဝမ်ကတော်က ကျုပ်ကို မြှောက်ပေးပြီး တပည့်ခံခိုင်းနေတာကိုး ဟုတ်မှလည်း လုပ်ပါဗျာ"

ဝမ်ကတော်က ရယ်လိုက်၏။

"ဒီလိုလုပ်ရတဲ့အတွက် ကျွန်မက ရှင့်ကိုသိပ်ပြီး အားနာပါတယ်ရှင်၊ ကျွန်မရဲ့ရည်မှန်းချက်တွေ အောင်မြင်စေဖို့ တခြားနည်းလမ်းမရှိတော့တဲ့အတွက် ဒီလိုလုပ်ဖို့ ကြံစည်ရတာပါ"

စင်လုံက ခပ်ပြုံးပြုံးပြန်ပြောသည်။

"ကျုပ်က ရွှင်ပျော်ပျော်မြို့စားကြီးဆီမှာ တပည့်ခံပြီး ဝ
ကတော် အတွက် သူလျှိုလုပ်ပေးရမယ်ဆိုတဲ့ကိစ္စမှာ အလေ
အနက်စဉ်းစားစရာတွေ အများကြီးရှိနေပါတယ်၊ ဝမ်ကတော်ရဲ
သားတော်မောင် ဝမ်းလင်းဝါးက ဒီကိစ္စကိုဝင်ပြီး ဆောင်ရွက်ရင်
ကျုပ်ထက်ပိုပြီး စိတ်မချရပေဘူးလားဗျာ"

"ဒီကိစ္စမှာ ဝမ်းလင်းဝါးဝင်ပြီးဆောင်ရွက်လို့ လုံးဝမဖြစ်နိုင်လ
ပါရှင်"

"ဘာဖြစ်လို့လဲ အန္တရာယ်ဖြစ်မှာစိုးလို့လား"

"မဟုတ်ပါဘူး၊ သူ့မှာအားနည်းချက်ရှိနေလို့ပါ၊ တကယ် အကြ
ဉာဏ်ထုတ်ရရင် သူကသခင်ကလေးစင်လုံကို မမီပါဘူး၊ နောက်
တစ်ချက်က သူ့ကို ရွှင်ပျော်ပျော်မြို့စားကြီးက ကောင်းကောင်းမှတ်မိ
နေပါတယ်"

"ဗျာ - သူ့လောက် ရုပ်ပြောင်းရုပ်လွှဲကောင်းတဲ့လူတစ်
ယောက်ကများ ရွှင်ပျော်ပျော်မြို့စားကြီးမှတ်မိမှာကို စိုးရိမ်သတဲ့လား"

ဝမ်ကတော်က ပြုံးလိုက်၏။

"ဝမ်းလင်းဝါးဟာ ရုပ်ပြောင်းရုပ်လွှဲအတတ်ပညာမှာတော့ သိပ်
မဆိုးလှပါဘူး၊ ဒါပေမယ့် တစ်ဖက်ကမ်းခတ်တတ်မြောက်တဲ့လူတော့
မဟုတ်ပါဘူးရှင်၊ ကျွန်မတစ်ခုမေးပါမယ်၊ ရှင်မှန်မှန်ဖြေပါ၊ ဝမ်းလင်း
ဝါးကို ရုပ်ဖျက်ခိုင်းပြီး ရှင့်အနားမှာ တစ်နေ့လောက်ထားမယ်
ရှင် ရိပ်မိနိုင်မလား၊ မရိပ်မိနိုင်ဘူးလား"

စင်လုံက စဉ်းစဉ်းစားစားပြောလိုက်သည်။

"အင်း - ကျုပ်ရိပ်မိနိုင်မယ်ထင်ပါရဲ့"

"အဲဒါပဲပေါ့ရှင်၊ ရှင်တောင်မှတ်မိရင် ရွှင်ပျော်ပျော်မြို့စားကြီး
ကတော့ ဘယ်ပြောစရာရှိတော့မလဲ"



"ဒါပေမယ့် ကျုပ်ကိုမှတ်မိထားတဲ့လူတွေ ရှိနေသေးသဗျ"

"ဘယ်သူများပါလိမ့်ရှင်"

"ကျွန်းမုမန်းလေ"

"ဟုတ်ပါ - သူလား၊ ဒီအတွက်တော့ ကျွန်မသိပ်မစိုးရိမ်ပါဘူး၊
သူ့ကချိုက်ကို အတော်ကလေး ခင်မင်လေးစားတာပဲ၊ သူထုတ်ပြော
လိမ့်မယ်လို့မထင်ဘူး၊ အသာကလေး ရှောင်နှုတ်ပိတ်လုပ်နေမှာ
သေချာပါတယ်"

"ဒါပေမယ့် ကျုပ်ကိုမှတ်မိတဲ့လူနှစ်ယောက် ရှိသေးတယ်ဗျာ၊
ပန်းလင်းနဲ့ စန်းကြို့စုတုတို့နှစ်ယောက်ပေါ့"

ဝမ်ကတော်က ရယ်လိုက်၏။

"စိတ်ချပါ၊ ရွှင်ပျော်ပျော်မြို့စားကြီးမှာ ရှိနေသမျှ ကာလပတ်
လုံး သူတို့ဟာ ရွှင်ပျော်ပျော်မြို့စားကြီးနဲ့ ဘယ်တော့မှ မျက်နှာချင်း
မဆိုင်စေရပါဘူး"

"ဒါဖြင့်ရင် သူတို့နှစ်ယောက်လည်း ကျုပ်လိုပဲ ခင်ဗျားလက်
ထဲ ရောက်နေပြီပေါ့ဟုတ်လား"

"အဲဒီလိုတော့ မပြောပါနဲ့ရှင်၊ ကျွန်မတောင်းပန်ပါတယ်၊ သူ
တို့နှစ်ယောက် ကျွန်မရဲ့အကျဉ်းသားနှစ်ယောက်ဆိုတာတော့ မှန်
ပါတယ်၊ ရှင်ကတော့ကျွန်မရဲ့ ဧည့်သည်တော်ကြီးပါ"

"ကောင်းပါတော့ဗျာ၊ ကျုပ်က သိပ်လည်းငြင်းမနေချင်တော့ပါ
ဘူး၊ ကျုပ်မရှင်းတာ တစ်ခုရှိတယ်ဗျ"

"ဘာများလဲရှင်"

"ရွှင်ပျော်ပျော်မြို့စားကြီးဟာ ကျုပ်ရဲ့ရန်သူပါ၊ ဒါကို ဝမ်ကတော်
လည်းသိတာပဲ၊ ဝမ်ကတော်အနေနဲ့ သူ့ကိုမဖြိုခွင်းလည်း ကျုပ်

က ဖြို့ခွင်းမှာပဲ၊ ဒါကိုသိရက်နဲ့ အခုလိုဘာဖြစ်လို့ စီစဥ်ရတာလဲ
အဲ ဒါကို ကျွန်တော်မရှင်းဘူး”

“ဩော် - ဒါလား”

“ဟုတ်ပါတယ်၊ ကျုပ်တို့ဟာ ရည်ရွယ်ချက်ချင်းတူနေကြတာ
ပဲ၊ ဘာဖြစ်လို့ ကျုပ်ကို သူလျှိုလုပ်ခိုင်းစရာလိုတော့မလဲဗျာ”

ဝမ်ကတော်က ရယ်လိုက်ပြန်သည်။

“အင်း - ရှင်မေးတဲ့မေးခွန်းကတော့ အချက်ကျပါပေတယ်၊
ဘာဖြစ်လို့ ကျွန်မခုလိုစီစဥ်ရသလဲဆိုတော့ ရှင်နဲ့ကျွန်မဟာ ရည်
ရွယ်ချက်ချင်းတော့ တူပါရဲ့၊ ဒါပေမယ့် လုပ်ကိုင်မယ့်နည်းဗျူဟာချင်း
မတူလို့ပါပဲ၊ ကျွန်မကသာ သခင်ကလေးစင်လုံကို ဒီကိုဖိတ်ခေါ်
မထားဘူးဆိုရင် သခင်ကလေးစင်လုံက ရွှင်ပျော်ပျော်မြို့စားကြီး
ကို သတ်ဖို့ကြိုးစားနေမှာပဲ၊ ရှင် သူ့ကိုသတ်မလား၊ မသတ်ဘူးလား”

“ဒါကတော့ ဥပုသ်စောင့်တဲ့ကိစ္စမှ မဟုတ်တဲ့ဗျာ၊ အချိန်အခါ
သင့်ရင်တော့ သတ်ရမှာပေါ့”

ဝမ်ကတော်က အံကြိတ်ရင်းပြောလိုက်သည်။

“ဒါပေမယ့် ကျွန်မကတော့ သူ့ကို မသေစေချင်ဘူးရှင့်”

သူမ၏မျက်နှာမှာ လုပသောအပြုံးများလည်း ကွယ်ပျောက်
သွားချေပြီ၊ ချိုလွင်နူးညံ့သောအသံများလည်း မာကျောခက်ထန်
လာလေသည်။ သူမသည် မမြင်ရသည့် အဝေးတစ်နေရာသို့ ငေး
မျှော်ကြည့်ရင်း တစ်ခွန်းချင်းပြောနေ၏။

“ကျွန်မက သူ့ကို ဒီလောကကြီးထဲမှာ ဆက်လက်အသက်
ရှင်နေခွင့်ပေးမယ်၊ စေတနာရှိလွန်းလို့တော့ မဟုတ်ပါဘူး။ သူ့
စိမ်ကိန်းတွေ၊ သူ့စိတ်ကူးစိတ်သန်းတွေ၊ သူ့အကြံအစည်တွေ တစ်
ခုပြီးတစ်ခု ဘယ်လိုပျက်သွားတယ်ဆိုတာ သူကိုယ်တိုင် ကိုယ်တွေ့



[illegible] စေချင်သေးလို့ပဲ၊ ဒါတွေကြည့်ပြီး သူစိတ်သောက
[illegible] စေရမယ်”

“[illegible]”

[illegible] စကားပြောနေရင်းမှ သူ့ရှေ့ရှိစားပွဲခုံပေါ်သို့ လက်
[illegible] ရိုက်ချလိုက်သည်။

“[illegible] ချင်လို့လည်း မသေရဘူး၊ ရှင်ချင်လို့လည်း မရှင်ရဘူး။
[illegible] ရောက်သွားရင် သူ့အတွက် မဟာလွတ်မြောက်မှု
[illegible] သူ့သိပ်ပြီးသက်သာသွားမှာပေါ့”

[illegible] စကားဆုံးသည်နှင့် အေးစက်စွာ ရယ်မောနေလေ
[illegible] ရယ်သံကြောင့် တစ်ခန်းလုံးပင် အေးစိမ့်သွား
[illegible] ထင်မှတ်ရလေသည်။

[illegible]

[illegible] ကမ္ဘာက ရန်ငြိုးပေလားမသိ။

[illegible] ခါးသီးမှုများသည် ဝမ်ကတော်ကို လွှမ်းခြုံစိုးမိုး
[illegible] စင်လုံသည် သူမကို ငေးစိုက်ကြည့်နေမိတော့၏။ သေချာ
[illegible] ပျော်ပျော်မြို့စားကြီးနှင့် ဝမ်ကတော်တို့သည် တစ်ချိန်ချိန်
[illegible] သောပြဿနာကြီးဖြစ်ခဲ့ကြပြီး ကြောက်မက်ဖွယ်ရာ
[illegible] ကြပေလိမ့်မည်။ မည်သည့်ပြဿနာမျိုးဖြစ်သည်ကို
[illegible] မသိပါ။ မည်သည့်အချိန်ကဖြစ်ခဲ့သည်ကို စင်လုံမသိ

[illegible] ဝမ်ကတော်က ရုတ်တရက်ပြုံးရယ်လာလေသည်။
[illegible] များသည် နွေဦးပန်းပွင့်များကဲ့သို့ လှပစွာပွင့်လန်း
[illegible] အေးစိမ့်နေသည်ဟု ထင်မှတ်ရသော အခန်းသည်

လည်း သူမ၏ နွေးထွေးသောအပြုံးကြောင့် ပြန်လည်ပူနွေး[illegible] သည်ဟု ထင်မှတ်လာရပြန်သည်။

"ကဲ - ဘယ့်နှယ်လဲ ရှင်သဘောပေါက်သွားပြီလား"

"အင်း - သဘောပေါက်ပြီလို့ ဆိုနိုင်ကောင်း ဆိုနိုင်ပါပြီ[illegible]

"ရွှင်ပျော်ပျော်မြို့စားကြီးရဲ့နံဘေးမှာ ကျွန်မရဲ့လူတစ်ယော[illegible] ရှိနေရင် ရွှင်ပျော်ပျော်မြို့စားကြီး ဘာလုပ်လုပ် ကျွန်မသိနေပြီ[illegible] ရှင်"

"သူ ဘာပဲလုပ်လုပ် ခင်ဗျားက ကြိုတင်ဖြိုခွင်းလုပ်ကြံနိ[illegible] ဆိုပါတော့ဗျာ၊ သူမှာ ဘယ်လောက်ကြီးမားတဲ့ အကြံဉာဏ်[illegible] အလကားဖြစ်ပြီပေါ့"

"ဒါပဲပေါ့ရှင်"

စင်လုံက ရယ်လိုက်၏။

"အင်း - ရွှင်ပျော်ပျော်မြို့စားကြီးမှာ ဝမ်ကတော်လို ရန်သူ[illegible] တစ်ယောက်ရှိတာ သူ့အတွက် အင်မတန်ကံဆိုးတယ်လို့ ဆို[illegible] ပဲဗျာ၊ သူ့ရဲ့ကြီးကြီးမားမား အောင်မြင်မှုတွေဟာ ဆိုးဆိုးဝါ[illegible] ပျက်စီးဆုံးရှုံးမှုတွေနဲ့ ကျောချင်းကပ်နေရတဲ့သဘောမျိုး ဖြစ်နေပြီ[illegible] ဆိုရတော့မှာပေါ့"

ဝမ်ကတော်က တစ်ကိုယ်လုံး သိမ့်သိမ့်ခါအောင် ရယ်လို[illegible] သည်။

"ဒါကလည်း သခင်ကလေးစင်လုံက ကျွန်မကို ကတိပေ[illegible] ဖြစ်မယ့်ကိစ္စပါ"

သူမသည် စင်လုံကို စူးစူးစိုက်စိုက်ကြည့်လျက် လေးနက်[illegible] မေးလိုက်၏။



"သခင်ကလေးစင်လုံ ကျွန်မကို ဒီကတိစကားပေးမလား"

"ကျွန်တော် မပေးဘဲနေလို့မှ မဖြစ်တော့တဲ့ဥစ္စာ၊ ပေးရတော့ [illegible]"

ဝမ်ကတော်က အားရပါးရ ရယ်လိုက်၏။ သူမ၏ ရယ်သံ [illegible] ပျော်ရွှင်နေ၏။ ကြီးမားလေးလံသော ဝန်ထုပ်ဝန်ပိုးကြီး [illegible] သူမ၏ပခုံးပေါ်မှ ကျသွားသကဲ့သို့ ပျော်ရွှင်နေပုံရသည်။

"ကျေးဇူးတင်ပါတယ်ရှင်၊ သိပ်ကို ကျေးဇူးတင်ပါတယ်၊ ပထမ [illegible] ရှင့်ကိုဂုဏ်ပြုတဲ့အရက်တစ်ခွက်လောက်တော့ တိုက် [illegible] ကျွန်မတို့နှစ်ယောက်စလုံးအောင်မြင်ပါစေလို့ ဆုမွန် [illegible]လိုက်ပါတယ်ရှင်"

စင်လုံနှင့် ဝမ်ကတော်တို့သည် တစ်ယောက်ကိုတစ်ယောက် [illegible]ရယ်မောနေကြလေ၏။

ဝံကြောင်ကလေးမှာ သူမြင်နေရ ကြားနေရသည့်မြင်ကွင်း [illegible] ဒေါသထွက်ရလွန်းသဖြင့် ရင်ခွင်တစ်ခုလုံး ပေါက်ကွဲ [illegible] ခံစားနေရသည်။ ကြိတ်မနိုင်ခဲမရ ဒေါသဖြစ်နေသည်။

"စင်လုံ - စင်လုံ ဒီကတိစကားမပေးရင် ဘာဖြစ်မှာလဲ၊ ဒီ ဝမ်ကတော်က ခင်ဗျားကို ကိုက်စားမှာမို့လား"

ဝံကြောင်ကလေးသည် နာကြည်းစွာတွေးနေသည်။ အခြား [illegible] သူအလိမ်အညာခံရကောင်း ခံရမည်ဖြစ်သော် [illegible] ဤကတိစကားမျိုးပေးသည်အထိ မိုက်မဲလိမ့်မည်မဟုတ်ဟု ဝံကြောင်ကလေးက သူ့ကိုယ်သူယုံသည်။ ယခု - စင်လုံကတော့ [illegible]စကားပေးပြီးခဲ့လေပြီ။

[illegible]၏ဒေါသသည် ဝံကြောင်ကလေးထက်ပင် ပိုမိုပြင်းထန် နေသည်။

သူမသည် စိတ်ထဲမှ ရေရွတ်ကျိန်ဆဲနေ၏။

"ကဝေမကြီး၊ လုံးဝအရက်မရှိတဲ့ ကဝေမကြီး၊ မှယာမာယ
တွေများပြီး သူလိုချင်တဲ့စကားကို မရရအောင်လုပ်ယူတယ်၊ ဝ
လင်းဝါး အရက်မရှိတာကို အံ့ဩခဲ့တယ်၊ သူ့အမေက ဝမ်းလင်း
ထက် ဆယ်ဆလောက်ပိုပြီး အရက်မရှိတဲ့ မိန်းမကြီးကိုး"

❖ ❖ ❖

ဝမ်ကတော်သည် စင်လုံအား အရက်သုံးခွက်ဖြင့် ဧည့်ခံသည
သူမလည်း အရက်သုံးခွက်သောက်သည်။ သူမသည် ပါးချိုင့်ကလေ
များပေါ်အောင် ပြုံးနေသည်။ ဝံကြောင်ကလေးသည် ထိုမြင်ကွင်းက
ကြည့်ရင်းကြည့်ရင်း သူ၏ဒေါသများ ထူးထူးခြားခြားတဖြည်
ဖြည်းပျောက်ကွယ်သွားနေသည်။

"စင်လုံ - ဒီလိုလုပ်နေတာတွေဟာ တမင်သက်သက် ဆ
ကြံ ကြံနေတာများလားမသိဘူး။ ဝမ်ကတော် သူ့ကိုလွှတ်လိုက
ပြီးရင် သူ့ကိုဘယ်နည်းနဲ့ ထိန်းကျောင်းနိုင်မလဲ"

ဝံကြောင်ကလေးသည် တွေးရင်းတွေးရင်း အလွန်ရယ်ချ
လာသည်။ သူသည် ဉာဏ်မကောင်းလှပါ။ သူ့ကိုယ်သူလည်း သိ
သည်။ သို့သော် ဝမ်ကတော်က သူ့ထက်ဉာဏ်မကောင်းဘဲဖြစ်နေ
သည်။ ထို့ကြောင့် ရယ်ချင်နေခြင်းဖြစ်ပါသည်။ ဝမ်ကတော်သည်
စူဠလိမ်တည်းဟူသော စင်လုံကို ရေထဲလွှတ်ရန် ကြံစည်နေသည်
မဟုတ်ပါလား။

ထိုစဉ် ဝံကာတော်၏ရယ်သံ ထွက်ပေါ်လာသည်။

"ကျွန်မသိပ်ပြီး အရက်မသောက်နိုင်ပါဘူး။ ဒီနေ့တော့ ဘာပဲ



မြန်မြန် ရှင်နဲ့အရက်ပြိုင်သောက်ပါမယ်၊ သုံးရက်သုံးညတိတိ အရက်
ပြိုင်သောက်ပြီးရင် ရှင့်ကို ကျွန်မကိုယ်တိုင် လိုက်ပို့ပေးမယ်"

"လိုက်ပို့ပေးမယ်ဟုတ်လား။ ဘယ်ကိုလိုက်ပို့ပေးမှာလဲ"

"မဟာတံတိုင်းကြီး အပြင်ဘက်ကိုလေ၊ နောက်သုံးရက်ကြာ
ရင် ကျွန်မလိုက်ပို့ပေးပါ့မယ်"

"ကျုပ်က ရွှင်ပျော်ပျော်မြို့စားကြီးဆီကို ဒီအတိုင်းပဲ သွားရမှာ
လား။ ရွှင်ပျော်ပျော်မြို့စားကြီးကကော လက်ခံမှာလား"

"ရှင် - ဘာဖြစ်လို့ အရူးလိုဟန်ဆောင်နေတာလဲရှင်"

"ဘုရားရေ - ကျုပ်က ဘာများဟန်ဆောင်လို့လဲ"

"ရွှင်ပျော်ပျော်မြို့စားကြီးဟာ ရှင့်လိုလူကို ဘယ်လက်လွှတ်ခံ
လိမ့်မလဲ၊ ကြီးကြီးကျယ်ကျယ်လုပ်ငန်းကြီးတွေ အောင်မြင်ချင်ရင်
ရှင့်လိုလူကို သူလက်ခံရမှာပဲ၊ ရှင့်ကိုမှ သူလက်မခံဘူးဆိုရင် သူ
ဟာ အမည်နဲ့လိုက်ဖက်အောင် ကျော်ကြားတဲ့လူတစ်ယောက်
မဖြစ်နိုင်တော့ဘူးရှင်"

ဝမ်ကတော်သည် စကားကို ခေတ္တဖြတ်လျက် ပြုံးလိုက်၏။

"ဟင်း - ဟင်း - ဟင်း - မကြာခင်မှာပဲ ရှင်ဟာ ရွှင်ပျော်
ပျော် မြို့စားကြီးရဲ့လက်ရုံးဖြစ်လာမှာ သေချာပါတယ်ရှင်၊ ရှင့်လိုလူ
မျိုးက ရွှင်ပျော်ပျော်မြို့စားကြီးရဲ့ ယုံကြည်ကိုးစားမှုကိုရအောင် မလုပ်
ဘဲ မကိုင်တတ်ရှိပါ့မလား။ စူးတစ်ချောင်းကို ဂုံနီအိတ်ထဲထည့်ထား
ရင် ဒီစူးဟာဂုံနီအိတ်ထဲက ပေါက်ထွက်မသွားဘဲ ရှိပါ့မလား"

"ဟား - ဟား - ဟား - လက်စသတ်တော့ ဝမ်ကတော်က
ကျုပ်ကို ကိုယ့်လမ်းကိုယ်ထွင်းသွားခိုင်းနေတာကိုး"

စင်လုံက အရယ်ရပ်လိုက်ပြီး -

"ကောင်းပြီ ဝမ်ကတော်ပြောမပြလည်း ချန်ထားသေးတဲ့ကိစ္စ တစ်ခုရှိသေးတယ်"

"ဘာများပါလဲရှင်"

"ကျုပ်ကို ဒီအတိုင်းလွှတ်ပေးတော့မလား၊ မဟာတံတိုင်းကြီးရဲ့ အပြင်ဘက်ရောက်သွားတာနဲ့ ဝမ်ကတော်ကိုပြန်ပြီး မဆန့်ကျင် တော့ ဘူးလို့ ဆိုနိုင်မလား"

ဝမ်ကတော်က ရယ်လိုက်၏။

"ကျွန်မဘယ်လိုနည်းလမ်းမျိုး သုံးမလဲဆိုတာ ရှင်ပဲစဉ်းစား ကြည့်ပါဦး"

"ကျုပ်ကတော့ အဆိပ်ကို တစ်ခါတည်းမသုံးဖူးဘူး၊ တစ်နေ့ တည်း မသေဘဲနဲ့ နစ်ရှည်လများ တဖြည်းဖြည်းတက်လာတဲ့ အဆိပ် တွေရှိတာကိုတော့ ကျုပ်ကြားဖူးတယ်၊ အဲဒီအဆိပ်မျိုး ကျုပ်ဗိုက်ထဲ ရောက်ချင်ရောက်နေမှာပဲ"

"ကြံကြံဖန်ဖန်ရှင်၊ ဒီလိုအဆိပ်မျိုး ကျွန်မဘယ်သုံးပါ့မလဲ၊ ဒါတွေသုံးရင် ရှင့်ကိုအထင်သေးရာလည်းရောက်မယ်၊ ကျွန်မကိုယ် ကျွန်မလည်း မလေးစားရာရောက်မယ်"

စင်လုံကရယ်လျက် -

"ဟား - ဟား - ဟား - ဟုတ်နိုင်တယ်ဗျို့ သိုင်းလောကရဲ့ နတ်ဝိဇ္ဇာ အမျိုးသမီးတစ်ယောက်အနေနဲ့တော့ ဒါမျိုးဘယ်သုံးလိမ့် မလဲ၊ ကျေးဇူးတင်ပါတယ်"

ဝမ်ကတော်က ထပ်မေးသည်။



"ယခုလိုဖြင့် ရှင်ထင်တဲ့နည်းလမ်း မရှိတော့ဘူးလား"

"တစ်ခုတော့ရှိတယ် - မဟာတံတိုင်းကြီးအပြင်ဘက်အထိ ကိုယ်တိုင်မလိုက်လာပေမယ့် လူလွှတ်ပြီးစောင့်ကြည့်နိုင်းထားမယ်ဗျာ"

ဝမ်ကတော်က ဆည်းလည်းသံဖြင့် ရယ်လိုက်၏။

"ယခင်ကလေးစင်လုံကို စောင့်ကြပ်ကြည့်ရှုနိုင်တဲ့လူ ရှိလို့ လားရှင်၊ ကျွန်မကတော့ မထက်မြက်ပါဘူး၊ ဒါပေမယ့် ဒီလို နိမ့်ကျတဲ့နည်းလမ်းမျိုးတော့ မသုံးပါဘူး"

"ဒါဖြင့် ကျုပ်ကို ကတိသစ္စာပြုနိုင်းမယ်နဲ့ တူပါရဲ့"

ဝမ်ကတော်က ခါးသီးစွာ ပြောလိုက်၏။

"လောကမှာ ကျွန်မမယုံကြည်ဆုံးက အဲဒါပဲ၊ မိန်းမတွေအပေါ် ဆိုးတဲ့ ယောက်ျားတွေရဲ့ ကတိသစ္စာကို ကျွန်မလုံးဝမယုံကြည်ဘူး၊ ယုံကြည်မိခဲ့တဲ့မိန်းကလေးဟာ သူ့တစ်သက်လုံး ဝမ်းနည်းကြေကွဲ မှုများမှာ သေရတယ်"

စင်လုံက ဝမ်ကတော်အား ခပ်ပြုံးပြုံးကြည့်၍

"ဝမ်ကတော်ကိုယ်တိုင်လည်း ဒီခရီးလမ်းကြောင်းအတိုင်း ဖြတ်သန်းခဲ့ရတယ်နဲ့တူပါရဲ့ဗျာ"

ဝမ်ကတော်က ချစ်စဖွယ် မျက်စောင်းတစ်ချက် ထိုးလိုက်၏။

"ရှင်ပဲပြောပါဦးရှင်၊ ကျွန်မပုံက ပူပုံပန်းနဲ့ အလွမ်းရုပ်ပေါက် နေလို့လား"

လူနှစ်ဦးသည် တစ်ဦးကိုတစ်ဦးကြည့်လျက် တစ်ပြိုင်နက် ရယ်မိကြလေတော့၏။

ဂိကြောင်ကလေး၏ ဒေါသများသည် တဖန်ပြန်၍ထွက်ပေါ် လာကြလေ၏။

"စင်လုံ - ခင်ဗျားဟာ ကိုယ့်ကိုယ်ကို အင်မတန်အထင်ကြီးတဲ့လူပဲ၊ သူများက ဘယ်လိုထောင်ချောက်တွေ ဆင်ထားမှန်းမသိဘဲနဲ့ ရယ်နေနိုင်သေးတယ်"

ချစ်ချစ်သည်လည်း စိတ်ထိခိုက်နေပါသည်။

"ဩော် - စင်လုံ - စင်လုံ ဒီလူတွေက သူ့အတွက်ပူဆွေးနေရတယ်၊ သူကတော့ အားရပါးရ ရယ်နေတယ်၊ ရှင်အမြဲတမ်းရယ်နိုင်ပါစေရှင်၊ ကျွန်မတို့လို ပူဆွေးသောက မရောက်ပါစေနဲ့"

အမှန်စင်စစ်ချစ်ချစ်သည်လည်း စင်လုံမည်သည့်လူစားမျိုးဖြစ်သည်ကို သိသူမဟုတ်ပါချေ။

အရက်သောက် များလာသောအခါ ဝမ်ကတော်မှာ ပို၍ယစ်လာသည်။

"ရှင်ပြောတဲ့ နည်းလမ်းတွေကလွဲလို့ ကျွန်မမှာ တခြားနည်းလမ်းတွေ မရှိတော့ဘူးလို့ ရှင်ထင်နေလို့လား"

"မထင်ရဲပါဘူးဗျာ၊ ဝမ်ကတော်လောက် လိမ္မာပါးနပ်ပြီး အကြံဉာဏ်ကြွယ်ဝသူမျိုးကို ကျုပ်တစ်ယောက်မှ မတွေ့ဖူးသေးပါဘူး"

"ဟင်း - ဟင်း - ဟင်း - ကျွန်မမှာ ရှင့်ကိုအကျုပ်ကိုင်ဖို့နည်းလမ်းမရှိတော့ဘူးတဲ့လား"

"ကျုပ်ကလည်း မထင်ပါဘူးဗျာ၊ ဘယ်လိုပဲဖြစ်ဖြစ်လေ၊ ခင်ဗျားပေးတဲ့ တာဝန်ကို စိတ်ရောကိုယ်ပါ လိုက်လိုက်လဲ့လဲ့ဆောင်ရွက်ပေးဖို့ကတော့ သိပ်တော့မလွယ်လှဘူးဗျ"

ဝမ်ကတော်က လှပစွာရယ်ရင်း သူမ၏ဆံပင်များကို ပွတ်သပ်နေသည်။ သူမ၏ဟန်အမူအရာနှင့် ရုပ်ရည်မှာ ပျို့မျစ်နုနယ်နေသဖြင့် သူမ၏အသက်အရွယ်ကို ခန့်မှန်းပိုင်းခြားရန် မလွယ်



ပါချေ။

"ဒါတော့ ဘယ်လွယ်ပါ့မလဲရှင်၊ ဒါကို ကျွန်မလည်း သိထားတယ်၊ အထူးသဖြင့် ရှင့်လိုလူမျိုးနဲ့ ဆက်ဆံတဲ့အခါမှာ ဒါတွေကို သတိထားရတာပေါ့ရှင်၊ ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် လွယ်လွယ်လုပ်မရတဲ့ကိစ္စမျိုးကမှ တန်ဖိုးကြီးတာရှင့်၊ ဟုတ်ရဲ့လား"

စင်လုံက တဟားဟားရယ်ရင်း -

"ဟုတ်ပါ့ဗျာ၊ ဒါကတော့ သစ္စာစကားပါပဲ"

ဝမ်ကတော်က -

"သိုင်းလောကမှာလည်း စကားတစ်ခုရှိတာပါပဲ၊ "ရရှိဖို့ခက်လေလေ၊ တန်ဖိုးကြီးလေလေ"တဲ့၊ သိုင်းလောကရဲ့ ရတနာသုံးပါးကိုတော့ ရှင်သိရဲ့လား"

စင်လုံက ရယ်လိုက်၏။

"မသိပါဘူးဗျာ၊ သစ္စာစကားတော့ ဟုတ်မယ်မထင်ဘူး"

"ထပ်တွေးစမ်းပါဦးရှင်"

"အေးဗျာ၊ ခဏနေဦး၊ ကျုပ်စဉ်းစားဦးမယ်"

စင်လုံသည် တဒင်္ဂမျှ တွေဝေစဉ်းစားဟန်ပြုလိုက်ပြီး -

"ရှောင်လင်ကျောင်းတော်ရဲ့ ပိဋကတ်တိုက်ထဲမှာ သိမ်းဆည်းထားတဲ့ "တာမိုသိုင်းကျမ်း"ဟာ ရတနာတစ်ပါးမဟုတ်လား"

ဝမ်ကတော်က -

"ရှောင်လင်ကျောင်းတော်ဟာ သိုင်းလောကမှာ နံပါတ်တစ်နေရာယူထားတာတော့မှန်တယ် - ဒါပေမဲ့ ဒီလောက်မဟုတ်လှပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သိုင်းလောကမှာ နံပါတ်တစ် ထိပ်တန်းကြီးသိုင်းသမားဆိုတာက ရှောင်လင်ကျောင်းတော်ကမှ မဟုတ်

တာကိုး။ ဒါကြောင့်မို့ ရှောင်လင်ကျောင်းတော်ရဲ့ ပိဋကတ်တိုက်
မှာ ပြောသလောက်ကျော်ကြားတဲ့ သိုင်းကျမ်းတွေရှိချင်မှ ရှိမှာ

"ဒါဖြင့်ဗျာ၊ ရှောင်လင်ကျောင်းတော်ရဲ့ "ဝိန်ကျင်းသိုင်းကျ
ဗျာ"

"အို - ဒီသိုင်းကျမ်းကိုတော့ စာရင်းထဲတောင် မထည့်နိုင်

"ဒီလိုဆိုရင် ကျန်တဲ့ဂိုဏ်းတွေက သိုင်းကျမ်းတွေ
အားလုံး အလကားဖြစ်ကုန်ပြီပေါ့"

"ဟုတ်တယ်လေ၊ အလကားပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့
ကျမ်းဆိုတာက အသေပဲဥစ္စာ၊ သိုင်းလောကမှာရှိတဲ့ သိုင်းပညာ
ကြီးတိုင်း အဲဒီသိုင်းကျမ်းတွေကို တသဝေမတိမ်း လေ့ကျင့်
သလား။ သိုင်းကျမ်းထဲက သိုင်းပညာရယ်၊ အသိဉာဏ်ရယ်၊ အ
အကြံရယ်၊ စွမ်းအားရယ်၊ အချိန်ကာလတွေရယ်ပေါင်းစပ်
အ နှစ်သာရကျတဲ့ သိုင်းပညာအစစ်ကို ရရှိတာပါရှင့်၊ ဒါ့ကြော
သိုင်းကျမ်းကို အသေလို့ခေါ်ရတာပါ၊ ဒါပေမယ့် သိုင်းလောက
တွေကတော့ စစ်ပေါက်ပေါက်မတွေးကြပဲနဲ့ သိုင်းကျမ်းတွေနေ
လျှောက်လိုက်နေကြတာပဲ"

စင်လုံက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေ၏။

ဝမ်ကတော်က ဆက်ပြောသည်။

"အထူးသဖြင့် "ပြိုင်စံရားဘုန်းကြီး"ရဲ့ သိုင်းကျမ်းခ
လူတွေက ပိုပြီးတောင် အထင်ကြီးနေကြသေးတယ်၊ သိုင်းကျမ်
ထဲမှာ အဆိပ်အတောက်အများဆုံးပါတဲ့ သိုင်းကျမ်းပေါ့"

ဝမ်ကတော်ပြောသည့် စကားများသည် သိုင်းလောကဦ
သည့်ပုံပြင်၊ ဒဏ္ဍာရီ ယုံတမ်း။ အစဉ်အလာစသည့် ရှိရှိသမျှ
အားလုံးနှင့် ဆန့်ကျင်သွားသည်။ သို့သော် ကျိုးကြောင်းဆီလျေ



ပုဂ္ဂိုလ်မှတ္တာရှိသဖြင့် စင်လုံအနေဖြင့် မချီးကျူးဘဲ မနေနိုင်တော့ချေ။

"ဝမ်ကတော်ရဲ့ စကားတွေကတော့ တကယ့်ကို ထူးခြားလှ
ပါတယ်ဗျာ၊ ဘယ်သူမှလည်း ငြင်းပယ်နိုင်မှာမဟုတ်သလို ဘယ်
သူကမှလည်း ဒီစကားမျိုးပြောဝံ့ကြမယ် မထင်ပါဘူး။ ရဲရဲတောက်
စကားတွေပါပဲ၊ ဟိုးရှေးရှေးတုန်းက သိုင်းသမားသူရဲကောင်းတွေ
က သဘောပေါက်ခဲ့ရင် ဟန်ဆန်းတောင်တွေ့ဆုံပွဲကြီး ဖြစ်ခဲ့မှာ
မဟုတ်ဘူး။ အခုတော့ ဝမ်ကတော်ရဲ့ အသိဉာဏ်မျိုး အတွေးအခေါ်
မျိုးမရှိတော့ အားလုံးဒုက္ခရောက်ခဲ့ကြတာပေါ့ဗျာ"

ဝမ်ကတော်က ပြုံးရယ်လိုက်၏။

"ကျွန်မတစ်သက်မှာ ကျွန်မ မကြိုက်ဆုံးအချက်တစ်ချက်ရှိပါ
တယ်၊ အဲဒါကတော့ ကျွန်မကို အလွန်အကျွံမြှောက်ပင့်ချီးကျူးတဲ့
စကားမျိုးပါပဲ၊ ဒါပေမယ့် ဘာကြောင့်မှန်းမသိဘူး၊ သခင်ကလေးစင်လုံ
ချီးကျူးမြှောက်ပင့်တဲ့စကားတော့ ကျွန်မဘယ်လိုပီတိဖြစ်မှန်းမသိ
ဘူး။ အကြည်နူးတကာ့အကြည်နူးဆုံးလို့ ပြောရမှာပဲရှင်၊ ကဲ -
ကဲ - သခင်လေးစင်လုံရဲ့ဉာဏ်ဟာ အတော်ကလေး ကြီးကျယ်ပါ
တယ်၊ ဆက်ပြီးစဉ်းစားစမ်းပါဦး"

စင်လုံက စဉ်းစားပြန်သည်။

"ဟား - ဟား - ဟား - ဟုတ်ပြီ၊ ယွင်မုံနတ်ဝိဇ္ဇာရဲ့
ယွင်မုံ လိမ်ပစ္စည်းဟာ သိုင်းလောကသားတွေ ဦးညွှတ်ရတဲ့ပစ္စည်းပဲ၊
ဒါကို ရတနာတစ်ပါးလို့ ဆိုနိုင်မယ်ထင်ပါရဲ့"

"ဟာ - သခင်ကလေးစင်လုံကလည်း ဒါကိုလည်း ရတနာ
တစ်ပါးလို့ မခေါ်နိုင်ပါဘူးရှင်"

စင်လုံက စဉ်းစားရင်း နောက်ထပ်ပြောပြန်သည်။

“ဒီလိုဆိုရင် ရှေးခေတ်က သံဓားရှည်သူရဲကောင်းကြီး” က
ထားရစ်ခဲ့တဲ့ “သံမဏိဓားရှည်ကြီး” ကိုကော ရတနာတစ်ပ
မ သတ်မှတ်နိုင်ဘူးလား ဝမ်ကတော်”

ဝမ်ကတော်က ခေါင်းခါပြသည်။

“ဓားရှည်ဆိုကတည်းက ဘယ်ဟုတ်တော့မလဲရှင်၊ ဓားဆို
အမည်နာမတပ်ထားတဲ့ ရုပ်ဝတ္ထုပစ္စည်းတစ်ခုပဲ၊ သူက သူ့ဘာ
ဘာမှမလှုပ်ရှားနိုင်ဘူး။ သူ့ရဲကောင်း တစ်ဦးဦးရဲ့လက်ထဲရောက်
ရင် သံဓားရှည်ဖြစ်ဖြစ်၊ သံဓားတိုဖြစ်ဖြစ် အစွမ်းထက်လာတ
ဒီတော့ သံဓားရှည်ကို ရတနာလို့ မသတ်မှတ်နိုင်ပါဘူးရှင်”

ဝမ်ကတော်ကရယ်လျက် -

“ကျွန်မပြောတဲ့ ရတနာက သာမန်လူလက်ထဲ ထည့်
လိုက်ရင်လည်း အသုံးတည့်လာမှာပါ၊ အဲဒါမျိုးမှ ရတနာစစ်
တယ်လို့ ခေါ်နိုင်ပါတယ်”

စင်လုံက -

“ကျုပ်တော့ နားမလည်နိုင်ပါဘူးဗျာ၊ ဝမ်ကတော်ပြေ
ရတနာက သက်ရှိလား”

“ကျွန်မပြောတဲ့ ရတနာက သက်မဲ့တစ်ခု၊ သက်ရှိနှစ်ခု

စင်လုံက တဟားဟားအော်ရယ်တော့၏။

“ဝမ်ကတော် - ကျုပ်ကိုအရက်ထည့်ပေးပါဦးဗျို့ ကျု
နောက်တွေ သိပ်ခြောက်လာပြီ၊ ဦးနှောက်စိုစိုပြည်ပြည်ကလေး
သွားအောင် အရပ်ထပ်သောက်ဖို့ လိုလာပြန်ပြီ၊ ဒါမှ ခင်ဗျား
တာတွေ စဉ်းစားလို့ရမှာဗျ”

လန်ရှန်းသည် ပြုံးရယ်လျက် အရက်များကို ငှဲ့ထည့်ပေးသ



ဝမ်ကတော်၏ ခွက်ထဲသို့လည်း ထည့်ပေးသည်။ ဝမ်ကတော်က လည်း အားရပါးရသောက်သည်။ စင်လုံက အရက်ခွက်ကို မော့ချ လိုက်ပြီး -

“ကဲ - ကျုပ်ပြောမယ်ဗျာ၊ ရှေးရှေးတုန်းက အထက်တန်းလွှာ တွေ ချန်ထားခဲ့တဲ့ ရတနာပစ္စည်းဟာ သာမန်လူ့ရဲ့လက်ထဲရောက် သွားရင် တန်ဖိုးရှိနေမှာပဲ၊ အဲဒါရတနာတစ်ပါးပဲဗျာ၊ ကျုပ်ပြော တာဟုတ်ပါ့မလား”

ဝမ်ကတော်က ချိုလွင်စွာ ရယ်လိုက်၏။

“သခင်ကလေး စင်လုံ - ရှင် တစ်မျိုးတော့မှန်သွားပါပြီ၊ နောက်ထပ်သိုင်းသမားတွေ အလိုရှိတဲ့ရတနာပစ္စည်းနှစ်မျိုး ကျန် သေးတယ်၊ ဆက်ပြောပါ”

စင်လုံသည် တစ်ကိုယ်တည်း ရေရွတ်နေသည်။

“သက်ရှိရတနာ၊ သက်ရှိရတနာ၊ ဟုတ်ပြီ “ချန်ပိုင်တောင်” က မြင်းရတနာဖြစ်နိုင်တယ်”

ဝမ်ကတော်က ဝင်ဖြေလိုက်သည်။

“မဟုတ်သေးဘူးရှင့်”

“စိန်ဖူးချူးရဲ့ အင်းခွေးကြီးလား”

“ဟင့်အင်း - ဒါလည်းမဟုတ်သေးဘူး”

“ဒါမှမဟုတ်ရင် - သားရဲတိရစ္ဆာန်ကျေးရွာက ကျားရိုင်းလား”

ဝမ်ကတော်ကရယ်လျက် ခေါင်းခါသည်။

“မဟုတ်ဘူး။ အားလုံးမှားတယ်”

စင်လုံက ရယ်လျက်ပြောသည်။

“ကျုပ်လက်မြှောက်ပါပြီဗျာ၊ ခင်ဗျားပဲပြောပါတော့”

“တိရစ္ဆာန်မှ အသက်ရှိရတော့မှာလားရှင်”

“ဒါဖြင့် ဘာများရှိသေးလို့လဲ”

“လူကော အသက်မရှိဘူးလား”

စင်လုံက လက်ခုပ်လက်ဝါးတီးလျက် အော်လိုက်၏။

“ဟုတ်သားပဲ လူလည်းအသက်ရှိတာပဲ”

“ကဲ - ဒါဖြင့် မှန်းလို့ရပြီပေါ့”

“ဘယ်မှန်းလို့ရမလဲ၊ လူထူးလူဆန်းဆိုတာကလည်း ဒီလောကကြီးထဲမှာ တစ်ထောင်မက ရှိနေတဲ့ဥစ္စာ”

“ကဲ - ကောင်းပြီ - ကျွန်မပြောမယ် - ချင်ထန်းချွင်ရဲ့လက်ပေါ့”

“ဘာဗျ - ချင်ထန်းချွင်ရဲ့လက် ဟုတ်လား”

“ဟုတ်တယ်လေ၊ ချင်ထန်းချွင်ရဲ့လက်ပဲ၊ သူဟာ စကားပြောရင်း ငွေပေါင်းထောင်သောင်းသိန်းသန်းကုန်အောင် ဖြန့်ကြဲလှူဒါန်းပစ်နိုင်တယ်၊ တစ်ခါပြန်ပြီး စုစုစည်းစည်းထပ်ရှာနိုင်တယ်၊ လူကိုသေအောင် လူကိုအသက်ရှင်အောင် အမျိုးမျိုးလုပ်နိုင်တယ်”

“တယ်ထူးချွန်တဲ့လက်ပါလား”

စင်လုံသည် ပြောပြောဆိုဆိုဖြင့် အရက်ကိုငုံ့သောက်လိုက်၏။

ဝမ်ကတော်က ဆက်ပြော၏။

“တတိယမြောက်ပစ္စည်းကတော့ အဖိုးအတန်ဆုံးပဲ”

သူမသည် အရက်ခွက်ပေါင်းသုံးဆယ်မက သောက်ပြီးခဲ့လေပြီ။ သို့သော် - သူမအဖို့ အရက်နှစ်ခွက်မျှသာ သောက်သုံးပြီးခဲ့သူ



ကဲ့သို့ ကြွေခြွေရလှသည်။ လုံးဝမူးဟန် မပေါ်သေးပေ။

စင်လုံသည် ရုတ်တရက် ဟက်ဟက်ပက်ပက်ရယ်လိုက်၏။

“ဒါတော့ ကျုပ်သိတယ်ဗျ”

“တယ်ဟုတ်ပါလား။ ပြောစမ်းပါဦးရှင်”

“တတိယမြောက် အဖိုးအတန်ဆုံးပစ္စည်းဆိုတာ ခင်ဗျားကိုယ်ခင်ဗျားပြောတာပဲ ဖြစ်ရမယ်”

သူမတစ်ကိုယ်လုံးလှုပ်အောင် ရယ်လိုက်၏။

“မှန်တယ်”

ဝမ်ကတော်သည် အရယ်ရပ်လျက် စင်လုံအား အသေအချာကြည့်လိုက်၏။

“စင်လုံ၊ သိုင်းလောကထဲကလူတွေ ကျွန်မနားကို ကပ်ချင်လွန်းလို့ သေမလောက်ဖြစ်ကြတယ်၊ တစ်ချို့လည်း ကျွန်မနားကပ်ဖို့ကြိုးစားယင်း ကျေကျေနပ်နပ်သေဆုံးသွားကြတယ်”

သူမသည် ရယ်လိုက်၏။ ဆက်ပြောသည်။

“သူတို့ကပ်ချင်ကြတာလည်း အပြစ်မရှိပါဘူး။ ကျွန်မကသာမန် ရိုးရိုးမိန်းကလေးမှ မဟုတ်တဲ့ကိုး။ ရုပ်ရည်ကိုလည်း ကြည့်ပါဦး။ သိုင်းပညာကိုလည်းကြည့်ပါဦး။ လိမ္မာမှု အတတ်ပညာမှာလည်း ကြည့်ပါဦး။ ဘယ်သူက ကျွန်မနဲ့ မနီးစပ်ဘဲနေချင်ပါ့မလဲ”

စင်လုံသည် နားထောင်ရင်း အရက်မော့သောက်လိုက်၏။

ဝမ်ကတော်က -

“ကျွန်မကသာ ကျေကျေနပ်နပ်ပြုစုမယ်ဆိုရင် ဘယ်ယောက်ျားသားပဲဖြစ်ဖြစ် လူ့ဘဝရဲ့ချမ်းသာသုခကို အပြည့်အဝခံစားရစေမယ်၊ အိပ်မက်ထဲမှာတောင် မရရှိဘူးခဲ့တဲ့ ခံစားမှုမျိုးကိုတောင်

ခံစားရစေရမယ်”

သူမသည် တခစ်ခစ်ရယ်မောနေတော့၏။ စင်လုံကလည်း သူမ၏အပြောကို သဘောကျလျက် ရယ်နေ၏။

“ရှင်က ဘာရယ်နေတာလဲ၊ ကျွန်မပြောတာ မယုံဘူးလား။ ကျွန်မရဲ့အထိအတွေ့ကို တစ်ကြိမ်ပဲတွေ့ကြုံလိုက်စမ်းပါစေ၊ ဒီလူဟာ တစ်သက်မမေ့နိုင်အောင် ဖြစ်သွားစေရမယ်”

စင်လုံသည် သူဘာပြောရမည်ကို စဉ်းစားနေ၏။

“ရောမပုဂ္ဂိုလ်ကြီးတွေဟာ ကျွန်မဆီကို ဒူးထောက်ပြီးရောက်လာကြတယ်၊ ကျွန်မကိုရရင် ဘာမဆိုစွန့်လွှတ်ဝံ့တယ်ပေါ့ရှင်၊ ဒါပေမယ့် ကျွန်မကလက်မခံဘူး”

သူမသည် တခစ်ခစ်ရယ်လိုက်ပြန်၏။

“ဒီတစ်ခါတော့ ကျွန်မရဲ့ခန္ဓာကိုယ်နဲ့ ရှင့်နှလုံးသား လဲလှယ်မယ်၊ ဘယ့်နှယ်လဲ မျှတရဲ့လား။ ကျွန်မကတော့ အင်မတန် တရားမျှတတယ်လို့ အောက်မေ့တာပဲ”

စင်လုံသည် ဝမ်ကတော်၏နှုတ်ဖျားမှ ဤသို့သောစကားမျိုး ထွက်ပေါ်လာလိမ့်မည်ဟု မမျှော်လင့်ခဲ့မိပါချေ။

“ဘာလဲ - ရှင်က ကျွန်မပြောတာ မယုံဘူးလားရှင့်၊ ကျွန်မက တကယ်ပြောနေတာပါ”

ဝမ်ကတော်သည် စကားဆုံးသည်နှင့် အပေါ်ရုံအကျႌကို ချွတ် ချလိုက်သည်။ သူမ၏ လှုပ်ရှားဟန်သည်လည်း ညင်သာပျော့ပျောင်းလှ၏။ နတ်သမီးမယ်တစ်ပါး၏ လှုပ်ရှားပုံမျိုးနှင့် တူနေသည်။



“သခင်ကလေးစင်လုံ၊ ကျွန်မကိုကြည့်စမ်းပါဦး။ ကျွန်မလို အလှမျိုး ရှင်မြင်ဖူးရဲ့လားလို့”

စင်လုံမှာ စကားမပြောနိုင်တော့ပေ။ ဝမ်ကတော်က ရယ်လျက်

“ကျွန်မရဲ့ခန္ဓာကိုယ်ကို ရှင့်ကိုပေးအပ်ပါမယ်၊ တကယ်ပါ၊ တစ်လောကလုံးက ယောကျ်ားတွေအားလုံး မခံစားဖူးတဲ့ ချမ်းသာသုခကို ရှင်ခံစားနိုင်အောင် ကျွန်မတာဝန်ယူမယ်၊ ကျွန်မ ရှင့်ကို လက်ထပ်မယ်”

ဝံကြောင်ကလေးသည် စိတ်ထဲမှ ကြုံးအော်နေသည်။

“မဖြစ်နိုင်ဘူး - မဖြစ်နိုင်ဘူး၊ အဲဒါမဖြစ်ပါစေနဲ့”

ချစ်ချစ်၏တစ်ကိုယ်လုံးမှာ လေထဲ၌လွင့်မျောနေခဲ့သည့် သစ်ရွက်တစ်ရွက်ကဲ့သို့ ဖြစ်နေသည်။ သွက်သွက်ခါအောင် တုန်လှုပ်နေသည်။ ဝံကြောင်ကလေးနှင့် ချစ်ချစ်တို့တင် တုန်လှုပ်သွားကြသည်မဟုတ်ပါ။ ဝမ်းလင်းဝါးကိုယ်တိုင်ပင် ထိတ်လန့်မျက်နှာပျက်သွားရသည်။

“မဖြစ်နိုင်ဘူး - မဖြစ်နိုင်ဘူး၊ ဒါမဖြစ်ပါစေနဲ့”

ထိုစဉ် ဝမ်ကတော်၏စကားသံကို ကြားလိုက်ရလေသည်။

“ဘယ်လိုလဲ သခင်ကလေးစင်လုံ၊ ကျွန်မရှင့်ကို ကတိပေးတယ်၊ ရှင်ကရော ကျွန်မကိုလက်ထပ်ဖို့ သဘောတူသလား။ အားလုံးသောမျက်လုံးများနှင့် နားများသည် စင်လုံထံမှ ထွက်လာမည့် အဖြေစကားကို အသက်မရှုနိုင်ဘဲ စောင့်မျှော်နားထောင်မိကြတော့သည်။

စင်လုံက ပြုံးတေ့တေ့ဖြင့် ပြန်မေးလိုက်လေသည်။

"ဝမ်ကတော် တကယ်လားဗျာ၊ ခင်ဗျား ကျွန်တော့်ကို တကယ်လက်ထပ်မလို့လား"

"တကယ်ပေါ့ရှင်၊ ဒါက နောက်စရာမှမဟုတ်တာ"

"ကောင်းပြီ"

စင်လုံ၏ကောင်းပြီဟူသောစကားသံသည် ဝံကြောင်ကလေး ချစ်ချစ်နှင့် ဝမ်းလင်းဝါးတို့၏ နားစည်ထဲ မိုးကြိုးပစ်ခွင်းလိုက်သကဲ့သို့ ကြောက်မက်ဖွယ်ရာ မြည်ဟိန်းသွားတော့၏။

ဝမ်ကတော်က အထိတ်တလန့်အမူအရာဖြင့်

"ရှင် - ရှင် တကယ်ကတိပေးတာနော်"

"တကယ်ပေါ့ဗျ၊ ဒါကနောက်စရာမှမဟုတ်တာ"

ဝမ်ကတော်၏ လှပသောနှုတ်ခမ်းများသည် ရုတ်တရက် တွန့်ကွေးလျက် ပြုံးလာ၏။

"ကျွန်မတစ်ခွန်းမေးမယ်နော်"

"ဟဲ - ဟဲ - ဟဲ - ကျွန်တော့်ကို ခင်ဗျားအနေနဲ့ ဘာပဲလုပ်လုပ်ဖြစ်ပါတယ်ဗျာ၊ မေးတာကိုတော့ ပြောမနေနဲ့တော့"

"ကျွန်မစိတ်ထင် - ရှင်ဒီလောက်ကြီး မြန်မြန်သဘောတူကတိပေးလိမ့်မယ်လို့မထင်ဘူး။ ဘာဖြစ်လို့ ဒီလောက်မြန်မြန်ကတိပေး ရတာလဲဟင်"

စင်လုံသည် ကြက်သားလုံးကြော်ကို တူဖြင့်ကောက်ယူဝါးလိုက်ပြီး

"ဝမ်းလင်းဝါးဆိုတဲ့ သူငယ်က ကျုပ်သားဖြစ်ချင်တော့ ကျုပ်က ကတိပေးရတော့တာပေါ့ဗျာ"



စင်လုံ၏လက်သည် ကြက်သားလုံးကြော်များကို တူဖြင့်ကောက်ညှပ်ရင်း ရုတ်တရက်လွှင့်ပစ်လိုက်သည်။ ကြက်သားလုံးကြော်များသည် သေးငယ်သောအပေါက်များမှနေ၍ ဝမ်းလင်းဝါး၏ မျက်မှာများသို့ ပြေးဝင်သွားလေ၏။ ဝမ်းလင်းဝါး၏ မျက်နှာတစ်ခုလုံး ပေကျံသွားတော့သည်။

စင်လုံက ရယ်လိုက်၏။

"ဝမ်းလင်းဝါး ကြားတယ်နော်၊ ကျုပ်က ခင်ဗျားရဲ့အဖေဖြစ်တော့မယ်၊ ဘာဖြစ်လို့ချောင်းကြည့်နေတာလဲ၊ အဖေတော်ရမယ့်လူဆီ ထွက်လာလို့ရပါပြီဗျ"

ဝမ်ကတော်က ရယ်လိုက်၏။

"ကျွန်မ - ရှင့်ကို မညာနိုင်ဘူးဆိုတာ သိပ်သေချာသွားပါပြီရှင်"

"သူခိုးတွေ - သူခိုးတွေ ချောင်းနားထောင်နေရုံတင်ကဘူး၊ ချောင်းကြည့်နေကြသေးတယ်"

"ဒါက တမင် ကျွန်မစီစဉ်ထားတာ၊ ချစ်ချစ်ရှေ့မှာ ရှင်ကတိပေး စေချင်တယ်လေ၊ ဒါမှ သူစိတ်ဓာတ်ကျသွားမှာပေါ့"

ဝမ်ကတော်သည် သူမ၏အပေါ်ရုံအင်္ကျီကို ပြန်လည်ဝတ်ဆင်ယက်သည်။

"ဝံကြောင်ကလေး ကျွန်မအလှကိုကြည့်ရတာ သက်သာသွားပြီလား"

စင်လုံက ရယ်လျက် -

"ခင်ဗျားတစ်ကိုယ်လုံး ဟိုတက်လှည့်ထားရင် ပိုကောင်းမယ်ထင်တယ်ဗျာ"

"အို - ဒါက အရေးမဟုတ်ပါဘူး၊ သူတို့ကြည့်တာကို ကျွန်မက အရေးမစိုက်ပါဘူး။ မိခင်ရဲ့ကျောပြင်ကို သားသမီးတွေ ကြည့်ကြတဲ့သဘောမျိုးပဲ ကျွန်မအောက်မေ့ပါတယ်"

စင်လုံက ပြုံး၍မေးလိုက်၏။

"ဘယ့်နှယ့်လဲ - အခုသူတို့ မြင်မြင်ထင်ထင်ကြည့်နိုင်ကြပြီလား"

"ရှင်ပြောတာကို ကျွန်မဘယ်ငြင်းဆန်နိုင်မလဲရှင်"

သူမ၏ခြေထောက်သည် နံရံကို တစ်ချက်ကန်လိုက်၏။

နံရံသည် အသံမမြည်ဘဲ တဖြည်းဖြည်းဖွင့်ဟသွားသည်။ နံရံ၏တစ်ဖက်၌ ဝံကြောင်ကလေးနှင့် ချစ်ချစ်တို့ကို စင်လုံမြင်လိုက်သည်။ ဝံကြောင်ကလေး၏မျက်နှာမှာ အလွန်အမင်း ဒေါသထွက်နေပုံရပြီး ချစ်ချစ်က မျက်ရည်များ တွေတွေကျဆင်းနေ၏။ ဝမ်းလင်းဝါးကမူ ပိုးလက်ကိုင်ပုဝါဖြင့် သူ၏မျက်နှာကိုသုတ်လျက် ခေါင်းငုံ့နေ၏။

ချစ်ချစ်၏ကြေကွဲနေသော မျက်နှာသည် စကားလုံးထောင်သောင်းပြောသည်ထက် ထိရောက်နေသည်။ ဝံကြောင်ကလေးသည် စင်လုံရှိရာသို့ ယိမ်းထိုးလျှောက်လာသည်။ ဝပ်ကတော်က လက်ကို တစ်ချက်မြှောက်ရင်း -

"ကျေးဇူးပြုပြီး ထိုင်ကြပါ"

ဝံကြောင်ကလေးရော ချစ်ချစ်ပါထိုင်လိုက်ကြရ၏။ စင်လုံက ရယ်ကာ -

"နောင်ကြီးဝမ်းလင်းဝါး၊ ဘာငိုင်နေတာလဲ၊ လာပါ ထိုင်ပါ"

"ဘယ်လိုလဲရှင်၊ ရှင့်သားတော်ရမယ့်လူကို နောင်ကြီးလို့



ခေါ် ရသေးသလား"

ဝပ်ကတော်သည် ဝမ်းလင်းဝါးဘက်သို့လှည့်ကာ -

"သား၊ ဝမ်းလင်းဝါးလာလေ၊ သားဦးလေးကို လာကန်တော့ပါဦး"

စင်လုံက ရယ်၍ပြောသည်။

"ဟုတ်ပြီ - ဟုတ်ပြီ ခဏတော့ ဦးလေးလို့ခေါ်တာ အဆင်အပြေဆုံးပဲ"

ဝမ်းလင်းဝါးမှာ မသက်မသာဖြင့် တစ်လှမ်းချင်း လျှောက်လာနေသည်။ သူ့ခြေလှမ်းများက နှေးကွေးလေးလံလှ၏။ သူ၏ မိခင်စကားကိုလည်း မလွန်ဆန်ရဲ အတော်ကလေး ဒုက္ခတွေ့နေရသည်။

စင်လုံက ကြံဖန်၍ရယ်စရာလုပ်နေ၏။

"ဝမ်းလင်းဝါး ကန်တော့ဖို့မလို ပါဘူးကွာ၊ ခါးကိုင်းရုံဦးညွှတ်ရုံ ဆို တော်ပါပြီ၊ ငါ့ရဲ့တူသားက ဂါရဝပြုတယ်ဆိုတဲ့သဘောလောက် ပါပဲ"

ဝမ်းလင်းဝါးမှာ တတ်နိုင်လျှင် မြေကြီးထဲသို့ ထိုးဖောက်ဝင်ရောက်သွားချင်သည်။ ဤကဲ့သို့ စင်လုံရှေ့၌ရပ်နေရသည်ကို လွန်စွာရှက်လှ၏။ သို့သော် တန်ခိုးရှင်မဟုတ်သဖြင့် သူလည်း မည်သို့မျှမတတ်နိုင်။ တုံ့နှေးနှေးဖြင့် ဘာလုပ်၍ဘာကိုင်ရမှန်းမသိဘဲ ဖြစ်နေသည်။

ဝံကြောင်ကလေးသည် စင်လုံအား ဒေါသဖြစ်မနေပါက ထိုအဖြစ်ကိုကြည့်၍ တဟား - ဟား - အော်ရယ်မိပေလိမ့်မည်။ ယခုသော် လုံးဝမရယ်နိုင်ပါချေ။

ဝပ်ကတော်က မျက်နှာတည်တည်ဖြင့် သူ့သားအား

အမိန့်ပေးလိုက်၏။

"သား - ဝမ်းလင်းဝါး - ဦးလေးစင်လုံပြောတဲ့စကားကို မင်း ကြားလိုက်ရဲ့လား"

ဝမ်းလင်းဝါးက

"ကျွန် - ကျွန်တော် - "

ဝမ်ကတော်က ဒေါသဖြင့် အော်လိုက်၏။

"မင်းဦးလေးစကားအတိုင်း ဂါရဝပြုလိုက်"

ဝမ်းလင်းဝါးမှ သူ၏ဝမ်းဗိုက်အား တစ်စုံတစ်ယောက်က လက် သီးဖြင့်ထိုးလိုက်သည့်အခါ ခါးကိုင်းဦးညွတ်သွားသကဲ့သို့ ဦးညွတ် သွားသည်။

စင်လုံသည် စိတ်ထဲက တွေးနေ၏။

"အင်း - ဒီကောင့်အဖို့ ကိုယ့်ကိုယ်ကိုသတ်သေဖို့ အင်မတန် ကောင်းနေပြီ၊ ဘာဖြစ်လို့ သတ်မသေတာလဲမသိဘူး"

ဝမ်းလင်းဝါး၏ မျက်နှာတပြင်လုံးမှာ ရက်သွေးတက်လျက် နီရဲနေ၏။ ဝမ်ကတော်ကရယ်လျက် စင်လုံအား တောင်းပန်လိုက်၏။

"စင်လုံ - သူက ကလေးမို့ ခွင့်လွှတ်ပါနော်"

စင်လုံက ရယ်လျက် -

"ဟာ - ခွင့်လွှတ်ရမှာပေါ့၊ ကျုပ်ကို ဘေးနားက အမြဲတောင်း ပန်မယ့် ခင်ဗျားလိုဇနီးရှိနေမှတော့ ကျုပ်က တတ်နိုင်သမျှ ခွင့်လွှတ် ရမှာပဲ"

ဝမ်းလင်းဝါးက ရက်ပြုံးပြုံး၍ -



"ဦးလေးစင်လုံ ကျွန်တော့်ကို မစပါနဲ့တော့ဗျာ၊ ကျွန်တော်က ...လို့ခေါ်ရတာကို ကျေနပ်ပါတယ်၊ နောက်လည်း ကျေကျေ ...နဲ့ ဖေဖေလို့ခေါ်ပါဦးမယ်၊ ဦးလေးစင်လုံလို အဖေမျိုးကို ...တော့်အမေလက်ထပ်ရတာကို ကျွန်တော် ဘယ်စိတ်ဆိုးနိုင် ...ဗျာ"

ဝမ်ကတော်က တခစ်ခစ်ရယ်ရင်း ချီးကျူးလိုက်၏။

"ဒါမှ ကျွန်မရဲ့ သားကလေးရှင့်"

စင်လုံက ရယ်ရင်း တွေးတောနေမိ၏။

"အင်း - ဒီအမေနဲ့ ဒီသားမှ သိုင်းလောကကြီးတစ်ခုလုံးကို ...က်ထိုးမိုးမျှော်ဖြစ်အောင် မလုပ်ရင် ဘယ်သူက လုပ်နိုင်တော့ ...၊ တကယ့်ကို အံ့ဩစရာကောင်းတဲ့ သားအမိပဲ"

❖ ❖ ❖

ယခုအချိန်တွင် အခန်းထဲ၌ စင်လုံ၊ ဝမ်ကတော်နှင့် ဝမ်းလင်း ...ဝါးသုံးဦးသာ ကျန်ရှိတော့သည်။ ချစ်ချစ်နှင့် ဝံကြောင်ကလေး ... ဝမ်ကတော်၏အမိန့်အရ အခြားသို့ခေါ်ဆောင်သွားခြင်းခံရပြီ၊ သူတို့နှစ်ယောက်သည် စင်လုံအား အမုန်းတရားများ၊ ဒေါသ ...များ တလျှံ့တပြောင်ပြောင်ထနေသည့် မျက်လုံးများဖြင့် ...တောက်မတတ် ကြည့်သွားကြ၏။ သို့သော် စင်လုံကမူ သူတို့ ... ပြုံးမရယ်ကြည့်နေလိုက်ပါသည်။

ဝမ်ကတော်က -

"စင်လုံ - ရှင်စိတ်ဆိုးနေသလား"

စင်လုံက ရယ်လိုက်၏။

"ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲဗျ၊ သူတို့ကို ခင်ဗျားက ကော
ကောင်းမွန်မွန် ဆက်ဆံနေတာပဲဥစ္စာ၊ သူတို့ သေကြမှာလ
မဟုတ်ဘူး။ ကျုပ်က ဘာမှ စိတ်ဆိုးစရာမရှိပါဘူး"

"ကျွန်မ သူတို့နှစ်ယောက်ကိုရော လန်ရှန်းကိုရော နှင်ထု
ပစ်လိုက်တယ်၊ ဘာကြောင့်လဲ ရှင်သိလား"

"ကျုပ်နဲ့ တိုင်ပင်စရာ ရှိလို့ပေါ့ဗျာ"

"အခု အရေးအကြီးဆုံးက ဘာလဲ ရှင်သိလား"

"မသိပါဘူးဗျာ"

"ရှင် - ရူးချင်ဟန်ဆောင်မနေနဲ့"

"အော် - သိပြီ၊ သိပြီ၊ ကျုပ်နဲ့ခင်ဗျား"

ဝမ်းလင်းဝါးက ကြားဖြတ်ဝင်မေးလိုက်၏။

"ကျွန်တော် ဘယ်တော့ အခေါ်အဝေါ်ပြောင်းရမလဲ"

စင်လုံက ဝမ်ကတော်အား ကြည့်လိုက်၏။ ဝမ်ကတော
ဝမ်းလင်းဝါးအားကြည့်ကာ -

"သုံးရက်လောက်တော့ သည်းခံပါဦးသားရယ်၊ သုံးရက်
ရင် အခေါ်အဝေါ် ပြောင်းရမှာပေါ့"

စင်လုံက ရယ်လိုက်၏။

"ဟာ ဘယ်ဖြစ်မလဲဗျ၊ သုံးရက်တည်းနဲ့တော့ ကျုပ်က အ
အခေါ်မခံနိုင်သေးဘူးဗျ"

ဝမ်ကတော်မှာ အကြီးအကျယ်မျက်နှာပျက်သွားတော့

"ရှင် - ရှင် - ဒါဖြင့် ဘယ်တော့"



စင်လုံက တစ်ခွန်းချင်း ပီသရှင်းလင်းစွာ ဖြေကြားလိုက်သည်။

"ခင်ဗျား ယောကျ်ားသေတော့မှပဲ ဖြစ်လိမ့်မယ်"

"ဘုရားရေ - ကျွန်မယောကျ်ား ဟုတ်လား"

"ဟုတ်တယ်လေ - ခင်ဗျားယောကျ်ားမှ မသေသေးပဲဗျ"

ဝမ်ကတော်သည် ရုတ်ချည်းယိမ်းထိုး၍ ရယ်နေတော့၏။
ထိုသို့ ရယ်ခြင်းမှာ စိတ်လှုပ်ရှားမှုကို ဖုံးကွယ်ရန်အကောင်းဆုံး
ကာ အကွယ်ပင်ဖြစ်တော့သည်။

"ကျွန်မမှာ လင်မှမရှိပဲရှင်"

စင်လုံက ဝမ်းလင်းဝါးအား မျက်စပစ်ပြရင်း -

"ဒါဖြင့် သူကကောဗျာ"

ဝမ်ကတော်က ပြုံးလျက် -

"ကျွန်မမှာ လင်ရှိခဲ့ရင်လည်း သေတာကြာလှပါပြီရှင်၊ ကျွန်မ
ဆိုရင် မေ့တောင်မေ့နေပါပြီ"

သူမသည် စင်လုံကို အသေအချာကြည့်၍ ပြောသည်။

"ရှင်က လူပါးပဲ၊ ဒါပေမယ့် မုဆိုးမက အပျိုလေးတွေထက်
ယောကျ်ားကိုပိုပြီး မြူစုတတ်တယ်ဆိုတာ ရှင်သိရဲ့လား"

"သိတာပေါ့ဗျာ၊ ဒါပေမယ့် ခင်ဗျားက မုဆိုးမမှ မဖြစ်သေးတဲ့
ဥစ္စာ"

ဝမ်ကတော်က ရင်ဘတ်ကိုလက်ဖြင့်ဖိရင်း -

"ဘုရားရေ - ကျွန်မယောကျ်ားရဲ့ကိစ္စကို ရှင်ကကျွန်မထက်
ပိုသိနေတာကိုး အံ့ဩမိပါရဲ့ရှင်၊ ရှင်က သူ့ကိုတွေ့မြင်ဖူးခဲ့လို့လား"

စင်လုံက ရယ်လျက် -

“ကျွန်တော်က အဲဒီဆရာကြီးကို မမြင်ဖူးပါဘူး၊ ဒါပေမယ့် သိနေတာကြာပါပြီ”

ဝမ်ကာတော်က နှုတ်ခမ်းကိုကိုက်ရင်း မေးလိုက်၏။

“ဒါဖြင့် ပြောစမ်းပါဦး၊ သူ ဘယ်သူလဲ”

စင်လုံက တစ်လုံးချင်းပြောသည်။

“ချားယို့ကွမ်းလေ အခုတော့ ရှင်ပျော်ပျော်မြို့စားကြီးဆိုတာပေါ့”

စင်လုံ၏စကားကြောင့် အခန်းထဲရှိ လူအားလုံး၏ ဦးခေါင်းများသို့ မိုးကြိုးပစ်လိုက်သကဲ့သို့ ဖြစ်သွားပြန်၏။ ငြိမ်သက်သွားကြတော့သည်။

အတန်ကြာမှ ဝမ်ကာတော်က ခပ်သဲ့သဲ့ရယ်သည်။

“ချားယို့ကွမ်းက ကျွန်မယောက်ျားဟုတ်လား၊ နောက်မနေစမ်းပါနဲ့ရှင်၊ ရယ်ရလွန်းလို့ ကျွန်မတော့ အူတက်ပြီး သေရပါလိမ့်မယ်ရှင်”

စင်လုံက ခပ်တည်တည်ဖြင့် ပြောသည်။

“စိတ်ချပါဗျာ၊ ခင်ဗျားမသေနိုင်ပါဘူး”

“ဒီအတွေးအခေါ်ကို ရှင်ဘယ်က ရလာတာလဲ”

“လူတစ်ယောက်ဟာ သူ့ဘဝကို ခေတ္တမြှုပ်နှံထားချင်ရင် သူ့အစား သေပေးရမယ့် လူတစ်ယောက်ကို ရှာဖွေရလိမ့်မယ် သေသူရဲ့မျက်နှာကို ရုပ်ဖျက်ပြီး သူ့နာမည်ပေးလိုက်ရင် ဒီကိစ္စဟာ အောင်မြင်သွားတာပဲ”



“အင်း - ရှင်ပဲ ဆက်ပြောစမ်းပါဦး”

“ချားယို့ကွမ်းဟာလည်း ဒီနည်းကိုပဲ သုံးခဲ့တယ်၊ နောက်တော့ သူသေဆုံးသွားတဲ့သတင်း ပေါ်လာခဲ့တယ်”

“ကျွန်မနဲ့ အဲဒါနဲ့ ဘာဆိုင်လို့လဲ”

“သိုင်းလောကသား တော်တော်များများကတော့ ချားယို့ကွမ်းသေပြီလို့ပဲ မှတ်ထင်နေကြပါတယ်၊ ဒါပေမယ့် ခင်ဗျားကတော့ ဒီကိစ္စမှာ ကာယကံရှင်တွေအဖြစ် ပါနေတဲ့လူတွေပဲ၊ ခင်ဗျား သိပါတယ်”

ဝမ်ကာတော်သည် နောက်ဆုံး၌ မငြင်းကွယ်နိုင်တော့ပေ။

“ရှင်ဟာလေ မိန်းမသားတွေရဲ့စိတ်ဓာတ်ကို သိပ်သိပါကလား”

“ဟုတ်တယ် မိန်းမသားတွေရဲ့ စိတ်ဓာတ်တွင်မကဘူး၊ လူ့စိတ်ဓာတ် လူ့သဘောအတော်များများကို နည်းနည်းလောက် သိတယ်လို့ ဆိုနိုင်ပါတယ်၊ ခင်ဗျားဟာ ဟိုတုန်းက သူ့ကိုသိပ်အလို လိုက်ခဲ့တယ်”

ဝမ်ကာတော်က တအံ့တသြမေးသည်။

“ရှင် - ကျွန်မက အလိုလိုက်တတ်တဲ့ မိန်းမနဲ့ တူနေလို့လား -”

စင်လုံက ရယ်လိုက်၏။

“ခေါင်းမာတဲ့မိန်းကလေးတိုင်းဟာ ယောက်ျားကလေးတိုင်းကို ရိုက်တာမဟုတ်ဘူး၊ အင်း - သူတို့ကြိုက်မိတဲ့လူကျတော့ သိပ်အလိုလိုက်ကြပြန်ရော”

ဝမ်ကာတော်ကလည်း ရယ်၍ပြော၏။

"ဩော် - ရှင်က မိန်းကလေးတိုင်းကို ကြူးချစ်ချစ် မိန်းကလေးများ မှတ်နေသလား"

"ဟုတ်ပါတယ်လေ ချားယို့ကွမ်းနဲ့ ခင်ဗျားဟာ ညားနေကြ မယ့် ချားယို့ကွမ်းကဝန်မခံဘူး။ ခင်ဗျားရဲ့ခင်ပွန်းအဖြစ် ဝန်ခံစေချ ရင် သူ့ကို သိုင်းလောကထဲက နံပါတ်တစ်သိုင်းသမားဖြစ်အော လုပ်ပေးဖို့ တောင်းဆိုတယ်"

"ဆက်ပြောပါဦး"

"ဒါနဲ့ ခင်ဗျားတို့လင်မယားဟာ သိုင်းလောကထဲမှာရှိတဲ့ ထိ သီးသိုင်းသမားတွေကို ဝါဆန်းတောင်ရောက်အောင် ဖြားယော သွေးဆောင်ကြတယ်၊ ရည်ရွယ်ချက်ကတော့ သူတို့ဆီမှာရှိတဲ့ ထိ တန်းသိုင်းပညာရပ်တွေကို လိမ်ညာယူမယ်၊ နောက်ပြီးအားလုံး သုတ်သင်ပစ်မယ် - အဲဒါက ခင်ဗျားတို့ရဲ့ အစီအစဉ်ပဲ"

"ရှင်က တကယ့်ကို အတွေးအခေါ်ကောင်းတာပဲကိုး"

စင်လုံက ဝမ်ကတော်၏ ချီးပင့်သည့်စကားများကို ဂရုမစိုက် ဘဲ ဆက်ပြောနေသည်။

"ခင်ဗျားတို့ဟာ တမလွန်ဘဝရောက်သွားကြမယ့် သိုင်းသမ ကြီးတွေရဲ့ ပညာရပ်တွေကိုရမှာကတော့ သေချာတယ်၊ ဒါပေမယ် ဒီပညာရပ်တွေဟာ ချက်ချင်းလက်ငင်းတတ်နိုင်တဲ့ပညာရပ်တေ မဟုတ်ဘူး။ ဒါ့ကြောင့် ခင်ဗျားတို့ဟာ ဆယ်နှစ်လောက် ဇာတ်မြု ပြီး လူမသိသူမသိ လျှို့ဝှက်တဲ့တစ်နေရာရာမှ ပင်ပင်ပန်းပန်းလေ့ ကျင့်ကြမယ်၊ ဒီပညာတွေကို တတ်မြောက်သွားပြီဆိုရင်တော့ ခ ဗျားတို့လင်မယားကို ဘယ်သူမှ ယှဉ်ပြိုင်နိုင်တော့မှာမဟုတ်ဘူ ပြိုင်စံရှားဖြစ်နေပြီ"

ဝမ်ကတော်က ရယ်လိုက်၏။



"ရှင်ပြောခဲ့တဲ့အတိုင်းဆိုရင် ကျွန်မက ဘာဖြစ်လို့ သူ့ေမှာ ကို လိုလားမှာလဲရှင့်"

စင်လုံက ရယ်မောလိုက်သည်။

"ဘာကြောင့်လဲဆိုတော့ ချားယို့ကွမ်းဟာ လူ့မျက်နှာနဲ့ ကိုရွှန်စိတ်ဓာတ်ရှိနေတဲ့ လူမို့လို့ပဲ၊ ခင်ဗျားတို့ လေ့ကျင့်လို့ အောင်မြင်သွားရင် ခင်ဗျားက သူ့ထက်ပိုစွမ်းနိုင်တယ်၊ ဒီလိုဆိုယင် သူဟာသိုင်းလောကမှာ နံပါတ်တစ်သိုင်းသမားမဖြစ်နိုင်တော့ဘူး။ ဒါကြောင့် ခင်ဗျားကိုသတ်ဖို့ ကြိုးစားတယ်"

ဝမ်ကတော်သည် "ဩော်" ဟူသော အာမေဋိတ်စကားသံမှအပ အခြားစကားမပြောနိုင်တော့ပေ။

စင်လုံက ဆက်ပြော၏။

"ဒါပေမယ့် အဲဒီအခါတုန်းက သူ့သိုင်းပညာက ခင်ဗျား လောက် အစွမ်းမထက်သေးလေတော့ ခင်ဗျားဟာ မသေဘဲ ဆက်ရာ အကြီးအကျယ်ရခဲ့တယ်၊ သိုင်းလောကထဲမှာ လူတွေ ကတော့ ခင်ဗျားတို့ရဲ့ အတွင်းဇာတ်ကို မသိကြလေတော့ အလျင် က သိုင်းလောကမှာ သိထားတဲ့ ခင်ဗျားရဲ့နာမည် "ယွင်မုံရှန်းကျို" ရုတ်တရက်ပျောက်ကွယ် သွားတယ်ဆိုတာလောက်ပဲ သိကြတယ်၊ တကယ့်အဖြစ်မှန်ကိုတော့ မသိကြဘူး"

ဝမ်ကတော်ကရယ်လျက် -

"နားထောင်လို့ကောင်းတယ်၊ ဆက်ပြောပါဦးရှင်"

စင်လုံက ဆက်ပြောပြန်သည်။

"သူက ခင်ဗျားမသေမှန်းသိတော့ ထွက်ပြေးမယ်၊ ဆယ်နှစ် လုံးလုံးရှောင်ပုန်းနေမယ်၊ ခင်ဗျားရဲ့စိတ်ထဲမှာ ဆယ်နှစ်လုံးလုံး

ဒေါသမီးတွေ တောက်လောင်နေရမယ်”

ဝမ်ကတော်သည် ဟန်ဆောင်၍မနေနိုင်တော့ပေ။ သူမ
လက်များသည် တဆတ်ဆတ်တုန်လာသည်။

“ကျွန်မ သူ့ကို မသေစေ့ချင်ပါဘူး။ ချက်ချင်းမသေစေရာ
တစ်ချက်တည်းနဲ့မသတ်ဘူး။ တဖြည်းဖြည်း သတ်မယ်၊ ဖြည်းဖြည်
ချင်းညှင်းဆဲနှိပ်စက်သတ်မယ်”

စင်လုံသည် တုန်ယင်စွာပြောနေသည့် ဝမ်ကတော်ကိုကြည
လျက် စကားဆက်ပြန်၏။

“ဒီကနေ့ ခင်ဗျားတွေ့ရမယ့် ချားယို့ကွမ်းဆိုတဲ့ ရှင်ပျော်ပျေ
မြို့စားကြီးဟာ အလျင်တုန်းက ချားယို့ကွမ်းနဲ့ လုံးဝမတူတော့ဘူ
သူ့ကို သေအောင်သတ်ဖို့က မလွယ်တော့ဘူး၊ ခင်ဗျားသေစေချ
တဲ့ပုံစံမျိုးနဲ့ သူ့ကိုသေအောင်သတ်ဖို့က ပိုတောင်ခက်သေးတယ်

စင်လုံကရယ်လိုက်ပြီး စကားဆက်ပြော၏။

“ရှင်ပျော်ပျော်မြို့စားကြီး ထွက်ပေါ်လာပြီဆိုတော့ ခင်ဗျားက
လည်း လျှို့ဝှက်ပြင်ဆင်ရပြီပေါ့၊ ငွေအင်အား၊ လူအင်အားကလည်
လိုအပ်ပြီပေါ့၊ ဒါကြောင့်မို့ မြေအောက်သချိုင်းဂူမှာ -”

ဝမ်ကတော်က ဒေါသဖြင့် အော်လိုက်၏။

“တော်ပါတော့ - တော်ပါတော့”

“မတော်နိုင်သေးဘူး၊ ပြောစရာရှိတာကိုတော့ ကျုပ်ဆက်ပြီ
ပြောရဦးမှာပဲ”

စင်လုံက ဝမ်းလင်းဝါးကို ရုတ်တရက်ကြည့်လိုက်ပြီး -

“ရှင်ပျော်ပျော်မြို့စားကြီးဟာ ဆယ်နှစ်လောက် ပုန်းကွယ်နေခဲ့
တယ်၊ ဒါကို နှစ်ဆယ့်သုံးနှစ်သားအရွယ်လောက်ရှိမယ့် သူ့သား



ကလည်း သိချင်သိနေမှာပဲ”

ဝမ်းလင်းဝါးမှာ တစ်ကိုယ်လုံး တုန်ခါနေ၏။ သူသည် တစ်ဆို့
စွာဖြင့် စကားပြောရန် ကြိုးစားနေသည်။

စင်လုံက ပြုံး၍ -

“ဒီလိုအဖေမျိုးကနေ ဒီလိုသားမျိုး ပေါက်ဖွားလာတာကတော့
သိပ်မဆန်းကျယ်လှပါဘူးဗျာ၊ အဖေလုပ်တဲ့သူက အကြံသိပ်ကြီး
တယ်၊ ကမ္ဘာကြီးကိုတောင် ခါးစောင်းတင်မယ့်လူမျိုး။ သားကျတော့
အဖေ့ထက်ပိုဆိုးသေးတယ်”

ဝမ်းလင်းဝါးက ဒေါသတကြီးဖြင့် အော်လိုက်သည်။

“ဘယ်သူ့ သူ့သားလဲ၊ ခင်ဗျားအရမ်းမပြောနဲ့”

စင်လုံကအရှိက်ထိသွားသော ဝမ်းလင်းဝါးကို ကြည့်၍ပြုံး
လိုက်၏။

“ဘာလဲ ခင်ဗျားဟာ ကိုယ့်ဖခင်အရင်းကိုတောင် အသိ
အမှတ် မပြုတော့ဘူးလား”

“ဒီလိုအဖေမျိုး ကျုပ်မှာမရှိဘူးဗျ”

စင်လုံသည် တစ်ကိုယ်တည်း ညည်းတွားသည့် ပုံစံမျိုးဖြင့်
ရေရွတ်လိုက်လေသည်။

“အင်းလေ - ဖခင်က သားကိုအသိအမှတ်မပြုတော့ သား
ကလည်း ဖခင်ကို အသိအမှတ်မပြုတော့ဘူးပေါ့၊ ဖခင်က ရက်စက်
တော့ သားကလည်း ရက်စက်ရတော့တာပေါ့၊ အိုးရွဲ့ စလောင်းရွဲ့နဲ့
ဖုံးမှ အံဝင်ခွင်ကျဖြစ်တော့မှာပေါ့လေ”

ဝမ်းလင်းဝါးက စင်လုံအား မီးတောက်သည့် မျက်လုံးများ
ဖြင့် ဝင်းဝင်းတောက်ကြည့်ကာ -

“ခင်ဗျား ကျုပ်တို့ကို နှိပ်စက်လို့ အားရပြီလား၊ ဘာဆက်ပြောချင်သေးသလဲ”

စင်လုံက လက်ကာပြပြီး -

“မပြောတော့ပါဘူးဗျာ၊ ကျုပ်ကလည်း နှိပ်စက်နေတာမဟုတ်ပါဘူး။ ခင်ဗျားအမေက ကျုပ်ကိုဖုံးကွယ်ထားတာတွေကို ကျုပ်သိပါတယ်ဆိုတဲ့အကြောင်း ရှင်းပြရတာပါ။ ညောင်မြစ်တူးရင်၊ ပုတ်သင်ဉပေါ်လာရတဲ့ သဘောပါပဲ”

ဝမ်ကတော်သည် စင်လုံအား အချိန်အတော်ကြာ စူးစူးစိုက်စိုက်ကြည့်နေပြီးမှ ဟက်ဟက်ပက်ပက်ရယ်မောလေတော့၏။ သိုင်းလောက၌ တစ်ခေတ်တစ်ယောက်ဆိုသည့် လူမျိုးမှာ ဤလူမျိုးသာ ဖြစ်နိုင်ပါပေသည်။

“ကောင်းတယ် သိပ်ကောင်းတယ်၊ ဒီကိစ္စတွေအားလုံး ရှင်းထားပြီးပြီဆိုတော့ ကျွန်မကထပ်ပြီး ရှင်းပြစရာမလိုတော့ဘူးပေါ့”

“ဟား - ဟား - ဟား - ဟုတ်ရဲ့လားဗျာ”

“ဟုတ်ပါတယ်ရှင် - ရှင်ကကျွန်မကို မယုံဘူးပေါ့”

“ယုံပါတယ်ဗျာ - ယုံပါတယ်”

“ဒါဖြင့် ရွှင်ပျော်ပျော်မြို့စားကြီးဆီကို မသွားချင်တော့ဘူးပေါ့”

“ဘယ်တုန်းက မသွားချင်ဘူးလို့ ပြောခဲ့လို့လဲ၊ ကျုပ်ကသွားချင်နေတယ်၊ ခင်ဗျားအကူအညီနဲ့ သူ့ကို ဖယ်ရှားရှင်းလင်းပစ်မယ်၊ ဒါမှ ခင်ဗျားကို ယူနိုင်မှာပေါ့။ ခင်ဗျားလို မိန်းမမျိုးကို ဘယ်မှာသွားရှာရမလဲ”

ဝမ်ကတော်သည် ဝမ်းသာရတော့မလို၊ စိတ်ဆိုးရတော့မလို ဖြစ်သွားသည်။



“ရှင်ပြောလိုက်တဲ့စကားတွေက အများကြီးပဲ၊ လိုရင်းချုပ်လိုက်တော့ သူ့ကိုရှင်းပြီးတော့မှ ကျွန်မနဲ့လက်ထပ်မယ်လို့ ဆိုလိုတာပဲပေါ့”

“ဒါပဲပေါ့ဗျ၊ ဒီအပြင် ဘယ်နည်းများရှိသေးလို့လဲ”

“ကျွန်မ - ရှင့်ကို စိတ်မချဘူး”

“ဟား - ဟား - ဟား - ကျုပ်က ယောကျ်ားပါဗျ၊ ကျုပ်ဘယ်နေရာရောက်ရောက် ဒီကတိကို မဖျက်ပါဘူး။ စိတ်ချပါ”

ဝမ်ကတော်သည် စင်လုံ၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်နေမိ၏။ သူတကယ်ပြောနေခြင်းလား ဟန်ဆောင်ပြောနေခြင်းလား သူမအနေဖြင့် မသိနိုင်ပါချေ။ စင်လုံ၏ရင်ထဲမှ နှလုံးသားကို ဆွဲထုတ်ကြည့်ချင်လှ၏။ နောက်ဆုံးတွင် သူမလက်လျှော့ရသည်။

“ကောင်းပြီ ရှင်ပြန်လာတဲ့အထိ ကျွန်မစောင့်မယ်”

“ဟား - ဟား - ဟား - စိတ်ချစမ်းပါ၊ ကျုပ်က အမြန်ဆုံးပြန်လာမှာပါ။ ခင်ဗျားစိတ်ထဲမှာ ကျုပ်ပြန်မလာတော့ဘူးလို့များ ထင်နေလို့လားဗျာ”

“အင်းလေ - ရှင်ပြန်လာတော့မှပဲ - ရှင့်မိတ်ဆွေကြီးနဲ့ အရက် အတူတူသောက်ကြတာပေါ့”

“ကျွန်တော့်မိတ်ဆွေကြီးဟုတ်လား။ ဘယ်သူလဲ”

“ဝံကြောင်ကလေးပေါ့ရှင့်၊ ဘယ်သူရှိရမလဲ”

“သူတို့က ဒီမှာစောင့်ကြမယ်ဟုတ်လား”

“ဟုတ်တယ်လေ - ဒီမှာ ရှင့်ကိုစောင့်ကြရမယ်၊ ကျွန်မက သူတို့ကို ကောင်းကောင်းကြည့်ရှုစောင့်ရှောက်ထားပါ့မယ်”

ဝမ်းလင်းဝါးက အနိုင်ရသူ၏လေသံဖြင့် ရယ်မောလိုက်၏။

ခင်ဗျားရဲ့အညာကို ကျုပ်ကိုင်ထားတယ်ဟူသည့်သဘောဖြင့် တမျှင်းမျှင်းရယ်လိုက်၏။

"ခင်ဗျား ပြန်မလာရင်တော့ သူတို့သိပ်ပြီး စိတ်ပူနေကြမှာ သေချာတယ်"

စင်လုံ၏အမူအရာက မည်သည့်အရာကိုမျှ ဂရုထားဟန်မတူပေ။

"သူတို့ပူပန်လို့ လဲသေလည်း ကျုပ်ဂရုမစိုက်ပါဘူး။ သွားမယ်၊ ရှင်ပျော်ပျော်မြို့စားကြီးဆီကို အခုပဲ ကျုပ်သွားမယ်"

ဝမ်ကတော်က အလောတကြီး ဟန့်တားလိုက်ရသည်။

"အို - ဘယ့်နှယ် ရှင်ကတာဖြစ်လို့ ဒီလောက်လောနေရတာလဲ၊ မလောပါနဲ့၊ နောက်သုံးရက်စောင့်ပြီးမှ သွားပါ"

"ဘာဖြစ်လို့ သုံးရက်တောင်စောင့်ရမှာလဲဗျ၊" မြန်မြန်တွေ့မြန် မြန်ရှင်းပစ်ရင် မြန်မြန်အေးတာပေါ့"

"ရှင် - တကယ်သွားမှာလား"

"ဒါပေါ့ဗျ၊ မြန်မြန်သွားမှ မြန်မြန်ပြန်လာနိုင်မှာပေါ့၊ ခင်ဗျားက သဘောမကျဘူးလား"

"ဒါဖြင့် နက်ဖြန်သွားပေါ့ရှင်"

"ကောင်းပြီ - နက်ဖြန်သွားမယ်"

ဝမ်ကတော်သည် သူ့သားဝမ်းလင်းဝါးဘက်သို့လှည့်၍ အမိန့်ပေးလိုက်သည်။

"ကောင်းပြီ - ဝမ်းလင်းဝါး သူ့အတွက် အိပ်ရာလိပ်ပြင်ပေးလိုက်ပေတော့"

ဝမ်းလင်းဝါးက ဝမ်းသာအားရ ရယ်လိုက်သည်။



"စိတ်ချပါ၊ ကျွန်တော့်အတွက် တစ်နာရီလောက်ပဲ အချိန်ပေးပါ၊ အိပ်ရာလိပ်အဆင်သင့် ဖြစ်စေရပါမယ်"

စင်လုံက ဟန့်တားလိုက်၏။

"တော်စမ်းပါဗျာ၊ အိပ်ရာလိပ်က ဘာလုပ်ရမှာလဲ၊ မဟာတံတိုင်းကြီးရဲ့ အပြင်ဘက်ထိအောင်သွားရမယ့်ကိစ္စမှာ ကျုပ်က ဒီအိပ်ယာလိပ်ကြီးကို ကန့်လန့်ကန့်လန့်ယူသွားရမှာလား"

ဝမ်ကတော်က ရယ်ရင်းပြောသည်။

"အဲဒီအထိတောင် သွားရမယ်မထင်ပါဘူးရှင်"

"ဘာလဲဗျ၊ ဒါဖြင့်ရင် ရှင်ပျော်ပျော်မြို့စားကြီးဟာ ဒီမဟာတံတိုင်းကြီးရဲ့ အတွင်းဘက်ကို ရောက်နေပြီလို့ ဆိုလိုတာပေါ့၊ ဟုတ်ရဲ့လား"

"ဟုတ်တယ် လန်ကျိုးမြို့အပြင်ဘက်က မိုင်ငါးဆယ်လောက် အကွာအဝေးမှာရှိတဲ့ ရှင်လုံတောင်ဆိုတာရှိတယ်၊ ရှင်သိရဲ့လား"

"သိပါတယ်ဗျာ၊ စီးပေချင်းချင်ရှင်လုံတောင်လို့လဲ ခေါ်တယ်မဟုတ်လား"

"ဟုတ်ပဲ့ရှင်၊ သစ်ပင်တွေလည်း ထူထပ်တယ်၊ စမ်းချောင်းတွေလည်း ရစ်ခွေပြီး စီးဆင်းနေတယ်၊ စီးပေနယ်ရဲ့ အနောက်မြောက် ဘက်မှာရှိတဲ့ အမှတ်တစ်တောင်လို့လည်း ဆိုနိုင်ပါတယ်"

စင်လုံက ရယ်လိုက်၏။

"အဲဒီတောင်က ရှင်ပျော်ပျော်မြို့စားကြီးနဲ့ ဘာဆိုင်လို့လဲဗျ"

"နားထောင်ပါဦးလေ၊ အဲဒီတောင်ကကျတဲ့ စိမ့်စမ်းရေတွေဟာ ရေလှောင်တမံကြီးတစ်ခုထဲ စီးဝင်တယ်၊ အဲဒီအထဲရောက်တော့ ရေတွေဟာ သိပ်ပြီးကြည်လင်နေတာပဲ၊ မှန်လိုပေါ့၊ တရုတ်

ပြည်အနောက်မြောက်ဒေသက နံပါတ်တစ်စမ်းရေအိုင် တာတမံကြီး လို့ခေါ်ဆိုရမယ်"

စင်လုံက ခေါင်းကုပ်လျက်မေးလိုက်၏။

"အဲဒီရေအိုင်ကြီးနဲ့ ရွှင်ပျော်ပျော်မြို့စားကြီးနဲ့ ဘာဆိုင် သလဲဗျာ"

"ဆိုင်တာပေါ့ရှင်၊ သူဟာ လက်ဖက်ရည်သိပ်ကြိုက်တယ်၊ အဲဒီရေနဲ့မှ လက်ဖက်ရည်ဖျော်တယ်၊ ဟင်းချက်တယ်"

"အဲဒီနေရာမှတော့ ကျုပ်ညံ့သွားပြီ လက်ဖက်ရည်ကြိုက်တာ တော့ ကျုပ်မသိဘူး။ ရွှင်ပျော်ပျော်မြို့စားကြီး အရက်သိပ်ကြိုက်တယ် ဆိုတာတော့ ကျုပ်ကောင်းကောင်း သိနေပါတယ်"

"အဲဒီစမ်းရေဟာ မှုရင်းတောင်နဲ့ သိပ်မဝေးမှ ပိုချိုတယ်၊ ပိုမွှေးတယ်၊ တောင်နဲ့ဝေးသွားရင် သိပ်မချိုတော့ဘူး။ အရသာ ပျက်သွား တယ်"

"အံ့ပါရဲ့ဗျာ၊ ရွှင်ပျော်ပျော်မြို့စားကြီး ဒီလောက် အရသာခံ တတ်မယ် မသိပါဘူးဗျာ၊ ခုမှ တကယ့်လူထူးလူဆန်းနဲ့ တွေ့နေရ တော့ တာကိုး"

"အဲဒီသတင်းလည်းရရော ကျွန်မလည်း အဲဒီရှင်လုံတောင်ကို လူနှစ်ယောက်ခေါ်ပြီး လိုက်သွားခဲ့တယ်၊ ဘယ်သူတွေလို့ ရှင်ထင် သလဲ"

"ဟား - ဟား - ဟား - လက်ဖက်ရည်အဖျော်ကောင်းတဲ့ လူတစ်ယောက်နဲ့ အရက်ချက်ကျွမ်းကျင်သူတစ်ယောက်ကို ခေါ် သွားရမယ်"

ဝမ်ကတော်က ချီးကျူးလိုက်၏။



"ရှင် တွေးနိုင်သားပဲ၊ ဒါပေမယ့် လုံးဝတော့ မမှန်ဘူးရှင့်"

"ခင်ဗျားပဲ ဆက်ပြောပါဗျာ"

"တစ်ယောက်က လီတိုင်းလုံလို့ ခေါ်တယ်၊ လက်ဖက်ရည် ကောင်းမကောင်းသိတယ်၊ တစ်ယောက်ကတော့ သူ့ဇနီးပဲ၊ ချွန်း ချောင်လို့ခေါ်တယ်၊ လက်ဖက်ရည်ဖျော်တာလည်း ကျွမ်းကျင်တယ်၊ အစီအမံလည်းကောင်းတယ်"

"ဒါဖြင့် ချွန်းချောင်က အစိကလူပေါ့ဗျာ"

"ရှင်ပြန်လာတဲ့အခါကျရင် ကျွန်မကလည်း လက်ဖက်ရည် ကောင်းကောင်းဖျော်တိုက်ပါ့မယ်ရှင်"

❖ ❖ ❖

အခန်းထဲတွင် ဝမ်ကတော်နှင့် စင်လုံတို့မှအပ မည်သူမျှမရှိ တော့ပေ။ ဝမ်ကတော်သည် စင်လုံ၏ရင်ခွင်ထဲသို့ တိုးဝင်ပြီး တီးတိုး ပြောနေသည်။

"ရှင့်ကိုပြောပြရမယ့် အထူးအဆန်းလူတစ်ယောက် ရှိသေး တယ်ရှင့်၊ သူက "ချူမင်ချင်"တဲ့၊ အရက်ချက်လည်းတော်တယ်၊ အရက် လေးငါးမျိုးကိုလည်း အင်မတန်အရသာရှိအောင် ရောစပ် တတ်တယ်"

"ဒီလူက အတော့်ကို တန်ဖိုးရှိတဲ့လူပဲ"

"ရှင့်ကိုတစ်ခုမေးမယ်၊ ခိုက်ဟိုလင်သစ်တောဥယျာဉ်ဆိုတာ ကြားဖူးသလား"

"ခင်ဗျားပဲ ပြောပြစမ်းပါဗျာ"

“ခွိုက်ဟိုလင်သစ်တောဥယျာဉ်ဟာ တကယ့်ခြံဝင်းကျယ်ကြီးပဲ၊ အရက်ကောင်းကောင်းလည်းရတယ်၊ တကယ့်ချောပေ့ လှပေ့ဆိုတဲ့ မိန်းမချောကလေးလည်း အယောက်နှစ်ဆယ်ရှိနေတယ်ရှင့်၊ ယောကျ်ားတွေအတွက်တော့ စိတ်ကျေနပ်အောင် ပျော်ရွှင်မှုပေးစွမ်းနိုင်ပါတယ်”

စင်လုံက ရယ်လိုက်၏။

“ခင်ဗျား ဒီခွိုက်ဟိုလင်သစ်တောဥယျာဉ်ကြီးကို ဒီလောက်ညွှန်း နေပုံထောက်ရင် တစ်ခုခုတော့ ထူးနေပြီနဲ့တူတယ်”

“အဲဒီမှာ ရွှင်ပျော်ပျော်မြို့စားကြီးဟာ မနှစ်တုန်းက ခြောက်လကြာအောင် နေခဲ့တယ်ရှင့်၊ အဲဒီလောက် မခွဲနိုင်မခွာရက်ဖြစ်ခဲ့တယ်”

စင်လုံက ထပ်မံရယ်မောပြန်ကာ

“ဟာ - ကျုပ်နဲ့ မဖြစ်ဘူးနဲ့တူတယ်၊ တော်ကြာ ကျုပ်လည်းအဲဒီကနေ မခွဲနိုင်မခွာရက်ဖြစ်နေမှာ သေချာတယ်”

ဝမ်ကတော်က နှုတ်ခမ်းစူရင်း ပြောလိုက်၏။

“အဲဒီမှာ ရှင်မနေနိုင်ပါဘူးရှင်”

“ဘာဖြစ်လို့လဲ”

“ကျွန်မမှ မရှိတာဘဲရှင့်”

“အဲဒီမှာ ဆယ်ရက်ကြာရင် ရှင့်အနေနဲ့ ရွှင်ပျော်ပျော်မြို့စားကြီးကို တွေ့ရမယ်”

“ဗျာ - ဆယ်ရက် - ဆယ်ရက် - ဆယ်ရက်ကြီးများတောင်စောင့်ရမှာလား။ ကြာလှချည်လား”

ဝမ်ကတော်က အထူးလေးနက်သော လေသံဖြင့်



“တစ်ခုတော့ရှိတယ်၊ ရှင်က သူ့ကို ရွှင်ပျော်ပျော်မြို့စားကြီးလို့တော့ သွားမခေါ်လေနဲ့နော်”

“ဒါဖြင့် ဘယ်လိုခေါ်ရမလဲ၊ ဆရာကြီးလို့ ခေါ်ရမှာလား”

“ဟိုကျတော့ အဆင်ပြေသလို ကြည့်ခေါ်ပေါ့ရှင်၊ ကဲ အရက်တစ်ခွက်လောက် သောက်လိုက်ပါဦး၊ ယန်ကွမ်ဂိတ်က ထွက်သွားရင် ဗိုက်ဟောင်းဆွေဟောင်းတွေနဲ့ အရက်သောက်ရတော့မှာမဟုတ်ဘူး”

❖ ❖ ❖

မှန်ပါသည်။ ရှင်လုံတောင်သည် မဟာတံတိုင်းကြီး အတွင်းဘက်မှာပင်ရှိပါသည်။ ရှင်လုံတောင်နှင့် ကျဲ့ယွင်တောင်၏ အကြားတွင် ချောင်းကလေးတစ်ခုရှိနေသည်။ ထိုတောင်နှစ်တောင်ကိုကြိုးတံတားတစ်ခုဖြင့် ဆက်သွယ်ထားသည်။ ယွင်လုံကြိုးတံတားဟုခေါ်သည်။

ထိုနေရာတစ်ဝိုက်သည် သစ်ပင်များထူထပ်စွာ ပေါက်ရောက်ပြီး လျှိုမြောင်လိုဏ်ခေါင်းတွေရှိကြ၏။ ထိုတောင်နှစ်လုံးကြားရှိသစ်တော ခြံဝင်းကျယ်ကြီးကို ခွိုက်ဟိုလင်သစ်တောဥယျာဉ်ဟုခေါ်တွင်လေသည်။

ခွိုက်ဟိုလင်သစ်တောဥယျာဉ်သည် ကမ္ဘာပေါ်၌ ရှားအလှအပဆုံးသော နေရာတစ်နေရာဖြစ်၏။ သစ်တောကြီး၏ အစိမ်းရောင်သည် အခြားသစ်ပင်များကဲ့သို့ အစိမ်းရောင်ရင့်ရင့်များမဟုတ်ကြ။ အစိမ်းနုရောင်များဖြစ်သဖြင့် အခြားသစ်တောများနှင့်မတူတဲ့ ပို၍နုသစ်လှပသည်။

ထို့ပြင် စမ်းချောင်းငယ်များသည် ခွါက်ပှိုလင် သစ်တေ
ဉယျာဉ်ထဲမှ မြွေလိမ်မြွေကောက်စီးဆင်းသွားလေသေးသည
ငှက်ကျေး သာရကာများ၏ တေးသီသံများကလည်း လွန်စွာသာယ
နာပျော်ဖွယ် ရှိလှသည်။

ထိုခွါက်ပှိုလင် သစ်တောဉယျာဉ်အတွင်း၌ ကျစ်ဆံမြီ
ကျစ်ထားသည့် မိန်းမပျိုကလေးနှစ်ယောက်တို့သည် တောင်ပေ
တေးများကို သီဆိုလျက် တောလမ်းထဲ၌ လျှောက်လာကြသည
လက်ထဲတွင် စမ်းရေများ ခပ်ထည့်လာသည့် ကြွေကရားအိုးများ
တွေ့ရသည်။ ပြုံးရွှင်လှပသောမျက်နှာ၊ အနီရောင်ဝတ်စုံများနှ
အစိမ်းရောင် မြက်ခင်းပြင်ကြီးသည် အလွန်ပင်ပန်ရနေတော့၏
ပန်းချီကျော်တစ်ဦး၏ ရောင်စုံပန်းချီကားတစ်ချပ်နှင့် တူနေသေ
တော့၏။

လက်ဝဲဘက်ကမိန်းကလေးသည် လက်ယာဘက်မှ မိန်းက
လေးအား ပြုံးကြည့်ရင်းပြောသည်။

"နင် ဘာတွေ တွေးနေတယ်ဆိုတာ ငါသိပါတယ်နော်"

လက်ယာဘက်မှ မိန်းကလေးကရယ်ရင်း -

"ရှင့်ဗိုက်ထဲမှာ ကျွန်မစိတ်ကို ထိုးထွင်းမြင်နိုင်တဲ့ ပညာရှိ
လား"

သူမသည် ပြောပြောဆိုဆိုဖြင့် လက်ဝဲဘက်မှ မိန်းကလေး
ခါးကို လိမ်ဆွဲလိုက်၏။ လိမ်ဆွဲလိုက်သူ မိန်းကလေး၏အမည်မှ
ချွန်းဆွေဖြစ်လျက် လိမ်ဆွဲခံရသူ၏အမည်မှာ မင်ကြူးဖြစ်၏။

မင်ကြူးက -

"နင် - ဒီနေ့မနက်က တွေ့ခဲ့ရတဲ့ ဟိုလူ့ကို တွေးနေတာ
မဟုတ်လား"



ချွန်းဆွေ၏မျက်နှာမှာ ရဲရဲနီသွားတော့၏။ သူမ၏လက်ထဲမှ
ကြွေကရားကို အောက်သို့ချရင်း ဖြည်းညင်းစွာထိုင်လိုက်၏။ သူမ
ည် တိုးညင်းစွာပြောလိုက်မိသည်။

"ကျွန်မမှ မဟုတ်ပါဘူးလေ၊ သူ့ကိုမြင်ရင် ဘယ် - မိန်းက
လေးမှ သူ့ကိုမကြည့်ဘဲ မနေနိုင်ဘူး"

သူမသည် တစ်ကိုယ်တည်းညည်းတွားသလို ပြောနေပြီးမှ
မင်ကြူးကို လှမ်းကြည့်လိုက်၏။

"မမမင်ကြူး - သူ့အပြုံးကို သတိထားမိရဲ့လားဟင်၊ ဘယ်
မိန်းကလေးက သူ့ကိုမေ့သွားပါတော့မလဲ မမရယ်"

"ဟင့်အင်း - ငါတော့ သတိမထားမိပါဘူး"

ချွန်းဆွေက မျက်စောင်းထိုးရင်း ပြောလိုက်၏။

"မညာပါနဲ့ မမမင်ကြူးရယ်၊ မမလက်ဖက်ရည်ငှဲ့ထည့်ပေးနေ
တုန်းက သူက မမကိုပြုံးကြည့်နေတယ်၊ မမလည်း လက်တွေတုန်
ပြီ၊ လက်ဖက်ရည်တွေ ဖိတ်စဉ်ကျကုန်တယ် မဟုတ်လား"

မင်ကြူးမှာ မျက်နှာတစ်ပြင်လုံး ရဲရဲနီသွားတော့၏။

"ကြည့်စမ်း - ကောင်မလေး ဒါတွေ နင်သိတယ်ပေါ့လေ၊
မဟုတ်လား"

"ဒါပေါ့ မမမင်ကြူးရယ်၊ ကျွန်မတို့လို ငယ်ငယ်ရွယ်ရွယ်
မိန်းကလေးတွေမပြောနဲ့ ကျွန်မတို့ရဲ့အစ်မကြီး၊ အဒေါ်ကြီးအရွယ်
တွေတောင် သူ့ကိုမြင်ရင် စိတ်လှုပ်ရှားမိကြမှာပါ"

မင်ကြူးက ရုတ်တရက်တည်ငြိမ်သွား၏။

"ဒါပေမယ့် ဦးလေးလီကတော့ မျက်နှာကြီးကို ညှိုပုပ်နေတာ
၊ သူ့ကိုအတော်မုန်းနေပုံရတယ်"

ချွန်းဆွေက သက်ပြင်းတစ်ချက်ချကာ -

"ဟင်း - လောကမှာ ဒီလောက် စွဲမက်စရာကောင်းတဲ့ ရှိသေးတာပဲကိုး"

မင်ကြူးကလည်း သက်ပြင်းချပြန်၏။

"အင်း - ဒီလောက်စွဲမက်စရာကောင်းတဲ့လူဆီမှာ ပိုင်ရှင် နေတာ နာတယ်ကွယ်၊ သူ့ပိုင်ရှင်က လန်ရှန်းဆိုတဲ့ ကောင်မလေ

ချွန်းဆွေက နှုတ်ခမ်းစူရင်း -

"ဟင်း - တော်စမ်းပါ၊ ဒီကောင်မက ဘယ်လောက်များလှ လဲ၊ ကျွန်မအမြင်မှာတော့ ရွံစရာပါ"

"ညည်း အဲဒီလိုမပြောနဲ့အေ့၊ သူလည်း တော်တော်လေး

မင်ကြူး၏စကားမဆုံးမီ ချွန်းဆွေက ကြားဖြတ်ပြောလိုက်

"မြေခွေးလိုကောင်မပါ မမမင်ကြူးရယ်၊ ကျွန်မတို့ ညီအစ် နစ်ယောက်ရဲ့အလှကို လုံးဝမမီပါဘူး။ မမရဲ့ခြေသလုံးကလေး မြင်တာနဲ့ ဟိုလူသဘောကျသွားမှာပါ"

"အောင်မယ် ညည်းက ငါ့ခြေထောက်ကို ဘယ်တုန်း မြင်ဖူးလို့လဲ"

"ဟိုတစ်နေ့က ရေချိုးတုန်းကလေ"

ချွန်းဆွေသည် ပြောပြောဆိုဆိုဖြင့် ရေမှပြေးထွက်သွား မင်ကြူးက နောက်မှပြေးလိုက်သွားလေတော့၏။ ကြွေကရားထဲ စမ်းရေများပင် ဘောင်ဘတ်ခတ် ဖိတ်စဉ်ကျသွားလေတော့၏

ထိုအချိန်တွင် တောင်ဆင်းဆင်ခြေလျှော၌ အသက် လေ ဆယ်ကျော်ခန့်ရှိသည့် လူတစ်ယောက်နှင့် အမျိုးသမီးတစ် စကားပြောနေကြ၏။ ယောကျ်ားဖြစ်သူသည် အဖိုးထိုက် အဖိုးတ



ဝတ်အစားများကို ဝတ်ဆင်ထားသော်လည်း မကြာခဏ သမ်းဝေ နေသည်။

အမျိုးသမီးသည် ငယ်ရွယ်လှသူမဟုတ်သော်လည်း ပုရိသ ယောကျ်ားများကို ဖမ်းစားနိုင်သော ရုပ်ရည်ရူပကာရရှိသည်။

"ရှင် ဘာမှ အသုံးမကျဘူး"

"အေးလေ - အသုံးမကျလို့ မင်းကိုယူထားတာပေါ့ကွ"

"စင်လုံဆိုတဲ့လူ နှိုက်ဟိုလင်သစ်တောဥယျာဉ်ထဲ ရောက်လာ က ကစားဖို့၊ အပျော်သက်သက်မဟုတ်ဘူးရှင့်"

ထိုယောကျ်ားက ဦးခေါင်းကို ခါယမ်းလိုက်၏။

"ဒီလူက ဒီလိုလူစားမျိုးမဟုတ်ပါဘူးကွာ၊ မင်းက ဒီလူ ငါတို့ ကို ဒုက္ခပေးမယ်လို့ ထင်နေတယ်မဟုတ်လား"

သူသည် ပြောပြောဆိုဆိုဖြင့် အမျိုးသမီး၏ခါးကို လှမ်းဖက် လိုက်၏။

"ရှင့်လက်က သရဲလက်ပဲ၊ လွှတ်ပါ"

ထိုစဉ် ဆည်းလည်းခတ်သံကဲ့သို့ ချိုလွင်လှသော ရယ်သံ ကလေးများကို ကြားလိုက်ကြရသည်။ အမျိုးသမီးသည် ယောကျ်ား ဖြစ်သူ၏လက်ကို ဆွဲဖယ်ကာ -

"မင်ကြူးနဲ့ ချွန်းဆွေလာနေပြီ ရှင့်လက်ကြီးကို ဖယ်စမ်းပါ"

အမျိုးသမီးသည် မိန်းကလေးများမလာမီ ရုန်းထွက်သွားတော့ သည်။

ထိုအချိန်မှာပင် မင်ကြူးနှင့် ချွန်းဆွေတို့ ရောက်ရှိလာကြ၏။ ဟိုတိုင်းလုံသည် လက်ကိုနောက်ပစ်လျက် မိန်းကလေးရှိရာသို့

လျှောက်လာ၏။

"မင်းတို့တာဖြစ်လို့ ဟီလာတိုက်လာကြတာလဲ"

မင်ကြူးက ပြုံးရယ်လျက်ပြောလိုက်၏။

"အို - ဦးလေးလီကလည်း ရယ်တာပဲ မရယ်ရဘူးလား

ချွန်းဆွေသည် မင်ကြူး၏ခါးအား လက်ဖြင့်တို့ယင်း တီးတိ

ပြောလိုက်၏။

"မမမင်ကြူး လာ၊ လက်ဖက်ရည်အိုးပဲ သွားတည်ကြမယ်

ဒေါ်လေးချွန်းချောင်နဲ့ ဦးလေးလီတို့ သိပ်ကြည်ကြပုံမရဘူး"

ချွန်းဆွေနှင့်မင်ကြူးတို့သည် လီတိုင်းလုံနှင့် ချွန်းချောင်တို့

အနီးမှ သမင်မလေးများသဖွယ် ပြေးထွက်သွားကြလေတော့သည်

သူတို့နှစ်ယောက်သည် ကြေကရားကြီးများကိုကိုင်လျ

စင်လုံ တို့နေသည့်တဲရှေ့သို့ ရောက်လာကြသည်။ တံခါးပိတ်

သည်။ ချွန်းဆွေသည် မင်ကြူးအား နှုတ်ခမ်းကို လက်ညှိုးဖြ

ပိတ်ပြရင်း ရှုးကနဲလုပ်ပြသည်။ သူမသည် ပြတင်းပေါက်အနီးသ

ချွတ်နင်း နင်းလျက်လျှောက်သွားနေသည်။

ထိုစဉ်တံခါးမကြီး ရုတ်တရက်ပွင့်ထွက်လာ၏။ စင်လုံထွက်

လာသည်။ စင်လုံက ရယ်မောလျက်လှမ်းပြောသည်။

"ကျုပ်က ကျုပ်မိတ်ဆွေ ဝံကြောင်ကလေးအောက်မေ့လို

ထွက်ကြည့်တာ၊ လက်စသတ်တော့ လုံမကလေးတွေဖြစ်နေ

တာကိုး"

ချွန်းဆွေနှင့် မင်ကြူးတို့မှာ သွေးကြောပိတ်ခံရသူများကဲ့သို့

မလှုပ်နိုင်မရှားနိုင်ဖြစ်သွားကြသည်။ ငေးကြောင်ကြည့်နေမိကြသည်

စင်လုံက ပြုံး၍ -



"ရေဆွဲလာရတာ ညောင်းနေကြပြီလား။ ကျုပ်ပါ ဝိုင်းဆွဲပေးရ

မလား"

မင်ကြူးက ထစ်ထစ်အအဖြင့် ပြောလိုက်သည်။

"ကိစ္စမရှိပါဘူး သခင်လေး၊ ကျေး - ကျေးဇူးတင်ပါတယ်"

"ဒါဖြင့်ရင်လည်း ညစာအဆင်သင့်ဖြစ်ရင်တော့ အကြောင်း

ကြားပေးကြပါနော်"

"ဟုတ် - ဟုတ်ကဲ့ရှင့်"

ချွန်းဆွေနှင့် မင်ကြူးတို့သည် လှည့်ထွက်ပြေးသွားကြတော့

သည်။

စင်လုံသည် မိန်းကလေးနှစ်ယောက် ပြေးထွက်သွားသည်ကို

ကြည့်၍ပြုံးလိုက်မိသည်။ ထို့နောက် တံခါးကိုပိတ်ပြီး အတွင်းသို့

ပြန်ဝင်သွားသည်။

လန်ရှန်းသည် ခုတင်ကိုဘေးစောင်းမှီရင်း ထိုင်နေ၏။ သူမ

သည် ခြေထောက်အနီး၌ရှိနေသည့် ကြောင်ဖြူမလေးကို တို့ထိ

ကစားနေသည်။ အခန်းထဲသို့ လျှောက်လာသည့် စင်လုံအား ကြည့်

လိုက်ရင်း -

"ဟိုကောင်းမလေးနှစ်ယောက်တော့ ရှင့်ကြောင့်ရူးတော့မယ်နဲ့

တူပါရဲ့"

စင်လုံက ပြုံးရုံပြုံးသည်။ ပြောတော့လည်း သာမန်မျှသာ။

"ဟုတ်လား"

လန်ရှန်းက ဒေါသသံကလေးဖြင့် ပြောလိုက်၏။

“ဘာဟုတ်လားလဲ၊ ကျွန်မလည်း ရှင့်အတွက်ကြောင့် ရ
တော့မယ်ရှင့်၊ ရှင် - ဒီနေ့မနက်ရောက်လာပေလို့ပဲ၊ ဆယ်ရက်
လောက်များမှ ရောက်လာရင် ဘယ်လိုဖြစ်မလဲမသိဘူး”

“ဘာဖြစ်လို့လဲကွ၊ ကျုပ်က ဘာဖြစ်နေလို့လဲ”

“ရှင်က ဘာဖြစ်ရမှာလဲ၊ ထူးဆန်းတဲ့လူတစ်ယောက် ဖြစ်နေ
လို့ပေါ့”

“ဘုရားရေ - ကျုပ်ကို ကြည့်စမ်းပါဦး။ ဘာများ ထူးထူးဆန်း
ဆန်းဖြစ်နေလို့လဲ၊ ဒီအရိုးအသား၊ ဒီအသွေးအသားနဲ့ ဖွဲ့စည်းထား
တာပါပဲ”

“ရှင့် ရုပ်ရည်က၊ ရှင့်ခန္ဓာကိုယ်က ထူးခြားတာမဟုတ်ဘူးရှင့်၊
ရှင့်စိတ်ဓာတ်က ထူးခြားနေတာ သိရဲ့လား၊ ရှင့် စိတ်ဓာတ် -
ရှင့်စိတ်ဓာတ်”

“ဘုရားရေ - ကျုပ်စိတ်ဓာတ်ကလည်း သူများလိုပါပဲကွာ”

“သူများနဲ့ မတူပါဘူး။ စိတ်ဓာတ်က သံတုံးသံခဲစိတ်ဓာတ်ကြီး
ပဲ”

“အင်း - မင်းပြောတော့မှပဲ ကျုပ်စိတ်ဓာတ်က သံတုံးသံခဲ
ကြီးဆိုတာ သိရတော့တယ်၊ ကျုပ်ဘာသာကျုပ်တော့ ဘာမှန်းကို
မသိပါဘူးကွာ”

“ကျွန်မတစ်ခုမေးမယ်၊ ရှင်နဲ့ကျွန်မတို့ ထွက်လာတုန်းက
ကြူး ချစ်ချစ်ကို ဘာဖြစ်လို့နှုတ်မဆက်တာလဲ”

“နှုတ်ဆက်လည်း ဘာထူးမှာလဲကွာ၊ ဒါကြောင့်မို့ နှုတ်မဆက်
တာပါ”

“နောက်ပြီး - ကျွန်မ ရှင့်ဘေးမှာ တစ်ချိန်လုံးအိပ်နေတာ



တောင် ကျွန်မကို လက်ဖျားနဲ့မတို့ဘူး”

“ကျုပ်က ဘာလုပ်ရားဖို့လိုသလဲ၊ မင်းလုပ်ရားရင်လည်း
အတူတူပဲ မဟုတ်လား”

သူမသည် စိတ်ဆိုးဆိုးဖြင့် ကြောင်ဖြူမလေးကို ရိုက်ထုတ်
ပစ်လိုက်မိသည်။ ကြောင်မကလေးသည် တညောင်ညောင်အော်
မြည်၍ ထွက်ပြေးသွားလေ၏။

စင်လုံက ရယ်ရင်းပြောလေ၏။

“ဒါနဲ့ ကျုပ်မေးစမ်းပါရစေဦး။ ရွှင်ပျော်ပျော်မြို့စားကြီးရဲ့တပည့်
မိန်းမမဟုတ် ယောကျ်ားမဟုတ် လွတ်ထွက်ပြေးသွားတာကတော့
ကျုပ်အတွက် သိပ်မကောင်းလှဘူးကွ၊ ဝမ်ကတော်က ကျုပ်ကို
အသေအလဲတိုက်ခိုင်းမလို့နဲ့တူတယ်နော်”

“ရှင်တွေးတာတွေ မှားနေပြီ”

“ဘာမှားလို့လဲ”

“ရှင် လူလည်ပါ”

“လူလည်ဆိုတာ တစ်ခါတစ်ရံ ထုံတတ်အတတ်တယ်ကွ”

“ဟို - မိန်းမမဟုတ် ယောကျ်ားမဟုတ်ဟာ ဒီတစ်သက်မှာ
ရွှင်ပျော်ပျော်မြို့စားကြီးနဲ့ မတွေ့နိုင်တော့ဘူးလို့ ကျွန်မတို့ရဲ့ သခင်မ
ဝမ်ကတော်ပြောခဲ့ပါတယ်ရှင်”

“ဟ - ထွက်ပြေးသွားမှတော့ ဘာဖြစ်လို့ မတွေ့နိုင်ရတော့
မှာလဲ”

“အို - ရှင်က တစ်ဖက်သတ်မတွေးပါနဲ့၊ ထွက်ပြေးတဲ့လူ
လည်း လမ်းမှာသေဆုံးချင်သေဆုံးသွားမှာပေါ့”

စင်လုံသည် လက်ဝါးချင်းပွတ်၍ ရေရွတ်လိုက်၏။

"ဩော် - ကျုပ်သိပါပြီ၊ တန်တော့ ဒီမိန်းမလျှာ အဆိပ်သင့်ပြီနဲ့တူတာပဲ၊ ဒီတော့ ရှင်ပျော်ပျော်မြို့စားကြီးနဲ့ ဘယ်တွေနိုင်တော့မလဲ၊ မြေအောက်သချိုင်းဂူထဲဝင်လို့ သေဆုံးရတဲ့လူတွေနဲ့ထပ်တူ သေဆုံးမှာပေါ့လေ"

လန်ရှန်းသည် မည်သည့်စကားမျှ ဆက်မပြောပေ။

စင်လုံက -

"ဝေဝေကိုတော့ ရှင်ပျော်ပျော်မြို့စားကြီးရဲ့ လက်ထဲမပို့သင့်ပါဘူးလေ၊ ဝေဝေဟာ စိတ်ထားရိုးသားဖြူစင်တဲ့ မိန်းကလေးပဲ"

လန်ရှန်းသည် မျက်လုံးပြူးမျက်ဆံပြူးဖြင့် စင်လုံအားကြည့်မိတော့၏။

"ရှင် - ရှင် - သူ့ကိုချစ်နေပြီလား"

စင်လုံက ရယ်လိုက်၏။

"ဘာလဲ ဘာဖြစ်လို့ ကျုပ်ကမချစ်နိုင်ရမှာလဲ"

လန်ရှန်းမှာ ရှေ့ဆက်မပြောတော့ပေ။

ထို့ကြောင့် -

"ချစ်နိုင်ပါတယ်၊ ချစ်နိုင်ပါတယ်"ဟူ၍သာ ထပ်တလဲလဲပြောနေတော့၏။

စင်လုံက ရယ်မောရင်းဆက်ပြောသည်။

"မင်းတို့ဟာ ဘယ်သူ့ကိုမှ စိတ်မချမယုံကြည်ကြဘဲကိုကွ"

"အို - ရှင့်စကားက မဆီမဆိုင်ဘဲ"



"ဒီကိစ္စမှာ မဆီမဆိုင်တာ ဘာမှမရှိဘူးကွ၊ ကျုပ်ပြောသမျှစကားဟာ ဆီဆိုင်တာချည်းပဲကွ"

"ဘာလဲ ရှင်က ဘာအဓိပ္ပါယ်နဲ့ ကျွန်မတို့ကို မယုံကြည်ဘူးလို့ ပြောတာလဲ"

"ဟိုအရက်ချက်တဲ့ ချူမင်ချင်ကိုလည်း မင်းတို့မယုံဘူး၊ မင်းတို့အတွက် အလုပ်ကောင်းကောင်းလုပ်နေတဲ့ လီတိုင်းလုံနဲ့ ချွန်းချောင်တို့ ဇနီးမောင်နှံနှစ်ယောက်ကိုလည်း မင်းတို့မယုံဘူး"

လန်ရှန်းက ရယ်ရင်းဖြေ၏။

"သူတို့ကို ယုံကြည်လို့ဖြစ်ပါ့မလား၊ သူတို့သိသမျှအကြောင်းတွေ ရှင်ပျော်ပျော်မြို့စားကြီးကို အသိမပေးဘူးလို့ ဘယ်သူက အာမခံ မှာလဲ၊ အထူးသဖြင့် ချွန်းချောင်ကိုပေါ့"

စင်လုံက တဟားဟားရယ်ရင်း -

"မင်းကကော ယုံရလို့လား"ဟု မေးလိုက်၏။

လန်ရှန်းက -

"ရှင်က လူတော်ပဲ၊ ကျွန်မကို ယုံရမရ ရှင့်ဖာသာအကဲခတ်ကြည့်ပေါ့"

"အင်း - အင်း - ကျုပ်အမြင်ပြောရရင်တော့ ခင်ဗျားဟာ"

စင်လုံသည် စကားကိုဆုံးအောင်မပြောတော့ဘဲ တံခါးမကြီးနားသို့ လျှပ်တစ်ပြက်ရောက်ရှိသွားပြီး တံခါးမကြီးကို ဆွဲဖွင့်လိုက်လေသည်။ တံခါး၏အပြင်ဘက်၌ ချွန်းချောင်သည် မတ်တတ်ရပ်နေလေ၏။

❖ ❖ ❖

ညစာစားပွဲတွင် အရက်နှင့်ဟင်းလျာများ စုံလှ၏။ ချူမင်ချင်သည် ဝမ်ကတော်ချီးကျူးထားသည့်နှင့်အညီ အရက်စပ်တော်လှ၏။ သူရောစပ်ပေးသည့် အရက်အရသာ လွန်စွာကောင်းလှကြောင်း စင်လုံကိုယ်တိုင် အသိအမှတ်ပြုရသည်။ သူသည် ဖြစ်သလို ဝတ်ဆင်ထားပြီး ဝတ်ကောင်းစားလှဖြင့်ရှိနေသည့် လီတိုင်းလုံ၏ ဘေးနား၌ အမြဲတမ်းရှိနေသဖြင့် လီတိုင်းလုံ၏ အစေခံပမာ မှတ်ထင်နေရသည်။

သို့သော် -

သူ၏မျက်နှာကို ကြည့်ပါမှ အံ့ခြေအနေသည် ပြောင်းပြန်ဖြစ်သွားတော့သည်။ သူ၏မျက်နှာ၌ အမူအရာကင်းမဲ့သည်ဟု မှတ်ထင်ရသော်လည်း မာန်မာနရှိနေကြောင်းကိုလည်း သိနိုင်ကြရသည်။ လီတိုင်းလုံ၏မျက်နှာမှာမူ ရိုကျိုးနှိမ့်ချမှုရှိ၏။ မျက်နှာအနေအထားကမူ လီတိုင်းလုံသည် ချူမင်ချင်၏ အစေခံပမာ ထင်မှတ်ရ၏။

စင်လုံသည် ချူမင်ချင်ကိုကြည့်၍ နှုတ်ဆက်စကားပြောသည်။

“ခင်ဗျားအကြောင်းကတော့ ကြားဖူးထားပါတယ်၊ ဒါပေမယ့် အခုလောက်ထူးမယ့်ပုဂ္ဂိုလ်လို့တော့ မထင်မိဘူးဗျ၊ ကျုပ်မှာလည်း အရက်မိတ်ဆွေတစ်ယောက်တော့ရှိပါတယ်၊ ခင်ဗျားနဲ့တော့မတူဘူးဗျ”

ချူမင်ချင်၏ တုန့်ပြန်စကားသည် မာကျောမှုမရှိသော်လည်း သိပ်တော့မနူးညံ့လှပါချေ။

“ကျွန်တော်က အရက်သမားမဟုတ်ပါဘူး”

စင်လုံက တအံ့တသြဖြစ်သွားသည်။

“ဩော် - ဟုတ်လား”



ထိုစဉ် လီတိုင်းလုံက ကြားဖြတ်၍ဝင်ပြောလိုက်၏။

“သခင်ကလေး - ချူမင်ချင်ဟာ အရက်ကို ဖော်စပ်ရုံတင်ဖော်စပ်တာပါ၊ အရက်ကိုလျှာဖျားနဲ့တို့ပြီး စမ်းသပ်ရုံတင်စမ်းသပ်တာပါ၊ အရက်မသောက်ပါဘူး”

စင်လုံက ဟက်ဟက်ပက်ပက်ရယ်တော့၏။

“တကယ့်လူထူးလူဆန်းပဲ၊ အရက်မသောက်တဲ့နဲ့ ဘာဖြစ်လို့ အရက်ဖော်စပ်တာလဲဗျ”

ချူမင်ချင်သည် ပြုံးရယ်လျက်ရှင်းပြသည်။

“အရက်ဖော်စပ်တာနဲ့ အရက်လေးငါးမျိုးကို ပေါင်းစပ်တာဟာ တကယ့်အနုပညာပါ၊ အနုပညာကို ကျွန်တော်ဖော်ထုတ်ပေးနေရတာကို ကျွန်တော်ပျော်တယ်၊ ပန်းချီဆရာဟာ လက်ရာမြောက်တဲ့ ပန်းချီကားတွေအများကြီးဆွဲပြီး လူတွေကိုခံစားနိုင်အောင် ကူညီတယ်၊ ကျွန်တော်ကလည်း ဒီသဘောအတိုင်းပဲခင်ဗျာ”

စင်လုံက လွန်စွာသဘောကျသွား၏။

“တကယ့် အဘိဓမ္မာတစ်ရပ်ပါပဲဗျာ”

စင်လုံမှာ သောက်ကောင်းကောင်းနှင့် အရက်ခွက်ပေါင်းများစွာကို သောက်လိုက်သည်။ လန်ရှန်းသည် စင်လုံ၏လက်မောင်းကို ကိုင်၍ မထူလိုက်၏။

“စင်လုံ - ကျွန်မတို့ရဲ့တဲကို သွားကြစို့၊ ကျွန်မကို ရှင့်ဇနီးအဖြစ်ဟန်ဆောင်နေဖို့လည်း မေ့မနေနဲ့နော်”

စင်လုံသည် လန်ရှန်း၏တီးတိုးစကားကြောင့် ရယ်လိုက်မိ၏။

“မင်းက အခုကတည်းက ကျုပ်ကိုဩဇာပေးချင်နေပြီကိုးကွ၊ မင်းကိုမယူမိသေးတာ ဘုရားမတယ်ဆိုရမှာပဲ”

စင်လုံနှင့် လန်ရှန်းတို့သည် ညစာစားပွဲမှ သူတို့တည်းခိုသည့် အိမ်ရှိရာသို့ ထွက်ခွာသွားကြလေတော့သည်။

ထို့ကြောင့် ညစာစားသည့်အခန်းတွင် ချူမင်ချင်၊ ချွန်းချောင်၊ ချွန်းဆွေ၊ မင်ကြူးနှင့် အရက်မူးနေသော လီတိုင်းလုံတို့သာ ကျန်ရှိတော့၏။

ချွန်းချောင်သည် ဤတည်းခိုခန်းများ၌ လွန်စွာသြဇာရှိသူဖြစ်ရာ ချွန်းဆွေနှင့် မင်ကြူးတို့အား ချက်ချင်းအမိန့်ပေးလိုက်သည်။

"ကဲ - ညည်းတို့နှစ်ယောက် ညည်းတို့ရဲ့ဦးလေးကို ငါတို့တည်းခိုအိမ်က အခန်းထဲသွားပို့လိုက်ကြစမ်း"

"စိတ်ချပါဒေါ်လေး၊ ကျွန်မတို့ လိုက်ပို့လိုက်ပါ့မယ်"

ချွန်းဆွေနှင့် မင်ကြူးတို့သည် လီတိုင်းလုံ၏ ခန္ဓာကိုယ်ကြီးကို တစ်ဖက်တစ်ချက်မှတွဲထူရင်း အခန်းအပြင်သို့ ခေါ်ထွက်သွားကြလေတော့၏။ အခန်းထဲတွင် ချူမင်ချင်နှင့် ချွန်းချောင်တို့နှစ်ယောက်သာ ကျန်ရှိတော့သည်။

ချွန်းချောင်သည် ချူမင်ချင်၏ရင်ခွင်ထဲသို့ တိုးဝင်လိုက်သည်။ ချူမင်ချင်သည် သူမကို အေးစက်စက်ဖြင့် ပွေ့ဖက်ထားရင်း သူစိမ်းဆန်ဆန်ငေးကြည့်နေမိသည်။

ချွန်းချောင်က မြူဆွယ်သည့်အပြုံးဖြင့် ပြုံးလိုက်ရင်း -

"ရှင်က ဘာကြည့်တာလဲ၊ ကျွန်မကို မမြင်ဘူးလို့လား"

"မမြင်ဘူးလို့ ကြည့်နေတာပေါ့ဗျာ"

"အောင်မယ် - တော်စမ်းပါ ပြောလိုက်ရင်မကောင်းဘူး။ မမြင်ဖူးလို့ပဲ၊ မြင်ဖူးရင်ခက်မယ်"

ချူမင်ချင်က -



"နေစမ်းပါဦး ခင်ဗျားဟာ ယောက်ျားမြင်တာနဲ့ စိတ်ဝင်စားတော့တာပဲလား"

"တော်စမ်းပါရှင် အရေးမကြီးတာတွေ လာပြောမနေစမ်းပါနဲ့။ စင်လုံမရောက်ခင်တုန်းကဆိုရင် ကျွန်မတို့သုံးယောက် ဒီစခန်းမှာ ဘယ်လောက်စည်းစိမ်ရှိသလဲ၊ စင်လုံသာ ဝမ်ကတော်နဲ့ လက်ဆက်ရင် ဒီစည်းစိမ်ဟာ အားလုံးလျော့ကျသွားမှာပဲ၊ ကျွန်မတို့သုံးယောက်စလုံး ဒီကနေထွက်သွားကြရလိမ့်မယ်"

ချူမင်ချင်က သက်ပြင်းချလိုက်၏။

"ဘာလဲ - ရှင်က စင်လုံကို ကျွန်မသဘောကျနေပြီ ထင်လို့လား။ ကျွန်မက စင်လုံနားကပ်တောင်မကပ်နိုင်ဘူး။ လန်ရှန်းလက်ထဲမှာ စင်လုံက အမိခံနေရပြီရှင့်"

"ခင်ဗျားပဲ ဆက်ပြောစမ်းပါဦးဗျာ"

"ကျွန်မမှာ အကြံရှိသေးတယ်၊ ကျွန်မ သူ့ကို သတ်ပစ်မယ်"

"ဘာပြောတယ်၊ ခင်ဗျားလှုပြည်မှာ ကြာကြာမနေချင်ဘူးနဲ့ ဘူတယ်၊ ဝမ်ကတော်သိသွားရင်တော့ ခင်ဗျားသေမှာပဲ"

ချွန်းချောင်က ရယ်လိုက်၏။

"ကျွန်မကိုယ်တိုင်မသတ်ပါဘူး"

"ဘာလဲ ခင်ဗျားက ကျုပ်ကို သတ်နိုင်းဦးမလို့လား"

"တော်စမ်းပါရှင်၊ မဟုတ်မဟပ်တွေ လာပြောမနေစမ်းပါနဲ့၊ ကျွန်မစိတ်ထင်တော့ ရှင်ဟာ အိပ်မက်ထဲတောင် လူသတ်ဝံ့မယ့် လူစားမျိုးမဟုတ်ဘူး"

"ဒါဖြင့်ခင်ဗျားက ဘယ်သူ့ကို သတ်နိုင်းမှာလဲ"

"ရှင် သိပ်ညံ့တာပဲ၊ မနက်ဖြန်ဘယ်သူရောက်လာမယ်ဆိုတာ

ရှင်မသိဘူးလား”

“ဘာလဲ ခင်ဗျားက ရှင်ပျော်ပျော်မြို့စားကြီးကို ပြောနေတာလား”

“ဒါပေါ့ရှင့် - ရှင်ပျော်ပျော်မြို့စားကြီးကလွဲလို့ ဘယ်သူက လွတ်လွတ်လပ်လပ်လူသတ်ရဲမှာလဲ၊ စင်လုံအသတ်ခံရပြီးရင် ဘယ်သူက သူ့ဘက်က ခေါင်းဖော်ဝံ့တော့မှာလဲ”

“ရှင်ပျော်ပျော်မြို့စားကြီးက သူ့ကို သတ်ပါ့မလား”

ချွန်းချောင်က ရယ်လိုက်၏။

“သတ်ရပါစေ့မယ်ရှင်၊ ကျွန်မမှာ နည်းလမ်းရှိပါတယ်၊ ကဲ ကျွန်မကိုသာ တင်းတင်းကျပ်ကျပ်ဖက်ထားစမ်းပါရှင်”

ချွန်းချောင်သည်လည်းကောင်း၊ ချူမင်ချင်သည်လည်းကောင်း သူတို့၏ တည်းခိုအိမ်အနီးမှ ထွက်ခွာသွားသည့်ခြေသံကို လုံးဝမကြားလိုက်ပါချေ။ ထိုသူကား စင်လုံသာတည်း။

လန်ရှန်းသည် တံခါးမကြီးကိုဖွင့်လျက် စင်လုံအား စိတ်မရှည်စွာ စောင့်ဆိုင်းနေသည်။ မကြာမီပင် စင်လုံရောက်ရှိလာ၏။

“ရှင် ဘယ်သွားနေတာလဲ”

“ကျုပ်က ညစာစားတဲ့အခန်းကိုပြန်ပြီး သူခိုးလို ချောင်းနားထောင်နေခဲ့တယ်လေ”

“သြော် - ရှင်က သူခိုးသွားလုပ်နေတာကိုး၊ ဘာများ ကြားခဲ့လို့လဲ”

“ကျုပ်ကြားခဲ့တာကိုသာ မင်းသိသွားရင် သိပ်စိတ်ဆိုးမှာပဲ”

လန်ရှန်းသည် အော်လိုက်၏။

“ချွန်းချောင်ဆိုတဲ့အမျိုးသမီးလား သူဘာတွေပြောနေသလဲ”



“ကျုပ်ကို သူကသတ်မယ်တဲ့ကွာ”

“ဒီအမျိုးသမီးကတော့ ရူးနေပြီ”

“သူ့ကို အပြစ်မတင်နိုင်ဘူး၊ သူတို့စိတ်တွေတွေပြားလာရင် ဒီလိုပဲ မဟုတ်မဟပ်တွေ ကြံစည်တတ်တာပဲ”

လန်ရှန်းသည် သူမ၏ဒေါသကိုထိန်းရင်း မေးလိုက်၏။

“သူဘယ်လိုသတ်မှာတဲ့လဲ”

“သူမသတ်ဘူးတဲ့၊ ရှင်ပျော်ပျော်မြို့စားကြီးက သတ်အောင် သူလုပ်မယ်တဲ့၊ ရှင်ပျော်ပျော်မြို့စားကြီး နက်ဖြန်လာမယ်လေ”

“ဒီအမျိုးသမီးတော့လား”

လန်ရှန်းသည် ခုတင်ပေါ်မှ ခုန်ဆင်းပြီး အပြင်ဘက်သို့ လျှောက်သွားသည်။

“ဟေ့ - မင်းဘယ်သွားမလို့လဲ”

“ဘယ်သွားရမလဲ၊ ဒီအမိုက်မကို သွားပြီးသတ်ပစ်မယ်”

“မသတ်ပါနဲ့ကွာ၊ သူ့ကိုကာကွယ်ဖို့ ကျုပ်မှာနည်းလမ်းရှိပါတယ်”

“ဘယ်လိုနည်းလမ်းလဲ၊ ကျွန်မကိုပြောစမ်းပါဦး”

“အဲဒီနည်းလမ်းက အရေးမကြီးပါဘူး၊ ရှင်ပျော်ပျော်မြို့စားကြီးလာရင် ဘယ်လိုရင်ဆိုင်ရမယ်ဆိုတာကသာ အရေးကြီးတာပါကွာ၊ ကဲ - အိပ်တော့မဟေ့”

စင်လုံသည် ခုတင်ပေါ်တက်၍ ခေါင်းမြီးခြုံအိပ်လေတော့၏။

လန်ရှန်းသည် စောင်ကို အတင်းဆွဲခွာ၏။

“ရှင်စကားကိုဆုံးအောင် ဆက်ပြောလေ”

လန်ရှန်းသည် စင်လုံကို မရမကနှိုး၍ မေးနေလေသည်
စင်လုံကားနိုးမလာ၊ နောက်ဆုံး သူမ ဘာ နှိုးရလွန်းသဖြင့် မေ
မောနှင့် အိပ်ပျော်သွားတော့သည်။

အိပ်ချင်ယောင်ဆောင်သူအား နှိုးရခက်သည်ဟု စကားပုံ
ရှိထားသည်မဟုတ်ပါလား။

လန်ရှန်းအိပ်ယာမှနိုးလာသည့်အခါတွင် စင်လုံအား မတွေ
ပါတော့ချေ။

သစ်တောဥယျာဉ်၏ နံနက်ခင်းတွင် ကျေးငှက်ကလေးများ
တေးဆိုသံများက လူတို့၏စိတ်ကို လွန်စွာကြည်နူးစေတော့
စင်လုံသည် လက်ကိုနောက်ပစ်လျက် အေးဆေးစွာ လမ်းလျှေ
နေသည်။ သူ၏အသွင်အပြင်မှာ တောမှိုရသေ့အလား အေးချ
တည်ငြိမ်လှသော်လည်း သူ၏စိတ်တွင်း၌မူ လွန်စွာပူပင်လျ
ရှိနေသည်။ ထိုစဉ်မြင်းခွာသံများ ရုတ်တရက် ဆူညံစွာ ပေါ်ပေါ
လာတော့သည်။ စင်လုံသည် နှစ်ခြိုက်စွာပြုံးလိုက်သည်။ ထို့နော
တီးတိုးရေရွတ်လိုက်သည်။

"အင်း - သူတို့အလာစောသားပဲ"

သူသည် အနီးရှိသစ်ပင်တစ်ပေါ်သို့ ခုန်တက်လိုက်၏။ သ
ကိုင်းသစ်ခက်များ၏အကြားမှ မြင်းစီးသမားနှစ်ဦးကို တွေ့မြ
လိုက်ရသည်။ အင်္ကျီရွှေရောင်ပန်းပွင့်ကြီးများ ဝတ်ဆင်ထား
နောက်ကျောပန်းထက်တွင် ဓားရိုးများပေါ်နေသည်ကို တွေ့ရှိရသ
ဓားရိုးပေါ်၌ ချည်ထားသော ဖဲပြားကြီးစသည် လေထဲ၌ တလူ
လွင့်ပျံနေသည်။

သူနှစ်ဦးသည် ခရီးလမ်းကို ကျွမ်းကျင်စွာစီးနင်းလာကြ
လီတိုင်းလုံနှင့် ချွန်းချောင်တို့ ဇနီးမောင်နှံရှိနေသည့် အိမ်ဘက်



မြင်းကို စီးနင်းသွားကြသည်။ ချွန်းချောင်သည် အိမ်ရှေ့၌ ပိုးပဝါကို
ဝှေ့ယမ်းပြရင်း မြင်းစီးသမားများနှင့် စကားပြောနေသည်။

မြင်းစီးသမားနှစ်ဦးသည် ရုတ်တရက် မျက်နှာပျက်သွားကြပြီး
"တကယ်လား" ဟု မေးလေ၏။

ချွန်းချောင်က ခေါင်းညိတ်ပြ၏။

မြင်းစီးသမားများသည် တစ်မိနစ်မျှမဆိုင်းတော့ဘဲ စင်လုံတို့၏
အိမ်ရှိရာသို့ မြင်းကိုဒုန်းစိုင်းစီးလာတော့သည်။

စင်လုံသည် ထိုမြင်းစီးသမားနှစ်ယောက်ကို ကောင်းစွာခန့်မှန်း
နိုင်လိုက်သည်။ ဤလူနှစ်ယောက်ကား အာဇာနည်မြင်းစီးသူရဲ
ကောင်း သုံးဆယ့်ခြောက်ယောက်ထဲမှ နှစ်ယောက်သာ ဖြစ်ရမည်။
မြင်းစီးကျွမ်းကျင်ကြသကဲ့သို့ သိုင်းပညာ၌လည်း ထက်မြက်ကြ
သည်။ သူတို့သည် ချွင်းချောင်နှင့် တစ်နည်းနည်းတော့ ပတ်သက်
နေသည်မှာ သေချာနေပြီ။ ယခုပင် သူ့ဆီသို့ အပြေးအလွှားလာနေ
ပြီ မဟုတ်ပါလား။

စင်လုံသည် မြင်းစီးသမားနှစ်ယောက် သူတက်နေသည့်
သစ်ပင်များအနီးသို့ရောက်သောအခါ သစ်ပင်ပေါ်မှ ခုန်ဆင်းလိုက်၏။

"ဘယ်သူ့ကို တွေ့ချင်လို့လဲဟေ့"

မြင်းစီးသမားနှစ်ယောက်တို့၏ လှုပ်ရှားမှုမှာ လျှပ်ပြက်သည့်
နှယ် လျင်မြန်လှသည်။ သူတို့၏ဓားများကို ဆွဲထုတ်လိုက်ပုံမှာ
ရိပ်ခနဲသာ မြင်လိုက်ရသည်။

"ဘယ်သူလဲဟေ့"

စင်လုံသည် သစ်ပင်ပေါ်မှ မြေကြီးပေါ်သို့ ကျလာသည်
မဟုတ်ပေ။ မြေကြီးနှင့် အနီးကပ်ဆုံးသော သစ်ကိုင်းပေါ်၌ ထိုင်

နေခြင်းသာ ဖြစ်၏။ သစ်ကိုင်းသည် နိမ့်ချည်မြင့်ချည်ဖြစ်နေသည် သစ်ကိုင်း ပေါ်မှစင်လုံသည်လည်း ချက်ချင်းပင်လိမ့်ကျတော့မည် ကဲ့သို့ လှုပ်ရမ်းနေသည်။ သို့သော် လိမ့်မကျပါချေ။ စင်လုံ၏ ကိုယ်ဖော့ပညာသည် ရင်သပ်ရှုမောဖွယ်ရာ မြင့်မားလှပေ၏။

မြင်းစီးသမားနှစ်ဦးသည် အံ့သြသွားသည်ကားမှန်၏။ သို့သော် ကြောက်လန့်ခြင်းကား လုံးဝမရှိကြချေ။ ရွှင်ပျော်ပျော်မြူးစားကြီး လက်အောက်ခံများ၏ သတ္တိကား ပြောင်မြောက်လှပေသည်။

သူတို့နှစ်ဦး၏အသက်မှာ နှစ်ဆယ့်လေးနှစ်ခန့်စီသာ ရှိကြ မြင်းစီးသမားတစ်ယောက်၏ ရင်ဝတွင် နံပါတ်ခုနစ်စာလုံးတစ်လုံး ရှိ၍ အခြားမြင်းစီးသမား၏ရင်ဝ၌ နံပါတ်ရှစ်စာလုံးတစ်လုံးပါရှိ၏ ဤနံပါတ်များကား မြင်းသည်တော်သုံးဆယ့်ခြောက်ယောက်၏ နံပါတ်စဉ်များသာ ဖြစ်ပေလိမ့်မည်။

စင်လုံက ရယ်၍ချီးကျူး၏။

"မြင်းသည်တော်တွေကတော့ တကယ့်ကို ခန့်ညားလှပါ တယ်"

နံပါတ်ခုနစ်ဖြစ်သော မြင်းအာဇာနည်က ပြန်၍မေးလိုက် သည်။

"ခင်ဗျားဘယ်သူလဲ"

"ခင်ဗျားတို့ တွေ့ချင်တဲ့လူဟာ ကျုပ်ပဲ"

သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် ကြည့် သည်ဆိုရုံမျှကြည့်ပြီး စင်လုံအား ပြန်မေးသည်။



"ခင်ဗျားဟာ ကျုပ်တို့သခင်ကြီးကို လိုက်ရှာနေသလား"

"ချွန်းချောင်က ဒီလိုပဲပြောလိုက်သလား။ ဒီအမျိုးသမီးကတော့ ...က်နေပါပြီ။ ကျုပ်ကဲမဟုတ်ဘူးပြောရင် ခင်ဗျားတို့က ယုံကြည်မှာ မဟုတ်ဘူး"

မြင်းစီးသမားနှစ်ဦးသည် တစ်ဦးကိုတစ်ဦး မျက်စပစ်လိုက်ကြ ...။ ထို့နောက် ရုတ်တရက်လှည့်ထွက်သွားကြသည်။ သို့သော် -

"ရှီး - ရှီး"

စင်လုံ၏လည်ပင်းဆီသို့ မြားငယ်နှစ်စင်း ပြေးဝင်လာသည်။ ...မြားငယ်များ၏အရှိန်မှာ သေးငယ်လှသည်မဟုတ်ပါ။ စင်လုံ၏ ...က်သည်လည်း အမှတ်မထင် မြောက်တက်သွားပြီး မြားငယ်နှစ် ...င်းကို ဖမ်းလိုက်၏။

စင်လုံက -

"ခင်ဗျားတို့ရဲ့ လက်ဆောင်တွေ ခင်ဗျားတို့ကို ပြန်ပေးရတာ ...ကု အားနာလှတယ်"

မြားငယ်ကလေးများသည် မြင်းစီးသမားနှစ်ယောက်ထံသို့ တ ...ဖြင့် ပြန်လည်ပြေးဝင်သွားကြပြန်သည်။ သူတို့ထံမှ ဓားရိပ်များ ...ပ်တစ်ပြက်ထွက်လာပြီး မြားငယ်များကို ရိုက်ထုတ်ပစ်လိုက် ...ည်။ ချက်ချင်းပင် စင်လုံရှိရာသို့ ပြန်လှည့်လာကြပြီး တစ်ယောက် ... စင်လုံ၏ခြေထောက်ကိုခုတ်ချလျက် တစ်ယောက်က စင်လုံ ...င်နေသည့် သစ်ကိုင်းကို ခုတ်ပိုင်းချလိုက်သည်။

စင်လုံသည် မြေကြီးပေါ်သို့ ပြုတ်ကျမလာပါချေ။ အခြားသစ် ...င်းတစ်ကိုင်းသို့ ကူးပြောင်းရောက်ရှိသွား၏။ ထိုသို့ကူးပြောင်းသွား ...မှ မြင်းစီးသမားနှစ်ယောက်အား ချီးကျူးလိုက်သေး၏။

"ကျိုဖုံးဓားကွက် ဆယ့်သုံးကွက်က သိပ်မဆိုးလှပါဘူး"

မြင်းစီးသမားနှစ်ဦးသည် မျက်နှာပျက်သွားကြသည်။ သူတို့ရင်ဆိုင်တွေ့နေရသည့် ရန်သူသည် ပေါ့သေးသေးရန်သူမဟုတ်ကြောင်း သိသွားသည်။ သူတို့နှစ်ယောက်ထက် သိုင်းပညာပိုကောင်းမှန်းသိသော်လည်း ကြောက်ရွံ့ခြင်းတော့ မရှိကြချေ။

သူတို့နှစ်ဦးသည် မြင်းများပေါ်မှ ရုတ်တရက်ခုန်တက်လာကြပြီး စင်လုံ၏ရင်ဝနှင့် ကျောကုန်းဆီသို့ သူတို့၏ဓားများဖြင့် ထိုးသွင်းလိုက်ကြပြန်သည်။ ထိုအခါ စင်လုံသည် မြေပြင်သို့ခုန်ဆင်းသွားခဲ့လေပြီ။ မြင်းစီးသမားနှစ်ယောက် အရှိန်ကုန်၍ မြေပြင်သို့ပြန်ကျလာချိန်တွင်မှ စင်လုံသည် မူလသစ်ကိုင်းပေါ်သို့ ပြန်လည်ခုန်တက် သွားပြန်သည်။

စင်လုံက ရယ်မောလိုက်၏။

"နောက်တစ်ခါ ခုန်မတက်ကြနဲ့ ရွှေချည်ထိုးထားတဲ့ ခင်ဗျားတို့ရဲ့အင်္ကျီတွေကသိပ်လှပတယ်၊ မတော်မဆ သစ်ကိုင်းတွေနဲ့ ထိမိငြိမိရင် အင်္ကျီတွေ စုတ်ပြဲကုန်လိမ့်မယ်"

မြင်းစီးသမားနှစ်ဦးသည် စင်လုံအား အကြိမ်ကြိမ်ခုန်တက်တိုက်ခိုက်ကြ၏။ စင်လုံကလည်း အကြိမ်ကြိမ်ခုန်ဆင်းလိုက် ခုန်တက်လိုက်ဖြင့် ရှောင်တိမ်းသည်။ တစ်ကြိမ်မျှ ပြန်လှန်တိုက်ခိုက်ခြင်း မရှိပေ။

ရှစ်ကြိမ်မျှ ခုန်တက်လိုက် ခုန်ဆင်းလိုက်ဖြင့် တိုက်ခိုက်ပြီးကြသောအခါတွင်မှ စင်လုံပြောသည့်အတိုင်းပင် သူတို့၏ လှပသောအင်္ကျီများစုတ်ပြဲကုန်တော့သည်။ သူတို့၏ တစ်ကိုယ်လုံးမှာလည်း



ချွေးများဖြင့် ရွှဲရွှဲစိုလျက် ရှိနေပေပြီ။ သူတို့၏တိုက်ခိုက်မှုသည် စင်လုံ၏ အင်္ကျီကိုပင်ထိအောင် မစွမ်းဆောင်နိုင်သဖြင့် နှစ်ယောက်စလုံး အံတင်းတင်းကြိတ်၍ ထပ်မံခုန်တက်လာကြပြန်သည်။

စင်လုံသည် စိတ်ထဲမှချီးကျူးလိုက်သည်။

"တော်တော်ကလေး ဇွဲကောင်းတဲ့လူတွေပဲ"

ဤတစ်ကြိမ်တွင်မူ စင်လုံသည် မြေပြင်သို့အပြီးသတ်ခုန်ဆင်းလိုက်တော့၏။ မြင်းစီးသမားနှစ်ယောက်၏ ဓားများသည် မြွေဆိုးများပေါက်သကဲ့သို့ လျှပ်တစ်ပြက်ဝင်လာကြသည်။ သူတို့နှစ်ဦးသည် လျှင်မြန်ရုံမျှမက နှစ်ဦးစပ် ပူးပေါင်းညီညွတ်မှုလည်းရှိ၏။ သူတို့၏ ဓားများသည် မည်သည့်နေရာသို့ ဦးတည်လာမည်မှန်းလည်း ခန့်မှန်း၍မရလောက်အောင် ခက်ခဲသည်။

သို့သော် စင်လုံ လက်ဝါးနှစ်ဖက်လှုပ်ရှားသွားသည့် အချိန်တွင်မူ -

"ချွမ်း" "ဖြောင်း"

ဓားဦးချွန်နှစ်ခုသည် ကျိုးပြတ်လျက် စင်လုံ၏လက်ထဲပါသွားသည်။ ထို့ပြင် ထိုဓားဦးချွန်များသည် သူတို့ရှိရာသို့ ပြေးဝင်လာသဖြင့် ဓားကျိုးများဖြင့် ရိုက်ထုတ်ပစ်လိုက်ရသည်။ မြင်းစီးသမားနှစ်ဦးသည် ထိုသူ၏ပညာကို အံ့ဩသည်ထက် သူတို့နှင့်သက်တူရွယ်တူ လူငယ်တစ်ယောက်ကို တွေ့လိုက်ရခြင်းအတွက် ပို၍အံ့ဩသွားကြပုံရသည်။

စင်လုံက ရယ်ရင်းမေးလိုက်၏။

“ဘယ်လိုလဲ ထပ်ပြီးတိုက်ကြဦးမလား”

မြင်းစီးသမားနှစ်ဦးသည် ကြေကွဲဝမ်းနည်းသံဖြင့် ပြိုင်တူဖြေကြသည်။

“မတိုက်တော့ပါဘူးဗျာ”

“ဒါဖြင့်လည်း ခင်ဗျားတို့နှစ်ယောက် ပြန်ကြပါတော့”

“ကောင်းပါပြီ”

သူတို့သည် မြင်းများပေါ်သို့ ခုန်တက်ရင်း သူတို့၏ဝမ်းဗိုက်များဆီသို့ ဓားကျိုးများကို ထိုးသွင်းလိုက်ကြတော့သည်။ သို့သော် စင်လုံ၏လက်က သူတို့ထက်ပိုမြန်သည်။ သစ်ကိုင်းနှစ်ချောင်းသည် မြင်းစီးသမားနှစ်ယောက်၏ လက်ကောက်ဝတ်များဆီသို့ အရှိန်ပြင်းစွာ ပြေးဝင်သွားရ မြင်းစီးသမားများ၏လက်သည် ထုံကျင်သွားကြပြီး ဓားများကို မဆုပ်ကိုင်နိုင်လောက်အောင် ဖြစ်သွားကြရတော့သည်။

“ချွမ်း - ချလွမ်း”

ဓားကျိုးနှစ်ချောင်းသည် မြေပေါ်သို့ ကျသွားလေ၏။

မြင်းစီးသမားတစ်ဦးက စိတ်မကောင်းခြင်းကြီးစွာဖြင့် စင်လုံအား မေးလိုက်သည်။

“ဘာဖြစ်လို့ ကျုပ်တို့ကို တားမြစ်ရတာလဲဗျာ”

“ခင်ဗျားတို့ရဲ့စည်းကမ်းက မဟုတ်သေးပါဘူး။ ရှုံးတာနဲ့ သတ်သေရတော့မလား။ သိုင်းလောကရဲ့စကားတစ်ခုကို မကြားမိဘူးလား။ မြင့်သောတောင်ထိပ်တစ်ခုထက် အခြားပိုမြင့်သော တောင်ထိပ်တစ်ခုရှိနေတယ်ဆိုတာလေ”



“ဒါကတော့ စည်းကမ်းပိုင်းပဲဗျာ၊ ကျုပ်တို့လည်း မတတ်နိုင်ဘူး။ ကျုပ်တို့ဂိုဏ်းမှာက လူရှိရင် ဓားရှိရမယ်၊ ဓားကျိုးရင် လူသေရမယ်၊ ဒါပါပဲ”

“ကျုပ်တစ်ခုတောင်းဆိုလိုက်မယ်၊ ကျုပ်က နိုင်တဲ့လူဆိုတော့ ခင်ဗျားတို့ ကျုပ်ကိုကတိပေးသင့်တယ်”

“ပြောပါ၊ ကျုပ်တို့ တတ်နိုင်တာဆို ကတိပေးပါမယ်”

“ကောင်းပြီ - ခင်ဗျားတို့သခင်ကြီးဆီကို အမှာစကားတစ်ခု ပြန်ပို့ရုံပါပဲ၊ ဒီအမှာစကားပြန်မပို့ရသေးခင် ခင်ဗျားတို့ ကိုယ့်ကိုယ်ကို သတ်မသေရဘူး”

“ကောင်းပါပြီ၊ ကျုပ်တို့ကတိပေးပါတယ်၊ ခင်ဗျားရဲ့ အမှာစကားကိုပြောပါ”

“ခင်ဗျားတို့သခင်ကြီးကို ပြောလိုက်ပါ။ စင်လုံက လေးစားစွာမှာကြားလိုက်ပါတယ်၊ ဓားကျိုးပေးမယ့်လူတော့ ရှိပါစေလို့”

“ဟာ - ဒါကတော့ဗျာ”

“ခင်ဗျားတို့ ကျုပ်ကို ကတိပေးပြီးပြီ”

“ကောင်းပါပြီဗျာ - ကောင်းပါပြီ၊ ကျုပ်တို့ကတိအတိုင်း ဆောင် ရွက်ပါမယ်၊ ခင်ဗျားဟာ ကျုပ်တို့ ကြားဖူးတာထက်တောင် ပိုပြီးတော်ပါပေတယ်ဗျာ”

မြင်းနှစ်စီးသည် လာလမ်းအတိုင်း ဒုန်းစိုင်းထွက်ခွာသွားလေတော့၏။

❖ ❖ ❖

နေရောင်ခြည်သည် ပြတင်းပေါက်မှ တိုးဝင်လျက်ရှိ၏။ ခုတင်ပေါ်၌ လဲလျောင်းနေသည့် လှပသောခန္ဓာကိုယ်ပေါ်သို့ နေရောင်ခြည်ကျရောက်နေသည်။ သူမသည် အိပ်မပျော်ပါချေ။ စိတ်ဆိုးနေသည်။ စင်လုံကို လွန်စွာစိတ်ဆိုးနေပါ၏။

ထိုစဉ် စင်လုံသည် အခန်းတွင်းသို့ ဝင်လာတော့၏။ စင်လုံသည် လန်ရှန်း၏ ကိုယ်လုံးကလေးကို သစ်တုံးကြီးတစ်တုံးပမာ အမှတ်မထင်သာ ကြည့်သည်။

"ဘယ်လိုလဲဟ မင်းနိုးနေပြီလား"

လန်ရှန်း၏မျက်ခုံး၌ သေးသွယ်သော မျက်ခုံးမွေးကလေးများ ရေးရေးဆွဲထားသည်။ သူမက စင်လုံအား တပ်မက်သောလေသံဖြင့် ပြောသည်။

"ရှင် မမြင်ဘူးလား။ ကျွန်မ ရှင့်ကိုစောင့်နေတာရှင့်၊ မိန်းကလေးတစ်ယောက်က ယောကျ်ားတစ်ယောက်ကို ဒီလိုပြောရတာ ဘယ်လောက်ရှက်စရာကောင်းသလဲ၊ အခုတော့ ရှင်ဟာ တကယ့်ငှက်ပျောတုံးပဲ"

"ဟုတ်ပါတယ်၊ ဒီရက်တွေအတွင်းမှာ ကျုပ်ဟာ ငှက်ပျောတုံးလောက်တောင်အသုံးမကျတဲ့ လူသေဖြစ်ဖို့ များနေတာပဲကွ"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ရှင်ဟ လူသေထက်တောင် ဆိုးသေးတယ် သိလား။ ရှင်ဟာ လူမဟုတ်ဘူး"

စင်လုံက ရယ်လိုက်၏။

"မင်းဟာ တစ်နေ့တစ်နေ့ ကျုပ်ကို စိတ်ဆိုးဖို့လောက်ပဲ စဉ်း စားနေတာကိုးကွ၊ ထ - ထ လှလှပပဖြီးလိမ်းဝတ်ဆင်ထားပေတော့၊ တော်တော်ကြာ ရွှင်ပျော်ပျော်မြို့စားကြီး ကြွရောက်လာတော့မယ်၊ သူဟာ မိန်းမချောလေးတွေကိုတော့ ဘယ်တော့မှ မငြင်း



ပယ်ဘူးလို့ သိရတယ်၊ ဒီတော့ သူလာရင် မင်းက ကျုပ်ကိုစိတ်ဆိုးတော့မယ်မထင်ဘူး"

လန်ရှန်းသည် ခုန်ထရင်း ထိတ်လန့်စွာမေးလိုက်မိတော့လေ၏။

"ရှင် - သူလာတော့မယ်ဟုတ်လား"

"ဟုတ်တယ်၊ သတ်မှတ်ထားချိန်ထက် ပိုစောပြီး လာလိမ့်မယ်"

"ရှင်က ဘယ်လိုလုပ်သိရတာလဲ"

"အခုလေးတင်ပဲ သူ့ရဲ့မြင်းစီးသူရဲကောင်းနှစ်ယောက်နဲ့ တွေ့ခဲ့တာပဲ"

"သူတို့ ချွန်းချောင်နဲ့ တွေ့သွားကြသေးသလား"

"မင်းက ဘယ်ဆိုးလို့လဲ၊ တွေးတတ်သားပဲ၊ မြင်းစီးသူရဲကောင်း နှစ်ယောက်က ချွန်းချောင်နဲ့ အလျင်တွေ့တာပဲ"

"ရှင့်ကိုသတ်ပစ်ဖို့ ပြောမှာပေါ့"

"ဒါပေါ့ - ဒါပဲပြောတာပေါ့"

"ကောင်းတယ်၊ ရွှင်ပျော်ပျော်မြို့စားကြီးလာရင် ရှင်ဟာသူ့ကိုလာသတ်တဲ့လူပါလို့ ပြောလိုက်မယ်၊ ဒါမှ သူကရှင့်ကို ချက်ချင်းသတ်မှာ"

"ဟား - ဟား - ဟား - ကောင်းပဲ့၊ ကောင်းပဲ့။ အမိတို့သဘောအတိုင်းပါပဲဗျာ"

လန်ရှန်းသည် ခြေထောက်ဆောင့်ရင်း -

"တော်စမ်းပါ။ ရှင်ဟာ ဘာမှအပူအပင်မရှိဘူး။ ဟိုမြင်းစီးသူရဲကောင်းတွေကော သေကုန်ပြီလား"

“မသေပါဘူး၊ ကျုပ်က သတင်းပေးဖို့ ပြန်လွှတ်လိုက်တယ်”

“ဘုရားရေ ရှင် ဘာဖြစ်လို့ ဒီလို လွှတ်လိုက်ရတာလဲ၊ သူက ရှင့်ကို လုံးဝခွင့်လွှတ်မှာမဟုတ်ဘူး၊ ရှင့်ကို သတ်လိမ့်မယ်”

“သူ့တပည့်တွေကို အနိုင်ယူလိုက်လို့လား၊ သူ့ကို မထေမဲ့မြင် လုပ်တယ်ထင်လို့လား၊ ဘာကြောင့်သတ်မှာလဲ”

“အဲဒီအချက်တွေလည်းပါတယ်၊ ရှင်ဟာ သိုင်းလောကမှာ ဘယ်လောက်ကျော်ကြားနေတယ်ဆိုတာ ရှင်တကယ်မသိဘူးလား၊ နောက်ပြီး ရှင်ဟာ သူ့ကိုသတ်ဖို့ကြိုးစားနေတဲ့လူဆိုတာ သူသိနေမှာပဲ၊ သူ့မှာ နားပေါင်းတစ်ထောင်မကာ ရှိတယ်ရှင့်”

“မင်းမစိုးရိမ်ပါနဲ့ကွာ၊ သူဟာ ကျုပ်ကို ကျိန်းသေသတ်မယ်လို့ မဆိုနိုင်သေးပါဘူး၊ ကျုပ်ဟာ သူ့အတွက် တကယ်အန္တရာယ်ပေးမယ့် လူလားဆိုတာ သူ သေသေချာချာစုံစမ်းဦးမှာပေါ့”

“ဘုရားရေ ဒီစမ်းသပ်နည်းက ရှင့်အဖို့ ဘယ်လောက်သေဘေးနဲ့နီးတယ်ဆိုတာ ရှင် မတွေးမိဘူးလား”

“ကျုပ်မသေနိုင်ပါဘူး၊ သိပ်မစိုးရိမ်ပါနဲ့”

လန်ရှန်းသည် ခြေကိုဆောင့်ရင်း အော်ပြောလိုက်မိသည်။

“ရှင် - ရှင် - သေသွားရင်ကောင်းမယ်၊ ရှင်သေရင် ကျွန်မ ရှင့်အတွက် မျက်ရည်မကျဘူး သိလား”

စင်လုံက ရယ်လိုက်ပြီး -

“မိန်းမချောကလေးတစ်ယောက်ရဲ့ မုန်းတီးခြင်းကိုခံရတာဟာလည်း လူ့လောကထဲမှာ ပျော်စရာတစ်မျိုးပါပဲကွာ၊ လောကမှာ ယောက်ျားတွေအများကြီးရှိပေမယ့် တော်တော်များများဟာ ဒီလို ပျော်ရွှင်မှုမျိုးကို မခံစားနိုင်ကြဘူးကွ”



စင်လုံသည် ကျယ်လောင်စွာ အော်ဟစ်ရယ်ရင်း တံခါးအနီးသို့ လျှပ်တစ်ပြက်ရောက်ရှိသွားပြီး တံခါးကို ဖျတ်ခနဲဆွဲဖွင့်လိုက်သည်။ ချွန်းချောင်အား တံခါးဝ၌ တိုးလိုးတန်းလန်းကြီး မိနေတော့သည်။

စင်လုံက ရယ်မောရင်းမေးလိုက်၏။

“ထမင်းစားလာခေါ်တာလား ချွန်းချောင်၊ ထမင်းစားလာခေါ်တာဆိုရင် သိပ်စောလွန်းနေသေးတယ်”

ချွန်းချောင်မှာ မျက်နှာတစ်ပြင်လုံး ရဲတွတ်နေ၏။

စင်လုံ၏နားပါးမှုကို မယုံနိုင်အောင်ဖြစ်နေမိတော့သည်။

စင်လုံကရယ်ရင်း -

“ကျုပ်က နားပါးလွန်းတော့ အိပ်လို့လည်း မပျော်တော့ပါဘူးဗျာ၊ ခြေသံကြားတိုင်း မကြာခဏနိုးတော့တာပဲ”

ချွန်းချောင်၏မျက်နှာမှ ပိုမိုနီရဲလာတော့သည်။

“ကျွန် - ကျွန် - ကျွန်မ - ကျွန်မ လာ လာကြည့်တာပါ”

“ဘာလာကြည့်တာလဲ၊ ကျုပ်အလောင်းကို လာကြည့်တာလား”

ချွန်းချောင်သည် ပထမပိုင်း၌ ထစ်အနေသော်လည်း နောက်ပိုင်း၌ အတော်ကလေးကျွမ်းကျင်ရရပြန်ပြောနိုင်သည်။

“အို သခင်ကလေးကလည်း ရယ်စရာပြောနေပြန်ပါပြီ”

စင်လုံက အားရပါးရ ရယ်မောလေ၏။

“ဟုတ်တယ် - ကျုပ်ကရယ်စရာပြောတယ်၊ ဒါပေမယ့် လူတော်တော်များများတော့ ကျုပ်ကိုရယ်စရာမပြောစေချင်ဘူး၊ တစ်သက်လုံး ပါးစပ်ပိတ်နေစေချင်တယ်၊ ကျုပ်ကလည်း မသေ

နိုင်ဘူး။ ဒီတော့ သူတို့က ကျုပ်ကို စိတ်နာပြီးရင်း စိတ်နာနေတော့ တာပေါ့လေ"

ချွန်းချောင်က -

"သခင်ကလေးနဲ့ လန်ရှန်း ကောင်းကောင်းအိပ်ပျော်ရဲ့လားလို့ ကျွန်မလာကြည့်တာပါ"

လန်းရှန်းက မရယ်ချင့်ရယ်ချင်ဖြင့် ရယ်လိုက်ပြီး -

ကျွန်မတို့က အိပ်လို့ကောင်းပါတယ်၊ ရှင် အိပ်လို့မကောင်းမှာကိုပဲ ကျွန်မတို့က စိုးရိမ်နေမိတယ်၊ ရှင်လည်း ကောင်းကောင်း အနားယူဦး။ ဟိုလျှောက်သွား၊ ဒီလျှောက်သွားသိပ်လုပ်မနေနဲ့ ရှင့်ကြည့်ရတာ ကျွန်မတော့ ပင်ပန်းလှပြီ တစ်ခါတစ်ရံလည်း စိတ်ချလက်ချ ကောင်းကောင်းအိပ်လိုက်စမ်းပါ"

သာမန်အချိန်များ၌ဆိုလျှင် ချွန်းချောင်သည် တစ်ခွန်းမခံ ပြန်ပြောမိမည်မှာ သေချာလှပါသည်။ သို့သော် လှမိထားသဖြင့် တစ်ခွန်းမျှပြန်မပြောနိုင်အောင် ဖြစ်နေခဲ့ရရှာသည်။ ရှက်လွန်းလှသဖြင့် သူမအား မြေမျိုသွားပါစေဟုပင် ဆုတောင်းလိုက်မိရှာသည်။

စင်လုံက ရယ်မောလိုက်၏။

"အရေးကြီးတဲ့ဧည့်သည်တွေလည်း လာတော့မယ်၊ ချွန်းချောင်တို့လည်း ကျုပ်အနားမှာ မရှိသင့်တော့ဘူး။ ရှိနေရင် စိတ်ထဲမှာ မကြည်မလင်ဖြစ်ပြီး ခင်ဗျားပဲ သောကရောက်နေမှာ သေချာတယ်"

"ဟုတ် - ဟုတ်ကဲ့၊ ကျွန်မတို့ ထွက်သွားပါတော့မယ်"

စင်လုံက -

"ကျုပ်တို့ကတော့ ချွန်းဆွေကိုခေါ်ပြီး လည်လိုက်ပတ်လိုက် ဦးမယ်၊ မရောက်ဖူးသေးတဲ့နေရာတွေ လျှောက်ကြည့်လိုက်ဦးမယ်၊ ချွန်းဆွေကို ဒီလွှတ်လိုက်စမ်းပါ"

"ဟုတ် - ဟုတ်ကဲ့၊ သခင်ကလေးရဲ့အမိန့်အတိုင်း လိုက်နာပါ့မယ်"

သူမသည် ခါးကိုနှိမ့်၍ လျှောက်ထွက်သွားသည်။

လန်ရှန်းက လှမ်းပြောလိုက်သည်။

"ချွန်းချောင် - ခါးကိုသိပ်နှိမ့်ပြီးမလျှောက်နဲ့ တော်ကြာ ခါးကျိုးသွားဦးမယ်၊ ခါးကျိုးသွားမှ စိတ်နာစရာကောင်းတဲ့ယောက်ျားဟာ တစ်ယောက်တည်းရှိတာမဟုတ်ဘူးဆိုတာ သိသွားမယ် -"

မကြာမီ ချွန်းဆွေသည် စင်လုံတို့ရှိရာသို့ ရောက်လာသည်။ ခိုက်ဟိုလင်သစ်တောဥယျာဉ်အတွင်း လည်ပတ်ရန် သူမအား ခေါ် သည်ဆိုသဖြင့် ချွန်းဆွေမှာ ရင်တဒိတ်ဒိတ်ခုန်နေသည်။

သစ်တောဥယျာဉ်အတွင်း၌ နေခြည်ပြောက်ကလေးများ ဟိုတစ်ကွက် သည်တစ်ကွက် ကျနေသည်။ သစ်ရွက်များ လေတိုးသောအခါ နေခြည်ပြောက်ကလေးများသည် ပေါ်လိုက်ပျောက်လိုက်ဖြင့် ရှုမြင်သူများအဖို့ အမြင်ပသာဒ အမြင်ဆန်းကိုဖြစ်ပေါ်စေသည်။ ကျေး ငှက်သံ ချိုချိုလေး ဖြည့်စွက်လိုက်သောအခါ ခိုက်ဟိုလင် သစ်တော ဥယျာဉ်သည် ကမ္ဘာပေါ်၌ အသာယာဆုံးနေရာ ဖြစ်သွားလေတော့သည်။

စင်လုံသည် သူ မသိသည့်နေရာများကို ချွန်းဆွေအား မေးမြန်းနေသည်။ ချွန်းဆွေသည် စင်လုံမေးသမျှ အပြည့်အစုံ ဖြေပေးသည်။ သူမ၏ အခြားတစ်ဘက်တွင် အခြားမိန်းကလေး တစ်ယောက် ရှိနေသည်ကိုပင် သတိမရလောက်အောင် ချွန်းဆွေ ရင်ခုန်နေရှာတော့သည်။

ထိုစဉ် မြင်းခွာသံများနှင့် လှည်းဘီးမြည်သံများကို ရုတ်တရက် ကြားလိုက်ရတော့သည်။ တောင်ဆင်ခြေလျှောမှနေ၍ အောက်ဘက်သို့ မောင်းနှင်လာသည့် အဖြူရောင်မြင်းရထားကြီးကို လှမ်းမြင်နေကြရသည်။ မြင်းရထားကြီးသည် ခန့်ညားလှသကဲ့သို့ မြင်းကြီးများမှာလည်း ထိတ်ထိတ်ကြဲ နာမည်ကြီးမြင်းအမျိုးအစားများဖြစ်သည့် မွန်ဂိုမြင်းကြီးများဖြစ်ကြောင်း ခြေထောက်ကို မြင်ရုံနှင့် သိသာလှသည်။

မြင်းလှည်းမောင်းသူကိုလည်း ကြည့်ပါလေဦး။ ပျော့ပျောင်းသော ပိုးသားအင်္ကျီသည် တောက်ပြောင်လှ၏။ ဣန္ဒြေကလည်း ကောင်းလှသည်။ မြင်းလှည်းမောင်းသူနှင့်မတူပါချေ။ သူသည် မြင်းလှည်းကို ဖြည်းဖြည်းတစ်လှည့် မြန်မြန်တစ်လှည့် လမ်းခရီးအခြေအနေကိုကြည့်၍ မောင်းနေသည်။

ဤမြင်းရထား၏အခြေအနေကို ဤမျှပြောပြရုံဖြင့် ပြည့်စုံလိမ့်မည်မဟုတ်ပါချေ။ ရှေ့ဘက်တွင် မြင်းစီးသူရဲရှစ်ယောက်၊ မြင်းရထား၏နောက်တွင် မြင်းစီးသူရဲရှစ်ယောက်တို့ကလည်း အခြံအရံအစောင့်အရှောက်အဖြစ် လိုက်ပါစောင့်ရှောက်လာကြသေး၏။ ထိုမြင်းစီးသူရဲများ၏ အဝတ်အစား အဆောင်အယောင်များကလည်း တောက်ပပြောင်လက်လှသည်။ ဟိတ်ဟန် မင်မောင်းကလည်း ကောင်းလှသည်။

စင်လုံက ချီးကျူးလိုက်သည်။

"တယ်လည်း ထည်ဝါခန့်ညားလှပါကလား"

လန်ရှန်းက အထိတ်တလန့်ဖြင့် ချွန်းဆွေအား မေးလိုက်သည်။

"ဒါ - ရှင်ပျော်ပျော်မြို့စားကြီးလား"



ချွန်းဆွေက ရယ်လိုက်၏။

"ဘယ်ကလာ ရှင်ပျော်ပျော်မြို့စားကြီးဟုတ်ရမှာလဲ လန်ရှန်းရဲ့ ရှင်ပျော်ပျော်မြို့စားကြီးသာ ဒီပုံစံမျိုးနဲ့ရောက်ရင် မိုးပြိုကျလိမ့်မယ်၊ သူ့မြင်းတွေ မြင်းလှည်းတွေ မောင်းလာရင် ငလျှင်တော်လဲသံထက်တောင် ဆိုးသေးတယ်"

လန်ရှန်းက မေးလိုက်၏။

"ဒါဖြင့် သူဘယ်သူလဲ"

ချွန်းဆွေက ပြောပြသည်။

"သူဌေးကြီး ကျင့်လန်ကျိုးလေ"

စင်လုံက ရယ်လိုက်၏။

"ဟား - ဟား - ဟား - ကျင့်လန်ကျိုးကတော့ ကြွားဝါတဲ့နေရာမှ နှစ်ယောက်မရှိဘူးနဲ့တူတယ်၊ သူက ဘယ်လောက်ချမ်းသာသလဲ လုံမလေး"

"ကျွန်မကတော့ တိတိကျကျမသိပါဘူး သခင်ကလေး၊ သူ့အိမ်ဟာ အင်မတန် ကျယ်ဝန်းကြီးမားတဲ့ ခြံကြီးထဲမှာ ရှိတယ်ဆိုတာရယ်၊ သူပိုင်တဲ့ရတနာတွေဟာ တိုင်းပြည်တစ်ဝက်စာလောက်ရှိတယ်ဆိုတာရယ်လောက်ပဲ ကြားဖူးပါတယ်"

စင်လုံက လက်ခုပ်လက်ဝါးတီးရင်း ပြောလိုက်၏။

"ဟား - ဟား - ဟား - ဒါလောက်ဆိုရင် သူကြွားတာ မဆိုးပါဘူး။ ကြွားဝါသင့်တယ်လို့ ဆိုရမယ်"

စင်လုံ၊ လန်ရှန်းနှင့် ချွန်းဆွေတို့သည် စကားတပြောပြောနှင့် ကြည့်နေကြသည်။ ထိုစဉ် မြင်းလှည်းတန်းကြီးတစ်တန်း မောင်းနှင်လာသည်ကို တွေ့ရပြန်သည်။

ထိုမြင်းလှည်းတန်းကြီးတွင် မြင်းဆယ့်ခြောက်ကောင် တပ် ဆင်ထားသည်။ မြင်းလှည်းအိမ်ကြီးတစ်ခုလုံး ရွှေချထားယုံမျှမက လှည်းဘီးများ၌လည်း ရွှေများပင်ဖြစ်ဟန်ရှိသည်။ ထို့မျှသာမကသေး ပေ၊ မြင်းဆယ့်ခြောက်ကောင်၏ ဘယက်တန်ဆာ၊ ကကြိုးတန် ဆာများသည်လည်း ရွှေများချည်းဖြစ်၏။ မြင်းလှည်းမောင်းသူ၏ ကိုယ်၌လည်း ရွှေများပြည့်နက်လျက် တပြောင်ပြောင်တလက်လက် ဖြစ်နေ၏။ ယုတ်စွအဆုံး သူကိုင်ထားသည့် ကြာပွတ်သည်ပင် ရွှေကျာပွတ်ဖြစ်နေချေသေး၏။

စင်လုံသည် ထိုမြင်ကွင်းကို တွေ့မြင်လိုက်ရသောအခါ တ ဟား ဟား အော်ရယ်တော့သည်။

"လူ့မျက်နှာတွေကိုပါ ရွှေချဖို့လိုသေးတယ်၊ ဒါမှ တန်ဆောင် ထဲက နတ်ရုပ်တွေလိုဖြစ်သွားမယ်၊ ဘာဖြစ်လို့ မျက်နှာကျမှ ချ ထားရတာလဲမသိဘူး၊ ဟား - ဟား - ဟား"

ချွန်းဆွေက ဝင်ပြောပြသည်။

"သူက ရွှေတွေသိပ်ပေါတော့ လုပ်ချင်တိုင်းလုပ်နေတော့တ ပါပဲ"

စင်လုံက အရယ်မပျက်သေးဘဲ ဆက်မေးသည်။

"သူက ဒီလောက်ရွှေတွေသုံးနိုင်ရလောက်အောင် ဘ အဆင့် အတန်းရှိတဲ့လူမို့လို့လဲ"

"သူက အစကတော့ မြင်းတွေလားတွေမောင်းတဲ့လူပါ ဒါပေမယ့်ကံကောင်းချင်တော့ ရွှေတွင်းလေးငါးတွင်းလော တွေသွားခဲ့တယ်၊ သူ့အိမ်ထဲကို ရွှေလှည်းတွေ တစ်စီးပြီးတစ် ဝင်လာခဲ့တယ်၊ သူလည်း "ကျိုးထန်းဖု" ဆိုတဲ့ သူဌေးဘွဲ့ခံလိုက် ပဲ"



"သြော် - ဒီလူက ကံကောင်းပြီး ချမ်းသာခဲ့တဲ့လူကိုး" လန်ရှန်းက မေးလိုက်၏။

"သူက သူဌေးဘွဲ့နဲ့လိုက်အောင် ခန့်ခန့်ညားညားကော ရှိရဲ့ ...။"

ချွန်းဆွေက ရယ်လိုက်၏။

"ရှိပါသော်ကော မမရယ်၊ သူက လူဝံနဲ့သိပ်တူတာမဲ့"

အားလုံး ရယ်မောလိုက်မိကြသည်။ လူဝံနှင့်တူသည့် ရွှေသူ ၏မြင်းများ၊ မြင်းရထားများလည်း ဖြတ်ကျော်မောင်းနှင်သွားပြီး ပြီ။

စင်လုံသည် မြင်းရထားများဝင်လာသည့်လမ်းကို မျှော်ကြည့် ဆက်ပြောလိုက်မိ၏။

"အင်း - ဒီပုံအတိုင်းဆိုရင် နောက်ထပ်လည်း ရောက်လာ လိမ့်ဦးမယ်နဲ့တူတယ်"

ချွန်းဆွေက ခေါင်းညိတ်ပြ၏။

"ဟုတ်ပါတယ် သခင်လေး၊ နောက်ထပ် လူစုခုနစ်စု လောက် က်လာကြပါလိမ့်ဦးမယ်"

"ဘယ်သူတွေဖြစ်မလဲ"

"သူဌေး၊ သူကြွယ်တွေပါပဲ"

ထိုစဉ် မြင်းခွာသံများကို ကြားလိုက်ကြရပြန်သည်။ ၌တစ်ကြိမ်တွင် လူအတော်များသည်။ တူညီဝတ်စုံများ ဝင်ထားသည်။ သို့သော် သူတို့၏အလယ်မှ လူတစ်ယောက် မြင်ရုံနှင့်သိသာလှသည်။ အဘယ်ကြောင့်ဆိုသော် သူ၏ရုပ် မှာ အခြားသူများနှင့် လုံးဝမတူဘဲ ကွဲပြားခြားနားနေသော

ကြောင့်ပေတည်။

သူသည် ကြောင်တစ်ကောင်၏ မျက်နှာနှင့်တူလှသည်။

သူ့အမည်ကား "လုံစစ်ပိုင်" ဖြစ်သတည်း။

သူသည် တရုတ်ပြည် မြစ်ဝါမြစ်အတက်ပိုင်း၌ မျှောချေ... သစ်ဖောင်များကို ကိုင်တွယ်ဖြေရှင်းပေးရသူဖြစ်၏။ မြစ်ဝါမြစ်သ... လွန်စွာရေးစီးသန်လှသဖြင့် သာမန်ဖောင်မျှောသမားများ မည်သ... ကိုင်တွယ်မဖြေရှင်းနိုင်ပေ။ လုံစစ်ပိုင်တစ်ယောက်သာ ထိုအခက်... ကို ဖြေရှင်းပေးနေရသည်။

လန်ရှန်းက လုံစစ်ပိုင်အား လှမ်းမျှော်ကြည့်ရင်း မှတ်ချ... ချသည်။

"သူဝတ်စားထားပုံကိုက လက်အောက်ငယ်သားတွေနဲ့ ... တူ ဝတ်ဆင်ထားတယ်၊ ဒီအချက်ကိုက သူဟာသာမန်လူတ... မဟုတ်ဘူးဆိုတာ ပြနေတယ်၊ ဒါပေမယ့် သူ့ရဲ့သိုင်းပညာ ဘ... လောက် အဆင့်ရှိမယ်ဆိုတာတော့ မသိရဘူး"

လန်ရှန်းသည် စင်လုံအားကြည့်ရင်း -

"ကိုယ်က အသားစားပြီး လက်အောက်ငယ်သားတွေ... အရိုးပေးတဲ့ခေါင်းဆောင်ဟာ ခေါင်းဆောင်ကောင်း ဖြစ်နို... မလားဟင်"

စင်လုံက လေးနက်စွာပြောလိုက်သည်။

"တစ်ချို့မှာ ခေါင်းဆောင်ဖြစ်နိုင်တဲ့ အရည်အချင်း ... တည်းက ပါလာကြတယ်၊ သူ့ကိုကိုးကွယ်ဆည်းကပ်... မဖြားယောင်း ဘူး။ သူကိုယ်တိုင်က မြိုးခြံပြတယ်၊ သူကိုယ်တိ... သူ့ဂုဏ်ကို မမြှင့်တင်ဘူး။ အလုပ်လုပ်တော့ ငယ်သားတွေ...



...လုပ်တယ်၊ မကြွားဝါဘူး။ နှိမ့်ချတယ်၊ အဲဒီအရည်အချင်းတွေဟာ ...စစ်ပိုင်ဆီမှာ ရှိနေတယ်၊ သူ့လိုအရည်အချင်းရှိတဲ့ လူတစ်ယောက် ...တော့ ကျုပ်မိတ်ဆွေဝံကြောင်ကလေးပဲ၊ ဝံကြောင်ကလေးဟာ ...ကိုယ်သူ ကြီးကျယ်မြင့်မြတ်တဲ့လူတစ်ယောက်အဖြစ် ဘယ်တော့ ...သိဒ္ဓိမတင်ခဲ့ဘူး။ သိဒ္ဓိတင်ရကောင်းမှန်းလည်းမသိဘူး၊ ဒါပေမယ့် ...လုပ် သမျှအလုပ်တွေဟာ ဂုဏ်ပြုစရာတွေချည်းပဲ၊ အရာရာမှာ ...ိယ်ကျိုး စွန့်အနစ်နာခံတယ်၊ ဒါ့ကြောင့် သူ့တပည့်တွေဟာ ...အတွက်ဆိုရင် အသက်တောင်အသေခံရဲကြတယ်၊ တကယ့် ...ါင်းဆောင် အစစ်အမှန်တွေပေါ့"

လန်းရှန်းသည် သက်ပြင်းချလိုက်သည်။

"ဪ - ဝံကြောင်ကလေး - ဝံကြောင်ကလေး ရှင်ဟာ ...ကြောင်ကလေးကို မမေ့ဘူးနော်၊ သူက ရှင့်ကို သတိရအမှတ်ရ ...မယ်လို့ထင်နေသလား၊ အခုဆိုရင် ကြူးချစ်ချစ်နဲ့တောင် ညား ...ညားနေမှာ"

စင်လုံထံမှ အေးစက်တင်းမာသော စကားသံထွက်ပေါ်လာ ...ည်။

"တိတ်စမ်း - ဝံကြောင်ကလေးကို မင်းလိုအရှက်မဲ့တဲ့ မိန်းမ ...နဲ့ သွားနှိုင်းရသလား"

လန်ရှန်းမှာ ကြောက်လန့်တကြား နောက်သို့ဆုတ်သွားမိ ...ည်။ ထာဝရပြုံးချိုနေသည့် စင်လုံ၏မျက်နှာ၌ တင်းမာမှုဟူ၍ ...ကြိမ်တစ်ခါမျှ မတွေ့မြင်ဘူးခဲ့ပါ။ သူမ၏စကား၌ စင်လုံအား ...စိတ်ဆိုးစေလိမ့်မည်ဟုလည်း မထင်မိပါ၊ သို့သော် မြင်ရခဲလှ ...ည့် စင်လုံ၏တင်းမာခက်ထန်မှုကို ယခုမြင်တွေ့လိုက်ရချေပြီ။ ...ရှန်းသည် အတော်ကလေး ထိတ်လန့်ကြောက်ရွံ့သွားသည်။

စင်လုံသည် သူ၏စိတ်ကို ချက်ချင်းလျှော့ချလိုက်သဖြင့် အပြ မျက်နှာဖုံးသည် ပြန်ပေါ်လာပြန်သည်။ ထိုအခိုက်မှာပင် မြင်းရထ များ၊ မြင်းများ တစ်စီးပြီးတစ်စီး၊ တစ်ကောင်ပြီးတစ်ကောင် ရော ရှိလာပြန်သည်။ အစိမ်းရောင်ဝတ်စုံများ ဝတ်ဆင်ထားကြပြီး တ ယောက်ပခုံးတစ်ယောက်ဖက်လျက် ရောက်ရှိလာကြသည်။ တ ဝါး တဟားဟားဖြင့် ရယ်သံအော်သံများ ဆူညံနေတော့သည် ထိုသူ များသည် လူငယ်များသာဖြစ်ကြသည်။

စင်လုံက တအံ့တသြကြည့်ရင်း -

"ဟ - ဘယ်လိုဖြစ်လာတာလဲ။ လူငယ်ကလေးတွေချ ပါလား"

ချွန်းဆွေက ဖြေသည်။

"ငွေပေါက်မိသားစုတွေက မွေးထားတဲ့လူငယ်ကလေး လေ၊ လန်ကျိုးမြို့ထဲမှာဆိုရင်လည်း သူတို့လုပ်ချင်ရာ လျှော လုပ်နေကြတာပဲ"

"ဘယ်လိုဖြစ်တာလဲ၊ အခုဆိုရင် လူတွေတစ်သုတ်ပြီး သုတ် လာလိုက်ကြတာ မနည်းပါဘူး။ သူ့ဘာသာ တိုက်တိုက် ဆိုင် ရောက်လာကြတာလား။ ရွှင်ပျော်ပျော်မြို့စားကြီးက ဖိတ် ခဲ့တာလား"

"ဒါပေါ့ ဒီနေရာကို သူတို့ချည်းပဲ လာလေ့မရှိပါဘူး။ ရွှင် ပျော်မြို့စားကြီးက ဖိတ်ခေါ်ခဲ့တာဖြစ်မှာ သေချာပါတယ်"

"သက်သက်တော့ ဖိတ်ခေါ်ခဲ့တာဖြစ်မယ်မထင်ဘူး။ ကြောင်းတစ်ခုခုတော့ ရှိလိမ့်မယ်နဲ့တူတယ်"

"ရှိတာပေါ့။ ရွှင်ပျော်ပျော်မြို့စားကြီးက လောင်းကစ သိပ် ဝါသနာပါတယ်၊ အထူးသဖြင့် ဖဲရိုက်တာကို ဝါသနာပါတ



"အင်း - ကျုပ်ကြားဖူးတာကတော့ သူဟာအရက်သောက် တာ ဝါသနာပါတယ်လို့ပဲ ကြားဖူးခဲ့တာပါပဲ၊ အခုကျမှ သူ့ဝါသနာ အသစ်အဆန်းကို သိရတော့တယ်"

"ရွှင်ပျော်ပျော်မြို့စားကြီးဟာ ဖဲရိုက်တာ ဝါသနာကြီးပေမယ့် စည်းကမ်းတော့သိပ်ရှိပါတယ်၊ ဒါကြောင့် သူနဲ့ လောင်းကစားချင် တဲ့သူဌေးတွေ သိပ်များတာပေါ့၊ အခု သခင်ကလေးကော သူနဲ့ လောင်းကစားချင်စိတ် ပေါက်လာပြီလား"

"ဟား - ဟား - ဟား - ကျုပ်မှ ဝင်မကစားရင် ဒီပွဲ ဘယ်စည်တော့မှာလဲကွာ - ဟား - ဟား - ဟား"

နေ့လည်စာစားပြီးနောက် စင်လုံသည် အိမ်ထဲတွင် အနားယူ နေသည်။ အိမ်အပြင်ဘက်တွင် ဆူသံညံသံတွေ ကြားနေရသည်။ စကားပြောသံ၊ မြင်းဟီသံ၊ မြင်းရထားများ၏ ဘီးသံများနှင့် သေတ္တာ များရွှေ့ပြောင်းသယ်မသံများက ခွိုက်ဟိုလင်သစ်တောဥယျာဉ်၏ အေးချမ်းငြိမ်သက်မှုကို ဖျက်ဆီးပစ်သလိုဖြစ်နေလေတော့၏။

စင်လုံသည် ထမကြည့်ပေ။ ထိုအသံများကို နာရီဝက်ခန့် အထိ ဆက်လက်ကြားနေရသည်။ အသံကြားရုံမျှဖြင့် ရွက်ဖျင်တဲ များ စိုက်ထူနေကြကြောင်း ခန့်မှန်းသိရှိရသည်။

"ရွှင်ပျော်ပျော်မြို့စားကြီး ရောက်လာပြီနဲ့တူတယ်"

"ဒါပေါ့ သူရောက်လာလို့ ဒီလောက် ဆူဆူညံညံ ဖြစ်နေတာ ပေါ့"

"ကျွန်မတို့ ဘာလုပ်ကြမလဲဟင်"

"စောင့်ကြည့်မယ်လေ"

"ရှင် - စောင့်နေမယ်ဟုတ်လား။ ဒီမှာပဲ စောင့်နေမှာလား"

စင်လုံက ပြုံး၍မေးလိုက်၏။

သူသည် ပက်လက်ကုလားထိုင်၌ထိုင်ရင်း ခပ်ပြုံးပြုံးမေး လိုက်၏။

"ဘာလဲ - သူက ကျုပ်ကို လာမရှာမှာ စိုးရိမ်နေလို့လား"

စင်လုံသည် စကားဆုံးသည်နှင့် မျက်စိမှိတ်အနားယူတော့သည်။ လန်ရှန်းမှာမူ အငြိမ်မနေနိုင်ပေ။ အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေ၏။ သူမသည် အိုးကင်းပူထဲ၌ ကျရောက်နေသော ပုရွက်ဆိတ်တစ်ကောင်ကဲ့သို့ ဟိုသည်လူးလာဆန်ခတ် လျှောက်နေသည်။ သူမသည် စင်လုံ၏ရှေ့၌ ရပ်လိုက်ရင်း -

"ရှင် ဒီလိုပဲ မလှုပ်မယှက်ကြီး အိပ်နေတော့မှာလား"

စင်လုံ၏ မျက်လုံးများသည် ပွင့်လာသည်။

"ဘာဖြစ်သလဲ။ မင်း အေးအေးဆေးဆေးထိုင်နေစမ်းပါ၊ ကျုပ် အားအင်ပြည့်သွားမှ သွားပြီးရင်ဆိုင်မယ်၊ အခု အားအင်မပြည့်သေး ဘူး"

"ရှင် - ရှင် - သူနဲ့"

"ဟုတ်တယ်၊ သူနဲ့တိုက်ခိုက်ရမယ်၊ လက်ရုံးရည်ချင်း တိုက်ခိုက်ရမှာတော့မဟုတ်ဘူး။ ဉာဏ်ရည်ချင်းတိုက်ခိုက်ရမှာ၊ ရှင်းရှင်းပြော ရရင်တော့ သူနဲ့ ဖဲရိုက်ရမယ်၊ ဝမ်ကတော်ပေးလိုက်တဲ့ ရွှေတွေ ငွေတွေအားလုံး ဒီနေရာမှာ အကုန်သုံးပစ်ရမယ်"

လန်ရှန်းမှာ စင်လုံ၏စကားကြောင့် ထိတ်လန့်သွား၏။

"ဒါပေမယ့် - ရှင် အခုလုပ်နေတာက"

စင်လုံက သူမ၏စကားများကို ကြားဖြတ်ပြောလိုက်၏။

"အခုလုပ်နေတာက ဦးနှောက်ကို အနားပေးထားတာ မိန်းက



လေးရဲ့ ဖဲဝိုင်းတစ်ဝိုင်းထိုင်ရတာ စစ်ပွဲတစ်ပွဲတိုက်ရသလိုပါပဲ၊ စစ်ပွဲ ထက်တောင် ပိုပြီးဉာဏ်သုံးရသေးတယ်"

"တမင်သက်သက်တော့ ဒီရွှေငွေတွေကို အရှုံးမခံလိုက်ပါနဲ့ရှင်၊ ဒီနည်းကိုသုံးပြီးတော့ ရှင်ပျော်ပျော်မြို့စားကြီးကို မချဉ်းကပ်ပါနဲ့ရှင်"

စင်လုံက ရယ်လိုက်၏။

"ကျုပ်က အရှုံးပေးရမယ်ဟုတ်လား၊ အရှုံးပေးလိုက်ရင် ကျုပ်ပဲ တန်ဖိုးမရှိဖြစ်သွားမှာပေါ့၊ အခုကိစ္စက ပေါ့သေးသေး မဟုတ်ဘူး မိန်းကလေးရဲ့ ဉာဏ်ချင်းပြိုင်ရသလို ငွေကြေးအင်အား ချင်းလည်း ပြိုင်ရတယ်၊ ကျုပ်သာ ရှုံးနိမ့်သွားရင် ရှင်ပျော်ပျော် မြို့စားကြီးက ကျုပ်ကို အထင်သေးသွားမှာပေါ့၊ အဲဒီလိုဆိုရင် သူကကျုပ်ကို ဘယ်သိမ်းသွင်းချင်တော့မလဲ၊ ကျုပ်ကို တန်ဖိုး ရှိရှိဝယ်ယူ မသိမ်းသွင်းတော့ဘူးဆိုရင် ကျုပ်အသက်ကို သူသတ် တော့မှာပေါ့"

စင်လုံသည် ရှည်ရှည်ဝေးဝေးရှင်းပြနေရာမှ စကားကို ခေတ္တ ရပ်လိုက်သည်။ ထို့နောက် ဆက်ပြောပြသည်။

"ဒါကြောင့် ဖဲဝိုင်းမှာ လက်ဦးမှုရယူရမယ်၊ တကယ့်ပွဲဦးထွက် မှာ အနိုင်မရရင် ကြိုတင်စီစဉ်ထားတဲ့ အစီအစဉ်တွေအားလုံး ပျက်ကုန်လိမ့်မယ်၊ ကျုပ်အသက်လည်း စိုးရိမ်ရတယ်"

လန်ရှန်းမှာ စင်လုံတစ်ယောက် အေးအေးဆေးဆေး အိပ်နေခြင်းမဟုတ်ကြောင်း ယခုမှ သဘောပေါက်သွားသည်။ စင်လုံရှင်းပြသည်များကို ကြားလိုက်ရသောအခါ လွန်စွာစိုးရိမ်ထိတ် လန့်သွားသည်။

"ဒါ - ဒါဖြင့် ရှင် သူ့ကို အနိုင်ရဖို့ ပိုင်ရဲ့လားဟင်"

စင်လုံက ခေါင်းခါပြရင်း -

"မပိုင်ဘူးလေ"

"ဘုရား - ဘုရား - မပိုင်ဘဲနဲ့ ရှင်မို့လို့ သူနဲ့လာပြီး ယှဉ်ပြိုင်ဝံ့တယ်၊ အထိတ်တလန့်ရှိပုံလည်းမရဘူး၊ အလျင်စလိုလည်း မရှိဘူး"

"ကျုပ် အထိတ်တလန့်မရှိဘူး၊ အလျင်စလိုမရှိဘူးလို့ မင်းဘယ်လိုသိနေသလဲ"

"ရှင့်ပုံ ကြည့်ကတည်းက သိနေတာပဲရှင်၊ ရှင်ဒီလောက်အေးအေးဆေးဆေးအိပ်နေနိုင်တာ ဘာကိုမှမကြောက်လို့ပဲပေါ့"

"အေးလေ အဲဒါကျုပ်အတွက် မျှော်လင့်ချက်ပဲပေါ့၊ မင်းတောင် ရင်ထဲက ကြောက်လန့်စိုးရိမ်နေတာတွေကို သိနေပြီဆိုရင် ရွှင်ပျော်ပျော်မြို့စားကြီးက မင်းထက်ဆယ်ဆလောက် ပိုသိလိမ့်ဦးမယ်၊ ဖဲဝိုင်းမှာ အင်မတန်ဟန်ဆောင်ရမှာကွဲ့နော်"

"ကျွန်မတော့ ရှင့်ကို အံ့သြပြီးရင်း အံ့သြရင်းပါပဲရှင်"

စင်လုံသည် ပြုံးပြရင်း မျက်စိမှိတ်အိပ်သွားပြန်တော့၏။

အတန်ကြာသော် တံခါးအပြင်မှ မေးမြန်းသံကြားလိုက်ရသည်။

"သခင်ကလေးစင်လုံ ရှိပါသလားခင်ဗျာ"

လန်ရှန်းမှာ ထိုအသံကြားလိုက်ရသည်နှင့် တစ်ကိုယ်လုံးတုန်ယင်သွားသည်။

"ဟော - လာပြီ"

စင်လုံက တံခါးဖွင့်ပေးရန် အချက်ပြလိုက်သဖြင့် လန်ရှန်းက ပြေး၍ တံခါးဖွင့်လိုက်သည်။

တံခါးဝတွင် ပိုးအင်္ကျီဝတ်ဆင်ထားသည့် လူငယ်တစ်ယောက်



ရပ်နေသည်။ သူ၏လက်ထဲတွင် အနီရောင်ဖိတ်စာတစ်စောင်ကိုတွေ့ရ၏။ ထိုလူငယ်က စင်လုံအား စူးစူးစိုက်စိုက်ကြည့်ရင်း သေချာစွာမေးလိုက်၏။

"သခင်ကလေးစင်လုံဆိုတာ ခင်ဗျားလား"

စင်လုံက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါ့ဗျာ၊ ကျုပ်ဟာ စင်လုံပါပဲ၊ ရွှင်ပျော်ပျော်မြို့စားကြီးဆီက လွှတ်လိုက်တဲ့တမန်တော်မှတ်တယ်"

ပိုးအင်္ကျီနှင့်လူငယ်သည် တောက်ပသောမျက်လုံးများဖြင့်ကြည့်နေရာမှ စင်လုံမှန်းသေချာသွားသည့်အခါ လေးစားစွာ ဦးညွှတ်၍ ဂါဝရပြုသည်။

"ကျွန်တော်ကတော့ ရွှင်ပျော်ပျော်မြို့စားကြီးရဲ့ လက်အောက်ငယ်သား မြင်းစီးသူရဲနံပါတ် ဆယ့်ရှစ်ပါခင်ဗျာ၊ မြို့စားကြီးက ဖိတ်စာပို့နိုင်းလိုက်လို့ လာရောက်ပို့ပေးပါတယ်"

မြင်းစီးသူရဲနံပါတ်ဆယ့်ရှစ်သည် အတွင်းအားထုတ်လျက် ဖိတ်စာကို လျှပ်တစ်ပြက်ထိုးပေးလိုက်၏။ စင်လုံသည် ထိုအချက်ကို ကြိုတင်တွက်ဆထားပြီးဖြစ်ရာ အတွင်းအားကို အသင့်အတင့်ထုတ်၍ လက်ခံယူလိုက်သည်။ မြင်းစီးသူရဲမှာ အနည်းငယ်တုန်လှုပ်သွားတော့သည်။ သူသည် နောက်ဘက်သို့ သုံးလှမ်းဆုတ်သွား၏။

စင်လုံသည် ဖိတ်စာကို ဖတ်လိုက်သည်။

"ဒီညသန်းခေါင်ယံအချိန်မှာ လာခဲ့ပါ။ ကျုပ်တို့ အရက်သောက်ကြမယ်"

ဖိတ်စာပါစာကြောင်းသည် ထိုမျှသာဖြစ်၏။ စင်လုံသည် မြင်းစီးသူရဲအား ပြုံးကြည့်ရင်း -

"ကောင်းပြီ ခင်ဗျားရဲ့သခင်ကြီးကို ပြောလိုက်ပါ။ စင်လုံဟာ အချိန်မီ ရောက်လာပါလိမ့်မယ်လို့"

ပိုးအကျီဝတ်မြင်းစီးသူရဲ နံပါတ်ဆယ့်ရှစ်သည် စင်လုံအား ဦးညွှတ်အရိုအသေပေးရင်း -

"ဟုတ်ကဲ့ ကျွန်တော် ဒီအတိုင်းပြန်လည် ဖြေကြားလိုက်ပါ့မယ်"

သူသည် စကားဆုံးသည်နှင့် လှည့်ထွက်သွားလေတော့သည်။

လန်ရှန်းက သံသယအတွေးများဖြင့် ရှုပ်ထွေးနေရာမှ စင်လုံအား မေးလိုက်၏။

"အချိန်မတော်ကြီး ချိန်းတာဟာ မရိုးဘူးနဲ့တူတယ်၊ ရှင့်ကို လုပ်ကြံမလို့နဲ့တူတယ်"

စင်လုံက ရယ်မောရင်း -

"အေးလေ သိပ်ဖြစ်နိုင်တာပေါ့။ ဒါကြောင့်မို့ ကျုပ်ကလည်း တတ်နိုင်သမျှ အားဖြည့်အနားယူနေရတယ်၊ ကဲ - မိန်းကလေး ကျုပ်ကို လာအနှောင့်အယှက်မပေးနဲ့တော့"

စင်လုံသည် နှစ်ခြိုက်စွာအိပ်ပျော်သွား၏။ နိုးလာသောအခါ ရေမိုးချိုးသန့်စင်ပြီး သန့်ရှင်းသပ်ယပ်သည့် ဝတ်စုံကို လဲလှယ်ဝတ်ဆင်လိုက်သည်။ ငွေစက္ကူထုထု တစ်အုပ်ကိုလည်း ခါးကြားထဲသို့ ထိုးသွင်းလိုက်သည်။

သူ့တွင် ပူပန်သောကဟူ၍ လုံးဝမရှိပါ။ လူပ်ရှားတိုက်ခိုက်ရန် လည်းကောင်း၊ အပြင်းအထန်ခုခံရန်လည်းကောင်း အားလုံးအဆင်သင့်ရှိနေသည်။ သူသည် လန်ရှန်းလာပို့သည် လက်ဖက်ရည်ခါးခါး တစ်ခွက်ကိုသောက်ပြီး ပက်လက်ကုလားထိုင်၌ ပြန်လည်အနားယူ



လိုက်ပြန်သည်။ ပြင်းထန်စွာတိုက်ခိုက်ရမည့် တိုက်ပွဲတစ်ပွဲကို အသင့် စောင့်မျှော်နေတော့သည်။

လန်ရှန်းသည် လှပစွာ ဖီးလိမ်းခြယ်သထားပါ၏။ သူမ၏ကိုယ်မှ အမွှေးရနံ့များကလည်း ကြိုင်လှိုင်လျက်ရှိနေပါသည်။ သို့သော် သူမသည် စိတ်ဓာတ်များ မငြိမ်မသက်ဖြစ်လျက်ရှိနေပါ၏။ စင်လုံ ရှုံးနိမ့်သွားမည်ကို လွန်စွာစိုးရိမ်နေပါသည်။

"ကျွန်မလေ သိပ်စိုးရိမ်တာပဲ၊ ကျွန်မတို့ဘက်က အောင်မြင်ဖို့ ရာနိုင်နှုန်းဘယ်လောက်ရှိသလဲဟင်၊ ကျွန်မကို ပြောပြပါလားရှင်"

စင်လုံက ခေါင်းကို ခါယမ်းပြလိုက်၏။

"ဘယ်လိုပြောရမလဲ မိန်းကလေးရယ်၊ သူ့တိုက်ကွက်က ဘယ်လိုမှန်းကျုပ်က သိမှမသိရသေးတာ"

"ရာနိုင်နှုန်းငါးဆယ်တော့ ကျွန်မတို့နိုင်ချေရှိပါတယ်နော်"

စင်လုံက ရယ်လိုက်၏။

"အင်း ဖြစ်နိုင်ပါတယ်"

လန်ရှန်းသည် သက်ပြင်းချလိုက်၏။

"အင်း - ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့်"

စင်လုံ၏ ကြားဖြတ်ပြောစကားကြောင့် လန်ရှန်းမှာ ဆက်၍ဆုမတောင်းနိုင်တော့ပေ။

"အင်း - တစ်ခုတော့ရှိတယ်၊ ကျုပ်ဟာကျုပ် သံသယရှိနေတယ်၊ ရှင်ပျော်ပျော်မြူးစားကြီး ကစားမယ့်ကြေးအတိုင်း ကျုပ် ကစားနိုင်မယ်မထင်ဘူး"

"ရှင် ဘယ်လောက်များများ ယူခဲ့သလဲဟင်"

"ကျုပ်လောင်းကြေးကို သူ့ကိုမသိစေချင်ဘူး၊ ဒါပေမယ့်

ကျင့်လန်ကျိုး၊ ကျိုးထန်းဖုနဲ့ လုံစစ်ပိုင်တို့ကတော့ တကယ့်ကို ရက်ရက်စက်စက် ကြေးထုတ်နိုင်မယ့်လူတွေပဲ၊ အင်းလေ - မီးစင်ကြည့်က ရတော့မှာပဲ"

သူတို့သည် မြတင်းပေါက်မှ လှမ်းကြည့်လိုက်သောအခါ ခပ်ဝေးဝေးမှ မီးအိမ်များကို တွေ့ကြရ၏။

"ချွေယိတန်း"ဒေသဆိုသည်မှာ ခွိုက်ဟိုလင်သစ်တော ဥယျာဉ်၏ အလှအပဆုံးအပိုင်းပေတည်း။ ထိုအပိုင်းတွင် ရွှင်ပျော်ပျော်မြို့စားကြီး စတည်းချသည်။

စင်လုံသည် မတ်တတ်ထရပ်လိုက်ရင်း သူ၏အဝတ်အစားများကို သပ်သပ်ရပ်ရပ်ပြုပြင်လိုက်၏။

"ကဲ - ကျုပ်တို့ သွားဖို့သင့်ပြီ"

သေသပ်သပ်ရပ်သော အခန်းကြီးတွင် အရက်ပွဲကြီး ခင်းကျင်း ပြင်ဆင်ထား၏။ ဟင်းလျာပေါင်းက စုံလင်လှသည်။ ဒဏ္ဍာရီထဲမှ အရက်ဝိုင်းကြီးသဖွယ် တရုတ်ပြည်အသီးသီးမှ ဟင်းလျာမျိုးစုံကို တွေ့ကြရသည်။ အသားအမျိုးမျိုး ငါးအမျိုးမျိုးနှင့် ဂဏန်းများ၊ အခြားအမြင်ဖူးသည့် အကောင်ပလောင်များကလည်း စားပွဲနှင့် အပြည့်ပင်။ ကြွေအိုးများ ကြွေကရားများဖြင့် အဆင်သင့်ပြင်ဆင်ထားသည့် အရက်အမျိုးမျိုးကလည်း ရောင်မလွတ်ပေ။

ကြူးချစ်ချစ်သည် သူမကိုယ်သူမ ရွှင်ပျော်ပျော်မြို့စားကြီးအတုအဖြစ် ဖန်တီးရသည်ကို ပျော်မွေ့ခဲ့၏။ သူမ၏ အခမ်းအနားအပြင်အဆင်များသည် ရွှင်ပျော်ပျော်မြို့စားကြီး၏ အပြင်အဆင်များနှင့် တူအောင် ခမ်းနားစွာပြင်ဆင်ခဲ့၏။ သို့သော် တကယ့်ရွှင်ပျော်ပျော်မြို့စားကြီး၏ အခမ်းအနားကမူ ကြူးချစ်ချစ်၏ အခမ်းအနားအပြင်အဆင်ထက် ဆယ်ဆမျှသာနေ၏။



အရက်ခန်းထဲသို့ ရောက်ရှိလာသူတိုင်း ပိုးဖဲအင်္ကျီ ဝတ်ဆင်လာကြသည်ချည်းဖြစ်သည်။ သို့သော် လုံစစ်ပိုင်တစ်ယောက်ကမူ ပိတ်အင်္ကျီဖြင့် ရောက်ရှိလာလေ၏။ ဤလူကား အာဂလူတည်း။

လုံစစ်ပိုင်၏ဘေးတွင် ရောက်ရှိနေသူကား အဖိုးတန်အဝတ်အစားများ ဝတ်ဆင်ထားသော်လည်း ဖြစ်ကတတ်ဆန်း ဆင်ယင်ထားသည့် မုတ်ဆိတ်မွေးတိုတိုနှင့် လူကိုလည်း တွေ့ရသည်။ ဆေးတံတိုတစ်ချောင်းကိုလည်း ခဲထားသေးသည်။

သူ့တစ်ကိုယ်လုံး၌ ဆင်ယင်ထားသည့် ကျောက်မျက်ရတနာများကလည်း စုံလင်လှသည်။ စင်လုံသည် ထိုလူကိုမြင်ရုံနှင့် အကဲခတ်မိပြီးဖြစ်သည်။ သူသည် ကျိုးထန်းဖုဖြစ်ရပေလိမ့်မည်။

ကျိုးထန်းဖု၏ဘေးမှ အမျိုးသမီးသည်လည်း တစ်ခေါင်းလုံးရ တနာများဆင်ယင်ထားသည်။ သူမသည် ကျိုးထန်းဖု၏ ပခုံးကိုမှီနေသော်လည်း သူမ၏မျက်လုံးများကမူ ပတ်ဝန်းကျင်တစ်ခုလုံးအား ကျီးကန်းများကဲ့သို့ လျှောက်ကြည့်နေသည်။

စင်လုံသည် ရယ်ချင်စိတ်ပေါက်နေ၏။ သို့သော် မရယ်မိပါချေ။ စိတ်တွင်းကတော့ကြိတ်၍ ပြောလိုက်မိသည်။

"ကျိုးထန်းဖုဆိုတဲ့လူဟာ ဒီလိုရုပ်ရည်မျိုးရှိတဲ့ မိန်းကလေးတော့ ရှာတတ်ပါလား"

အခြားတစ်ယောက်မှာ ရှောင်ပေါ့ဝမ်ဆိုသူဖြစ်၏။ ခွိုက်ဟိုလင်ဒေသသို့ ဧည့်သည်များ တစ်ဦးပြီးတစ်ဦး၊ တစ်သုတ်ပြီးတစ်သုတ်ရောက်ရှိလာစဉ်က ရှောင်ပေါ့ဝမ် မပါခဲ့သေးချေ။ နောက်ကျနေဟန်တူသည်။ သို့သော် ရှောင်ပေါ့ဝမ်အကြောင်းကို ချွန်းခွေကသေချာစွာပြောပြခဲ့သဖြင့် မြင်ရုံနှင့် ရှောင်ပေါ့ဝမ်ဖြစ်ကြောင်း သိလိုက်မိသည်။

သူသည် ရောဂါသည်တစ်ယောက်နှင့် တူနေသည်။ မျက်တွင်းက ဟောက်ပက်ပက် ဖြစ်နေသည်။ သူ့တစ်သက်တာအတွင်း၌ တစ်ကြိမ်တစ်ခါမျှ မအိပ် စက်ရသကဲ့သို့ ထင်မှတ်ရသည်။

သို့သော် သူ၏အဝတ်အစားများကမူ ကျိုးထန်းဖုထက်ပင် တောက်ပြောင်သေး၏။ ထိုစဉ် အမျိုးသမီးတစ်ယောက် ဝင်လာပြန်သည်။ သူမသည် စင်လုံကိုလည်းကောင်း၊ လန်ရှန်းကိုလည်းကောင်း အကဲခတ်လိုက်၏။

"ကျွန်မနာမည်ကတော့ "ယွမ်ယွမ်"ပါ၊ သည့်ပြင်လူတွေကတော့ ကျွန်မကို "ကဝေမနီပ့ါဝမ်"လို့ ခေါ်တာပဲ၊ ဟောဒီ မော်ဘုရင်ကလေး ရှောင်ပေ့ါဝမ်က ကျွန်မချစ်သူလေ၊ ရှင့်နာမည်က ဘယ်လိုခေါ်သလဲ"

စင်လုံက ပြုံး၍ဖြေသည်။

"ကျုပ်နာမည် စင်လုံပါ"

နီပ့ါဝမ်သည် အံ့ဩသွား၏။

"ဩော် - စင်လုံကိုး၊ ရှင်နဲ့တွေ့လိုက်ရတာကို ကျွန်မဂုဏ်ယူပါတယ်"

ထိုစဉ် ရှောင်ပ့ါဝမ်သည် စင်လုံ၏ပခုံးကို လက်ဝါးကြီးဖြင့် ပုတ်ကာ

"ဟေ့ - ကျုပ်တို့ ညီအစ်ကိုတွေဖြစ်ရင် ဘယ်လောက်ကောင်းမလဲဗျို့"

ယွမ်ယွမ်ခေါ် နီပ့ါဝမ်သည် ရှောင်ပ့ါဝမ်၏ အပြုအမူကို မကြည်သာဟန်ဖြင့် ရှောင်ပ့ါဝမ်၏ လက်ဆော့တည်ဆောက်ထားသည့် ရွှေတောင့်အိမ်ကလေးများကို လက်နှင့်ဖြိုချပစ်လိုက်သည်။



"ချွင် - ချလွမ် - ချလွမ်"

ရွှေတောင့်များဖြင့် တည်ဆောက်ထားသော အိမ်ကလေးသည် ဖြိုကျပျက်စီးသွားတော့၏။ ရှောင်ပ့ါဝမ်သည် စင်လုံကို တစ်ချက်ကြည့်လိုက်ပြီး

"နောင်ကြီးစင်လုံ တွေ့လား၊ အမျိုးသမီးတွေနဲ့တွေ့ရင် ကျားမနဲ့တွေ့တယ်လို့သာ သဘောထားပေတော့ဗျို့၊ အဲဒီလိုမှ သဘောမထားနိုင်ရင်လည်း သူတို့ပါးရိုက်တာကိုသာ ခံပေတော့ဗျို့"

စင်လုံက ရှောင်ပ့ါဝမ်ကိုကြည့်၍ ရယ်လိုက်မိ၏။

"ခင်ဗျားသတိပေးတဲ့စေတနာကိုတော့ ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမယ့် သူတို့ရဲ့ ပါးရိုက်တာကိုတော့ မခံပါရစေနဲ့ဗျာ"

ယွမ်ယွမ်သည် နှုတ်ခမ်းစူသွားတော့၏။

"ဟင်း" - ရှင်လည်း မကြင်နာတတ်တဲ့ ယောက်ျား တစ်ယောက်ပါပဲလား"

ထိုစဉ် လုံစစ်ပိုင်သည် စင်လုံတို့အနီးသို့ ရောက်ရှိလာတော့၏။ လုံစစ်ပိုင်ကပင် နှုတ်ခွန်းဆက်သည်။

"မြေပြန့်က ရောက်လာခဲ့တာလား - သခင်ကလေးစင်လုံ"

စင်လုံကလည်း အရက်ခွက်ကိုမြှောက်ကိုင်းရင်း ပြန်လည်နှုတ်ခွန်းဆက်သည်။

"ဟုတ်ပါတယ် နောင်ကြီးလုံစစ်ပိုင်၊ ကျုပ် မြေပြန့်ကလာခဲ့တာပါပဲ၊ နောင်ကြီးလုံစစ်ပိုင် အကြောင်းတော့ ကျုပ်ကောင်းကောင်းကြားသိပြီးသားပါ၊ အခုတော့ လူကိုယ်တိုင်တွေ့ရတာပေ့ါလေ"

လုံစစ်ပိုင်သည် ရုတ်တရက်စင်လုံကို သေချာစွာကြည့်၍ ပြုံးလိုက်၏။

"စိတ်မရှိနဲ့နော် သခင်ကလေးစင်လုံ၊ ကျုပ်တစ်ခုမေးပါရစေ၊ အခုစင်လုံဟာ သိုင်းအကျော်အမော် ချူးဝုမ်နဲ့ ဂူထိုင်ထန်းလုံး ဘုန်းကြီးကျောင်းက ထန်းဟာ့ဆရာတော်ကြီးကို အနိုင်ယူခဲ့တဲ့ စင်လုံပဲ မဟုတ်လား"

သူ၏မေးခွန်းကြောင့် လူတိုင်းမျက်လုံးပြူးကုန်ကြတော့သည်။ ကျိုးထန်းဖုက ပိုဆိုးသည်။ ပွင့်ဟနေသော သူ၏ပါးစပ်ကြီးကို တော်တော်နှင့် ပြန်မပိတ်နိုင်တော့ပေ။

စင်လုံက တဟားဟားရယ်ရင်း ဝန်ခံလိုက်သည်။

ထိုစဥ်ချိုက်ဟိုလင်းသစ်တောဥယျာဉ်၏ တာဝန်ခံများဖြစ်သည့် လီတိုင်းလုံနှင့် ချွန်းချောင်တို့သည် သေသပ်ကျနသော ဝတ်စုံများဖြင့် ရောက်ရှိလာကြသည်။ ယခုအချိန်တွင် သူတို့ငနီးမောင်နှံသည် ရွှင်ပျော်ပျော်မြူးစားကြီး၏ အမှုတော်ကို ထမ်းနေကြပေပြီ။

သူတို့သည် အရက်ခွက်များကို ကိုင်မြှောက်လိုက်ကြသည်။ ချွန်းချောင်က စကားစတင်ပြော၏။

"အခုကြွရောက်ချီးမြှင့်ကြတဲ့ ပုဂ္ဂိုလ်တိုင်းဟာ နာမည်ကြီး ပုဂ္ဂိုလ် များဖြစ်ကြပါတယ်၊ ဒါကြောင့်မို့ ကျွန်မက အားနာပါးနာနဲ့ တစ်ခု လျှောက်အစီရင်ခံပါရစေ၊ ကျွန်မတို့ရဲ့ သခင်ကြီးဝမ်ဟာ နေမကောင်း ဖြစ်နေတာမို့ ဒီအရက်ဝိုင်းမှာ လာပြီးဧည့်ဝတ်မပြုနိုင် တာကို ခွင့်လွှတ်ဖို့ပါပဲ၊ သခင်ကြီးက မှာလိုက်ပါတယ်၊ သူလာ ရောက်ဧည့်မခံနိုင်ပေမယ့် ဧည့်သည်တော်အားလုံး စိတ်တိုင်းကျ စားသောက်နိုင်ပါတယ်တဲ့၊ နောက်တော့မှ သူက တွေ့ဆုံပါမယ် တဲ့ရှင်"

ဧည့်သည်တော်များသည် ချွန်းချောင်စကားပြောနေခိုက် ငြိမ် သက်သွားကြသော်လည်း ချွန်းချောင်၏ စကားဆုံးသည်နှင့် ဆူညံ



...ညံဖြစ်လာကြပြန်တော့သည်။

ကျိုးထန်းဖုသည် အရက်ခွက်ကို ပြန်ချထားလိုက်ပြီး စင်လုံ ...မေးလိုက်သည်။

"ဒီကနောင်ကြီးစင်လုံလည်း လောင်းကစားဝါသနာတော့ ပါ ...ပေါ့နော်"

သူသည် သူ၏လက်၌ဝတ်ဆင်ထားသည့် ကြီးမားလှသော ...ကျောက်စိမ်းလက်စွပ်ကြီးကို တဝေ့ဝေ့တယမ်းယမ်းလုပ်လျက် ...ား ပြောနေ၏။ စင်လုံသည် သူ၏လက်စွပ်ကြီးကို မမြင် ...မြုလျက် အေးဆေးစွာ ပြန်ပြောလိုက်၏။

"ယောကျ်ားတွေဟာ လောင်းကစားဝါသနာပါတတ်ကြပါ ...ယ်၊ မပါတဲ့လူက ခပ်နည်းနည်းလောက်ပဲရှိမှာပါ"

ကျင့်လန်ကျိုးက ဝင်ပြောသည်။

"နောင်ကြီးစင်လုံ - ခင်ဗျားရဲ့လောင်းကစား အတွေ့အကြုံက ...ည်၊ သိပ်တော့နည်းမယ်တော့ မထင်ပါဘူးဗျာ"

စင်လုံကရယ်ရင်း -

"မထင်ပါနဲ့ဗျာ၊ ကျုပ်ကံ ခင်ဗျားတို့ဆီက ပညာယူရဦးမှာပါ"

ကျင့်လန်ကျိုးက ကပျာကယာ ပြောသည်။

"အဲဒါဆိုရင် ကျုပ်အတွေးနဲ့ ခင်ဗျားအတွေး တူနေပြီဗျ၊ ...ပ်က ခင်ဗျားဆီက ပညာသင်ယူမလို့ တွေးနေတာဗျ"

ထိုစဉ် ရှောင်ပွါဝမ်က ရယ်လိုက်သည်။

"ဟား - ဟား - ဟား - ဟန်ကျပြီ၊ ဟန်ကျပြီ၊ အားလုံး ...က်သောက်စားစား လူမင်းသားတွေချည်းပဲ၊ ကျုပ်ကတော့ ...ဒီနေရာကို လာချင်နေတာကြာပြီ၊ ကျုပ်အဘိုးကြီးကလည်း

မသေနိုင်ဘူးဗျာ၊ ဒီတော့ တော်တော်နဲ့ ဘယ်လာနိုင်မလဲ၊ ကဲ ဒီနေ့တော့ကျုပ်လည်း ရောက်လာပြီ၊ ခင်ဗျားကလည်း လောင် ကစားတစ်ခုခုလုပ်ဖို့ အာသီသရှိနေပြီ၊ အားလုံး ရေကန်အသ ကြာအသင့်ပဲ၊ ဘာကနေစပြီး ကစားကြမလဲ၊ ပြောကြဗျာ"

ချွန်းချောင်က ရုတ်တရက် ဝင်ပြော၏။

"ကျွန်မတို့ရဲ့ သခင်ကြီးဝမ်ကတော့ ပိုက်ကျားကစားတာ တော်တော်ကလေး ခုံခုံမင်မင်ရှိပါတယ်"

ရှောင်ပေါ့ဝမ်ကမူ မည်သည့်လောင်းကစားမဆို ကစားရ အဆင်သင့်ရှိနေသူဖြစ်၍ ချွန်းချောင်၏စကားကို လက်ခံလိုက်သည်။

"ပိုက်ကျားလည်း မဆိုးပါဘူး၊ အလုပ်ဖြစ်တာပါပဲ"

လုံစစ်ပိုင်က အဆိုပြုပြန်၏။

"ကြေးပြားဝိုင်း ပစ်တမ်းကစားရင်ကော"

ကျင့်လ်န်ကျိုးက ရယ်၏။

"ဟာ - ဒါကတော့ ကလေးကစားတဲ့ အလုပ်ပဲ၊ ဒီက နည်းတော့ မကောင်းပါဘူးဗျာ၊ ဒီနည်းကိုတော့ ပယ်တယ်"

ထိုစဉ် ပိုးအင်္ကျီဝတ်ဆင်သည့် နံပါတ်စဉ်ဆယ့်ရှစ် အမှ အသားပါရှိသော မြင်းစီးသူရဲသည် အရက်ခန်းထဲသို့ ဝင်လာ အားလုံးကို ဂါရဝပြုလိုက်၏။

"ညှော်သည်တော်ကြီးများ အရက်နှင့်ဟင်းလျာများ သုံးဆော ပြီးကြပြီလားခင်ဗျာ"

ကျိုးထန်းဖုက အားလုံး၏ကိုယ်စား ဖြေလိုက်သည်။

"ကျုပ်တို့အားလုံး အရက်သောက်ရတာ၊ စားသောက်ရ ပြီးငွေ့နေကြပြီဗျာ၊ တစ်ခုခုကစားကြရင်ကောင်းမလားလို့ စဉ်း



နေကြတာ"

မြင်းစီးသူရဲတစ်ဦးက ခေါင်းညွှတ်၍ပြောလိုက်၏။

"ဒီလိုဆိုရင် အတော်ပါပဲ။ ကျွန်တော့နောက်ကို ကျေးဇူးပြုပြီး လိုက်ခဲ့ကြပါ၊ ကျွန်တော်တို့ရဲ့ သခင်ကြီးက ဧည့်သည်တော်ကြီး များကို စောင့်မျှော်နေပါတယ်"

စင်လုံသည် သူ၏ကျော်ကြားမှုကို မသိချေ။ သူသိသည်မှာ ရှင်ပျော်ပျော်မြို့စားကြီး၏ ကျော်ကြားမှုကိုသာဖြစ်၏။ ထို့ကြောင့် ထင်ရှားကျော်ကြားလှသော ရှင်ပျော်ပျော်မြို့စားကြီးနှင့် တွေ့ဆုံရမည် ဟုဆိုသောအခါ စင်လုံသည် စိတ်မလှုပ်ရှားစဖူး စိတ်လှုပ်ရှားမိလေ တော့သည်။

အခန်းကလေးသည် ကျဉ်းမြောင်းသော်လည်း သပ်သပ်ရပ်ရပ် ရှိသည်။ ခမ်းခမ်းနားနားပြင်ဆင်ထားခြင်း လုံးဝမရှိပေ။ တစ်ခန်းလုံး တွင် ခေါင်မိုးပေါ်မှ ကြိုးဖြင့်ဆွဲထားသည့် မီးအိမ်တစ်လုံးသာရှိ၏။ ထိုမီးအိမ်အလင်းရောင်မပြန့်စေရန် စက္ကူများဖြင့် ပတ်လည်ဝန်းရံ ထားသည်။ ထို့ကြောင့် မီးအိမ်အလင်းရောင်သည် တစ်ခန်းလုံးသို့ ပျံ့နှံ့ခြင်းမရှိဘဲ မီးအိမ်အောက်ရှိ စားပွဲဝိုင်း၌သာ အလင်းရောင် စုစည်းကျရောက်နေ၏။

စားပွဲပေါ်တွင် ပညာသားပါပါ ပြုလုပ်ထားသည့် ပိုက်ကျား များနှင့် အကြေစေ့များ အဆင်သင့်ရှိနေသည်။ ထို့ပြင် ထိုအရာ များထက် အံ့သြဖွယ်ရာပစ္စည်းတစ်ခုရှိသေး၏။ ထိုပစ္စည်းကား လူတစ်ယောက်၏ လက်တစ်ဘက်တည်း။

ထိုလက်သည် ဆင်စွယ်ဖြင့် ထုလုပ်ထားသကဲ့သို့ ချောမွတ် သန့်ရှင်းနေ၏။ လက်သည်းများက တဖိတ်ဖိတ်အရောင်တောက် နေ၏။ အနုပညာဆန်လှသော လက်သည် စားပွဲပေါ်၌ခင်းထားသည့်

ကတ္တီပါစပေါ်၌ အဆေန်းတကြွယ်ပစ္စည်းတစ်ခုကဲ့သို့ လူတို့၏ မျ
အာရုံကို ဖမ်းစားနေပေပြီဖြစ်၏။ ထိုလက်ကား ရှင်ပျော်ပျော်မြို
ကြီး၏ လက်ပေတည်း။

သို့သော် မီးအိမ်ပြင်ဆင်ထားပုံအရ ရှင်ပျော်ပျော်မြို့စားကြ
ခန္ဓာကိုယ်နှင့် မျက်နှာသည် မှောင်ရိပ်ထဲ၌ကျနေသဖြင့် ဝိုးတဝါး
မြင်ရသည်။ ပီသထင်ရှားသည့် ရုပ်လက္ခဏာကို မည်သူမျှ မကြ
မြင်နိုင်ပါပေ။ သို့သော် မျက်လုံးများအရောင်တဝင်းဝင်းတော
နေသည်ကိုမူ စင်လုံသတိပြုမိလိုက်ပါ၏။

ဤတောက်ပသော မျက်လုံးများသည်ပင် အခန်းထဲ
ဝင်လာ သူများအား ရင်သိမ့်တုန်သွားစေသည်။ ကျင့်လန်ကျိုးသ
ရေ့ ဆုံးမှလျှောက်သွားကာ လက်နှစ်ဖက်ဆုပ်လျက် ဂါဝရပြုလို
၏။

"သခင်ကြီးဝမ် ကျန်းမာပါရဲ့နော်"

ရှင်ပျော်ပျော်မြို့စားကြီး၏ တည်ငြိမ်အေးဆေးလှသောအသ
တစ်ခွန်းချင်းကြားလိုက်ရသည်။

"ကျေးဇူးတင်ပါတယ် - ထိုင်ပါဗျာ"

ကျင့်လန်ကျိုးသည် ဦးညွှတ်ရင်း -

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

သူသည် ရှင်ပျော်ပျော်မြို့စားကြီး၏ ဘေးနားရှိ ခုံလွတ်တ
တွင် ဝင်ထိုင်လိုက်သည်။

ဒုတိယနှုတ်ဆက်သူက လုံစစ်ပိုင်တည်း။

"သခင်ကြီးဝမ် ကျန်းမာပါရဲ့နော်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ထိုင်ပါ"



တတိယနှုတ်ဆက်သူက ကျိုးထန်းဖုတည်း။

"ရှင်ပျော်ပျော်မြို့စားကြီးကတော့ ခမ်းနားပါပေ့ဗျာ"

"ကျေးဇူးတင်ပါတယ်၊ ထိုင်ပါ"

ရှောင်ပေါ့ဝမ်သည် ခါးကိုကိုင်းညွှတ်လျက် ဦးညွှတ်နှုတ်ဆက်
လိုက်သည်။

"သခင်ကြီးဝမ် ကျန်းမာပါရဲ့နော်"

ရှင်ပျော်ပျော်မြို့စားကြီး၏ နောက်ဘက်မှ ပြန်လှန်မေးခွန်းထုတ်
သံကြားလိုက်ရသဖြင့် အားလုံးနားစွင့်လိုက်ကြသည်။

"ခင်ဗျားဟာ စစ်ဗိုလ်ကြီးရဲ့ သားများလား"

ရှောင်ပေါ့ဝမ်က လေးစားစွာဖြေလိုက်၏။

"ဟုတ်ကဲ့ပါခင်ဗျာ၊ အကြီးဆုံးသားပါ"

ထိုစဉ် ယွမ်ယွမ်က ဝင်ပြောသည်။

"ကျွန်မကလည်း စစ်ဗိုလ်ကြီးရဲ့ ချွေးမလောင်းပေါ့ရှင်၊ ရှင်က
ဘယ်သူလဲ"

ရှင်ပျော်ပျော်မြို့စားကြီး၏ နောက်ကွယ်မှ အသံရှင်က
အေးစက်စွာပြောလိုက်၏။

"လောင်းကစားသူမဟုတ်ရင် အပြင်ဘက်မှာ ထွက်ရပ်နေပါ၊
ဒါမှမဟုတ် စားသောက်ခန်းမှာ ပြန်ပြီးစားသောက်နေပါ"

ယွမ်ယွမ်က ဂရုမစိုက်ပေ ရယ်မောနေလိုက်သေး၏။

"ဘာလဲ ကျွန်မက ဝိန်းမသားမို့ လောင်းကစားဝါသနာမပါဘူး
လို့ထင်နေသလား။ ကျွန်မက ရှင်တို့ထက်တောင် ပို၍လောင်းကစား
တတ်သေးတယ်"

ထိုအသံရှင်က -

“ဒီနေရာမှာ အမျိုးသမီးတွေ လောင်းကစားဖို့ ခွင့်မပြုပါဘူး”

ယွမ်ယွမ်က ဒေါသတကြီးအော်လိုက်၏။

“ဘာကြောင့် ကျွန်မက မကစားရမှာလဲ”

ရှင်ပျော်ပျော်မြို့စားကြီး၏ နောက်ဘက်မှ လက်တစ်ဖက် ရုတ်တရက်ထွက်လာသည်။ ယွမ်ယွမ်အားလှမ်းတို့လိုက်၏။ ယွမ်ယွမ်သည် နောက်သို့လဲကျသွားတော့သည်။ သို့သော် သူမသည် ထိတ်ထိတ်လန့်လန့်ဖြင့် ပြန်ထလာကာ အခန်းအပြင်သို့ ထွက်သွားတော့၏။ သူမ တကယ်ကြောက်လန့်သွားချေပြီ။ ဤအမျိုးသမီးအဖို့ ဤမျှကြောက်လန့်စေမှ တော်ရုံကျမည်သာ။

စင်လုံသည် ထိုသူ၏ အတွင်းအားကောင်းပုံကို ခန့်မှန်းကြည့်ရင်း ရှေ့သို့တိုးသွားကာ ရှင်ပျော်ပျော်မြို့စားကြီးအား နှုတ်ဆက်လိုက်၏။

“သခင်ကြီးဝမ် - ကျန်းမာတော်မူပါစခင်ဗျာ”

ရှင်ပျော်ပျော်မြို့စားကြီးထံမှ ရုတ်တရက်စကားသံ ထွက်မလာပေ။ မျက်တောင်မခတ်ဘဲ သူ့အားအကဲခတ်ကြည့်ရှုနေမည်ကို စင်လုံ ကောင်းကောင်းကြီးသိနေ၏။

ထို့နောက်မှ တစ်ခွန်းချင်းမေးမြန်းသည့် စကားသံကို ကြားလိုက်ရတော့သည်။

“ခင်ဗျားဟာ - သခင်ကလေးစင်လုံ ဟုတ်ပါသလား”

“ဟုတ်ပါတယ် ခင်ဗျာ”

“ကောင်းပါပြီ ထိုင်ပါ”

“ကျေးဇူးတင်ပါတယ်”

စင်လုံသည် ရှင်ပျော်ပျော်မြို့စားကြီး၏ မျက်နှာချင်းဆိုင် ထိုင်ခုံ



တွင် ဝင်ထိုင်သည်။ လန်ရှန်းက အလိုက်သိစွာဖြင့် အခန်းအပြင်သို့ ထွက်ခွာသွား၏။

ထိုအခိုက်မှာပင် လက်ခုပ်တီးသံတစ်ချက် ထွက်ပေါ်လာလေသည်။

ပိုးအင်္ကျီဝတ်လူငယ်တစ်ယောက်သည် နစ်ပေပတ်လည်ရှိ ဘူးကြီးတစ်လုံးကို ယူဆောင်လာသည်။ ဘူးအဖုံးကို ဖွင့်လိုက်သည်နှင့် လူပုကလေးတစ်ယောက် ခုန်ထွက်လာသည်။ လူပုကလေးသည် ဦးခေါင်းကြီး၍ နှုတ်ခမ်းပါးသည်။ ဖြူဖွေးသော ဦးထုပ်ကိုဆောင်းလျက် ဖြူဖွေးသောအင်္ကျီကို ဝတ်ဆင်ထား၏။ သူ့လက်တွင် ဖြူစင်သောလက်အိတ်များကိုလည်း စွပ်ထားသေးသည်။

မမျှော်လင့်ဘဲနှင့် ဘူးထဲမှလူပုကလေး ခုန်ထွက်လာသည်ကို တွေ့လိုက်ရသောအခါ အားလုံးထိတ်လန့်သွားကြသည်။ လူပုကလေးသည် စားပွဲခုံတွင် မေးတင်လျက် လူအားလုံးကို လှမ်းကြည့်နေ၏။ ထို့နောက် ထိုလူပုကလေးသည်။ ရုတ်တရက် ခုန်ထလိုက်သည်။

“ကျုပ်ကတော့ ခင်ဗျားတို့အားလုံးအတွက် ဖဲချပ်တွေကို သန့်ရှင်းရေးလုပ်ပေးရမှာပဲ၊ အခုဆို ဖဲချပ်တွေအားလုံး ရေဆေးပြီးပါပြီ”

စင်လုံသည် ထိုအခါမှ သဘောပေါက်သွားတော့သည်။

“သြော် - ရှင်ပျော်ပျော်မြို့စားကြီးက သူ့ဖဲချပ်တွေမှာ အမှတ်အသားတွေမလုပ်နိုင်အောင် ရေဆေးခိုင်းလိုက်တာကိုး”

ထိုစဉ် ရှောင်ကျင်းလိန်အမည်ရှိသော ထိုလူပုကလေးက အသေအချာ အာမခံလိုက်ပြန်သည်။

"လူကြီးမင်းများ - ဖဲချပ်တွေကို ထပ်မံစစ်ဆေးကြပါဦး။ ကျွန်တော်ကတော့ သန့်ရှင်းရေးလုပ်ပေးပြီးပါပြီ၊ ဒါပေမယ့် အမှတ်အသား ရှိမရှိကိုတော့ ထပ်စစ်ဆေးကြည့်စေချင်ပါတယ်၊ သံသယရှင်းသွားတာပေါ့ဗျာ၊ တကယ်လို့အမှတ်အသားတွေ့ ရင်တော့ ကျွန်တော့်အသက်နဲ့ပေးလျော်ပါ့မယ်"

လုံစစ်ပိုင်က ကြားဖြတ်ဝင်ပြောလိုက်သည်။

"သခင်ကြီးဝမ် ကစားတဲ့အခါတိုင်း တရားမျှမျှနှင့် မှန်မှန်ကန်ကန်ကစားတယ်၊ ကျုပ်တို့အားလုံး သိပြီးပါပြီဗျာ၊ စစ်ဆေးဖို့ မလိုတော့ပါဘူး"

ရှောင်ကျင်းလိန်က -

"ကောင်းပါပြီ ဒါဖြင့်ရင် ပောာဒီကစားဝိုင်းမှာ ငွေသား၊ ရွှေ၊ ငွေလွှဲလက်မှတ်နှင့် ကျောက်မျက်ရတနာမှန်သမျှ ကစားနိုင်ခွင့်ရှိပါတယ်၊ ဒါပေမယ့် အကြွေးလောင်းကစားမယ့်ကိစ္စတော့ ခွင့်မပြုပါဘူး"

လုံစစ်ပိုင်က ပြောလိုက်သည်။

"ကျုပ်တို့အားလုံး ဒီစည်းကမ်းကို သိပြီးကြပါပြီ"

ရှောင်ကျင်းလိန်ကပင် ကြေညာသည်။

"ဒီလိုဆိုရင် စည်းကမ်းအတိုင်း အလှည့်ကျ ကြွေပစ်နိုင်ပါပြီခင်ဗျာ"

စင်လုံသည် စိတ်ထဲ၌ ရှင်ပျော်ပျော်မြို့စားကြီး၏ လိမ်ညာမကာစားနိုင်ရန် အကွက်စေ့စေ့စီမံထားပုံနှင့် တရားမျှတစွာ လောင်းကစားလိုပုံတို့အတွက် ချီးကျူးမိသည်။

ကျင့်လန်ကျိုးသည် ရှောင်ကျင်းလိန်၏ လက်ထဲမှဖဲချပ်များကို ယူ၍ စားပွဲပေါ်သို့ ပစ်တင်လိုက်၏။ ရှောင်ပါ့ဝမ်သည် ရွှေတောင့်



များကို ထုတ်လိုက်သည်။

"ကောင်းပြီ ကျုပ်တို့စပြီး ကစားကြစို့"

ထိုစဉ် ရှင်ပျော်ပျော်မြို့စားကြီးထံမှ အေးစက်မာကြောသောအသံကြီးကို ကြားလိုက်ရ၏။

"နေဦး - "

ရှောင်ပါ့ဝမ်မှာ ရုတ်တရက်ထိတ်လန့်သွား၏။

"ဘာလဲ ကျုပ်ချလိုက်တဲ့ ရွှေတောင့် ရွှေအစစ်မဟုတ်လို့လား"

ရှင်ပျော်ပျော်မြို့စားကြီးသည် ရွှေတောင့်များကို လုံးဝမကြည့်ပါချေ။ သူ့ထံမှ ရယ်သံရုတ်တရက်ထွက်ပေါ်လာသည်။

"ရွှေတောင့်တွေ ရွှေမစစ်လို့ မဟုတ်ပါဘူး။ ရွှေတောင့်တွေက ရွှေစစ်ပါတယ်၊ ရွှေနဲ့ကစားကတည်းက သိပ်မဆိုးပါဘူး၊ ဒါပေမယ့် ရွှေကိုင်တဲ့လက်က ညစ်ပတ်လို့ပါ"

ရှောင်ပါ့ဝမ်က ထိတ်လန့်နေရာမှ ဟက်ဟက်ပက်ပက် ရယ်မောနေလိုက်တော့၏။

"ကျုပ်လက်က ညစ်ပတ်တယ်ဟုတ်လား။ လက်ညစ်ပတ်တာ ဘာဖြစ်လဲ၊ အခုဒီမှာလာကစားတာက သန့်ရှင်းရေးလာပြိုင်နေကြတာမှမဟုတ်တဲ့၊ လက်အလှပြိုင်နေတာမှ မဟုတ်တဲ့၊ ပိုက်ဆံချင်းပြိုင်တာပဲ၊ ဉာဏ်ချင်းပြိုင်တာပဲ"

သူ၏ စကားဆုံးသည်နှင့် နောက်ကျောတွင် သူ၏အင်္ကျီကော်လံကို တစ်စုံတစ်ယောက်က လာရောက်ဆုပ်ဆွဲလိုက်သည်ကို ခံစား လိုက်ရသည်။ သူသည် ရုတ်တရက်မျက်နှာပျက်သွားသည်။ ခုခံရန် ဟန်ပြင်လိုက်သည်။ သို့သော် မည်သို့ဖြစ်လေသည်မသိ၊ သူ၌ ခုခံရန်အင်အားဟူ၍ လုံးဝမရှိတော့ပေ။

"သွားတော့"

"ဝုန်း"

အေးစက်စက်အော်ငေါက်သံနှင့်အတူ သူသည် တံခါးအပြင်ဘက်သို့ လွင့်စဉ်ထွက်သွားလေတော့၏။ သူသည် ရုတ်တရက် ပြန်မထနိုင်တော့ချေ။ ထိုလူသည် သူ့နောက်သို့ မည်သည့်အချိန်က ရောက်ရှိ၍ မည်သို့လွှင့်ပစ်လိုက်မှန်းကို သူ့မှာသာပင် မစဉ်းစားနိုင်ပဲ ဖြစ်နေသည်။ အခန်းထဲရှိ လူအားလုံးကလည်း တိုက်ခိုက်သူ၏ လှုပ်ရှားမှုကို မည်သူကမျှ မမြင်လိုက်ကြပါချေ။

မော်ဘုရင်ကလေး ရှောင်ပေါ့ဝမ်သည် တံခါးအပြင်ဘက်သို့ ပြေးထွက်သွားတော့သည်။ ထိုအခါကျမှ အခန်းထဲမှလူများသည် ကိုယ့်အသက်ရှူသံကို ကိုယ်ပြန်ကြားနေရကြောင်း သတိပြုမိကြ တော့သည်။

ရွှင်ပျော်ပျော်မြို့စားကြီးက တစ်ချက်ရယ်လိုက်ပြီး

"ကဲ - ရှုံမှုန်းစရာကောင်းတဲ့ကောင်လည်း မရှိတော့ပါဘူး၊ ဘာမှ စိတ်အနှောင့်အယှက်ဖြစ်မနေကြပါနဲ့၊ စိတ်ရှိလက်ရှိ ကစား ကြပါ"

အခန်းသည် ပိုနေမြဲကျားနေမြဲပုံစံသို့ ပြန်လည်ရောက်ရှိသွား တော့၏။

ထိုအခါ လူပုကလေး ရှောင်ကျင်းလိန်သည် ကျင့်လန်ကျိုးရှေ့ သို့ရောက်ရှိလာကာ ပြုံး၍ပြောသည်။

"ကဲ - လူကြီးမင်းကျင့်လန်ကျိုးက စပြီးကစားပါတော့"

ကြွေစေ့များသည် စားပွဲပေါ်၌ ပတ်ချာလည့်ပြေးလွှားသွား တော့၏။ တစ်ညလုံးအတွက် လောင်းကစားပွဲ စတင်လေပြီ။

## အခန်း(၃၂)
## ပြိုင်ပက်ချင်း စီးချင်းထိုးပွဲ

သူတို့၏လက်ထဲမှ ဖဲချပ်များသည် လှုပ်ရှားလိုက် ငြိမ်သက် လိုက်ဖြင့် အသက်ဝင်လိုက် အသက်ထွက်လိုက်ဖြစ်နေသည်။ စင်လုံသည် ငါးကြိမ်တိုင်တိုင် အနိုင်ရသဖြင့် ငွေပေါင်းတစ်သောင်း ခြောက်ထောင်အထိ ရရှိလာသည်။

တောက်ပသည့် မျက်လုံးနီနီနှင့်လူသည် ငွေပေါင်းတစ်သောင်း ရှုံးနေခဲ့ချေပြီ။ လုံစစ်ပိုင်နှင့် ကျင့်လန်ကျိုး၏လက်နှစ်ဖက်မှာလည်း ချွေးများစို့နေတော့၏။ ဖဲချပ်များသည်ပင် သူတို့၏လက်ထဲ၌ ပို၍ လေးလံလာသကဲ့သို့ ထင်မှတ်နေကြလေ၏။

သို့သော် မှောင်ရိပ်ထဲမှ မျက်စေ့ကမူ စင်လုံအား ထက်ထက် မြက်မြက်ပင် စူးစိုက်ကြည့်နေသည်။ ထပ်မံ၍ အချိန်အတော်ကြာ ကစားသည့်တိုင် စင်လုံ၏ဖဲသည်သာ အကောင်းဆုံးဖြစ်နေသည်။ လူတိုင်းက သူ့ကိုဂရုစိုက်စရာဖြစ်လာတော့သည်။ မီးအိမ်မှ အလင်း ရောင်သည် သူ့တစ်ကိုယ်တည်းအပေါ်သို့သာ ကျရောက်နေသကဲ့ သို့ ထင်မှတ်ရလေ၏။

အချိန်အတန်ကြာသည်နှင့်အမျှ ကျင့်လန်ကျိုး လုံစစ်ပိုင်နှင့် ကျိုးထန်းဖုတို့ပါသမျှ ငွေများကုန်သွားကြကာ တစ်ယောက်ပြီးတစ်ယောက် အနားယူသွားကြသည်။

နောက်ဆုံးတွင် စင်လုံနှင့် ရှင်ပျော်ပျော်မြို့စားကြီးတို့ နှစ်ယောက်သာ ကျန်ရစ်လေတော့၏။ ယနေ့ညအဖို့ တကယ့်ကစားပွဲသည် ယခုအချိန်မှ စတင်မည်ဖြစ်ပါ၏။

စင်လုံ၏အမူအရာမှ အေးဆေးသက်သာစွာပင် ရှိနေပါသည်။ သူ၏လက်မှာ နွေးထွေးခြောက်သွေ့နေသည်။ ပြိုင်ပွဲသည် ယခုမှ စတင်မည်ဖြစ်ကြောင်းကို စင်လုံကောင်းစွာသိနေသည်။ သူ၏ အစိကပြိုင်ဘက်သည် ရှင်ပျော်ပျော်မြို့စားကြီးပင် မဟုတ်ပါလော။ ယခုမူ သူ၏ပြိုင်ဘက်နှင့် စီးချင်းထိုးရပေတော့မည်။

သူ၌ ငွေပေါင်းတစ်သိန်းမျှ အနိုင်ရရှိခဲ့ပြီးဖြစ်ပါသည်။ သို့သော် ရှင်ပျော်ပျော်မြို့စားကြီးထံမှ ပျော့ကွက်ဟာကွက်ဟူ၍ လုံးဝမတွေ့ရသေးချေ။ ဖဲဝိုင်းမှထွက်၍ ဘေးထိုင်သွားကြပြီဖြစ်သူများကဲ့သို့ ရှင်ပျော်ပျော်မြို့စားကြီးလည်း အတော်ကလေး ရှုံးနိမ့်နေပြီဖြစ်သည်။ သို့သော်သူသည် ယခုမှဖဲဝိုင်းသို့ ဝင်လာသည့်လူသစ်တစ်ယောက်ကဲ့သို့ အေးဆေးတည်ငြိမ်စွာရှိနေ၏။ သူ့လက်ထဲရှိ ဖဲချပ်သုံးဆယ့်နှစ်ချက်မှာလည်း တုန်လှုပ်ခြင်းရှိမနေချေ။

ရှင်ပျော်ပျော်မြို့စားကြီးက စတင်စကားဆိုသည်။

"ကျုပ်တို့ ကစားခဲ့တဲ့ကစားနည်းက ပျင်းစရာမကောင်းဘူးလားဗျ"

စင်လုံက အေးဆေးစွာပင် ပြန်မေးလိုက်၏။

"သခင်ကြီးဝမ် ပျင်းနေသလားခင်ဗျာ"

"ခင်ဗျားတော့မသိဘူး ကံတိုက်သက်သက်ကစားနေကြတာ



ဆိုတော့ စိတ်ဝင်စားမှု နည်းတယ်လို့ ကျုပ်ထင်တယ်"

စင်လုံက ပြုံးလိုက်၏။

"သခင်ကြီးဝမ်အနေနဲ့ ဘယ်လိုကစားချင်ပါသလဲ။ သိခွင့်ရှိရင် သိပါရစေ"

ရှင်ပျော်ပျော်မြို့စားကြီးသည် တဖိတ်ဖိတ်တောက်ပနေသည့် မျက်လုံးအစုံဖြင့် စင်လုံအားကြည့်ရင်း -

"ဖဲကတော့အသေပဲ၊ လောင်းကြေးကတော့ အသေမဟုတ်တဲ့နည်းနဲ့ ကစားကြရအောင်၊ လောင်းကြေးက အရှင်ဖြစ်တော့ တဖြည်းဖြည်းများလာမယ်၊ ပိုပြီး စိတ်ဝင်စားလာမယ်"

"လောင်းကြေးက ဘယ်လောက်အထိ များမှာလဲခင်ဗျာ"

"ခင်ဗျားနဲ့ ကျုပ်အတွက် ဖဲတစ်ချပ်စီဝေမယ်၊ နောက်ထပ်ဘယ်သူမှ ဖဲချပ်တွေပိုမရတော့ဘူး။ ဒီတစ်ချပ်တည်းက အပွင့်အနည်းအများပေါ်လိုက်ပြီး လောင်းကြေးတင်ရမယ်၊ ထပ်လောင်းချင်ရင် လောင်းကြေးကို တစ်ဆစီတင်ရမယ်၊ ဆယ်ဆအထိ ထပ်ထပ်ပြီး လောင်းကြေးတင်နိုင်တယ်၊ တစ်ဖက်ကလောင်းကြေးမတင်ရဲရင် အရှုံးပေါ့၊ တစ်ဘက်လူရဲ့ ဖဲကို ကြည့်ရှုခွင့်မရှိဘူး။ နှစ်ဦးနှစ်ဖက်စတင်ရမယ့် လောင်းကြေးကတော့ ငါးထောင်ပဲ"

ရှင်ပျော်ပျော်မြို့စားကြီး၏ မျက်လုံးများ၌ အရောင်များ ပိုထွက်လာ၏။ သူရှင်းလင်းပြောပြနေသည့် စကားများကလည်း ရှင်းလင်းပြတ်သားလှ၏။ သူက ဆက်ပြောသည်။

"ဒီလောင်းကစားနည်းက ကိုယ့်ဖဲချပ်မှာ အပွင့်ကြီးနေယင် ပိုပြီး ရဲရဲလောင်းနိုင်တယ်၊ ဖဲချပ်မှာအပွင့်သေးနေရင်တော့ ရဲရဲမလောင်းနိုင်ဘူးပေါ့။ ဒါပေမယ့် ကိုယ့်ဖဲချပ်မှာ အပွင့်ကြီးသယောင်ယောင်နဲ့ လောင်းကြေးကို တစ်ဆတစ်ဆတိုးပြီး ဟိတ်ဟန်ထုတ်

ဆက်ကစားနိုင်တယ်၊ ဆက်မလိုက်ရဲတဲ့လူက အရှုံးပဲ၊ ရှုံးရင်တော့ နိုင်တဲ့လူတက်က ဘာအပွင့်လဲဆိုတာ လှန်ကြည့်ခွင့်မရှိတော့ဘူး။ ဖဲပုံပေါ်တင်လိုက်ရုံပဲ၊ ကျုပ်ပြောတဲ့ဖဲကူ အသေ၊ လောင်းကြေးက အရှင်ဆိုတာ ဒီနည်းပဲ၊ ဆယ်ဆအထိ နှစ်ယောက်စလုံး လိုက်ရဲရင်တော့ ဖဲလှန်ပြီး ဆုံးဖြတ်ရုံပဲ - "

စင်လုံက လက်ဝါးနှစ်ဖက်ကို ပွတ်သပ်လျက် ရယ်လိုက်၏။

"ကောင်းတယ် - သိပ်ကောင်းတယ်၊ ဒီကစားနည်းက ကံတရားအပြင် အသိတရားနဲ့ တည်ငြိမ်မှုလည်း ရှိဖို့လိုအပ်တာကိုး ကျုပ်ကျေနပ်ပါတယ်"

ရှင်ပျော်ပျော်မြို့စားကြီးက ဆက်၍ရှင်းပြနေသည်။ ဤသို့ရှင်းပြလျှင် တရားမျှတရာမကျဟု ထင်မှတ်နေသသလား မဆိုနိုင်ချေ။

"ဒီလောင်းကစားနည်းရဲ့ အရေးအကြီးဆုံးအချက်ကတော့ ဟိတ်ဟန်မင်မောင်း ကောင်းဖို့ပဲ၊ ကိုယ့်မှာ အပွင့်သေးနေတာကို တစ်ဖက်လူ မရိပ်မိစေရဘူး၊ တစ်ဖက်လူရဲ့ဖဲပွင့်တွေဟာ တကယ်ကြီးနေတာလား၊ တကယ်မကြီးဘဲနဲ့ ကိုယ့်ကိုဟိတ်ဟန်နဲ့ ခြောက်နေတာလားဆိုတာကို အကဲခတ်တတ်ရမယ်၊ ကျုပ်ပြောတာကို စိတ်ဝင်စားတယ်၊ ကျေနပ်မယ်ဆိုရင် အဲဒီနည်းအတိုင်း ကစားကြရအောင်"

စင်လုံက ကျေကျေနပ်နပ်ပင် လက်ခံသည်။

"ကျုပ်စိတ်ဝင်စားပါတယ်"

ပတ်ဝန်းကျင်မှ ဝိုင်းပတ်ကြည့်ရှုနေသူများမှာ ရှင်ပျော်ပျော်မြို့စားကြီး၏ လောင်းကစားနည်းအသစ်အဆန်းအတွက် ပါးစပ်အဟောင်းသားဖြစ်နေကြလေတော့၏။

ကျင့်လန်ကျိုးက တအံ့တသြပြောသည်။



"ကျုပ်လည်း လောင်းကစားနည်းမျိုးစုံ တီးခေါက်မိတဲ့ လူပါ ဗျာ၊ ဒါပေမယ့် ဒီလိုကစားနည်းမျိုးကိုတော့ တစ်သက်နဲ့တစ်ကိုယ် ကြားဖူးပါဘူးဗျာ၊ ရှင်ပျော်ပျော်မြို့စားကြီးကတော့ ဒီနေ့မှာ လောင်း ကစားနည်းအသစ်တစ်ခု ထွင်လိုက်တာပါပဲ"

ရှင်ပျော်ပျော်မြို့စားကြီးထံမှ ရယ်သံကို ထူးထူးခြားခြားကြား လိုက်ရသည်။ ရယ်ရင်းဆက်ပြောသည်။

"လောင်းကစားတဲ့ပွဲဆိုတာ စစ်ပွဲတစ်ပွဲနဲ့ အတူတူပဲ၊ အကြံ ဉာဏ် နည်းပရိယာယ် အကုန်ပါရမယ်၊ ထိပ်သီးသိုင်းသမားချင်း ယှဉ်ပြိုင်ရသလို ရသမျှအခွင့်အရေးသုံးရမယ်၊ အတတ်ပညာ ပုံရမယ်၊ အသိပညာ ကြွယ်ဝရမယ်၊ အတွေ့အကြုံရင့်ကျက်ရမယ်၊ တစ်ခုမှ လျော့နည်းလို့မဖြစ်ဘူး၊ အဲဒီအချိန်မှာ နိုင်တဲ့လူဟာ တကယ့်ကို နိုင်တဲ့လူပဲ"

ကျင့်လန်ကျိုးက ရယ်မောရင်း ချီးကျူးလိုက်၏။

"သခင်ကြီးဝမ်ကတော့ တကယ့်ကို အသိဉာဏ်ကြွယ်ဝတဲ့ လူကြီးပါပဲဗျာ၊ သခင်ကလေးစင်လုံကလည်း ခေတ်ရဲ့လူမှမဟုတ် ရင် တကယ့်ပွဲကြီးပွဲကောင်းဖြစ်မှာပါပဲ။ ခင်ဗျားတို့နှစ်ယောက် ထဲက ဘယ်သူရှုံးရှုံး၊ ဘယ်သူနိုင်နိုင် ကြားထဲကအမြတ်ရမယ့်လူတွေက တော့ ကျုပ်တို့ပါပဲ၊ အတွေ့အကြုံအသစ်အဆန်းနဲ့ ဗဟုသုတတိုးပွား ကပေါ့ဗျာ"

ရှင်ပျော်ပျော်မြို့စားကြီးက -

"သခင်ကလေးစင်လုံမှာ တခြားအဆိုပြုချက်မရှိဘူးဆိုရင် ကျုပ်တို့ရဲ့ပွဲကို စတင်လိုက်ရအောင်"

"ကောင်းပါပြီ ဟောဒီမှာ ဖွင့်ပွဲလောင်းကြေးငါးထောင်"

စင်လုံက ငွေငါးထောင်တင်လိုက်သောအခါ ရှင်ပျော်ပျော်

မြို့စားကြီးကလည်း ငွေငါးထောင်တင်လိုက်သည်။

ဤသို့ဖြင့် သူတို့၏ ဟိတ်ဟန်မင်မောင်းမြိုင်ပွဲကြီး စတင်လေတော့၏။ သူတို့သည် လောင်းကြေးငွေ တစ်ကြိမ်ထည့်ဝင်ရန်အတွက် လက်ဖက်ရည်တစ်အိုး ဆူပွက်ချိန်မျှအထိ စဉ်းစားကြ၏။ အချိန်အတော်ကြာ ကစားပြီးသောအခါ စင်လုံနိုင်ခဲ့ပြီးသော ငွေတ သိန်းသည် လုံးဝပြန်လည်ဆုံးရှုံးသွားလေတော့၏။

အခြေအနေသည် အထက်အောက်ပြောင်းပြန် လှန်လိုက်သကဲ့သို့ဖြစ်သွားသည်။ ရွှင်ပျော်ပျော်မြို့စားကြီးသည် အထက်စီး ဖြစ်သွားတော့၏။

စင်လုံသည် သူ့အတွက် ခက်ခဲလာသည့်အခြေအနေကို သတိပြုမိသည်။ သူထပ်မံနိုင်ချင်လျှင် ဒုတိယအကြိမ် ရရှိလာမည့် အခွင့် အရေးကို စောင့်ရမည်။ သို့သော် သူ့အတွက် အခွင့်အရေးသည် သူ့ထံသို့ ဒုတိယအကြိမ်လာမည် မလာမည်ကို သူ အသေအချာ မသိပါချေ။

အဘယ့်ကြောင့်ဆိုသော် ရွှင်ပျော်ပျော်မြို့စားကြီးသည် လော ကစားလောကမှ ကိုးတောင်ပြည့်ကျားကြီးဖြစ်နေသောကြော တည်း။ သူ့အတွက်အခွင့်အရေးပေါ်လာသည်နှင့် တစ်ချက်မျှ လ လွှတ်မခံဘဲ စင်လုံအား အနိုင်ယူခဲ့သည်။ မပိုင်လျှင် စင်လုံ၏နော သို့ မည်သည့်အခါမျှမလိုက်။ သို့သော် စင်လုံကြောက်ရွံ့နောက်ဆု ခဲ့သည့်အခါတိုင်း၌ သူ့၌ဖဲအပွင့်ကြီးကြီးရှိခဲ့သည်မဟုတ်ချေ။ ဤ သို့ဖြင့် စင်လုံသည် ငွေနှစ်သောင်းခွဲရှုံးခဲ့လေသည်။

ဖဲဝိုင်းသည် တဖြည်းဖြည်းအရှိန်တက်လာရာ စင်လုံ၏ လ ဖဝါးတွင် ချွေးများပင်စို့လာခဲ့ရသည်။ တစ်ယောက်တစ်ချပ်စီ ဖဲမျ ဆွဲယူပြီးကြသောအခါ စင်လုံသည် ရွှင်ပျော်ပျော်မြို့စားကြီ



မျက်လုံးများကို စူးစူးစိုက်စိုက်ကြည့်လိုက်သည်။ ရွှင်ပျော်ပျော်မြို့စားကြီး၏ မျက်လုံးများ၌ မှုန်ဝါးလာသည့် ပြောင်းလဲမှုကလေးကို စင်လုံတွေ့ လိုက်ရသည်။ သူ့စိတ်က အထင်မှားခြင်းဖြစ်မည်ဟုလည်း သတိပေးနေရသည်။

ရွှင်ပျော်ပျော်မြို့စားကြီးကလည်း သူ၏မျက်လုံးထဲ၌ အဖြေရှာနေသည်ကို ရုတ်တရက် သတိပြုလိုက်မိ၏။ အခန်းတွင်း၌ အသက်ရှူသံများမှတပါး မည်သည့်အသံကိုမျှ မကြားရတော့ချေ။ ဤတစ်ပွဲသည် နောက်ဆုံးပွဲဖြစ်မည်ဟုသိနေကြသည့်အလား တစ်ခန်းလုံး မှုန်းကျပ်ကျပ်ကြီးဖြစ်လာကြသည်။ လူတိုင်းလူတိုင်း၏ စိတ်ထဲ၌ တင်းကျပ်ကျပ်ကြီး ခံစားလာကြရသည်။

ထိုအချိန်တွင် လန်ရှန်းသည် စင်လုံ၏အနီး၌ ရောက်ရှိနေပေပြီ။

ရွှင်ပျော်ပျော်မြို့စားကြီးသည် ငွေစက္ကူအထပ်ကြီးတစ်ထပ်ကို ဆွဲထုတ်လျက် စားပွဲအလယ်ရှိ ငွေပုံထဲသို့ ထည့်လိုက်သည်။

"သုံးသောင်းထည့်တယ်"

စင်လုံမှာ တွေဝေသွားတော့သည်။ အတန်ကြာတွေဝေနေပြီးမှ သူ့ရှိ ငွေစက္ကူများကို တစ်ရွက်ချင်းရေနေတော့၏။ စင်လုံသည် ရေတွက်ပြီးသော ငွေသုံးသောင်းကို အလယ်ရှိငွေပုံထဲသို့ ပစ်ထည့်လိုက်ရင်း -

"ကျုပ်လည်း သုံးသောင်းထည့်တယ်"

ရွှင်ပျော်ပျော်မြို့စားကြီးသည် လုံးဝစဉ်းပင်မစဉ်းစားတော့ဘဲ က္ကူထပ်ကြီးတစ်ထပ်ကို ပစ်ထည့်လိုက်၏။

"နောက်ထပ်သုံးသောင်း"

လောင်းကစားပွဲသည် ရတ်တရက် ကိုးသောင်းငါးထောင်အထိ ခုန်တက်ခဲ့လေပြီ။ ဘေးမှရပ်ကြည့်နေသူများသည် အားလုံး ရင်မ နေကြရပြီ။ လန်ရှန်း၏နှလုံးသားများသည် သူမ၏ပါးစပ်မှ ခုန်ထွက်တော့မတတ် အခုန်မြန်နေသည်။

သူမမြင်တွေ့နေရသည့် အခြေအနေမှာ မကောင်းလှပေ။ စင်လုံ ၏ရှေ့၌ရှိနေသောငွေမှာ အလွန်ဆုံးရှိမှ ခုနစ်သောင်းသာ ဖြစ်ပေလိမ့်မည်။ ပွဲအစ၌ ဤမျှလောင်းကြေးကြီးမားနေလျှင် ပွဲ၏အထွတ်အထိတ်၌ လောင်းကြေးငွေမည်မျှ မြင့်မားနေလိမ့်မည်နည်း။ စင်လုံ၏ရှေ့၌ရှိသောငွေသည် ဆင့်ပါးစပ်နမ်းပက်သကဲ့သို့သာ ရှိပေလိမ့်မည်။

ထိုအခိုက်မှာပင် စင်လုံ၏လှုပ်ရှားမှုကို တွေ့ရတော့သည်။

"ဟောဒီမှာ သုံးသောင်း။ ကျုပ်က နောက်ထပ်သုံးသောင်းခွဲ ထပ်ထည့်တယ်"

လန်ရှန်းမှာ ထိတ်လန့်လွန်းသဖြင့် ယောင်ယမ်းအော်ဟစ်မိမတတ်ဖြစ်သွားသည်။ သို့သော် တကယ်တမ်းအားဖြင့် သူမအသံမထွက်နိုင်ပါချေ။ စိုးရိမ်ထိတ်လန့်မှုက သူမအား ခေတ္တဆွံ့အသွားစေခဲ့၏။

သို့သော် - သူမသည် သူမ၏စိတ်ကို ဖြေနေရသည်။ စင်လုံ ဤမျှရဲရဲဝံ့ဝံ့လောင်းကြေးထည့်လိုက်ခြင်းမှာ သူ၌ အဖိုးတန်ဖဲချပ် ရှိနေ၍သာဖြစ်ပေလိမ့်မည်။ ရှိပါစေဟုလည်း ကြိတ်၍ဆုတောင်းမိလိုက်၏။

ရွှင်ပျော်ပျော်မြို့စားကြီးသည် စင်လုံ၏မျက်လုံးများအား စူးစိုက်ကြည့်ရင်း ရင်ထဲရှိနှလုံးသားအထိ ထွင်းဖောက်ကြည့်ရန် ကြိုးစားနေသည်။ ဤလူငယ်သည် အစစ်အမှန် ဖဲပွင့်ကြီးနေ၍ ဤမျှရဲရင့်



နေခြင်းလော။ သို့မဟုတ် တမင်သက်သက် ဟန်ရေးပြခြိမ်းခြောက်နေခြင်းလော။

စင်လုံသည် မလှုပ်မယှက်ပင် အကြည့်ခံနေ၏။ ရွှင်ပျော်ပျော်မြို့စားကြီးသည် ရတ်တရက်ပြုံးလိုက်၏။

"ခင်ဗျားက ကျုပ်ကိုခြောက်ပြီး ဆုတ်သွားအောင် ခြောက်တာ မဟုတ်လား။ ခင်ဗျားမှာ အလွန်ဆုံးရှိရင် လေးပွင့်၊ သို့မဟုတ် ငါးပွင့်"

စင်လုံကလည်း ရယ်သည်။

"ဟုတ်လား"

ရွှင်ပျော်ပျော်မြို့စားကြီးက ခေါင်းတညိတ်ညိတ်ဖြင့်ဖြေသည်။

"ဟုတ်တယ် - ကျုပ်တွက်ရင် ဘယ်တော့မှ မမှားဘူး"

"ဒါဖြင့်ရင် ဘာဖြစ်လို့ ထပ်မလိုက်သလဲ၊ ခင်ဗျားမှာ တစ်ပွင့်နှစ်ပွင့်ပဲ ရှိနေလို့နဲ့တူတယ်"

ရွှင်ပျော်ပျော်မြို့စားကြီးသည် စားပွဲခုံကို လက်ဖြင့်တစ်ချက်ပုတ်လိုက်ရာ သူ၏နောက်ဘက်မှ လူငယ်တစ်ယောက်သည် သေတ္တာတစ်လုံးပိုက်လျက် ရောက်ရှိလာ၏။ ရွှင်ပျော်ပျော်မြို့စားကြီးက အချက်ပြလိုက်သောအခါ လူငယ်သည် သေတ္တာကိုဖွင့်၍ စားပွဲပေါ်၌ မှောက်ချလိုက်၏။

"ကျုပ်က နောက်ထပ်ငွေကိုးသောင်းထပ်ထည့်တယ်"

"ဟာ"ခနဲ အော်လိုက်သည့် အာမေဍိတ်သံသည် စည်းကိုက်ဝါးကိုက်တိုင်ပင်ထားသည့်အလား တပြိုင်တည်းပေါ်ထွက်လာသည်။

ကျင့်လန်ကျိုး၏ဆံပင်များသည် ထောင်နေ၏။ လုံစစ်ပိုင်၏မျက်လုံးများသည် ဇီးကွက်မျက်လုံးကဲ့သို့ ဖြစ်နေ၏။ ကျိုးထန်းဖု၏

နှာခေါင်းမှ အငွေ့များထွက်နေသည်။ သို့သော် စင်လုံကား ပြုံးနေ၏။

စင်လုံ၏လက်ချောင်းများသည် သူ၏ဖဲချပ်ပေါ်၌ တည်ငြိမ်စွာ တင်ထားလျက်ရှိနေသည်။ ရှင်ပျော်ပျော်မြို့စားကြီးသည် အားပါးတရ ပြုံးလိုက်၏။

“ဘယ်လိုလဲ - ခင်ဗျားလိုက်မလာဝံ့တော့ဘူးလား။ ခင်ဗျား သတ္တိမကြောင်ဘူးဆိုတာ ကျုပ်သိပါတယ်လေ၊ ဟဲ - ဟဲ - ဟဲ”

စင်လုံက အပြုံးမပျက်ပေ။

“ကျုပ်က ဝိုင်းမစခင်က မမေးခဲ့မိဘူး။ ငွေရင်း မလုံလောက်တာနဲ့ဘဲ ကျုပ်က အရှုံးပေးရတော့မှာလား”

“ခင်ဗျားမှာ ပါလာတဲ့ငွေ ကုန်ပြီလား”

“ဒါပေါ့ဗျ။ ခင်ဗျားသိတဲ့အတိုင်း ဘယ်သူမှ ငွေကို သိန်းချီပြီး ယူမလာဘူးဗျ”

ရှင်ပျော်ပျော်မြို့စားကြီး၏ မျက်လုံးများသည် သိန်းငှက်မျက်စိကဲ့သို့ စင်လုံအား အကဲခတ်ရင်း -

“တစ်ခုတော့ရှိတယ်၊ ပစ္စည်းတစ်ခုခုကို အာမခံထားမယ်ဆိုရင်တော့ ကျုပ်က ငွေကိုးသိန်းကို ခေတ္တခဏ ထုတ်ချေးပါ့မယ်”

စင်လုံက ရယ်လိုက်၏။

“အဲဒါ ခက်ကျတာပဲဗျာ၊ ကိုယ်ကလွဲလို့ ကျုပ်မှာ ဘာအပိုပစ္စည်းမှ ပါမလာဘူးဗျာ”

ရှင်ပျော်ပျော်မြို့စားကြီး၏ မျက်လုံးများသည် တောက်ပြောင်နေရာမှ အေးစက်သွားသည်။ စကားလုံးများကလည်း အေးစက်စက်ဖြင့် တစ်ခွန်းချင်းထွက်လာသည်။

“ခင်ဗျားမှာ ငွေကိုးသိန်းတန်တဲ့ပစ္စည်း ဘာမှပါမလာဘူးလား”



“မပါပါဘူး”

“မဟုတ်သေးဘူးနဲ့ တူပါတယ်”

စင်လုံ၏ အသံတည် တည်ငြိမ်သွား၏။

“သခင်ကြီးဝမ်က ကျုပ်ရဲ့အသက်ကို လောင်းကြေးထည့်နိုင်းတာလား”

ရှင်ပျော်ပျော်မြို့စားကြီး၏ အေးစက်မာကျောသော ရယ်သံကြီးသည် အခန်းထဲ၌ ဟိန်းထွက်လာသည်။

“ခင်ဗျားရဲ့အသက်ကို ငွေကိုးသိန်းတန်တယ်လို့ သတ်မှတ်ရင် တကယ်တော့ နည်းနေပါတယ်လေ၊ ဟား - ဟား - ဟား”

စင်လုံက တည်ငြိမ်စွာ ပြန်မေးလိုက်၏။

“နည်းနေတယ် ဟုတ်လား။ ခင်ဗျား ဘာကိုဆိုလိုတာလဲ”

“ဟုတ်တယ်၊ တကယ်တော့ အသက်မလိုပါဘူး၊ လက်ချောင်းကလေးတွေလောက်ဆိုရင် လုံလောက်ပါတယ်”

“ကျုပ်ရဲ့ လက်ချောင်းကလေးတွေ ဟုတ်လား”

“ဟုတ်တယ်၊ ခင်ဗျားရဲ့လက်ချောင်းကလေးတစ်ချောင်းဟာ ငွေလေးသိန်းခွဲတန်ပါတယ်”

ယခုတစ်ကြိမ်တွင်ကား စင်လုံ၏ ရယ်သံအလှည့်ဖြစ်တော့သည်။ စင်လုံက အားရပါးရ အော်ဟစ်ရယ်မောတော့သည်။

“ကျုပ်ရဲ့ လက်ချောင်းတစ်ချောင်းစီဟာ ငွေလေးသိန်းခွဲတန်မှန်း ဒီနေ့ကျမှပဲ သိရတော့တယ်”

ရှင်ပျော်ပျော်မြို့စားကြီးက အေးစက်စွာ ပြောလိုက်၏။

“ခင်ဗျားနိုင်ရင်တော့ စားပွဲပေါ်မှာ ရှိရှိသမျှငွေတွေဟာ ခင်ဗျားငွေတွေပါပဲ၊ စိတ်အေးချမ်းသာစွာ ယူသွားပေတော့၊ အေး -

ခင်ဗျားရှုံးခဲ့ရင်တော့ ခင်ဗျားရဲ့လက်ချောင်းကလေး နှစ်ချော ဖြတ်ပေးခဲ့ပေတော့၊ ပြိုင်ဖက်တစ်ယောက်အနေနဲ့ ကျုပ် သက်ညှာမှုဟာ မသေးပါဘူး။ တစ်ခုတော့ရှိတယ်လေ၊ ဒါကလည် ခင်ဗျားစိတ်ကျေနပ်မှုပါ၊ ကျုပ်က အတင်းမတိုက်တွန်းပါဘူ ခင်ဗျားက ခင်ဗျားရဲ့အသက်ကို ကိုးသိန်းမတန်ဘူးလို့ သတ်မှ တယ်၊ ကျုပ်က ကိုးသိန်း မကတန်တယ်လို့သတ်မှတ်တယ် ဒါကြောင့်မို့ အသက်လောက် တန်ဖိုးမရှိတဲ့ လက်ချောင်းကလေး တွေကို တစ်ချောင်းကို လေးသိန်းခွဲအထိပေးတာ ကျုပ်က ခင်ဗျားအပေါ်မှာ မတော်မတရားလုပ်ရာများ ကျနေသလာ ကျုပ်သာဆိုရင်တော့ လက်ချောင်းကလေး ဆယ်ချောင်းတော ရှိနေတဲ့ဥစ္စာ၊ နှစ်ချောင်းဖြတ်ပေးရလည်း မမှုပါဘူး"

ရှင်ပျော်ပျော်မြို့စားကြီးနှင့် စင်လုံတို့သည် အာမခံပစ္စည်းမျ ပတ်သက်၍ ဆွေးနွေးနေကြသည်။ သို့သော် ဘေးမှလူများအနေဖြ မူ ထိတ်လန့်မှုကြောင့် ချွေးစီးများထွက်နေကြသည်။

လန့်ရှန်းသည် ပြုလဲမကျသွားစေရန် ကုလားထိုင်၏ ကျော ကို တင်းကြပ်စွာ ဆုပ်ကိုင်ထားလိုက်ရသည်။ ထိုကျောမှီကုလားထိုင် သာ သူမ၏ရှေ့၌ရှိမနေပါက မုချ မူးမေ့လဲကျသွားရပေလိမ့်မည်

သူမ၏တစ်သက်တာ၌ ဤကဲ့သို့သော လောင်းကစားနည်းမျ ကို တစ်ကြိမ်တစ်ခါမျှ မကြားဘူးခဲ့ချေ။ အဘယ်မျှရက်စက်သော ကစားနည်းပေနည်း။ အသွေးအသား ဖြစ်သော လက်ချော ကလေးများနှင့် အေးစက်သော ငွေတုံးငွေခဲငွေစက္ကူများကို လဲလှ အလောင်းအစားပြုခြင်းပေတည်း။ ရှင်ပျော်ပျော်မြို့စားကြီး သက်ညှာမှုမှာ သွေးလန့်ဖွယ်ရာအတိပါတည်း။

စင်လုံကမူ ဣန္ဒြေရရပြုံးနေသည်။ သူသည် ရှင်ပျော်ပျော်



မြို့စားကြီးအား အေးစက်စွာပြန်ကြည့်သည်။

"ခင်ဗျားရဲ့သက်ညှာမှုကတော့ တကယ့်ကို မဟာ့မဟာ သက် ညှာမှုကြီးပါပဲဗျာ၊ ဒီလို သက်ညှာမှုမျိုးကို ပြိုင်ဘက်တစ်ယောက် အနေနဲ့ ကျုပ်က အများကြီးကျေးဇူးတင်ပါတယ်၊ ကျုပ်ရဲ့လက်မကို အဖြတ်ခံလိုက်ရရင် ကျုပ်အဖို့ ဓားရှည်မကိုင်နိုင်တော့ဘူး၊ လက်ညှိုးနဲ့ လက်ခလယ်ကို ဖြတ်ပစ်လိုက်ရင် သွေးကြော ပိတ်တိုက်ကွက်ကို မထုတ်နိုင်တော့ဘူး။ အင်း ကျုပ်ရဲ့လက်ချောင်း ကလေးနှစ်ချောင်းရဲ့ တန်ဖိုးကတော့ မသေးလှပါကလားဗျာ"

ရှင်ပျော်ပျော်မြို့စားကြီးက ပေါ့ပျက်ပျက်ရယ်လိုက်၏။

"ကိစ္စမရှိပါဘူး၊ ခင်ဗျား မလောင်းချင်ရင်လည်း ကျုပ်က အတင်း မတိုက်တွန်းပါဘူးဗျာ"

စင်လုံသည် ရှင်ပျော်ပျော်မြို့စားကြီးအား အေးစက်စွာကြည့် နေသည်။ သူသည် ကျောက်ရုပ်ကြီးတစ်ရုပ်အလား ငြိမ်သက်တွေး တောနေ၏။ ဤသို့စဉ်းစားနေသည်မှာ လက်ဖက်ရည်အိုး တစ်အိုး ဆူပွက်နိုင်လောက်သည့်အချိန်အထိ ကြာမြင့်လေ၏။

"ကျုပ် - လောင်းမယ်"

စင်လုံ၏ စကားသည် အခန်းထဲ၌ ယမ်းအိုးကြီးတစ်အိုး ပေါက်ကွဲသွားသည့်အလား အားလုံးကို ထိတ်လန့်သွားစေ၏။ လူအားလုံး ကြက်သီးမွေးညင်းထသွားလေ၏၊ ထို့နောက် တဖြည်း ဖြည်း အသက်ရှုကျပ်လာကြသည်။ ဤမျှစိတ်လှုပ်ရှားဖွယ် ကောင်းသော လောင်းကစားမှုမျိုးကို သူတို့၏တစ်သက်၌ နောက်ထပ်တွေ့မြင်ရရန် မလွယ်တော့ပေ။

ရှင်ပျော်ပျော်မြို့စားကြီး၏ ခန္ဓာကိုယ်သည် အနည်းငယ် လှုပ်ရှားသွားသည်။

"ခင်ဗျား - လောင်းသလား"

စင်လုံက ပြုံး၍ဖြေလိုက်သည်။

"လောင်းတယ်"

"ကောင်းပြီ ခင်ဗျားရဲ့ဖဲကို လှန်လိုက်ပေတော့၊ ဘာဖဲလဲ ဆိုတာကြည့်ကြမယ်"

စင်လုံက ပြုံး၍ပြန်ဖြေသည်။

"ဖဲကတော့ မကောင်းပါဘူး၊ ဒါပေမယ့် ညံ့တော့မညံ့ပါဘူး"

သူသည် ဖဲကိုကောက်လှန်လိုက်လေ၏။ "ဟယ်"ခနဲ အော်လိုက်သောအသံများသည် အခန်းတစ်ခန်းလုံးကို လွှမ်းမိုးသွားတော့၏။

လန်ရှန်းသည် မူးမေ့၍လဲကျသွားလေတော့၏။

စင်လုံ၏ တစ်ချပ်တည်းသောဖဲ -

ထိုတစ်ချပ်တည်းသောဖဲ၌ နှစ်ပွင့်တည်းသာ၊ နှစ်ပွင့်တည်းသာ ရှိနေချေသည်တကား။

ကျင့်လန်ကျို၊ လုံစစ်ပိုင်နှင့် ကျိုးထန်းဖုတို့မှာ စင်လုံကိုယ်စား ခြေဖျားလက်ဖျားများ အေးစက်လာကြ၏။ သူတို့၏ ရင်တွင်း၌ ပြောလိုက်သည့်စကားများကလည်း ထပ်တူထပ်မျှ တူညီနေသည်။

"မိုက်လှချည်လား စင်လုံရယ်"

ရှင်ပျော့ပျော့မြို့စားကြီးသည် ကျောက်ရုပ်ကြီးတစ်ရုပ်အလား ငြိမ်သက်နေသည်။ စင်လုံအား မလှုပ်မယှက်ထိုင်ကြည့်နေသည်။ ထို့နောက်တစ်ခွန်းချင်း ပြောလိုက်၏။

"ခင်ဗျားမှာ နှစ်ပွင့်ထဲရှိတယ်၊ သိပ်ကောင်းတယ်၊ နှစ်ပွင့်ပဲရှိ တယ်"



ရှင်ပျော့ပျော့မြို့စားကြီး၏အသံမှာ ခြောက်ကပ်ကပ် ဖြစ်နေသည်။ သူ့အသံသည် ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်းလား၊ ဝမ်းနည်းကြေကွဲခြင်းလား မည်သူမျှ မခွဲခြားနိုင်ကြပါချေ။

စင်လုံက အေးဆေးစွာ ဖြေလိုက်၏။

"ဟုတ်ပါတယ် ကျုပ်မှာ နှစ်ပွင့်ပဲရှိပါတယ်"

ရှင်ပျော့ပျော့မြို့စားကြီးသည် ကျယ်လောင်စွာ အော်ဟစ်လိုက်၏။

"ခင်ဗျား အတင့်ရဲလှချည်လား"

အခန်းထဲရှိ လူအားလုံးမှာ မြို့စားကြီး၏ အော်ဟစ်သံကြောင့် ထိတ်လန့်သွားကြ၏။ ထိတ်လန့်သူများထဲတွင် စင်လုံမပါဝင်ပါ။ စင်လုံက တည်ငြိမ်စွာပြောလိုက်၏။

"သခင်ကြီးဝမ် ခင်ဗျားရဲ့ဖဲဟာ နှစ်ပွင့်တောင်မရှိဘူးဆိုတာ ကျုပ် အပိုင်တွက်ထားပြီးပါပြီ၊ ဒါကြောင့်မို့ ကျုပ် ဒီလောက်စွန့်လိုက်တာပဲ"

ရှင်ပျော့ပျော့မြို့စားကြီးထံမှ အေးစက်သောစကားသံ ထွက်ပေါ်လာသည်။

"ခင်ဗျားက ဘယ်လိုများအပိုင်တွက်နိုင်လိုက်သလဲ၊ နားထောင် စမ်းပါရစေဦး"

စင်လုံက -

"ကောင်းပါပြီ၊ ရှင်းပြဆိုလည်း ရှင်းပြရတာပေါ့လေ၊ ကျုပ်တွက်နိုင်လိုက်တဲ့ အဓိကအချက်ကတော့ ခင်ဗျားရဲ့ လောင်းကစားပုံနည်းဗျူဟာကို သိလိုက်ရလို့ပါပဲ"

“ဆိုစမ်းပါဦး ကျုပ်ရဲ့နည်းဗျူဟာက ဘယ်လိုရှိလို့လဲ”

“ရွှင်ပျော်ပျော်မြို့စားကြီးဟာ လက်ထဲမှာ စိတ်ချနိုင်လောက်တဲ့ အပွင့်ကြီးကြီးရှိနေရင် လောင်းကြေးကိုအလောတကြီး ဘယ်တော့မှမခေါ်ဘူး။ သူများခေါ်ရင်လည်း မသိမသာ ဖြည်းဖြည်းချင်းပဲ လိုက်တယ်၊ သူများကို အေးစက်စက်နဲ့ စောင့်တယ်၊ အေးစက်စက်နဲ့လိုက်တယ်”

“အင်း - ဆက်စမ်းပါဦး”

“ဒါပေမယ့် လက်ထဲမှာ အပွင့် သိပ်နည်းနေရင်တော့ တစ်ဖက်သား နောက်ဆုတ်ပြေးအောင် ငွေလုံးငွေရင်းထည့်ပြီး ခြိမ်းခြောက်တယ်၊ ကြောက်ပြီးဆုတ်သွားအောင် ဟိန်းဟောက်တယ်၊ ဒါက ယေဘုယျသဘောပေါ့လေ၊ တစ်ခါတစ်လေ အပွင့်ကြီးရက်နဲ့ ဟိန်းဟောက်တာတို့လည်း ရှိတာပေါ့”

“အခုတစ်ချီမှာတော့ ခင်ဗျားမှာ ဘာမှမရှိဘဲနဲ့ ကျုပ်ကိုသက်သက်ခြိမ်းခြောက်တာပဲဆိုတာ ကျုပ်ရိပ်မိတယ်၊ ပိုသေချာသွားတာက ခင်ဗျားရဲ့နည်းဗျူဟာသုံးပြီး ကျုပ်ကို နောက်ဆုတ်သွားအောင် ခြိမ်းခြောက်လာတဲ့အချက်ပဲ၊ ခင်ဗျားရဲ့ငွေသေတ္တာကြီးမှောက်ချလိုက်တဲ့ အချိန်မှာ ကျုပ်နိုင်ပြီလို့ ယေဘုယျတွက်နိုင်လိုက်တယ်”

“သေချာလှချည်လား”

“ဒီလိုတော့လည်း မဟုတ်ပါဘူး။ ယေဘုယျတွက်နိုင်တာပဲ ရှိပါတယ်၊ ဒီလောက်တွက်ပြီးမှ ကျုပ်က စွန့်စားရတာပေါ့၊ ဘယ်လောင်းကစားပဲဖြစ်ဖြစ် စွန့်စားရတာချည်းပဲ၊ နည်းနည်းစွန့်စားရတာနဲ့ များများစွန့်စားရတာပဲ ကွာခြားတယ်မဟုတ်လား”

ရွှင်ပျော်ပျော်မြို့စားကြီးသည် တဟားဟားအော်ရယ်ရင်း -



“အတွေးအခေါ် အယူအဆကတော့ တယ်ကောင်းပါလား။ ကဲ - ကျုပ်ဘာဖဲကိုင်ထားတယ်ဆိုတာ ခင်ဗျားဘာသာပဲ လှန်ကြည့်စမ်းပါဦး”

သူသည် အားရပါးရ အော်ဟစ်ရယ်မောရင်း လှည့်ထွက်သွားတော့၏။

အခန်းထဲရှိ လူအားလုံး အံ့ဩထိတ်လန့်နေကြသည်။ ရွှင်ပျော်ပျော်မြို့စားကြီး၏ဖဲသည် သုညလော၊ တစ်ပွင့်လော၊ နှစ်ပွင့်လော၊ သုံးပွင့်လော - မည်သူမျှ မခန့်မှန်းနိုင်ဘဲ ဖြစ်နေသည်။ သူ၏ပြိုင်ဖက်စင်လုံကမူ သူ၏နှစ်ပွင့်ကိုပင် မနိုင်ဟု အခိုင်အမာဆိုနေချေပြီ။ လူအားလုံးသည် ဝတ်ရုံပွပွကြီးဝတ်ဆင်ထားသည့် ရွှင်ပျော်ပျော်မြို့စားကြီး၏ ကျောပြင်ကြီးကို ငေးမောကြည့်နေမိကြ၏။ မှောင်ရိပ်ထဲ၌ ပျောက်ကွယ်သွားသောအခါ သူတို့၏ အာရုံများသည် စားပွဲပေါ်၌ ကျန်နေခဲ့သည့် ရွှင်ပျော်ပျော်မြို့စားကြီး၏ ဖဲချပ်ပေါ်သို့ စုပြုရောက်ရှိသွားပြန်တော့သည်။

သူတို့အားလုံးသည် ထိုဖဲချပ်ကို ကောက်လှန်ကြည့်ချင်ကြ၏။ စင်လုံ၏ နှစ်ပွင့်ကို နိုင်မည်လော၊ ရှုံးမည်လော၊ သို့သော် မည်သူတစ်ဦးတစ်ယောက်ကမျှ ကောက်မကိုင်ရဲကြပေ။

စင်လုံက ပြုံးလိုက်ပြီး အားလုံးကြားအောင် ပြောလိုက်သည်။

“ကဲ - ရွှင်ပျော်ပျော်မြို့စားကြီးကတော့ ထွက်သွားပြီ ဒီတော့ ပြိုင်ဖက်ဖြစ်တဲ့ ကျုပ်ကပဲ သူ့ဖဲကိုလှန်ချရတော့မှာပဲ -”

စင်လုံသည် ရွှင်ပျော်ပျော်မြို့စားကြီး၏ ဖဲချပ်ဆီသို့ လက်လှမ်းလိုက်စဉ်မှာပင် လက်တစ်ဘက်သည် ရုတ်တရက်ထွက်လာပြီး ရွှင်ပျော်ပျော်မြို့စားကြီး၏ဖဲကို ဖိအုပ်လိုက်၏။ ဖဲချပ်သည် တဖြည်းဖြည်း စားပွဲခုံထဲသို့ နစ်ဝင်ပျောက်ကွယ်သွားတော့သည်။

ဤလက်သည် ရှောင်ပုံ့ဝင်၏ချစ်သူ ယွမ်ယွမ်ခေါ် နီပုံ့ဝင်အား တစ်ချက်တို့ရုံမျှဖြင့် တုံးခနဲလဲကျသွားစေသော လက်ဖြစ်သည်ကို ယုံမှားသံသယရှိရန်မလိုပါချေ။

ယခုမူ ဤလက်ကို အသေအချာမြင်တွေ့နေရကြရ၏။ အသွေးအသားများ ခြောက်ကပ်နေသည့် လက်တစ်ဘက်ဖြစ်နေသည်။ လက်ခုံပေါ်၌ အကြောအမျှင်များ မတွေ့ကြရချေ။ သစ်ကိုင်းခြောက် တစ်ခုနှင့်တူသော ကြောက်လန့်ဖွယ်ရာ လက်တစ်ဖက်သာတည်း။

ထိုလက်ပိုင်ရှင်ထံမှ အေးစက်သောစကားသံ ထွက်ပေါ်လာသည်။ စောစောက ရွှင်ပျော်ပျော်မြို့စားကြီးနောက်ကွယ်မှ ထွက်လာသော လေသံရှင်ပင်ဖြစ်တော့သည်။

"ဒီဖဲချပ်ကို ခင်ဗျားကြည့်မနေပါနဲ့တော့"

စင်လုံက ပြုံး၍မေးလိုက်၏။

"ကျုပ်က ရွှင်ပျော်ပျော်မြို့စားကြီးရဲ့မြိုင်ဖက်ပဲ၊ ဘာဖြစ်လို့ မကြည့်ရမှာလဲ"

"ဘာကြောင့်လဲဆိုတော့ ဒီဖဲချပ်ကို ကျုပ်မြင်ပြီးလို့ပဲ၊ ဒီဖဲချပ်ဟာ နှစ်ပွင့်ထက်ပိုများတဲ့ သုံးပွင့်ပါတဲ့ ဖဲချပ်ပဲဖြစ်တယ်"

စင်လုံက သရော်တော်တော်ဖြင့် ရယ်လိုက်၏။

"သေချာရဲ့လား"

အသံရှင်သည် အလွန်စိတ်ဆိုးသွားသည်။

ဘာလဲ - ခင်ဗျားက ကျုပ်ကိုမယုံမကြည်ဖြစ်နေသလား၊ ကျုပ်ပြောရင် ယုံကိုယုံရတယ်"

ဤစကားကြောင့် အခန်းထဲရှိလူအားလုံး စိုးရိမ်ထိတ်လန့်သွား



ကြသည်။ အခန်းထဲရှိ လူအသီးသီးဇောချွေးပြန်လာကြပြန်သည်။ ကြက်သီးမွေးညှင်းများထလာကြ၏။ ထိုလူ၏အဆိုကို စင်လုံငြင်းပယ်လျှင် မုချအသတ်ခံရပေတော့မည်။ သူတို့အားလုံး စင်လုံအား ခင်မင်စိတ်ပေါ်နေကြသဖြင့် စင်လုံ အသတ်ခံရမည်ကို လွန်စွာစိုးရိမ်နေမိကြသည်။

စင်လုံဆိုသော်လူငယ်သည် သိုင်းလောက၌ ရွှင်ပျော်ပျော်မြို့စားကြီးကဲ့သို့ပင် နာမည်ကြီးနေသူဖြစ်သည်။ သို့သော် - နာမည်ကြီးပုံခြင်းမတူပေ။ ရွှင်ပျော်ပျော်မြို့စားကြီးသည် အသိုင်းအဝန်း တပည့်တပန်းပေါက်များစွာဖြင့် ကျော်ကြားခြင်းဖြစ်ပြီး စင်လုံမှာ တစ်ကိုယ်တော်ကျော်ကြားခြင်းဖြစ်သည်။

စင်လုံကဲ့သို့ ငယ်ရွယ်သောသိုင်းသမားငယ်သည် ရွှင်ပျော်ပျော်မြို့စားကြီးကဲ့သို့ သူ့ထက်ကြီးရင့်သူနှင့် လက်ရည်တူနိုင်ပါမည်လော။ အကယ်၍ လက်ရည်တူသည်ထားဦး၊ နှစ်ယောက်နှင့်တစ်ယောက် တိုက်ခိုက်၍ နိုင်နိုင်ပါမည်လော။

သို့သော် စင်လုံနှင့် ရွှင်ပျော်ပျော်မြို့စားကြီးတို့၏ လောင်းကြေးမှာ သူတို့၏တစ်သက်မဟုတ် ဆယ်သက်၌တစ်ကြိမ် မတွေ့နိုင်သော လောင်းကြေးဖြစ်၏။ ငွေပေါင်းသိန်းချီ၍ ရှိနေသည်။ ထိုမျှ လောင်းကြေးတင်ထားပါလျက် စင်လုံသည် တစ်ဖက်လူ၏ဖဲကိုမကြည့်ဘဲ အဘယ်မှာလျှင် အရှုံးပေးနိုင်ပါမည်နည်း။

အခန်းထဲရှိ လူအားလုံးသည် ဤသို့ စင်လုံဘက်ကလည်း စဉ်းစားကြပါ၏။ သို့သော် ထိုဖဲကိုကြည့်ရဖို့အတွက် အသက်နှင့်လဲရမည့်ကိန်းဆိုက်နေသဖြင့် အားလုံးအသက်မရှုနိုင်ဘဲ ဖြစ်နေကြတော့သည်။

ထို့ပြင် တစ်ခုခက်နေသည်မှာ ရွှင်ပျော်ပျော်မြို့စားကြီး၏ ဖဲချပ်

သည် သစ်သားစားပွဲထဲ၌ နစ်ဝင်ပျောက်ကွယ်နေခြင်းပင်ဖြစ်သည်။ အဘယ်ကဲ့သို့ ဆွဲထုတ်ကြည့်ရမည်နည်း။

စင်လုံသည် ပေါ့ပျက်ပျက်ရယ်လိုက်၏။

"စောစောကပဲ ခင်ဗျားရဲ့ သိုင်းပညာ ဘယ်အထိ အဆင့်မြင့်တယ်ဆိုတာ ကျုပ်တွေ့ပြီးပြီ၊ ဒီကိစ္စမှာ သိုင်းပညာမလိုသေးပါဘူး၊ ရှင်ပျော်ပျော်မြူးစားကြီးရဲ့ ဘာဖဲလဲဆိုတာ ဟိုမှာရှိနေတဲ့ ဖဲချပ်တွေစစ်ဆေးကြည့်လိုက်တာနဲ့ သိနိုင်ပါတယ်၊ ဒါက ခက်ခဲတဲ့အလုပ်မဟုတ်ပါဘူး"

စင်လုံ၏လက်သည် စားပွဲခုံပေါ်ရှိ ဆင်စွယ်ဖဲထုပ်ရှိရာသို့ လက်လှမ်းလိုက်ပြန်သည်။

ထိုအခါ မှောင်ရိပ်ထဲမှလက်ပိုင်ရှင်သည် ဆင်စွယ်ဖဲထုပ်ပေါ်သို့လက်ဝါးကို ဖိချလိုက်၏။ ဆင်စွယ်ဖဲထုပ်တစ်ခုလုံးကို မုန့်ပွပွတစ်ခုကို ချေမွလိုက်သကဲ့သို့ ကြေမွသွားလေတော့၏။

ထိုလူက အေးစက်စွာပြောသည်။

"ခင်ဗျားက နှစ်ပွင့်၊ သူကသုံးပွင့်၊ နှစ်ပွင့်ကို သုံးပွင့်ကစားတယ်၊ ခင်ဗျားရှုံးတယ်၊ သူနိုင်တယ်"

မှောင်ရိပ်ထဲမှလူသည် သဲလွန်စရှာနိုင်မည့် အရာမှန်သမျှကို ဖျောက်ဖျက်ပစ်နေသည်။ ဤအချက်ကပင် မှုမှန်တော့ချေ။ သူ၏ "သုံးပွင့်"ဟူသော စကားကို မည်သို့မျှ ယုံကြည်ရန် မဖြစ်နိုင်တော့ချေ။

စင်လုံက ပြုံးယင်းမေးလိုက်၏။

"တကယ့်ကို သုံးပွင့်လား"

ထိုလူက အေးစက်စွာ ပြန်ဖြေသည်။



"ကျုပ်က သုံးပွင့်ဆိုရင် အားလုံးက သုံးပွင့်လို့ပဲ လက်ခံရမယ်"

စင်လုံက ရယ်ရင်း -

"အင်းလေ - ခင်ဗျားပြောတဲ့ သုံးပွင့်ကို ကြည့်ရသေးတာပေါ့"

သူသည် စကားသံဆုံးသည်နှင့် စားပွဲကိုလက်ဖြင့် တစ်ချက်ပုတ်လိုက်သည်။ မှောင်ရိပ်ထဲမှလူ နစ်မြှုပ်သွင်းလိုက်သည့် ဖဲချပ်သည် သစ်သားအတွင်းမှ ဖြတ်ခနဲခုန်ထွက်လာတော့သည်။ နစ်ဝင်နေသည့် ဆင်စွယ်ဖဲချပ်အား ဤကဲ့သို့ခုန်ထွက်လာစေသည့်အတွင်းအားသည် နည်းနည်းနောနောအတွင်းအား မဟုတ်ပေ။

စင်လုံသည် ဖဲချပ်ကို အသာအယာလှမ်းယူရင်း စားပွဲပေါ်သို့လှန်ချပြလိုက်၏။ စုစုပေါင်း အပွင့်ဆယ်ပွင့်။ ဖဲဝိုင်း၌ သူ့ထက်အောက်ကျသောဖဲချပ် မရှိတော့ပေ။ ဆယ်ပွင့်၏တန်ဖိုးမှာ "သုည" ပင်ဖြစ်တော့၏။

ဤကား မှောင်ထဲမှအသံရှင်၏အမှားတည်း။ စားပွဲပေါ်မှ ဖဲချပ်အားလုံးနှင့်တကွ သစ်သားထဲ၌မြှုပ်ထားသည့် ဖဲချပ်ကိုပါ ဖျက်ဆီးပစ်ရပေမည်။ သို့သော် သူသည် တကယ့်အရေးကြီးဆုံးသော ဖဲချပ်အား မဖျက်ဆီးပစ်ခဲ့မိပေ။

အခန်းထဲမှ လူအားလုံးမှာ စင်လုံ၏စွမ်းရည်ကို မြင်လိုက်၍လည်းကောင်း အားလုံးစကားမပြောနိုင်တော့ဘဲ ပါးစပ်အဟောင်းသားနှင့် ငေးငိုင်နေကြလေတော့၏။

စင်လုံက ပြုံးရင်းပြောလိုက်သည်။

"နှစ်ပွင့်က သုညကိုစားတယ်၊ ကျုပ်နိုင်ပြီ သခင်ကြီးဝမ်ရှုံးပြီ"

အမှောင်ရိပ်ထဲမှလူသည် မလှုပ်မယှက်ရပ်နေ၏။ သူသည်

ဝိပုလေ့မျက်လုံးများဖြင့် စင်လုံအား အေးစက်စွာစိုက်ကြည့်နေ၏။ စင်လုံကလည်း ရူးရူးစွာပြန်ကြည့်နေ၏။ တစ်စုံတစ်ခုသောမုန်တိုင်းသည် ဤအခန်းငယ်ကလေးအား ဝှေယမ်းချေမွပစ်ရန် တာစူနေချေပြီ။ လူအားလုံး အသက်ရှူရန် မေ့နေကြပြီ။

ရုတ်တရက်အေးစက်စွာ ပြောလိုက်သည့် စကားသံ တစ်လုံးချင်းထွက်ပေါ်လာတော့သည်။

"ကောင်းတယ် - ခင်ဗျားနိုင်တယ်"

❖ ❖ ❖

စင်လုံသည် ထိုတစ်ပွဲတည်းနှင့် ငွေဆယ်သိန်းနိုင်ခဲ့သည်။ ထိုငွေဆယ်သိန်းကို ဘေးမသီရန်မခ သယ်ယူနိုင်ခဲ့သည်။ သူတို့တည်းခိုသည့်အိမ်သို့ရောက်သောအခါ အရှေ့ဘက်၌ ရောင်နီပျိုးနေချေပြီ။

စင်လုံသည် ပက်လက်ကုလားထိုင်ပေါ်၌ အပျင်းဆန့်နေသည်။ သူသည် ပြုံးနေသည်။ သို့သော် အစိပ္ပါယ်မဲ့ ပြုံးခြင်းသာ။

လန်ရှန်းသည် ခုတင်ပေါ်၌ခွေအိပ်နေရင်းမှ စင်လုံအား ငေးကြည့်နေမိသည်။ သူမက တစ်လုံးချင်းပြောနေသည်။

"ကျွန်မဖြင့် စောစောက ထိတ်လန့်လွန်းလို့ တစ်ချက်တည်း အသက်ထွက်သွားပြီမှတ်နေတာ"

စင်လုံသည် အပြင်သို့ ငေးမောကြည့်နေ၏။

လန်ရှန်းက ဆက်မေးသည်။



"စောစောက တကယ်ပိုင်လို့ ရှင်လောင်းလိုက်တာလားဟင်"

စင်လုံက ဖြည်းညင်းစွာ ခေါင်းခါယမ်းပြလိုက်သည်။

"ကမ္ဘာပေါ်မှာ တကယ်ပိုင်အောင် တွက်ချက်နိုင်တာဆိုလို့ ဘာတစ်ခုမှ မရှိပါဘူးကွာ"

လန်ရှန်းက ရယ်လိုက်သည်။

"ဒါပေမယ့် - ရှင် အခုနိုင်နေပြီပဲ"

"ဒါက ကုသိုလ်ကံပါ။ စွန့်စားရတဲ့ အကျိုးအမြတ်လို့လည်း ခေါ် နိုင်တယ်"

"ဘာပဲဖြစ်ဖြစ် ရှင် သူဌေးဖြစ်နေပြီ၊ အင်း ငွေဆယ်သိန်းဆိုတာ နည်းနည်းနောနောမဟုတ်ဘူးနော်၊ လူတွေအများကြီး တစ်သက်လုံး ရှာတာတောင် မရနိုင်ကြဘူး"

စင်လုံက မရယ်မပြုံးဖြင့် ပြောလိုက်သည်။

"ဒီငွေဆယ်သိန်း ဘာလုပ်ရမှာလဲ"

လန်ရှန်းမှာ ပါးစပ်အဟောင်းသားဖြစ်သွားတော့သည်။

"ဘုရားရာ - ငွေဆယ်သိန်း ဘာလုပ်ရမှာလဲလို့ ရှင်မို့ပြောရက်တယ်၊ ဒီငွေဆယ်သိန်းနဲ့ အိမ်တွေဆောက်လိုက်ရင် လန်ကျိုးတစ်မြို့လုံးကလူတွေ နေနိုင်မယ့် အိမ်တွေရနိုင်တယ်၊ ရိက္ခာအစားအစာတွေကို ဝယ်မယ်ဆိုယင်လည်း လန်းဥပြည်နယ်တစ်နယ်လုံးက လူတွေအတွက် တစ်နှစ်စာရိက္ခာရနိုင်တယ်၊ ဒါတွေ မဝယ်ချင်ဘူးဆိုရင်လည်း သစ္စာရှိတဲ့ ကျေးကျွန်တွေ ဝယ်နိုင်တယ်"

"ဒီငွေဆယ်သိန်းက ဒီလောက်တောင် အလုပ်လုပ်နိုင်သလား"

"ပြောရက်ပါပေ့ရှင်၊ ဒီငွေဆယ်သိန်းကို "ရှမ်ဟိန်" ထဲပစ်ချလိုက်

ရှင် လန်ကျိုးတစ်မြို့လုံးက လူတွေ ရေထဲခုန်ဆင်းပြီး ရှာကြမှာ သေချာတာပေါ့ရှင်"

စင်လုံက ရယ်လိုက်၏။

"အင်း - ဒီငွေတွေက ဒီလောက်အလုပ်လုပ်နိုင်တာကိုး အင်း - ဖြစ်နိုင်တယ်၊ ဖြစ်နိုင်တယ်"

"ကျွန်မနဲ့ လာမငြင်းစမ်းပါနဲ့ရှင်၊ ကျွန်မတစ်ခုမေးမယ်၊ အ ပထမတစ်ပွဲတော့ ရှင်နိုင်ပြီ၊ ဘာဆက်လုပ်မလဲ၊ ရွှင်ပျော်ပျော် မြို့စားကြီး လာရှာတာကို ရှင်စောင့်မလား"

"ကျုပ်က သူ့ကို တစ်ခေါက်သွားတွေ့သင့်တာပေါ့ကွ"

"ဘယ်လိုနည်းနဲ့ သွားတွေ့မလဲ"

စင်လုံသည် ရယ်နေ၏။ လန်ရှန်း၏စကားကို ပြန်မဖြေပါ။ လန်ရှန်းက စိတ်မရှည်တော့ချေ။

"ရှင် - ဘာရယ်နေတာလဲ"

စင်လုံသည် အသံကိုမြှင့်၍ တံခါးမကြီးဘက်သို့ လှမ်းအော် လိုက်၏။

"ချွန်းချောင် ကျေးဇူးပြုပြီး ဝင်သာဝင်လာခဲ့ပါ၊ တံခါးပေါ် အပင်ပန်းခံပြီး ရပ်စောင့်မနေပါနဲ့တော့"

ဤတစ်ကြိမ်တွင်တော့ ချွန်းချောင်သည် သူမဘာသာ တံခါးကို တွန်းဖွင့်၍ ဝင်လာလေ၏။ သူမသည် ကြိုးစား ပြုံးပြလိုက်သည်။

"ကျွန်မက တံခါးခေါက်ပြီး ဝင်လာတော့မလို့ပါပဲ၊ သခင်လေး ကလှမ်းခေါ်လိုက်တာနဲ့ တံခါးမခေါက်တော့ပဲ ဝင်လာခဲ့တာပါ"

လန်ရှန်းက ခက်ထန်စွာပြောလိုက်၏။



"ရှင် - ဘယ်တုန်းက တံခါးခေါက်တဲ့ အလေ့အကျင့်ရှိလို့လဲ၊ ဒိုတွေ ပြောမနေစမ်းပါနဲ့"

ချွန်းချောင်သည် သူမအပြစ်နှင့်သူမမို့ လန်ရှန်းကို ဆက်၍ စကားမပြောဝံ့တော့ပါချေ။ စင်လုံကိုသာ ဦးတည်၍ မေးလိုက်သည်။

"သခင်လေးစင်လုံ - ဘာများစားချင်တာရှိသလဲလို့ လာမေး တာပါ"

စင်လုံက ပြုံး၍ပြောလိုက်၏။

"ဟုတ်လား၊ ကျုပ်ကလည်း ခင်ဗျားနဲ့တွေ့ချင်နေတာနဲ့ တော်ပဲဖြစ်သွားတော့တာပေါ့ဗျာ"

ချွန်းချောင်မှာ မျက်စိမျက်နှာပျက်သွားတော့၏။

"ရှင် - ကျွန် - ကျွန်မကို တွေ့ချင်လို့ ဟုတ်လား၊ ဘာ - ကိစ္စများရှိလို့လဲ"

"ခင်ဗျား လန်ကျိုးမြို့ထဲသွားရမယ်၊ နည်းနည်းတော့ အပင်ပန်း ခံရမယ်ဗျို့"

ချွန်းချောင်မှာ ရင်ထဲမှ အလုံးကြီးကျသွားတော့၏။ သူမအား ပြဿနာလုပ်မည်ကို စိုးရိမ်ခဲ့သည်။ ခိုင်းသည့်ကိစ္စကို ဆောင်ရွက် ရန်လောက်ကိုမူ ပင်ပန်းသည်ဟု သဘောမထားပါချေ။ လိုလို လားလားပင် ဆောင်ရွက်လိုပါ၏။

"ဟုတ် - ဟုတ်ကဲ့၊ အမိန့်ရှိပါ သခင်လေး၊ ကျွန်မ ဘာလုပ် ရမလဲ"

"လန်ကျိုးမြို့ထဲသွားပါ၊ ကျုပ်အတွက် အကောင်းဆုံး ပုလဲ တွဲဝယ်ခဲ့စမ်းပါ"

ချွန်းချောင်သည် သူမ၏တာဝန်မှာ ဤမျှလောက် လွယ်လိမ့်

မည်ဟု မထင်ခဲ့ပေ။ ထို့ကြောင့် ပြုံးပြုံးရယ်ရယ်ဖြင့် ပြန်မေးလိုက်သည်။

"ဒါဆိုရင် လွယ်ပါတယ် သခင်လေး။ ဘယ်လောက်များများ ဝယ်ခဲ့ရမလဲ"

"ဆယ်သိန်းဖိုးလောက်ပါ"

"ဘုရားရေ - ဆယ်သိန်းဖိုး"

ဘုရားတလိုက်သည့်အသံမှာ ချွန်းချောင်တစ်ယောက်တည်း၏ အသံမဟုတ်ပါချေ။ ချွန်းချောင်ရော လန်ရှန်းပါ ယိမ်းတိုက်ထား သည့်အလား အော်လိုက်သည့် အာမေဍိတ်သံ ဖြစ်ပါ၏။

စင်လုံသည် သူတို့နှစ်ယောက်အားကြည့်၍ ဆက်ပြောလိုက် သည်။

"ဆယ်သိန်းဖိုးကနည်းနေတယ်၊ ဒီတော့ သုံးသိန်းဖိုးလောက် တိုးပြီး ဆယ့်သုံးသိန်းဖိုးလောက် ဝယ်ခဲ့ပါ"

လန်ရှန်းမှာ စကားလုံးဝမပြောနိုင်တော့ချေ။ ချွန်းချောင် က အထစ်ထစ်အငေါ့ငေါ့ဖြင့် မေးလိုက်၏။

"သ - သ - သခင်လေး ဆယ့်သုံးသိန်းဖိုးဆိုတာ နည်း နည်းနောနောမဟုတ်ပါဘူး။ များ - များလွန်းနေမလား မသိဘူး"

စင်လုံက ရယ်လိုက်၏။

"ခင်ဗျားတို့က အပေါစားပုလဲတွေဝယ်ဖို့ စိတ်ကူးနေကြ ကို။ ကျုပ်က အညံ့စား၊ အပေါစားတွေ မလိုချင်ဘူး၊ ကွမ်းသီး လောက်ရှိတဲ့ အရည်အသွေးကောင်းကောင်း ပုလဲမျိုးလိုချင်တာ အဲဒါမျိုး ဆိုရင် ကျုပ်ရဲ့ဆယ့်သုံးသိန်းက နည်းတောင်နည်း လိမ့်ဦးမယ် နဲ့တူတယ်"



ချွန်းချောင်က တုန်တုန်ယင်ယင်ဖြင့်ပြောသည်။

"သ - သခင်လေး၊ အဲ့ဒီပုလဲမျိုးက လွယ်လွယ်နဲ့ ဝယ် မရနိုင်ပါဘူး။ ဝယ်ရခက်ပါတယ်"

စင်လုံက ပြုံးလိုက်၏။

"သိပ်မစိုးရိမ်ပါနဲ့လေ၊ စောစောကတည်းက ကျုပ်ပြောသားပဲ၊ နည်းနည်းတော့ အပင်ပန်းခံရမယ်လို့ ငွေရှိရင် ဘာမဆိုဖြစ်ပါတယ်၊ ဟုတ်တယ်မဟုတ်လား"

ချွန်းချောင်က တစ်ဆို့စွာပြောပြန်သည်။

"ဒါ - ဒါပေမယ့် ဈေး - ဈေးနှုန်းကတော့"

"ဟား - ဟား - ဟား ဈေးနှုန်းက ဘာဖြစ်သလဲ၊ ငွေ ဘယ်လောက်များများ ပိုပေးရမှာလဲ၊ သာမန်ပုလဲဈေးထက် တစ် ဆလောက်ပိုပေးရလည်း ပိုပေးရပါစေ၊ ဒါပေမယ့် ကျုပ်လိုချင်တဲ့ ပုလဲကိုတော့ ဒီနေ့ရမှဖြစ်မယ်၊ ဒီနေ့ထက် ကျော်လွန်သွားလို့တော့ မဖြစ်ဘူး"

လန်ရှန်းမှာ စင်လုံ၏စကားကြောင့် တိမ်တိုက်ထဲ၌ လမ်း လျှောက်နေရသကဲ့သို့ ယီးတီးယောင်တောင်ဖြစ်နေရာမှ ပြန်လည် သတိဝင်လာသည်။

"ရှင် ရူးများရူးနေသလား။ ဆယ့်သုံးသိန်းဖိုးပစ္စည်းတွေဝယ်ပြီး ရှင်ဘာလုပ်မလို့လဲ"

စင်လုံက ဟက်ဟက်ပက်ပက်ရယ်လိုက်သည်။ လန်ရှန်း ဒေါသ ထွက်နေပုံကို အလွန်သဘောကျနေသည်။

"ကျွန်မသိပြီ သခင်လေး လက်ဆောင်ပေးမလို့ မဟုတ်လား"

လန်ရှန်းကလည်း ချက်ချင်းသဘောပေါက်သွားသည်။

"ရှင် - ရှင် ဒါတွေကို ရွှင်ပျော်ပျော်မြို့စားကြီးကို လက်ဆောင်ပေးမလို့ပေါ့ ဟုတ်လား"

စင်လုံသည် လန်ရှန်းနှင့် ချွန်းချောင်တို့ကို တစ်လှည့်စီကြည့်ပြီး

"ဘာဖြစ်လို့ ရွှင်ပျော်ပျော်မြို့စားကြီးကို လက်ဆောင်ပေးရမှာလဲ၊ သူဌေးကြေးပသလိုဖြစ်သွားမှာပေါ့၊ ရေများရာ မိုးရွာသလိုဖြစ်သွားမှာပေါ့၊ သူ့ကိုပေးမယ့်အစား မင်းတို့ကိုပေးမှာပေါ့၊ မဟုတ်ဘူးလား"

ချွန်းချောင်နှင့် လန်ရှန်းတို့မှာ တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း ရူးချင်သလိုနမ်းချင်သလိုဖြစ်လာကြတော့သည်။ သူတို့၏စိတ်ထဲတွင် သူတို့နှစ်ယောက် ရူးချင်ရူး မရူးပါက စင်လုံရူးလိမ့်မည်ဟု တွေးနေမိကြ၏။

စင်လုံသည် တုံဏှိဘာဝေဖြစ်နေသည့် အမျိုးသမီးနှစ်ယောက်တို့အားကြည့်ရင်း အားရပါးရရယ်နေသည်။

"ချွန်းချောင် - ခင်ဗျားမသွားသေးဘူးလား၊ ပုလဲတွေ ဝယ်ရချင်တယ်ဆို၊ မြန်မြန်သာသွားပေတော့၊ ဒီနေ့ရဖို့ အရေးကြီးတယ်"

ချွန်းချောင်သည် အတန်ကြာမှ စိတ်တည်ငြိမ်သွားသည်။

"ဟုတ်ကဲ့သခင်ကလေး ကျွန်မအမြန်ဆုံး သွားဝယ်ပေးပါ့မယ်"

"ဩော် - ဒါထက် -"

"ဘာများမှာစရာရှိလို့လဲ သခင်ကလေး"

"ကျုပ်ဧည့်သည်တွေအတွက် ဖိတ်စာလေးတစ်ခုလောက် ပို့ပေးပါ၊ ဧည့်ခံပွဲလုပ်စရာ ရှိနေလို့ပါ"



ချွန်းချောင်သည် လက်ခုပ်လက်ဝါးတီးလျက် သဘောကျသွားတော့သည်။

"ဧည့်ခံပွဲလုပ်မလို့ကိုး ကောင်းတယ်၊ ကောင်းတယ် ကျွန်မအကောင်းဆုံး စီစဉ်ပေးပါ့မယ်"

"ဟင့်အင်း - ခင်ဗျားစီစဉ်ဖို့ မလိုတော့ပါဘူး"

"ရှင် - ဧည့်သည်တွေအတွက် အရက်တွေ၊ ဟင်းလျာတွေ မလိုတော့ဘူးလား၊ ဧည့်ခံပွဲလာတဲ့ဧည့်သည်တွေ ဘာစားရမလဲ၊ မကျွေးလို့ ကောင်းပါ့မလား"

စင်လုံသည် ပြုံးလိုက်ပြန်သည်။ ထိုအပြုံး၌ လျှို့ဝှက်မှုအပြည့်ရှိနေသည်။

"ကိစ္စမရှိဘူး၊ ကျုပ်မှာ သူတို့ကို ကျွေးမွေးဧည့်ဝတ်ပြုရမယ့်ပစ္စည်း အဆင်သင့်ရှိနေပါတယ်"

❖ ❖ ❖

လူတိုင်းရှေ့တွင် အရက်တစ်ခွက်စီ ရှိနေသည်။ ဤအခမ်းအနားကား စင်လုံ၏ညှော်ခံမှု အခမ်းအနားပင်တည်း။ ကျင့်လန်ကျို၊ လုံစစ်ပိုင်၊ ကျိုးထန်းဖုနှင့် ရှောင်ပေါ်ဝမ်တို့သည် သူတို့၏ရှေ့၌ ရှိနေသည့် အရက်ခွက်များကို ငေးကြည့်နေကြသည်။

သူတို့သည် ချမ်းသာကြွယ်ဝသူများဖြစ်ကြသကဲ့သို့ စင်လုံကလည်း ထင်ရှားကျော်ကြားလှသူဖြစ်၏။ ထို့ကြောင့် စင်လုံ၏ဖိတ်ကြားချက်ကို ဝမ်းမြောက်ဂုဏ်ယူစွာ လက်ခံကြ၏။ မပျက်မကွက် တက်ရောက်လာကြ၏။ သို့သော် သူတို့၏ရှေ့၌ အရက်ခွက်တစ်ခွက်စီသာ တွေ့နေရသည်။

စင်လုံသည် ယမန်နေ့ညက လောင်းကစားပွဲ၌ တွေ့ဆုံရသည့် မိတ်ဆွေများကို ဖိတ်ခေါ်ညှော်ဝတ်ပြုခြင်းဖြစ်ရာ တစ်ဦးတစ်ယောက် ကျန်နေသေးသည်ကို အားလုံးသတိပြုမိကြသည်။ ထိုသူမှာ ရွှင်မျော်ပျော်မြို့စားကြီးသာ ဖြစ်သည်။ ရွှင်ပျော်ပျော်မြို့စားကြီးသည် ဟိတ်ဟန်ကြီးလှသူဖြစ်ရာ သူတို့ကဲ့သို့ ဤညှော်ခံပွဲသို့ တက်ရောက်လာချင်မှ လာပေလိမ့်မည်။

ကျင့်လန်ကျိုးသည် အရက်ခွက်ကိုကြည့်၍ ပြုံးနေမိသည်။ သူ့အား ဤအရက်တစ်ခွက်တည်းချ၍ ညှော်ခံခြင်းအတွက် မကျေမနပ်မဖြစ်မိပါချေ။ အရက်ထဲတွင် တစ်ခုခုရှိရမည်ဟု ကြိုတင်ခန့်မှန်းပြီးဖြစ်ပါသည်။

လုံစစ်ပိုင်က အရက်ခွက်ကိုကြည့်၍ ပြုံးနေသည်။ သူ့အပြုံး၌ အံ့သြခြင်းနှင့် ကြောက်ရွံ့ခြင်းတို့ ရောထွေးနေ၏။ အရက်ခွက်တစ်ခွက်တည်းဖြင့် ညှော်ခံခြင်း၏နောက်ကွယ်၌ လျှို့ဝှက်ချက်ရှိရမည်ဟု တွေးမိသောကြောင့် ဖြစ်ပါ၏။



ကျိုးထန်းဖုကမူ မျက်ခုံးတွန့်လိုက် နှာခေါင်းရှုံ့လိုက်ဖြင့် ဂဏှာမငြိမ်ဘဲဖြစ်နေသည်။ သူ၏ မျက်စိများကလည်း ကျီးကန်းမျက်စိသဖွယ် ဟိုကြည့်သည်ကြည့်ဖြစ်နေသည်။ သူသည် ရွှင်ပျော်ပျော်မြို့စားကြီးကို စောင့်မျှော်ကြည့်ရှုနေခြင်းမဟုတ်ပါ။ အရက်မသောက်မီ စားသောက်ရန် ချပေးမည့် ဟင်းလျာများကို စောင့်ကြည့်နေခြင်းသာ ဖြစ်ပါ၏။

ရှောင်ပေါ်ဝမ်ကမူ ကြေးပြားများဖြင့် တြိဂံပုံ ထုချွန်အဆောက်အဦလေး ဆောက်လုပ်နေသည်။ ထိပ်ဆုံးမှ ကြေးပြားကလေး မကြာခဏပြုန်ကျနေသဖြင့် သက်ပြင်း တဟင်းဟင်းချနေသည်။

လန်ရှန်းသည် ရှောင်ပေါ်ဝမ်ကိုကြည့်၍ ရယ်ချင်နေသည်။ အဘယ်ကြောင့်ဆိုသော် ယခုရောက်ရှိလာသည့် ရှောင်ပေါ်ဝမ်သည် ယမန်နေ့ညက ရွှင်ပျော်ပျော်မြို့စားကြီး၏ လောင်းကစားပွဲ၌ တွေ့ရသော ရှောင်ပေါ်ဝမ်နှင့် အကွာခြားကြီးကွာခြားနေသောကြောင့် ပေတည်း။

လောင်းကစားသည့်ညက အဖြစ်အပျက်သည် သူ့အား ကောင်းကောင်းကြီး သင်ခန်းစာပေးလိုက်သည်။ အဝတ်အစားများကို သပ်ရပ်စွာဝတ်ဆင်လာသည်။ သူ့တစ်ကိုယ်လုံးလည်း သန့်သန့်ရှင်းရှင်းဖြစ်နေသည်။ ကြေးပြားများကို ကိုင်တွယ်နေသည့် ဖြူဖွေးသန့်ရှင်းလှသောလက်များက သူ၏သန့်ရှင်းမှုကို သက်သေပြနေသည်။ သူ၏ချစ်သူ ယွမ်ယွမ်ခေါ် နီပေါ်ဝမ်ကား ယခုတိုင် မရောက်ရှိသေး။ ကြောက်ဖျားဖျားနေသည်လားတော့ မဆိုနိုင်ချေ။

စင်လုံသည် အားလုံးကိုပြုံး၍ကြည့်နေ၏။ သူ၏နှုတ်ခမ်း၌ ခိုတွဲနေသည့် အပြုံးမျိုးကို မည်သူမျှ ပြုံးတတ်မည်မဟုတ်ပါချေ။ အပြင်ဘက် သြကာသလောကကြီးအတွင်း၌လည်း ညဥ့်ဦးယံကျန်

ဆုံးသွားပြီဖြစ်၍ ကြယ်ပေါင်းစုံလင်းလက်လျက်ရှိနေပေပြီ။

တိတ်ဆိတ်ငြိမ်သက်နေသည့် ညနေခံပွဲ၌ ရောင်ပါဝင်၏ မေးခွန်းက တိတ်ဆိတ်မှုကို စတင်ဖြိုခွဲပစ်လိုက်သည်။

"ရှင်ပျော်ပျော်မြို့စားကြီးက ဘယ်အချိန် လာမှာလဲ"

စင်လုံက သူ့ထုံးစံအတိုင်း ပြုံး၍ဖြေသည်။

"ဘယ်အချိန်လာမယ်ဆိုတာတော့ ကျုပ်လည်းမသိဘူးဗျာ၊ သူက တခြားသူတွေနဲ့မတူဘူးမဟုတ်လား။ ဒီတော့ ကျုပ်လည်း တပ်အပ်သေချာ မပြောနိုင်ဘူး"

"ဒါဖြင့် ကျုပ်တို့ အကြာကြီး စောင့်နေရမှာပေါ့"

"အဲဒီ သဘောပဲပေါ့ဗျာ"

ကျိုးထန်းဖုသည် မအောင့်အည်းနိုင်တော့ပေ။

"သူက ဒီအချိန်လောက်ဆိုရင် လာဖို့ကောင်းနေပြီဗျ၊ အခု အချိန်လောက်မှ မလာဘူးဆိုရင် အထဲမှာရှိတဲ့ ဟင်းတွေအေးစက်ကုန်တော့မှာပဲ၊ အေးကုန်ရင် ဘယ်မှာစားလို့သောက်လို့ အရသာရှိတော့မလဲဗျ"

လန်ရှန်းက ကျိုးထန်းဖုအား ကြည့်၍ဖြေသည်။

"မအေးပါဘူးရှင့်"

ကျိုးထန်းဖုမှာ ပြုံးနိုင်ရယ်နိုင်ဖြစ်သွားသည်။

"ဒါဆို ကောင်းတာပေါ့၊ ဟင်းဆိုတာ မအေးမှ စားကောင်းတာ"

လန်ရှန်း၏အပြုံးက သင်္ချော်ပြုံး။

"မဟုတ်ဘူးရှင့် - မအေးဘူးဆိုတာ ညနေခံကျွေးမွေးမယ့်ဟင်း မရှိဘူးလို့ ဆိုတာပဲ"



ကျိုးထန်းဖုမှာ ကြက်ကြီးကို လည်လိမ်သကဲ့သို့ ငေးငိုင်သွား၏။ ထို့နောက် စင်လုံအား လက်ညှိုးငေါက်ငေါက်ထိုးလျက်

"ခင်ဗျား အတော်ဆိုးတဲ့လူပဲဗျ၊ ညနေသည်တွေကိုဖိတ်ခေါ်ပြီး ဘာမှမကျွေးမွေးဘူးဆိုလို့ ကျုပ်တော့ ခင်ဗျားဒီလောက် မြီးခြေ ချွေတာလိမ့်မယ်လို့ မထင်မိဘူး"

စင်လုံက တအံ့တသြပြန်မေးသည်။

"ဘာဗျ - ကျုပ်က ချွေတာ မြီးခြေတယ် ဟုတ်လား"

လန်ရှန်းကရယ်ရင်း ကြားဖြတ်ဝင်ပြောသည်။

"သူမှာ ရွှေတွင်း၊ ငွေတွင်း၊ ပယင်းဒုတ္တာတွေ ပိုင်ဆိုင်တဲ့လူမှ မဟုတ်တာဘဲရှင်၊ ရှင့်လို ချမ်းသာတဲ့လူမဟုတ်တော့ ချွေတာမြီးခြေ ရတာပေါ့"

လန်ရှန်း၏စကားသံသည် ရုတ်တရက်ရပ်ဆိုင်းသွားပြီး တံခါးမကြီးဆီသို့ အလန့်တကြား ကြည့်လိုက်မိသည်။

အဘယ်ကြောင့်ဆိုသော် တံခါးမကြီးရှေ့၌ လူတစ်ယောက် လာရပ်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်ပါ၏။ ထိုလူ မည်သည့်အချိန်ကလာရပ်နေသည်ကို မည်သူမျှ သတိမထားလိုက်မိကြချေ။ လန်ရှန်းကြည့်မိမှ အားလုံးက သတိပြုမိကြ၏။

တံခါးမကြီး၏ တံခါးဘောင်သည် အတော်ကလေးမြင့်၏။ သို့သော် ထိုသူသည် တံခါးဘောင်ထက်ပင် မြင့်နေသေး၏။ ထို့ကြောင့် ထိုလူ၏ပိန်လှီသောခန္ဓာကိုယ်ကိုသာ မြင်ရပြီး ဦးခေါင်းက တံခါးဘောင်နှင့်ကွယ်နေတော့၏။

လန်ရှန်းမှာ ထိုလူကိုကြည့်ရင်း ကြောက်စိတ်ဝင်လာသည်။ သူသည် မည်းမည်းပြောင်ပြောင် သားရေအင်္ကျီကို ဝတ်ဆင်ထား၏။

အင်္ကျီမှာ မြွေ၏အရေခွံကဲ့သို့ တောက်ပပြောင်လက်လှသည်။ သို့သော် ခပ်ပွပွဝတ်ဆင်ထား၏။ သို့တိုင် သူ၏ပိန်လှီခြင်းကို မဖုံးကွယ်နိုင်ခဲ့ချေ။

သို့သော် သူ၏ခန္ဓာကိုယ်သည် မြွေဆိုးတစ်ကောင်နှင့် တူနေကြောင်း လန်ရှန်းစိတ်ထဲက အလိုလိုသိနေ၏။ မြွေဆိုးသည် အစွယ်၌အဆိပ်ရှိသဖြင့် သူ၏ပေါက်ခြင်း၊ ကိုက်ခြင်းခံရသည့်တစ်ချက်သာ ဆိုးပေသည်။ ထိုသူ၏ အင်္ကျီအစိတ်အပိုင်းသည် မြွေဆိုး၏ အဆိပ်ပြွန်းတီးနေသော အစွယ်ထက်ကြောက်မက်ဖွယ်ကောင်းနေသည်။ လူတို့၏ အသက်အန္တရာယ်ကို ပေးနိုင်စွမ်းရှိ၏။

သူ၏ လက်နှစ်ဖက်မှာ မွဲခြောက်ခြောက် ပိန်ကပ်ကပ်ဖြစ်နေသည်။ ပိန်လှီသော မြွေဆိုးတစ်ကောင် တန်းလန်းကျနေသည်နှင့် တူသည်။ သို့သော် လက်တံရှည်လျားလှသဖြင့် သာမန်လူတစ်ယောက်က သုံးပေအကွာသို့လှမ်း၍ ရိုက်နိုင်မည်ဆိုလျှင် ထိုလူက ငါးပေအကွာသို့ လှမ်း၍ရိုက်နိုင်မည်ဖြစ်သည်။

ထိုသူ၏ အင်္ဂါရပ်နှင့် အင်္ဂါအစိတ်အပိုင်းများကို ကြည့်လိုက်ရုံနှင့် ထိုလူသည် သူသတ်ရန်သက်သက်သာ လူပြည်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း သိနိုင်သည်။ ထိုလူ၌ လူသတ်ခြင်းအလုပ်မရှိလျှင် ထိုလူ၏ဘဝသည်လည်း အဓိပ္ပါယ်ကင်းမဲ့နေချေတော့မည်။

စင်လုံက လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုလိုက်ပြီး -

“ရောက်လာမှတော့ အခန်းထဲကြွပါလား။ တစ်ခွက်တစ်ဖလား သောက်တော့ သောက်ပါဦး”

ထိုလူက အေးစက်စက်ဖြေကြားသည်။

“လာတာကတော့ ကျုပ်တစ်ယောက်တည်းပဲ၊ အမြဲတမ်းလည်း ကျုပ်တစ်ယောက်တည်းပဲ”



စင်လုံက ပြုံး၍ပြောသည်။

“ဪ - အဖော်မဲ့နောင်ကြီးဆိုပါတော့ဗျာ၊ အလျင်က အဖော်မဲ့ပေမယ့် အခုတော့ အဖော်မမဲ့တော့ပါဘူး၊ ဒီဧည့်ခန်းထဲမှာ ညီနောင်ရင်းချာလို ခင်မင်ကြတဲ့ မိတ်ဆွေတွေရှိပါတယ်၊ အထဲကို ကြွပါလား”

ထိုလူက အေးစက်စွာ တုန့်ပြန်သည်။

“အဖော်မဲ့လူမှာ မိတ်ဆွေဆိုတာမရှိဘူး။ ညီနောင်ရင်းချာဆိုတာ မရှိဘူး”

စင်လုံက အပြုံးမပျက်ပေ။

“ဘယ်လိုပဲဖြစ်ဖြစ်ပါလေ ကျုပ်က ဖိတ်ခေါ်ပါတယ်၊ အရက်သောက်ဖို့ကြွပါ”

“အဖော်မဲ့လူ”သည် သက်ပြင်းတစ်ချက် ချလိုက်၏။

“ကောင်းပြီ၊ ကျုပ်တစ်ခွက်တော့ သောက်မယ်”

စင်လုံကထပ်၍ မေးခွန်းမေးလိုက်သည်။

“ကျုပ်တို့က ရွှင်ပျော်ပျော်မြို့စားကြီးကို စောင့်နေကြတာပါ၊ သူက ဘာကြောင့်လာရောက်မချီးမြှင့်သေးတာလဲ “အဖော်မဲ့နောင်ကြီး”အနေနဲ့ ပြောပြနိုင်ရင် တစ်ဆိတ်ပြောပြပါ - ”

“အင်းလေ ပြောပြဖို့ ကျုပ်လာခဲ့တာပဲ၊ မူလကတော့ ကျုပ်တို့ရဲ့သခင်ကြီးဝမ်က ခင်ဗျားရဲ့ ဧည့်ခံပွဲကို တက်ရောက်ချီးမြှင့်မလို့ပါပဲ၊ ဒါပေမယ့် မမျှော်လင့်ဘဲနဲ့ မိတ်ဆွေဟောင်းတစ်ယောက်က လာတွေ့မယ်ဆိုတဲ့သတင်းကို ရလိုက်တယ်၊ အဲဒီ မိတ်ဆွေဟောင်းက သူ့ကိုသတ်ပြီး သူ့အသည်းနှလုံးကို ထုတ်ယူမလို့ဆိုတာကို သိ လိုက်ရတော့ ဒီကိုလာဖို့ မဖြစ်နိုင်တော့ပါဘူး။ သူ့မိတ်ဆွေ

ဟောင်းကို လက်ခံမတွေ့လိုက်ရင် သူ့မိတ်ဆွေဟောင်းက သိပ် စိတ်ပျက်သွားမှာကို စိုးရိမ်နေပါတယ်"

အဖော်မဲ့လူ၏ စကားက ညှော့ခန်းအတွင်းရှိ လူအားလုံးကို ထိတ်လန့်တုန်လှုပ်စေ၏။ လူသတ်၍ အသည်းနှလုံးကို ထုတ်ယူခြင်း ကိစ္စအား အေးဆေးစွာပြောပြနိုင်ခြင်းအတွက် မည်သူမတုန်လှုပ်ဘဲ ရှိပါအံ့နည်း။

စင်လုံက ထပ်မံဖိတ်ခေါ်လိုက်၏။

"ရှင်ပျော်ပျော်မြို့စားကြီးမလာပေမယ့် ရှင်ပျော်ပျော်မြို့စားကြီးရဲ့ ယုံကြည်အားထားခြင်းခံရတဲ့ အဖော်မဲ့နောင်ကြီး လာရင်လည်း ရှင်ပျော်ပျော်မြို့စားကြီးလာသလိုပါပဲ"

အဖော်မဲ့လူထံမှ "ဟင်း"ခနဲသက်ပြင်းချသံတစ်ချက် ကြားလိုက်ရပြီး သူ၏အင်္ကျီလက်မှ ရွှေရောင်မျှော့ကြီးတစ်ချောင်း လှစ်ခနဲထွက်လာသည်။ သူ၏ဦးခေါင်းမှာ တံခါးဘောင်နှင့် ကွယ်နေသဖြင့် အခန်းထဲ၌ရှိနေသည့် အဆင်အပြင်များကို မမြင်တွေ့ရဟုထင်မှတ်ရသည်။ သို့သော် သူ့အင်္ကျီလက်တွင်းမှ ထွက်လာသော မျှော့ကြီးသည် အရက်ခွက်ကို ရစ်ပတ်ဆွဲယူသွားသည်။ အဖော်မဲ့လူသည် အရက်ခွက်ကို လက်နှင့်ဖမ်းယူလိုက်ပြီး တစ်ခွက်လုံးကို ကုန်အောင်သောက်ပစ်လိုက်၏။ သူ၏အေးစက်သောအသံ ချောက်ချားဖွယ်ရာ ထွက်ပေါ်လာပြန်သည်။ ချီးကျူးစကားပြောခြင်းသာ ဖြစ်ပါ၏။

"တယ်ကောင်းတဲ့ အရက်ပါလား"

ထို့နောက် သူ့လက်ဝါးကို ပြန်ချလိုက်သည်။ ရွှေရောင်မျှော့ကြီးသည် အရက်ခွက်ကိုသယ်ဆောင်ပြီး မူလနေရာ၌ ပြန်ထားလိုက်၏။ သူ၏အပြုအမူမှာ လွန်စွာခက်ခဲလှသည့် အပြုအမူဖြစ်



၏။ ပျော့ပျောင်းသည့် ရွှေရောင်မျှော့ကြီးဖြင့် အရက်ခွက်ကို လက်ဖြင့်ကောက်ယူသကဲ့သို့ လှမ်းဆွဲနိုင်သည့် အတွင်းအားမှာ ကုံမခန်းအတွင်းအားဖြစ်၏။ ကြောက်မက်ဖွယ်ရာ စွမ်းအင်ဖြစ်၏။ ဤအလုပ်သည် မိုးပေါ်သို့တက်ပြလိုက်မည်ဆိုသည့် အလုပ်နှင့် သိပ်ထူးခြားလှသည်မဟုတ်ဟု အခန်းထဲမှ လူများက တွေးနေကြ၏။

လူအားလုံး အသက်မရှူနိုင်ဘဲ ငေးငိုင်သွားကြရသည်။ ထိုအခိုက် အတွင်းမှာပင် တံခါးဝမှ "အဖော်မဲ့လူ"သည် ပျောက်ကွယ်သွားလေတော့သည်။

လုံစစ်ပိုင်သည် သက်ပြင်းရှည်ကြီးချလျက် -

"တယ်လည်း စွမ်းလိုက်ပါလား"

စင်လုံက လုံစစ်ပိုင်၏ ချီးကျူးစကားကို ဖြည့်စွက်ထောက်ခံသည်။

"ဟုတ်တယ် - ကွမ်းဝိုက်မြက်ခင်းပြင်ဒေသမျိုးက ပညာပဲ၊ ဒီဒေသမှာတော့ သူဟာ နံပါတ်တစ်ဖြစ်မှာပဲ"

လုံစစ်ပိုင်က တအံ့တဩပြန်မေးသည်။

"ဟုတ်လား - ဒီပညာက ကွမ်းဝိုက်မြက်ခင်းပြင်ဒေသကလား"

စင်လုံက ခေါင်းညိတ်ရင်း -

"ဟုတ်တယ် - ကျုပ်စိတ်ထင်တော့ သူဟာ အတော်ဆုံးမှာပဲ"

ကျင့်လန်ကျိုးက ပြုံးရင်းဝင်ပြောသည်။

"ဒီတစ်ခါတော့ နောင်ကြီးစင်လုံ မှားပြီနဲ့တူတယ်၊ ကွမ်းဝိုက်

မြက်ခင်းပြင်ဒေသမှာ သူဟာနံပါတ်တစ်မဖြစ်နိုင်ပါဘူး"

စင်လုံက ပြန်ရှင်းပြ၏။

"ကွမ်းဝိုက် မြက်ခင်းပြင်ဒေသမှာ ထိပ်တန်းသိုင်းသမားတွေ ရှိတယ်ဆိုတာ ကျုပ်ကြားဖူးပါတယ်၊ ဒါပေမယ့် သူ့လိုပညာရှင်မျိုးကတော့ မရှိသေးပါဘူး။ ဟိုး အရင်ကတော့ ဝိညာဉ်လက်ဝါးဂိုဏ်း ဆိုတဲ့ အောက်လမ်းဂိုဏ်းတစ်ဂိုဏ်းရှိခဲ့ဖူးတယ်၊ အဲဒီဂိုဏ်းသား အချို့ကတော့ ဒီလူ့လို စွမ်းကောင်းစွမ်းနိုင်ပါတယ်"

ကျင့်လန်ကျိုးမှာ ခေါင်းတဆတ်ဆတ်ညိတ်ရင်း ချီးကျူး လိုက်သည်။

"နောင်ကြီးစင်လုံကတော့ တကယ့်ကို ဗဟုသုတများတဲ့လူ ပါပဲ"

စင်လုံက ဆက်၍ရှင်းပြပြန်သည်။

"အဲဒီ ဝိညာဉ်လက်ဝါးဂိုဏ်းသားထဲက သိုင်းသမားကြီး ချ ထန်းချွင်ဟာဆိုရင် ဂိုဏ်းကြီးခုနစ်ဂိုဏ်းက ဂိုဏ်းချုပ်ကြီးတွေကို "ဃင်ယန်းတောင်"မှာ သတ်ပစ်ခဲ့တယ်၊ နောက်ပိုင်းကျတော့ ဝိညာဉ် လက်ဝါးဂိုဏ်းသားတွေအားလုံး သေဆုံးကုန်တယ်၊ ဝိညာဉ် လက်ဝါး ဂိုဏ်းရဲ့ သိုင်းပညာအမွေဆက်ခံမယ့်လူတောင် မရှိ ဘဲနဲ့ဖြစ်သွားခဲ့ရတယ်၊ ဒါပေမယ့် ဘယ်လောက်ထူးဆန်းသလဲ ဝိညာဉ် လက်ဝါးဂိုဏ်း သားတွေတတ်တဲ့ပညာမျိုးက အခုဆိုရင် ကွမ်းဝိုက် မြက်ခင်းပြင်ဒေသရဲ့ အပြင်ဘက်မှာ ပျံ့နှံ့နေပြီ"

ကျင့်လန်ကျိုး ဝင်၍ပြောသည်။

"နောင်ကြီးစင်လုံ မသိတာတစ်ခုရှိသေးတယ်၊ ဝိညာဉ်လက် ဂိုဏ်းသားတွေ တစ်ယောက်မကျန် သေဆုံးခဲ့တာတော့မှန်ပါတယ်



ဒါပေမယ့် သူတို့ဂိုဏ်းရဲ့အသက်ဖြစ်တဲ့ ဝိညာဉ်လိပ်ပြာလျှို့ဝှက်သိုင်း ကျမ်းလက်ကာကတော့ ကျန်ရစ်ခဲ့တာပါပဲ၊ ဒါကြောင့် ဝိညာဉ်ဂိုဏ်း သားတွေ သေဆုံးသွားပေမယ့် ဒီပညာကတော့ ကွမ်းဝိုက်ဒေသ တွင်းမှာရော၊ အပြင်မှာပါ ပျံ့နှံ့နေခဲ့တာဖြစ်ပါတယ်၊ "ဃင်တောင် တန်း"မှာ ချန်ထန်းချွင်နဲ့ တားချင်းယှဉ်ပြိုင်ခဲ့တဲ့ ဂိုဏ်းချုပ်ကြီးခုနစ် ဦးကတော့ ဝိညာဉ်ဓားသိုင်းလက်ကာရွတ်သံကြားနေရရင် တမလွန် ဘဝမှာ အနေဖြောင့်မှာ မဟုတ်တော့ဘူး"

စင်လုံသည် ကျင့်လန်ကျိုးစကားကြောင့် တည်ကြည်လေး နက်သွား၏။ ဤကဲ့သို့သော တည်ကြည်လေးနက်မှုမျိုးကို စင်လုံ မျက်နှာ၌ တွေ့ရခဲသည်။ သို့သော် အခန်းထဲရှိလူများမှာ ဝိညာဉ် လက်ဝါးဂိုဏ်း၏ လျှို့ဝှက်သိုင်းလက်ကာကျမ်းကို စိတ်ဝင်စားနေသဖြင့် စင်လုံ၏ မျက်နှာအမူအရာကို သတိမထားလိုက်မိကြပေ။

ကျင့်လန်ကျိုးက ဆက်၍ပြောပြနေသည်။

"လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်က ကွမ်းဝိုက်မြက်ခင်းပြင်ဒေသ တစ်ဝိုက်က သိုင်းသမားတွေဟာ "ဝိညာဉ်လိပ်ပြာ လျှို့ဝှက်သိုင်း လက်ကာကျမ်း"အတွက် သတ်ပုတ်တိုက်ခိုက်ကြတယ်၊ ဒါပေမယ့် သိုင်းလောကမှာ ဒီသတင်း သိပ်မပျံ့နှံ့ခဲ့ပါဘူး၊ သိုင်းလောက သားတိုင်း ဒီသတင်းကို မကြားဖူးကြဘူး"

သူသည် စကားကို ခေတ္တခိုင်းလိုက်ပြီး အခန်းထဲမှလူများကို တစ်ချက် အကဲခတ်လိုက်၏။ လူတိုင်းစိတ်ဝင်စားနေသည်ကို တွေ့ ရသောအခါ လွန်စွာကျေနပ်သွားပြီး ဆက်ပြောသည်။

"အဲဒီတုန်းက ဒီသတင်းမပျံ့နှံ့တာ အကြောင်းရှိပါတယ်၊ တချို့သိုင်းသမားတွေဟာ အဲဒီ"ဝိညာဉ်လိပ်ပြာ သိုင်းလက်ကာကျမ်း"ကို ပိုင်ဆိုင်မလိုချင်ကြဖူး။ လိုချင်တဲ့လူကျတော့ နှုတ်မဖွာဘဲ ကြိတ်ပြီး

လုယက်တိုက်ခိုက်ကြတယ်၊ ဒါကြောင့် တိတ်တိတ်ပုန်းပြိုင်ပွဲတွေ ပေါ်ပေါက်ခဲ့တယ်၊ ကြိတ်ပြီးသတ်ဖြတ်ခဲ့ကြတယ်၊ ဒီသတင်းကို ကွမ်းဝိုက်ဒေသ အပြင်ဘက်ကို မရောက်စေခဲ့ဘူး"

စင်လုံကလည်း ထောက်ခံလိုက်သည်။

"ဟုတ်တာပေါ့ တကယ်လို့ မြေပြန့်ဒေသက သိုင်းသမားတွေ ရောက်လာပြီး ဝင်လုရင် သူတို့အဖို့ ပိုမလွယ်ဘဲဖြစ်သွားမှာပေါ့ အခြေအနေကလည်း သည့်ထက်ပိုပြီး ရှုပ်ထွေးသွားနိုင်တာပေါ့"

ကျင့်လန်ကျိုးက ဆက်ပြောသည်။

"ဒီသတင်း မပျံ့နှံ့တဲ့ အကြောင်းတစ်ကြောင်းက ဒီဝိညာဉ် လိပ်ပြာသိုင်းလင်္ကာကျမ်းကို လုယူရရှိထားတဲ့လူဟာ သိပ်နာမည် မကျော်ကြားတဲ့လူဖြစ်နေလို့ပါပဲ၊ ဒါကြောင့် သိုင်းသမားတွေ သိပ် မသိခဲ့ကြဘူး"

စင်လုံက မေးလိုက်၏။

"နောက်ဆုံး အဲဒီကျမ်း ဘယ်သူရရှိသွားသလဲ"

ကျင့်လန်ကျိုးသည် ဤကိစ္စနှင့်ပတ်သက်၍ အတော်ကလေး သိထားဟန်တူသည်။

"လုယက်တဲ့ သိုင်းသမားတွေသာ အချင်းချင်းသတ်ဖြတ်ပြီး သေကုန်ကြတာပဲ၊ အဲဒီ သိုင်းကျမ်းကိုတော့ မရပါဘူး။ ရရှိသွားတဲ့ လူကတော့ ထမင်းချက်တဲ့ မိန်းကလေးတစ်ယောက်ပဲ"

စင်လုံက သက်ပြင်းချလိုက်သည်။

"အင်း - အဲဒီလိုပဲ ဖြစ်တတ်တာပဲ၊ သိုင်းသမားတွေဟာ နောက်ဆုံးဇာတ်သိမ်းကို ကြိုတင်တွေးထားရင် ဒီလိုသေကြေ ကြရမှာ မဟုတ်ဘူး။ ကဲ - ဆက်ပြောစမ်းပါဦး"



ကျင့်လန်ကျိုးက ဆက်ပြောသည်။

"အဲဒီ ထမင်းချက်မိန်းကဟာ အဲဒီသိုင်းကျမ်းကို မလေ့ကျင့် ဖြစ်ပါဘူး။ ဖြစ်ပုံကတော့ ကြေကွဲစရာပါပဲ၊ မြေပြန့်က သိုင်းသမား တစ်ယောက် ရောက်လာခဲ့တယ်၊ သူဟာ မိန်းကလေးတွေရဲ့ သဘောကိုသိတယ်၊ မိန်းကလေးတွေဟာ သူတို့ရဲ့ကိုယ်ကိုပုံအပ် ပြီးရင် ဘာမဆို အကုန်ပေးတယ်ဆိုတာ သူသိတယ်၊ အဲဒီတော့ သူဟာ အဲဒီထမင်းချက်မိန်းကလေးကို ယူလိုက်တယ်"

လုံစစ်ပိုင်က ဝင်မေးသည်။

"သူက အကြမ်းဖက်ရင်ကော မရနိုင်ဘူးလား"

ကျင့်လန်ကျိုးက ရယ်၏။

"အကြမ်းဖက်ရင်လား။ ဘယ်အသေအချာ ပြောနိုင်မလဲ၊ သိုင်းသမားလက်ညှိုးနဲ့ တစ်ချက်တို့လိုက်တာနဲ့ အဲဒီထမင်းချက် မိန်းကလေး သေသွားနိုင်တယ်၊ ဒါပေမယ့် အဲဒီသိုင်းသမားက အခြေအနေကို ကျုပ်တို့ခင်ဗျားတို့ထက် ပိုပြီးသဘောပေါက်လို့ မိန်းကလေးကို ယူတာဖြစ်မှာပေါ့ မဟုတ်ဘူးလား"

စင်လုံက မဲ့ပြုံးပြုံးလိုက်၏။

"အင်း - အဲဒီလို ယုတ်ညံ့တဲ့နည်းမျိုးကို တော်ရုံတန်ရုံ ထက်တန်းသိုင်းသမားတွေ မသုံးကြဘူး။ ဒါက လူရော ပစ္စည်းပါ ရမ်းတာပဲ၊ အရှက်မရှိတဲ့ လူငယ်တွေတော့ လုပ်ကြမှာပဲလေ"

ကျင့်လန်ကျိုးက -

"မိန်းကလေးက ထမင်းချက်မိန်းကလေးသာဆိုတယ်၊ ရိုးရိုး မိန်းကလေးမဟုတ်ဘူး။ ဒီအချက်ကို ဟိုသိုင်းသမားလူလည်က သိသွားတယ်။

စင်လုံက ရယ်လိုက်၏။

"ဟား - ဟား - ဟား - ကောင်မလေးက အလည်မလေ
ပေါ့၊ ဟိုကောင့်ထက် ပိုလည်သွားတာပေါ့"

ကျင့်လန်ကျိုးက ခေါင်းညိတ်၏။

"ကောင်မလေးက လည်တာတော့မဟုတ်ဘူး၊ အခြေအ
က သူ့ကိုလည်အောင် လုပ်ပေးလိုက်တာပါ၊ သူမဟာ ရုပ်မ
ပါဘူး၊ သာမန်ရွှက်ကြမ်းရေကျို မိန်းကလေးတစ်ယော
ဖြစ်တယ်ဆိုတာ သူ့ဘာသာသိတယ်၊ ဒီလောက်သိုင်းပညာ ကော
တဲ့လူက သူ့ကို ယူတာဟာ သူ့ကိုချစ်လို့သက်သက်ယူတာ မဟု
ဘူးဆိုတာ သူ ကောင်းကောင်းနားလည်တာပေါ့၊ ဒါဖြင့်
ဘာဖြစ်လို့ သူ့ကို ယူသလဲ၊ ဝိညာဉ်လိပ်ပြာလျှို့ဝှက်သိုင်း လ
ကျမ်းကို လိုချင်လို့ပေါ့၊ ဒီသိုင်းကျမ်းကိုပေးလိုက်ရင် သူ့အသ
ချင်ခံရမယ်၊ စွန့်ပစ်ခံချင် ခံရမယ်၊ သိုင်းလက်ဘကျမ်းကို ထုတ်မ
ယင် အချိန်အတော်ကြာအောင် ထိန်းထားနိုင်မယ်ဆိုတာ သူ
နေတယ်"

စင်လုံက ဝင်ပြောသည်။

"အင်း - ခင်ဗျားပြောတဲ့အတိုင်းဆိုရင် မိန်းကလေးက
သိုင်းသမားကို မေတ္တာထားတဲ့ပုံပဲ"

ကျင့်လန်ကျိုးက -

"ဟုတ်တယ်၊ မိန်းလေးက အဲဒီသိုင်းသမားကို သိပ်ချစ်
ခက်တာက မိန်းကလေးချစ်လေ ဟိုသိုင်းသမားက ရက်စက်
အပျော့ဆွဲ ဆွဲနေလျက်နဲ့ သိုင်းလက်ဘကျမ်းမရတော့ ဒေါသ
လာတယ်နဲ့တူပါတယ်၊ အကြမ်းနည်းတွေ သုံးလာတော့တာပဲ



လက်ဘကျမ်းကို အေးအေးဆေးဆေးထုတ်ပေးဖို့ တောင်းတော့တာ
ပါပဲ"

ကျင့်လန်ကျိုးက သက်ပြင်းချသည်။ ဆက်ပြောရမည့်အပိုင်းအတွက် အတော်ကလေး ရင်မောနေပုံလည်းရသည်။

"အဲဒီသိုင်းသမား ဘယ်လောက်ရက်စက်သလဲဆိုတော့ ကောင်မလေးဟာ လူရုပ်မပေါက်အောင် အနှိပ်စက်ခံလိုက်ရတယ်၊ မျက်စိလည်းကွယ်သွားတယ်၊ ဒါပေမယ့် ကောင်မလေးဟာ ဝေဒနာကို အံကြိတ်ပြီးခံခဲ့တယ်၊ သူဝှက်ထားတဲ့ သိုင်းလက်ဘကျမ်းကို ထုတ်မပေးခဲ့ဘူး"

လုံစစ်ပိုင်က စားပွဲပေါ်သို့ လက်ဝါးဖြင့် "ဝုန်း"ခနဲ ရိုက်ချလိုက်၏။

"အဲဒီသိုင်းသမားဟာ ဘယ်ကောင်လဲဗျ၊ ပြောစမ်းဗျာ၊ ကျုပ်သူနဲ့တွေ့မယ်"

ကျင့်လန်ကျိုးက ဒေါသအိုးပေါက်ကွဲသွားသည့် လုံစစ်ပိုင်ကို ကြည့်၍ပြုံးလိုက်၏။

"အဲဒီလူ ဘယ်သူလဲဆိုတာ သိတဲ့လူမရှိပါဘူး၊ ဒါပေမယ့် အဲဒီလူဟာ သိုင်းလက်ဘကျမ်းကို ရရှိမသွားတာကတော့ အားလုံးသေသေချာချာသိကြတယ်၊ သူဟာ မြေပြန့်ကို လက်ချည်းဗလာပြန်သွားခဲ့ရသတဲ့"

စင်လုံက ဝင်မေးသည်။

"အဲဒီလူက ကောင်မလေးကို လူရုပ်မပေါ်အောင်တော့ နှိပ်စက် ဖျက်ဆီးခဲ့တယ်၊ သတ်တော့မသတ်ဘူး ဟုတ်လား"

ကျင့်လန်ကျိုးက ရှင်းပြသည်။

"ဟင့်အင်း သူမသတ်လိုက်နိုင်ဘူး။ ကောင်မလေးဟာ ဒုက္ခိတ ဖြစ်နေပေမယ့် သူ့အလစ်မှာ ထွက်ပြေးသွားနိုင်ခဲ့သတဲ့၊ နောက် တစ်ချက်က အဲဒီသိုင်းသမားမှာ တရုတ်ပြည်မြေပြန့်ဒေသက အရေး ကြီးတဲ့ကိစ္စတစ်ခု ပေါ်လာသတဲ့၊ ဒီတော့ ကောင်မလေးကို လိုက် မရှာနိုင်တော့ဘဲ ပြန်သွားခဲ့ရတော့တာပေါ့၊ သူ့ကိစ္စပြီးလို့ နောက် တစ်ခေါက်ပြန်လာပြီး ကောင်မလေးရဲ့သတင်းအစအနကို လိုက် သေးတယ်၊ မရတော့ပါဘူး။ သူလည်း စိတ်ပျက်ပြီး ပြန်သွားရတာပဲ"

စင်လုံသည် ကြားရချက် မသက်သာလှသော ဇာတ်လမ်းအ တွင်းမှ အဓိကဇာတ်ကောင်မိန်းကလေးအကြောင်းကို ဆက်မေး သည်။

"အဲဒီကောင်မလေးရဲ့ဇာတ်လမ်း နောက်ထပ်ပြန်ပေါ်လာသေး သလား"

ကျင့်လန်ကျိုးက သက်ပြင်းချလိုက်၏။

"ပြန်ပေါ်လာသေးတာပေါ့၊ အဲဒီကောင်မလေးမှာ ဟို သိုင်း သမားနဲ့ရတဲ့ကိုယ်ဝန်ပါသွားသတဲ့၊ သူဟာ အံကြိတ်ပြီး အဲဒီ မိန်းကလေးကို မွေးခဲ့သတဲ့၊ ကျုပ်တို့ စပြောခဲ့တဲ့ဇာတ်ရည်ဟာ ဒီနေရာမှာ ပြန်လည်လာတာပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဝိညာဉ် လက်ဝါးဂိုဏ်းရဲ့ ဝိညာဉ်လိပ်ပြာသိုင်းအတတ်ကို အမွေဆက်ခံ လိုက်တဲ့သူကတော့ အဲဒီကလေးလေးပဲပေါ့ဗျာ"

စင်လုံမှာ မျက်နှာပျက်ပျက်ဖြင့် ပြောလိုက်သည်။

"အဲဒီကလေးမှာ လူတွေကို ရန်လိုမုန်းတီးမယ့် စိတ်ဓာတ် ပါလာမယ်ဆိုတာ မြေကြီးလက်ခတ်မလွဲ သေချာတယ်ဗျာ၊ သူ့ အမေရဲ့အဖြစ်ကို သူသိမှာမုချပဲ၊ အဲဒီကလေးသာ ဒီလောက်



ကြောက်မက် စက်ဆုပ်ဖွယ်ကောင်းတဲ့ ဝိညာဉ်လိပ်ပြာသိုင်းလက်ကွက် ကျမ်းထဲက သိုင်းပညာတွေကို သင်မိရင်တော့ အားလုံးမလွယ် တော့ဘူး"

ကျင်လန်ကျိုးက -

"အဲဒီကလေးက ယောကျ်ားကလေးမဟုတ်ပါဘူးတဲ့၊ မိန်းက လေးတဲ့၊ နည်းနည်းတော့ တော်သွားတယ်လို့ ဆိုရမှာပေါ့ဗျာ၊ နောင်ကြီးစင်လုံပြောသလို သူကလေးဟာ အတော်ကလေးကြီးပြင်း လာတာနဲ့ ဝိညာဉ်လိပ်ပြာသိုင်းကျမ်းကို တတ်ကျွမ်းအောင်မြင်သွား တယ်လို့ သိရတယ်၊ တပည့်တပန်းတွေကို လက်ခံပြီး အဲဒီပညာ တွေသင်ပေးခဲ့တယ်လို့ သိရတယ်၊ ဟိုယခင်တုန်းက သရဲတစ္ဆေ တွေလို ကြောက်စရာကောင်းတဲ့ ဝိညာဉ်လက်ဝါးဂိုဏ်းသားတွေ ပေါ်ပေါက်ခဲ့တယ်၊ နောက်တော့ တစ်ယောက်မကျန် သေဆုံးပြီး ပျောက်ကွယ်သွားသလိုဖြစ်ခဲ့တယ်၊ ဒါပေမယ့် အခု "ဝိညာဉ် လက်ဝါး" ဂိုဏ်းဟာ အသစ်တဖန်ပြန်လည်မွေးဖွားလာပြန်ပြီ၊ ဝိညဉ်လိပ်ပြာ ဂိုဏ်းသားတွေလည်း အတော်များများရှိနေပြန်ပြီ"

"အဲဒီမိန်းကလေးရဲ့ ပုံစံက ဘယ်လိုရှိနေသလဲဗျ၊ ပြောသံ ဆိုသံ မကြားဖူးဘူးလား"

"အဲဒီမိန်းကလေးကို မြင်ဖူးတဲ့လူမရှိပါဘူး နောင်ကြီးစင်လုံ၊ ဒါပေမယ့် သူ့အကြောင်းကတော့ အမျိုးမျိုးအဖုံဖုံပြောကြတာပါပဲ၊ သူဟာသိပ်လှပပြီး။ သိပ်ရက်စက်လွန်းတယ်လို့ ဆိုကြတယ်"

"အဲဒီအချက်ကို ကျုပ်အများကြီးလက်ခံတယ်၊ စောစောက ခင်ဗျားပြောခဲ့တယ်မဟုတ်လား။ အဲဒီကလေးဟာ ယောကျ်ား ကလေး မဖြစ်ဘဲနဲ့ မိန်းကလေးဖြစ်သွားလို့ နည်းနည်းတော်သွား တယ်လို့ ပြောခဲ့တယ်မဟုတ်လား။ မိန်းကလေးတွေရက်စက်ပြီ

ဆိုရင် ယောက်ျားတွေထက် ဆယ်ဆသာတယ်ဗျ။ ယောက်ျားက တောင် မမီနိုင်အောင် ရက်စက်နိုင်ကြတယ်"

တစ်ချိန်လုံး တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေသည့် လန်ရှန်းသည် စင်လုံ၏စကားကိုကြားသည်နှင့် ကြက်ခေါင်း ဆိတ်မခံ ချက်ချင်းဝင်ပြောတော့သည်။

"အဲဒါ ယောက်ျားတွေအကျင့်ယုတ်လို့ပဲ မဟုတ်လားရှင်၊ တရားခံက ဘယ်သူလဲဆိုတာပြောမှ တရားမျှတမှာပေါ့၊ မိန်းမတွေ အပေါ်ချည်း ပုံချလို့ တရားမျှတပါ့မလား"

ကျင့်လန်ကျိုးက လန်ရှန်းအား တစ်ချက်ကြည့်ကာ ဆက် ပြောသည်။

"အေးလေ - ခင်ဗျားနဲ့တော့ သိပ်အငြင်းမပွားလိုပါဘူး၊ ဒါပေမယ့် အခုပေါ်ပေါက်နေတဲ့ ဝိညာဉ်လက်ဝါးဂိုဏ်းသားတွေ ကတော့ အတော့်ကို ကြောက်စရာကောင်းပါတယ်ဗျာ၊ လူတွေ လည်း အတော်ကလေး သေကြေပျက်စီးခဲ့ကြပြီတဲ့၊ ဝိညာဉ်လိပ်ပြာ ဂိုဏ်းချုပ်ဖြစ်နေတဲ့ အဲဒီမိန်းကလေးဟာ ယောက်ျားတွေကိုချည်း သတ်ပြီး အသည်းကို ထုတ်စားသတဲ့၊ ကျုပ်သိသလောက်ကတော့ ဒါပဲဗျာ"

စင်လုံသည် မဲ့ပြုံးပြုံးလိုက်သည်။

"အင်း - သူ့အမေကို သူ့အဖေဖြစ်တဲ့ သိုင်းသမားယောက်ျား စောကားနိုင်စက်သွားတဲ့အတွက် ယောက်ျားတွေကို အရိုးစွဲအောင် မုန်းတီးသွားပုံရတယ်၊ ဒါကြောင့်မို့ ယောက်ျားတွေရဲ့အသည်းတွေကို ခွဲစားနေတာဖြစ်မှာပေါ့"



လန်ရှန်းက စင်လုံအားမေးလိုက်၏။ သူမ၏အမေးမှာ ရင်တ ဖိုဖိုနားထောင်နေသူအားလုံးအား ပြုံးမိစေ၏။

"စင်လုံ - လူ့အသည်းက ဘယ်နှယ့်နေမလဲဟင်၊ ဘယ်လို အရသာရှိမလဲ"

စင်လုံက ခပ်ပြုံးပြုံးဖြင့် ပြန်ဖြေလိုက်သည်။

"ဘယ်ကောင်းမလဲ၊ ခါးသက်သက်အရသာပဲ ရှိမှာပေါ့ဗျာ"

စင်လုံက ဆက်ပြောသည်။

"ခါးမယ်မထင်ရပေမယ့် စားကြည့်ဖို့တော့ ကောင်းတယ်၊ မိန်းကလေးတွေရဲ့အသည်းကို မြည်းကြည့်ရင် ပိုကောင်းမှာပဲ"

ကျင့်လန်ကျိုးက ရယ်လိုက်၏။

"နောင်ကြီးစင်လုံ ခင်ဗျားကိုကျုပ်က လူကောင်းမှတ်နေတာ၊ လက်စသတ်တော့ ခင်ဗျားလည်း မေတ္တာတရားခေါင်းပါးတဲ့ လူစား မျိုးပဲကိုးဗျ"

လုံစစ်ပိုင်က ဝင်ပြောသည်။

"ကျင့်လန်ကျိုး ဘာပဲဖြစ်ဖြစ် ခင်ဗျားအပြောကောင်းတဲ့ အတွက် ကျုပ်ကတော့ ချီးကျူးတယ်ဗျာ၊ နို့မို့ရင် နောင်ကြီးစင်လုံရဲ့ ညှော်ခံပွဲမှာ ပျင်းရိတိတ်ဆိတ်နေမှာဗျ"

ကျင့်လန်ကျိုး၏ မျက်နှာသည် ရုတ်တရက်တည်သွား၏။ သူ၏ အသံလည်း တိုးသွားသည်။ ထို့ကြောင့် လူအားလုံး၏ နား ရွက်များသည် ပိုထောင်လာသကဲ့သို့ ထင်မှတ်ရသည်။

"အခုကျုပ်ကြားထားရတဲ့ သတင်းတစ်ခုရှိနေတယ်၊ ဝိညာဉ် လက်ဝါးဂိုဏ်းသားတွေနဲ့ ရွှင်ပျော်ပျော်မြို့စားကြီးတို့ ရန်စောင် နေတယ်လို့ ကြားထားရတယ်၊ ရွှင်ပျော်ပျော်မြို့စားကြီးရဲ့ တပည့်

တွေတောင် သတိပေါ့ဆရင်တော့ ရင်ခွဲပြီးအသည်းထုတ်စားခံရမှာ မြင်ယောင်နေတယ်ဗျ”

စင်လုံမှာ မည်သည့်စကားမျှ မပြောဘဲ နားထောင်နေသည်။

ကျင့်လန်ကျိုးက ဆက်၍ပြောသည်။

“စောစောက “အဖော်မဲ့လူ”ပေးသွားတဲ့ သတင်းစကားကို ကြားလိုက်ရတော့ ကျုပ်ကြားရတဲ့သတင်းဟာ အတော်ကလေး မှန်နေပြီလို့ ဆိုရမယ်ဗျ၊ ရှင်ပျော်ပျော်မြို့စားကြီးရဲ့ မိတ်ဆွေ ဟောင်းဆိုတာ ဝိညာဥ်လက်ဝါးဂိုဏ်းချုပ်ပဲဖြစ်မယ်၊ ရှင်ပျော်ပျော် မြို့စားကြီးကလည်း သူ့အသည်းကို ထုတ်စားမယ့်လူကို စောင့်ကြည့် နေတယ်လို့“အဖော် မဲ့လူ”ပြောသွားတယ်မဟုတ်လား -”

လန်ရှန်းက စိတ်မသက်မသာဖြစ်သွားသည်။

“ကျွန်မတော့ အဲဒီဝိညာဥ်လက်ဝါးဂိုဏ်းဖြစ်တဲ့ မိန်းကလေး ဟာ ရှင်ပျော်ပျော်မြို့စားကြီးနဲ့ မတွေ့ဆုံပါစေနဲ့လို့ ဆုတောင်းမိ တာပါပဲရှင်”

စင်လုံကမူ တစ်ခွန်းချင်းပြောလိုက်သည်။

“မင်းကမတွေ့ချင်ပေမယ့် အဲဒီမိန်းကလေးကတော့ တွေ့ချင် မှာ သေချာပါတယ်”

စကားသံများ တိတ်ဆိတ်သွားသည်နှင့် လူတိုင်း၏ စိတ် ထဲတွင် အေးခနဲ ခံစားလိုက်ကြရသည်။ ထို့နောက် တစ်ယောက်မျှ စကား မစကြတော့ဘဲ ငြိမ်ငြိမ်သက်သက်ထိုင်နေကြတော့သည်။ အတန်ကြာ ငြိမ်သက်တိတ်ဆိတ်နေပြီးမှ ကျိုးထန်းဖုသည် ထို ငြိမ်သက်နေမှုကို သည်းမခံနိုင်တော့သည့်အလား “ဝုန်း”ခနဲ ထရပ်လိုက်သည်။



“ခင်ဗျားတို့က ရင်ခွဲတာတွေ အသည်းစားတာတွေ ပြောနေ တော့ ကျုပ်လည်း ထမင်းဆာလာပြီဗျ၊ ကဲ - ရှိသမျှ အစားအစာ တော့ မြင်ကြဗျာ”

စင်လုံက ပြုံး၍မေးလိုက်သည်။

“ခင်ဗျားက စားဖို့ချည်းပြောနေတယ်၊ ခင်ဗျားရှေ့မှာရှိတဲ့အရက် ကကော ဘာလုပ်ဖို့လည်းဗျ”

ကျိုးထန်းဖုသည် အလွန်စိတ်ပျက်သွားတော့၏။

“ကောင်းပြီ ခင်ဗျားက ဟင်းလျာကလေး တစ်ပွဲနှစ်ပွဲ ပြင်ဆင် ပေးဖို့တောင် တွန့်တိုနေတဲ့လူဆိုတော့ ကျုပ်ကလည်း ဒီအရက်တစ် ခွက်ကို မသောက်တော့ပါဘူးဗျာ”

ထိုအခါ လန်ရှန်းက အေးစက်စွာရယ်လိုက်သည်။

“ရှင် အရမ်းမဆုံးဖြတ်ပါနဲ့ဦး၊ တကယ်လို့ ဟောဒီအရက်ကို ဒီတစ်ကြိမ်မသောက်မိရင် နောက်တစ်သက်လုံး နောင်တရချင် ရနေပါလိမ့်မယ်ရှင်၊ ကျွန်မကတော့ ရှင်မသောက်မိမှာ စိုးရိမ် ပါတယ်”

ကျိုးထန်းဖုက အားရပါးရ အော်ဟာစ်ရယ်မောလေတော့၏။

“ဘာလဲ ခင်ဗျားတို့အရက်က ရွှေရည်နဲ့လုပ်ထားတဲ့ အရက်မို့ လား၊ ရွှေရည်နဲ့လုပ်ထားတဲ့အရက်ဖြစ်နေရင် ကျုပ်က တစ်နေ့ကို သုံးလေးခွက်လောက် သောက်နိုင်တယ်ဗျ၊ နားလည်ရဲ့လား၊ ဒီ ခွက်လောက်ကိုတော့ စကားထဲထည့်မပြောနဲ့တော့”

လန်ရှန်းက သရော်ရယ် ရယ်လိုက်၏။

“ဘာ - ရွှေရည်ဟုတ်လား၊ ဟင်း - ဒါက တကယ့်ရွှေရည် စစ်စစ်ထက် ဆယ့်လေးငါးဆ တန်ဖိုးကြီးတဲ့အရက်ရှင့်”

ကျိုးထန်းဖုမှာ ထိတ်ခနဲဖြစ်သွားသည်။

"စကားနာထိုးပြောရတာက တကယ့်ငွေကုန်ခံရတာထက် ပို ကောင်းတာပေါ့ဗျာ"

လန်ရှန်းမှာ ဒေါသထွက်လာ၏။

ထို့နောက် အရက်ခွက်ကို လက်ညှိုးထိုးပြရင်း မေးလိုက်သည်။

"ကဲ - ဒါဖြင့် ကျွန်မမေးမယ်၊ ဟောဒီအရက်တစ်ခွက်ဟာ ငွေဘယ်လောက်တန်ဖိုးရှိမလဲ"

ကျိုးထန်းဖုသည် အရက်ခွက်ကို စွေစောင်းကြည့်ပြီး ဖြေလိုက်သည်။

"အလွန်ဆုံးတန်လှ ငွေတစ်ရာပေါ့ဗျာ၊ ဒါက အလွန်ဆုံးပြောတာနော်၊ ငွေတစ်ရာတန်တဲ့အရက်ဟာ အင်မတန်ရှားတယ်"

လန်ရှန်းက ဟက်ဟက်ပက်ပက်ရယ်မောလေတော့၏။

"ကျွန်မက ဒီစကားကို မပြောချင်ပါဘူး၊ ပြောဖို့လည်း မရည်ရွယ်ပါဘူး၊ စကားက ပြောဖို့ဖြစ်လာတယ်၊ ဒီအရက်တစ်ခွက်ဟာ ငွေပေါင်း တစ်သိန်းငါးသောင်းကျော်ကျော်တန်တယ်ရှင့်၊ သိရဲ့လား"

ကျိုးထန်းဖုကလည်း တဟားဟားအော်ရယ်လေတော့၏။

"ဟား - ဟား - ဟား - ဘာလဲ၊ ခင်ဗျားက ကျုပ်ကို အခုမှ လယ်တောထဲက တက်လာတဲ့တောသားထင်နေလို့လား၊ ကျုပ်က အရက်အမျိုးမျိုးသောက်နေတဲ့လူဗျ၊ အရက်မသောက်ဖူးတဲ့လူလို့ထင်ရင် ခင်ဗျားမှားနေပြီ၊ ဘယ့်နယ့်ဗျာ - တစ်ခွက်ကို တစ်သိန်းငါးသောင်းကျော်တန်တယ်လို့၊ ကျားသားမိုးကြိုး ကျုပ် တစ်သက်မှာ တစ်ခါမှ မကြားဖူးပါဘူး၊ ဟား - ဟား - ဟား"



လန်ရှန်းက အေးစက်စွာပြောလိုက်၏။

"ငွေပေါင်း ဆယ့်နှစ်သိန်းနဲ့ အဖိုးတန်ပုလဲတွေဝယ်ပြီး အမှုန့်ကြိတ်ထည့်တယ်၊ အဲဒီပုလဲမှုန့်တွေကို ဟောဒီအရက်ခွက်တွေမှာ ထည့်ထားတယ်၊ အရက်ခွက်ပေါင်း ရှစ်ခွက်ရှိတယ်၊ တစ်ခွက်ကို ဘယ်လောက်ကျမယ်ထင်သလဲ"

ကျိုးထန်းဖု၏ မျက်လုံးအစုံမှာ ပြူးကျယ်ဝိုင်းစက်သွားတော့၏။ ပါးစပ်မှာ အဟောင်းသားဖြစ်သွား၏။ သူ့နားကိုပင် သူမယုံနိုင်တော့ပေ။ ခြောက်ခြားမောပန်းသည့်အသံဖြင့် ပြန်၍မေးလိုက်၏။

"တစ်သိန်းခွဲ - ဟုတ်လား၊ တစ်သိန်းခွဲ"

လန်ရှန်းက ပြန်ဖြေ၏။

"အဲဒါက ပုလဲဖိုးချည်းသက်သက်ပဲ၊ နောက်ထပ်အရက်ဖိုး ပေါင်းထည့်ရဦးမယ်"

"ဒါ - ဒါ - ဒါဖြင့် ဒီအရက်က တစ်ခွက်ကို တစ်သိန်းခွဲ ကျော်တာပေါ့၊ ဘုရား - ဘုရား"

ကျိုးထန်းဖုသည် အရက်ကို ဘယ်ကကြည့်လိုက်၊ ညာက ကြည့်လိုက်ဖြင့် လှည့်ပတ်ကြည့်လိုက်သည်။ အထင်သေးသော အပြုအမူများ မလေးစားသောအပြုအမူများလည်း ပျောက်ကွယ်သွားသည်။ အတန်ကြာစူးစူးစိုက်စိုက်ကြည့်နေပြီးမှ အရက်ခွက် တစ်ခွက်လုံးကို မော့ချလိုက်လေတော့၏။

သူသည် ငွေကို ကိုးကွယ်သောလူစားမျိုးဖြစ်၏။ ငွေမရှိလျှင် သူ၏အဘိုးဖြစ်သူကိုပင် ခြေနင့်ကန်မည့်လူစားမျိုးဖြစ်သည်။ သူစိမ်း တရုတ်ဆိုလျှင် ပြောစရာမရှိတော့ချေ။

ကျိုးထန်းဖု၏ အဖြစ်ကိုကြည့်လျက် လုံစစ်ပိုင်က တဟား

ဟား အော်ရယ်တော့၏။

"ဘယ်နှယ့်လဲဗျာ နောင်ကြီးကျိုးထန်းဖု အခုထမင်းဆာတာ ပျောက်သွားပြီလား။ နောက်တစ်ကြိမ် နောင်ကြီးကျိုးထန်းဖုကို ထမင်းစားဖိတ်ရင်တော့ ကျုပ်အနေနဲ့ အစီအစဉ်တစ်ခုတော့ လုပ်ထားရလိမ့်မယ်ထင်တယ်၊ စားပွဲပေါ်မှာ ရွှေတွေငွေတွေ အပုံလိုက်တင်ထားလိုက်မယ်လေ၊ ဒါတွေမြင်ရရင် နောင်ကြီးကျိုးထန်းဖု ထမင်း ဆာတော့မယ်မထင်ဘူး"

ကျိုးထန်းဖုသည် လုံစစ်ပိုင်၏စကားကြောင့် မျက်နှာကြီးနီရဲလျက် ရက်ဒေါသထွက်လာလေတော့၏။

"ဘာပြောတယ်ဗျ၊ ခင်ဗျားရဲ့စကားက စော်ကားလှချည်လား။ ကျုပ်ဘာသာကျုပ် မက်ချင်ရာမက်မယ်၊ ခင်ဗျားနဲ့ ဘာဆိုင်သလဲ၊ သူများတွေကသာ ခင်ဗျားလိုတေလေကြမ်းပိုးကိုကြောက်မယ်၊ ကျုပ်ကခင်ဗျားကို ကြောက်မယ်ထင်သလား"

လုံစစ်ပိုင်က ဝုန်းခနဲထရပ်လိုက်၏။

"ခင်ဗျား - ခင်ဗျား - ကျုပ်ကို"

ထိုအခိုက်မှာပင် အမျိုးအမည်ခွဲခြားဖော်ပြရန် ခက်ခဲလှသော အသံတစ်မျိုးကို လူတိုင်းကြားလိုက်ရလေတော့၏။ အသံမျိုးစုံကို လူတိုင်းကြားဖူး၏။ ဆူညံသောအသံ ပြင်းထန်သော ခြောက်ခြားဖွယ်အသံ စသည့်စသည့်အသံမျိုးစုံကို အားလုံးကြားဖူးကြသည်။ သို့သော် ယခုအသံကား အမျိုးအမည်တပ် ခွဲခြားရန် ခက်ခဲလှ၏။ ကိရိယာတစ်မျိုးမျိုးကို တီးမှုတ်သံလည်းမဟုတ်၊ တီးခတ်သံလည်းမဟုတ်၊ လူ၏အော်ဟစ်သံလည်းမဟုတ်၊ ကြားရသူ၏ နားထဲသို့ ရှုးရှုးရှရှဝင်သွားစေသည်။



ထို့အပြင် အသံထွက်ပေါ်လာသည့် နေရာသည် အနီးကလေးမှ မဟုတ်ချေ။

ဝေးလံသော အရပ်မှဖြစ်၏။ သို့သော် ကြားရသောအခါတွင် နားထဲ၌ အနီးကပ်ကြားရ၏။ အခြားထူးခြားချက်တစ်ရပ်မှာ အသံသည် လျင်မြန်စွာနီးကပ်နေခြင်းပေတည်း။ မည်သည့်အလျင်နှုန်းမျိုးဖြင့် လာနေသည်ကို မည်သို့မျှတွေးဆမယူနိုင်ပေ။

လူသည်လည်း အော်ဟစ်ရင်း ဤကဲ့သို့လျင်မြန်စွာ ပြေးလာနိုင်လိမ့်မည်မဟုတ်ချေ။ မည်သည့်အရာဝတ္ထုက ထွက်ပေါ်လာသည့် အသံပေနည်း။ အရာဝတ္ထုကထွက်သည့်အသံမဟုတ်လျှင် နာနာဘာဝ ဝိနာဘာဝတို့ အော်ဟစ်သည့်အသံများပေလော။

ထိုအသံကို ကြားလိုက်ရသူတိုင်း တစ်ကိုယ်လုံးအေးစက်သွားသကဲ့သို့ခံစားလိုက်ရသည်။ ကျောကုန်းရိုးသည် ကျောကုန်းထဲမှ အပြင်သို့ ဖေါက်ထွက်လာသကဲ့သို့ ခံစားလိုက်ရ၏။

လုံစစ်ပိုင်သည် ဝုန်းခနဲ ထိုင်ချလိုက်လေသည်။ ကျိုးထန်းဖု၏ မျက်နှာ၌ သွေးမရှိတော့၊ ကျင့်လန်ကျိုးသည် ကုလားထိုင်လက်ရန်းကို တင်းကျပ်စွာဆုပ်ကိုင်ထားသည်။

ပထမကြားလိုက်ရသည့်အသံမှာ နှစ်ခွန်းတည်းသာဖြစ်၏။ သို့သော် ချက်ချင်းပင် လေးခွန်းဖြစ်သွားပြီး မကြာခဏ အရပ်ရှစ်မျက်နှာမှ တုန်ဟည်းလာသောအသံအဖြစ်သို့ ပြောင်းလဲသွား၏။ အသံများသည် တစ်ပြိုင်တည်းလာသည်လည်းမဟုတ်ပေ။ ရှေ့မှကြားလိုက်၊ ဘေးမှကြားလိုက်ဖြင့်၊ နောက်မှကြားလိုက်ဖြင့် အမျိုးမျိုး ရွှေ့ပြောင်းနေသည်။

အသံမျိုးစုံတို့ ပိုမိုကျယ်လောင်လာသည့်အခါတွင် ကျိုးထန်းဖုမှာ ဣန္ဒြေမဆည်နိုင်တော့ပေ။ ပြင်ဆင်ထားသည့် စားပွဲခုံအောက်

သို့ ပြေးဝင်ချင်စိတ်ပေါက်နေသည်။ ပြေးမဝင်မိအောင် စိတ်ကို အတော်ထိန်းချုပ်ထားသည်။

ကျင့်လန်ကျိုးနှင့် လုံစစ်ပိုင်တို့နှစ်ယောက်မှာလည်း အကြီး အကျယ်မျက်နှာပျက်နေသည်။

လန်ရှန်းက ကြောက်ရွံ့တုန်ယင်စွာပြောလိုက်၏။

“ဒါ - ဒါ - ဝိညာဉ်လိပ်ပြာသရဲ - သရဲ”

စင်လုံသည် ရုတ်တရက်မတ်တတ်ထရပ်လိုက်၏။ ထို့နောက် အခန်းထဲမှထွက်၍ အပြင်သို့ လျှောက်သွားလေတော့၏။

လန်ရှန်းသည် ကျယ်လောင်စွာ အော်ဟစ်လိုက်မိသည်။

“စင်လုံ - စင်လုံ - ရှင် - ရှင်မသွားရဘူး - မသွားရဘူး”

လန်ရှန်း၏ အော်သံသည် တဖြည်းဖြည်းငိုသံပါလာသည်။ သို့ သော် စင်လုံကတော့ တစ်ချက်ကလေးမျှ လှည့်မကြည့်ခဲ့ပါချေ။

❖ ❖ ❖



စုန်းမီးများသည် ညအမှောင်ထဲ၌ ဟိုဟိုသည်သည်ပြေးလွှား လှုပ်ရှားနေ၏။ ချိုက်ဟိုလင်သစ်တောဥယျာဉ်တစ်ခုလုံးတွင် စုန်းမီး များပြည့်နှက်နေသကဲ့သို့ ထင်မှတ်ရသည်။ နေရာအနှံ့လင်းလက်နေ ကြသော်လည်း တစ်ချို့မှာ ရုတ်တရက်ပျောက်ကွယ်သွားပြီး တစ်ချို့ က ရုတ်တရက်ထွက်ပေါ်လာသည်။ ဤသို့ဖြင့် စုန်းမီးများသည် ချိုက်ဟိုလင်သစ်တောဥယျာဉ်အတွင်း၌ မနားတမ်းပြေးလွှားနေကြ လေ၏။ ဥက္ကာပျံငယ်များ တောင်သောင်းချီ၍ ပျံဝဲနေသည့်အလား ထင်မှတ်နေရသည်။ သူတို့ဆီမှ တစီစီမြည်နေသောအသံများက သစ်တောဥယျာဉ်အတွင်း ကြောက်မက်ဖွယ်ရာ ဖန်တီးနေတော့ သည်။

စင်လုံသည် ခြေလှမ်းကျဲကျဲဖြင့် လျှောက်နေသည်။ ထိုအခိုက် မှာပင် စုန်းမီးတစ်ခုသည် ကြေကွဲဖွယ်ရာအော်ဟစ်ရင်း စင်လုံ၏ မျက်နှာဆီသို့ ပြေးဝင်လာလေတော့၏။ စင်လုံသည် သူ၏အင်္ကျီ လက်အိုဖြင့် ခါယမ်းရိုက်ချလိုက်ရာ မီးစုန်းသည် အင်္ကျီလက်အိုး၌ ကပ်ပါလာသည်။

စင်လုံသည် စုန်းမီးပွင့်ကို လက်ဝါးထဲ၌ ဖြန့်ကြည့်လိုက်သည်။

စုန်းမီး -

လူတို့၏စိတ်ဓာတ်ကို ရူးသွပ်ခြောက်ခြားဖွယ်ရာ ဖန်တီးနေ သော စုန်းမီး။

ထိုစုန်းမီးကား ညအခါ၌ လင်းလက်စေသော ဓာတ်သတ္တု တစ်မျိုးသုတ်လိမ်းထားသည့် ခရာငယ်တစ်ခုသာတည်း။ ထိုခရာငယ် ကို အတွင်းအားထုတ်၍ ပစ်ပေါက်လိုက်သည့်အခါ ကြေကွဲဖွယ်ရာ အသံ ဖြစ်ပေါ်လာ၏။

စင်လုံသည် ခရာငယ်ကို အသေအချာကြည့်ရင်း ဟက်

ဟက်ပက်ပက်ရယ်မောလေတော့၏။

"ဪ - စန်းမီး - စန်းမီး - စန်းမီးဆိုတာ ဒါမျိုးကို တတ်လည်းတတ်နိုင်ပါပေ့ကွာ"

သူသည် ရှင်ပျော်ပျော်မြို့စားကြီး စတည်းချသည့် သစ်တောဥယျာဉ်ဘက်သို့ ထွက်ခွာလာခဲ့၏။ အတန်ကြာ လျှောက်မိသောအခါ စားပွဲခုံခပ်နိမ့်နိမ့်တစ်ခုပေါ်၌ မီးအိမ်တစ်လုံးတင်ကာ တစ်ဦးတည်း အရက်သောက်နေသည့် အဝိုဝတ်ရုံကြီး ဝတ်ဆင်ထားသည့် လူတစ်ဦးအား တွေ့လိုက်ရလေ၏။

သူသည် စန်းမီးများကိုကြည့်၍ အရက်ကို တစ်ခွက်ပြီး တစ်ခွက်သောက်နေ၏။ သူ့နဖူးက ခပ်မောက်မောက်၊ သူ့မျက်နှာက ကျောက်သားကဲ့သို့ ဖြူဖြူဖွေးဖွေး၊ သူ၏မုတ်ဆိတ်မွေးများက ပိုးချည်မျှင်နက်များကဲ့သို့ တဖိတ်ဖိတ်အရောင်တောက်နေလေ၏။

စင်လုံသည် သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။ နောက်ဆုံးတွင် သူသည် ရှင်ပျော်ပျော်မြို့စားကြီးနှင့် တစ်ဦးချင်း တွေ့ခွင့်ရလိုက်ချေပြီတကား -

အနီးကပ်ရောက်ရှိလာသောအခါ၌ ပို၍ပီပီပြင်ပြင်မြင်တွေ့ရရသည်။ ဤပုဂ္ဂိုလ်ကား သိုင်းလောက၌ နှစ်ပေါင်းလေးငါးဆယ်အတွင်း အထူးဆန်းဆုံး လျှို့ဝှက်မှုအရှိဆုံးသော ပုဂ္ဂိုလ်ကြီးပေတည်း။ သူ၏သိုင်းပညာရပ်များ မည်ကဲ့သို့နက်ရှိုင်းသည်ကို မည်သူ တစ်ဦးတစ်ယောက်မျှ မသိရှိကြသေးသော ပုဂ္ဂိုလ်ကြီးလည်းဖြစ်သည်။

သူသည် နားရွက်များကို ရွှေကွင်းကြီးများ ချိတ်ဆွဲထားသည်။ သူသည် အရက်ခွက်ကို ချပြီးသည်နှင့် ဂဏန်းလုံးများကို တစ်လုံးပြီးတစ်လုံးစားနေသည်။ ထို့နောက်အရက်ခွက်ထဲသို့ အရက်များ အပြည့်လောင်းထည့်ပြီး မော့သောက်ပြန်တော့၏။



သူသည် ရုတ်တရက်စင်လုံကို ကြည့်လိုက်ပြီး သူ၏အရက်ခွက်ကို မြှောက်တင်လိုက်၏။

"ရောက်လာမှတော့ ဘာဖြစ်လို့ ရပ်ကြည့်နေတာလဲဗျ၊ အတူထိုင်ပြီး အရက်သောက်ကြတာပေါ့၊ လာပါ - ထိုင်ပါ"

စင်လုံသည် စိတ်ထဲမှတွေးနေ၏။

"ငါ့ခြေသံကို တော်ရုံတန်ရုံလူ မကြားနိုင်ဘူး၊ ဒီလူနားပါးလိုက်တာ လွန်ပါရောလား"

စင်လုံက ပြုံးရယ်လျက် ပြောလိုက်သည်။

"ကျုပ်နာမည် စင်လုံပါ"

"ဪ - ဟော် - ကျုပ်ကဘယ်သူများလဲလို့ သခင်ကလေးစင်လုံကိုးဗျ"

စင်လုံသည် ရှင်ပျော်ပျော်မြို့စားကြီးရှေ့သို့ ခပ်သွက်သွက်လျှောက်သွားပြီး လက်နှစ်ဖက်ဆုပ်ကာ အရိုအသေပေးလိုက်၏။ နှုတ်ခွန်းဆက်ချီးကျူးစကားလည်း ပြောလိုက်သည်။

"သစ်တောဥယျာဉ်တစ်ခုလုံး စန်းမီးတွေပြည့်နေတဲ့အချိန်မှာ တစ်ကိုယ်တည်း အေးအေးဆေးဆေး အရက်သောက်နေတဲ့ စည်းစိမ်ကတော့ တကယ့်စည်းစိမ်ပါပဲဗျာ၊ တစ်ချို့လူတွေကတော့ မီးစန်းတွေရဲ့ ငိုညည်းသံကြောင့် အပြင်မထွက်ရဲကြတော့ဘူးဗျ"

ရှင်ပျော်ပျော်မြို့စားကြီးသည် အသံထွက်အောင် ရယ်မောလေတော့၏။

"စန်းမီးတွေ မိုးလုံးပြည့်ရှိနေတုန်း လမ်းလျှောက်ထွက်တဲ့ သူများကလည်း အေးအေးဆေးဆေးပဲမဟုတ်လား၊ ဟဲ-ဟဲ-ဟဲ"

"ကျုပ်က ဒီညမှာ ညဉ့်ခံပွဲတစ်ခုလုပ်ခဲ့ပါတယ်၊ ကျုပ်ရဲ့ညဉ့်

ခံပွဲက အညတရညစ်ခံပွဲဖြစ်နေလေတော့ သခင်ကြီးဝမ်က ကြ
ရောက်ချီးမြှင့်ပေးလာအောင် ကျုပ်အနေနဲ့ မစွမ်းဆောင်နိုင်ခဲ့ပါဘူ

"ဒါကလည်း အကြောင်းရှိနေလို့ပါဗျ။ ကျုပ်က မလာချင်လို့ မဟုတ်ပါဘူး။ ကဲ - လာပါ - ကျုပ်လည်း ပျင်းရိနေတုန်း ခင်ဗျား ကို တွေ့လိုက်ရတော့ အပေါ်ကလေး ဝမ်းသာမိတယ် လာပါ - ထိုင်ပါ"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ"

စင်လုံသည် ရွှင်ပျော်ပျော်မြို့စားကြီးကို အနီးကပ်ဆုံး မြင်တွေ့ နေရပေပြီ။ မြို့စားကြီး၏ မျက်ခုံးများသည် ထူထဲရှည်လျားလှ၏ သူ၏မျက်နှာများကား အရောင်တဖျပ်ဖျပ် တောက်ပနေသည်။ သူ၏ နှာခေါင်းများသည် သာမန်လူများထက်မြင့်ပြီး သိန်းငှက်နှုတ်သီး ပုံစံမျိုးဖြစ်နေ၏။ သူ၏ဟန်ပန်အမူအရာမှာ သူ၏ကျော်ကြားမှု လိုက်အောင် ထည်ဝါခန့်ညားလှပေ၏။

စင်လုံအား ကြည့်ရှုအကဲခတ်နေသည့် ရွှင်ပျော်ပျော်မြို့စား ၏ မျက်လုံးများက စူးရှလွန်းလှ၏။ သူသည် စင်လုံအား အကဲ နေရင်း မှတ်ချက်ချနေ၏။ သူ၏လက်အောက်တွင် ငယ်ရွယ် မောလှသည့် လူငယ်များ အမြောက်အမြားရှိနေပါ၏။ သို့ စင်လုံကဲ့သို့ ချောမောခန့်ညားသူ တစ်ဦးတစ်ယောက်မျှ မရှိပါ

ရွှင်ပျော်ပျော်မြို့စားကြီးသည် အရက်ခွက်ထဲသို့ အရက် ငှဲ့ထည့်ပေးပြီး စင်လုံအား ကမ်းပေးလိုက်၏။ ရွှင်ပျော်ပျော်မြို့စား က စင်လုံ၏အပြုံးကို အပြုံးဖြင့် ပြန်လည်တုံ့ပြန်ပြီး -

"ကျုပ်ဆီမှာ အရက်ကောင်းမျိုးစုံ ရှိပါတယ်၊ ကဲ - ကြိုက် ကြိုက်တုန်း သောက်ကြည့်စမ်းပါဦး"



"ဟုတ်ပါတယ်ခင်ဗျာ၊ ကျုပ်လည်း ကြားဖူးနေတာ ကြာပါပြီ၊ အခုမှပဲ ကိုယ်တွေ့စမ်းကြည့်ခွင့် ရတော့တယ်"

စင်လုံသည် အရက်ခွက်ကို တရှိန်ထိုးမော့ချလိုက်လေတော့၏။ သူ၏ပါးစပ်မှလည်း လွှတ်ခနဲ ပြောလိုက်မိတော့သည်။

"တကယ့်ကိုကောင်းတဲ့ အရက်ပါပဲဗျာ"

ရွှင်ပျော်ပျော်မြို့စားကြီးက ပြုံးရယ်လျက် ပြန်မေးသည်။

"ဟုတ်ပါရဲ့ဗျာ၊ ခင်ဗျားရဲ့ ဆယ့်နှစ်သိန်းကျော်တန်တဲ့အရက်လောက် ကောင်းပုံ့မလား"

ရွှင်ပျော်ပျော်မြို့စားကြီးကား တကယ့်ကိုမလွယ်သော ပုဂ္ဂိုလ်ကြီးပေတကား။ ခွိုက်ဟိုလင်သစ်တောမှ သစ်ပင်များ သစ်ကိုင်းများ သစ်ရွက်များ အိမ်ခေါင်မိုးများ အိမ်ထရံများသည် သူ၏နားနှင့် မျက်စိ များဖြစ်နေသလား မဆိုနိုင်ပေ။

ရွှင်ပျော်ပျော်မြို့စားကြီးသည် သူ၏မုတ်ဆိတ်မွေးများကို ပွတ်သပ်လိုက်ပြီး။

"ဒီဂဏန်းလုံးတွေဟာ အင်မတန်စားလို့ကောင်းပါတယ်၊ ခင်ဗျား စိတ်ကြိုက်သာ စားစမ်းပါဗျာ၊ ဂဏန်းအခွံကို ကိုယ်တိုင်ခွာစားရင် ပိုအရသာရှိတယ်ဗျ၊ သူများခွာပေးတဲ့ ဂဏန်းလုံးကို စားရတာ ကျုပ်တော့အရသာကိုမရှိဘူး။ ဖယောင်းတုံးကို ဝါးရသလိုပဲ အောက်မေ့မိတယ်"

စင်လုံသည် သူ၏လက်ဝါးချင်း ပွတ်သပ်ပြီး ရယ်လိုက်၏။

"သခင်ကြီးဝမ်ကတော့ဗျာ အရက်ကောင်းကောင်းကို သောက် တတ်ရုံတင်မကသေးဘူး အစားကောင်းကို ဘယ်လိုစားရမယ်ဆိုတာလည်း သိသေးတယ်၊ ဒီလိုပညာမျိုးကတော့ လွယ်လွယ်

နဲ့ သင်ယူလို့မရနိုင်တဲ့ ပညာမျိုးပါပဲဗျာ"

ရှင်ပျော်ပျော်မြို့စားကြီးသည် ကောင်းကင်သို့ ဦးခေါင်းမော့လျက် ဟစ်၍ရယ်လေတော့၏။ သူ၏ရယ်သံကြောင့် သစ်ပင်များ တုန်ခါသွား၏။ သစ်ကိုင်းများ ခါယမ်းသွား၏။ သစ်ရွက်များ ကြွေကျသွား၏။ အိမ်မိုးအုပ်ကြွပ်များ တုန်ဟည်းသွား၏။

သို့သော် စင်လုံ၏အရက်ခွက်ထဲမှ အရက်များကမူ တစ်စက်ကလေးမျှ ဖိတ်စဉ်ကျခြင်းမရှိပါချေ။ စင်လုံက ခပ်ပြုံးပြုံးဖြင့် မေးလိုက်၏။

"ဘာတွေများ သဘောကျပြီး ဒီလောက်တောင်ရယ်မောနေရတာလဲ သခင်ကြီးဝမ်ရဲ့"

"ရယ်ရတာပေါ့ဗျာ၊ ရယ်စရာကလည်း ဖြစ်လာတာကိုးဗျ"

"ကျုပ် သိခွင့်မရှိဘူးလား"

"သိရပါတယ်၊ သိရပါတယ်၊ လက်ရှိသိုင်းလောကသားတွေအားလုံးဟာ ကျုပ်နဲ့ ခင်ဗျားကို တကယ့်မဟာရန်သူတော်ကြီးလို့ သတ်မှတ်ထားကြသဗျ။ အခုတော့စင်လုံဟာ ကျုပ်နဲ့အတူတူထိုင်ပြီး ဖက်လဲတကင်း ရင်းရင်းနှီးနှီးအရက်သောက်နေရုံတင်မကဘူး ကျုပ်ကိုလည်း ပါးစပ်က တဖွဖွချီးကျူးနေတော့ ကျုပ်မရယ်ဘဲ ဘယ်နေနိုင်တော့မလဲဗျ"

စင်လုံကလည်း ရှင်ပျော်ပျော်မြို့စားကြီး၏ စကားကို ကြားလိုက်ရသောအခါ မရယ်မောဘဲ မနေနိုင်တော့ပေ။ ကောင်းကင်သို့ မော့ကြည့်ရင်း တဟားဟားအော်ဟစ်ရယ်မော လေတော့ ၏။ ရှင်ပျော် ပျော်မြို့စားကြီးကပါ လိုက်၍ရယ်သောအခါ စားပွဲပေါ်ရှိ အရက်ခွက်များသည်ပင် ဖျတ်ကနဲ ကွဲအက်ကြေမွ သွားလေ



တော့၏။ နှိုက်ဟိုလင်သစ်တောဥယျာဉ်ကြီးတစ်ခုလုံး တုန်ဟည်းနေတော့သည်။

ရှင်ပျော်ပျော်မြို့စားကြီးသည် သူ၏အတောမသတ်ရယ်နေခြင်းကို အတော်ကြာ အရှိန်သတ်ယူရသည်။

"သခင်ကလေးစင်လုံ - ခင်ဗျားကတော့ ဘာကြောင့် ရုတ်တရက်မာစ်ပြီး ရယ်တာလဲဗျ၊ ကြားစမ်းပါရစေဦး"

စင်လုံသည်လည်း သူ၏ရယ်ခြင်းအရှိန်ကို အတော်ကလေးသတ်ယူရသည်။

"မျက်မှောက်ခေတ် သိုင်းလောကမှာ သခင်ကြီးဝမ်ရဲ့ ဩဇာဘယ်လောက်ကြီးသလဲ ဘယ်လောက်ကျော်ကြားသလဲ သိုင်းလောက အနှံ့အပြားမှာလည်း သခင်ကြီးဝမ်ရဲ့ တပည့်တွေ သူသျှိုတွေဒလံတွေ အများကြီးရှိနေတာပဲ၊ ဒါတောင်မှ စင်လုံရဲ့ဇာစ်မြစ်ကိုမသိဘဲနဲ့ သိုင်းလောကသားတွေရဲ့မှတ်ချက်ကို ယုံနေတော့ ကျုပ်လည်း သိပ်ရယ်ချင်တာပေါ့ဗျာ၊ မရယ်ဘဲကို မနေနိုင်တော့ဘူးဗျ"

ရှင်ပျော်ပျော်မြို့စားကြီးသည် ရယ်ရယ်မောမောပြုံးပြုံးရွှင်ရွှင်ရှိနေရာမှ ရုတ်တရက်တည်ကြည်လေးနက်သွားသည်။

"ကျုပ်က ခင်ဗျားရဲ့ဇာတ်မြစ်ကို မသိဘူးလို့များ ခင်ဗျားက ထင်နေသလား။ အဲဒီလိုထင်နေရင်တော့ ခင်ဗျား အကြီးအကျယ်မှားသွားလိမ့်မယ်"

"ဟုတ်လား - ဒါဖြင့် ကျုပ်အကြောင်း ဘယ်လောက်သိထားပါသလဲ"

ထိုစဉ် "ရှဲ"ခနဲအသံ ကြားလိုက်ရပြီး သူတို့ရှိရာသို့ လေတိုးသံတစ်ခု ဝင်လာသည်။ စင်လုံသည် စားပွဲပေါ်မှ ထမင်းစားတူဖြင့်

ဖမ်းညှပ်လိုက်ရာ ညအမှောင်ထဲ၌ လင်းလက်စေသည့် ဓာတ်သတ္တု တစ်မျိုးသုတ်လိမ်းထားသည့် မြားကလေးတစ်စင်းဖြစ်နေသည်။ စင်လုံသည် ထိုမြားကလေးကို စစ်ဆေးခြင်းမပြုတော့ဘဲ နောက်ဘက်သို့ လွှင့်ပစ်လိုက်သည်။ စင်လုံ၏အပြုအမူကို ရှင်ပျော်ပျော်မြို့စားကြီးက ခပ်တည်တည်ပင် အကဲခတ်နေသည်။

စင်လုံက ဆက်၍မေးသည်။

"သခင်ကြီးဝမ်ရဲ့ လေသံအရဆိုရင် သခင်ကြီးဟာ ကျုပ်အကြောင်းအတော်ကလေး သိထားပုံရပါတယ်၊ ကျုပ်ရဲ့ဇာတိ ဘယ်ကလဲ၊ ကျုပ်ရဲ့သိုင်းပညာ ဘယ်အဆင့်လဲ၊ ကျုပ်ရဲ့သိုင်းဂိုဏ်းက ဘယ်ကဂိုဏ်းလဲ၊ ကျုပ်ကိုသိုင်းပညာသင်ပေးတဲ့ဆရာဟာ ဘယ်သူလဲ၊ အဲဒါတွေကို သိပါ့မလား"

"မသိပါဘူး"

"ကျုပ်ရဲ့နာမည်ရင်းဟာ စင်လုံဟုတ်မဟုတ်ဆိုတာကိုရော သိပါရဲ့လား"

"ဒါလည်း မသိဘူးဗျ"

"တစ်ခြားကိစ္စတွေကိုတော့ ထားပါတော့ဗျာ၊ ကျုပ်ရဲ့နာမည်ရင်းကို မသိတာကတော့ အတော့်ကိုဆိုးပါတယ်၊ ဒါနဲ့တောင် ကျုပ်ရဲ့ဇာစ်မြစ်ကို သိနိုင်တယ်ဆိုတာကတော့ ဘယ်လိုမှမဖြစ်နိုင်ပါဘူးဗျာ"

ရှင်ပျော်ပျော်မြို့စားကြီးသည် မျက်မှောင်ကြုတ်နေ၏။

"ဒါကတော့ - "

စင်လုံသည် သူ့အားလုံးဝစကားပြောခွင့် မပေးပါချေ။ သူပြောချင်သည့်စကားများကိုသာ တရစပ်ပြောချနေသည်။



"သခင်ကြီးဝမ်ဟာ ကျုပ်အကြောင်းကို တိတိကျကျမသိဘူး။ ဒါနဲ့တောင် ကျုပ်ကို ခင်ဗျားရဲ့မဟာရန်သူကြီးအဖြစ် သတ်မှတ်ထားတာကတော့ သဘာဝမကျပါဘူးခင်ဗျာ၊ ခင်ဗျားရဲ့ရန်သူဖြစ်ကြောင်း ဘယ်လိုသိထားပါသလဲ"

ရှင်ပျော်ပျော်မြို့စားကြီးက မာကြောခက်ထန်စွာ ပြောလိုက်သည်။

"ဒီအချက်ကို သိုင်းလောကမှာရှိကြတဲ့ သိုင်းသမားတွေအားလုံး သိထားကြတယ်"

"သိုင်းလောကသားတွေပြောတာကို ကြားရုံနဲ့တော့ ဘယ်လုံလောက်မလဲဗျ၊ အကြောင်းအချက်ရှိရမယ်၊ ခိုင်မာတိကျတဲ့ အကြောင်းအချက်ရှိရမယ်"

ရှင်ပျော်ပျော်မြို့စားကြီး၏ အသံမှာ လွန်စွာတည်ကြည်လေးနက်လာသည်။

"ဆယ်ယောက်ပြောတာ ညာတာဖြစ်ချင်ဖြစ်မယ်၊ လူတစ်ထောင်ကပြောရင်တော့ မယုံလို့မဖြစ်တော့ဘူးဗျ၊ ယုံကို ယုံရမယ်"

"ဟုတ်လား၊ ဒီလိုဆိုရင် သိုင်းလောကသားတွေ ကျုပ်အကြောင်းဘာများ ပြောကြသလဲ၊ သူတို့ပြောကြတဲ့ ကျုပ်အကြောင်းတွေကို သခင်ကြီးဝမ်အတွက် အပန်းမကြီးဘူးဆိုရင် တစ်ဆိတ်လောက် ပြောပြစေချင်ပါတယ်"

ရှင်ပျော်ပျော်မြို့စားကြီးသည် တစ်ချက်မျှ ပြုံးလိုက်၏။ ထို့နောက် လက်ခုပ်တီးလိုက်သည်။ "အဖော်မဲ့လူ" သည် တစ္ဆေသရဲနယ် ရဲတိုက်တရက်ခန်းထွက်လာသည်။

စင်လုံသည် မျက်စိ၏အမြင်အား နား၏အကြားအား အလွန်

ကောင်း၏။ တော်ရုံတန်ရုံသိုင်းသမားသည် စင်လုံအား ပုန်းကွယ်ရန် မတတ်နိုင်ချေ။ သို့သော်"အဖော်မဲ့လူ"ပုန်းကွယ်နေခြင်းကို စင်လုံ လုံးဝမသိခဲ့ပါပေ။

စင်လုံက ရယ်မောလေတော့၏။

"အင်း - ရွှင်ပျော်ပျော်မြို့စားကြီးနဲ့ "အဖော်မဲ့လူ"အမြဲတမ်း မခွဲမခွာရှိနေတယ်ဆိုတဲ့စကားဟာ တယ်မှန်ပါကလား။ အစက ပြောသံသာကြားဖူးတယ်၊ အခုမှ ကိုယ်တွေ့မျက်မြင်တွေ့ရတော့ တာပဲ"

"အဖော်မဲ့လူ"သည် ရွှင်ပျော်ပျော်မြို့စားကြီး၏ စားပွဲပေါ်သို့ အဝါရောင် စက္ကူလိပ်တစ်လိပ်တင်လိုက်၏။ ရွှင်ပျော်ပျော်မြို့စားကြီး သည် တဟားဟားအော်ရယ်ရင်း စင်လုံအား လှမ်းပြောသည်။

"အခု ခင်ဗျားပြောတဲ့စကားကိုက ခင်ဗျားဟာ ကျုပ် အကြောင်းကို အတော်ကလေး စုံစမ်းထားတယ်ဆိုတာ ပေါ်လွင်နေ တာပဲ၊ ကျုပ်ကလည်း ခင်ဗျားရဲ့လှုပ်ရှားမှုကို တစ်ခုမကျန် စုဆောင်း ထားပါတယ်"

သူသည် စက္ကူလိပ်သုံးလိပ်ကို ဆွဲထုတ်လိုက်ပြီး စင်လုံ၏ ရှေ့သို့ ချပေးလိုက်၏။

"ကဲ - ကဲ - ခင်ဗျားအကြောင်း ခင်ဗျားဘာသာပဲ ဖတ်ကြည့် ပါဦး"

စင်လုံသည် စက္ကူလိပ်သုံးလိပ်ကို ကောက်ကိုင်လိုက်၏။ စက္ကူလိပ်သုံးလိပ်ပေါ်၌ ရေးသားထားချက်များမှာ ဝံကြောင်ကလေး၊ ကြူးချစ်ချစ်နှင့် စင်လုံတို့အကြောင်းများပင် ဖြစ်တော့သည်။

ဤစက္ကူသုံးချပ်ပေါ်၌ ဝမ်းလင်းဝါးအကြောင်းလည်း ပါရှိ၏။



ဝမ်းလင်းဝါးနှင့် စင်လုံတို့၏ တစ်ဦးနှင့်တစ်ဦး ပရိယာယ်ဆင်၍ မည်သို့တိုက်ခိုက်ကြပုံကိုလည်း ဖော်ပြထား၏။

စင်လုံသည် ရင်ထိတ်စရာအကြောင်းများကို တွေမြင်ဖတ်ရှု နေသော်လည်း ပကတိ ကျောက်ရုပ်မျက်နှာဖြင့် ဖတ်နေ၏။ တစ် ချက်မျှ အမူအရာပြောင်းလဲခြင်းမရှိပေ။ ရင်ထိတ်စရာအကြောင်း များမှာ ဝံကြောင်ကလေး၊ ချစ်ချစ်နှင့် သူတို့သုံးယောက်သာ သိနိုင် သည့် အကြောင်းများပါဝင်နေသောကြောင့်ဖြစ်သည်။ သူတို့ သုံး ယောက်တည်းပြောဆိုကြသည့် စကားများကို ရွှင်ပျော်ပျော်မြို့စားကြီး က အဘယ်ကြောင့် သိရှိနေရသနည်း။ စင်လုံသည် ကြွေမြေမျက် ဘဲနှင့် ခေါင်းထဲ၌ တစီစီမြည်အောင် စဉ်းစားနေမိတော့သည်။

သူတို့သုံးဦးအနက် တစ်ဦးဦးသည် ရွှင်ပျော်ပျော်မြို့စားကြီး၏ သူလျှိုဖြစ်နေပြီလော၊ မည်သူသည် သူလျှိုဖြစ်နေပြီနည်း။

ဝံကြောင်ကလေးသည် သူလျှိုလော - ဤသို့လည်း မဖြစ်နိုင် ပါ - ဝံကြောင်ကလေးသည် ဤသို့သောလူမျိုးလုံးဝ မဖြစ်နိုင်ပါ။ သူ၏မြင်ကွင်းမှပျောက်လျက် ရွှင်ပျော်ပျော်မြို့စားကြီး၏ အဆက် အသွယ်များနှင့် တွေ့ဆုံချိန်လုံးဝမရသည်ကို စင်လုံကောင်းစွာသိနေ ပါသည်။ ဝံကြောင်ကလေး၏လှုပ်ရှားမှုတိုင်းသည် စင်လုံ၏မျက်စိထဲ မှ ဖြတ်ကျော်ထွက်ပြေး၍မရပါ။

ဤသို့ဆိုလျှင် ချစ်ချစ်သည် သူလျှိုလော - ဤအချက် သည်လည်း မဖြစ်နိုင်ပါ။ ကြူးချစ်ချစ်သည် လွန်စွာချမ်းသာကြွယ်ဝ သည့် မိဘများမှ ပေါက်ဖွားလာသူဖြစ်၍ ရွှင်ပျော်ပျော်မြို့စားကြီး နှင့် မည်သို့မျှ အဆက်အသွယ်ရှိနိုင်မည်မဟုတ်ပါချေ။ သို့သော်- ချွင်းချက်တစ်ခုတော့ရှိသည်။ သူမသည် အဘယ်ကြောင့် စုတုပင်၏ လက်ထဲသို့ ကျရောက်ခဲ့ရသနည်း။ ထို့ပြင် အဘယ့်ကြောင့် နောက်

ထပ် ဒုက္ခခံရသနည်း။

အကယ်၍ ဝံကြောင်ကလေးနှင့် ကြူးချစ်ချစ်တို့ကို ဖယ်ထုတ်လိုက်ပါက သူကိုယ်တိုင် သူသို့ဖြစ်နိုင်ကြောင်း စဉ်းစားလိုက်မိသည်။ စင်လုံသည် စဉ်းစား၍မရသောအခါ ခပ်တိုးတိုးရယ်လိုက်ပြီး စာရွက်သုံးရွက်ကို စားပွဲပေါ်သို့ ပြန်တင်ထားလိုက်သည်။

ရွှင်ပျော်ပျော်မြို့စားကြီးသည် သူ့အား တစ်ချက်အလွတ်မပေးဘဲ စောင့်ကြည့်နေမည်ကို သူသိထားပါ၏။ ကြည့်နေ၍လည်း သူက ပူပန်လိမ့်မည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် သူ၏ ကျောက်ရုပ် မျက်နှာသည် စာရွက်များကို ဖတ်ရှုသည့်အချိန်မှစ၍ စားပွဲပေါ်သို့ တင်လိုက်သည့်အထိ တစ်ချက်မျှပြောင်းလဲမည် မဟုတ်ကြောင်းကို သူ့ဘာသာသိ နေသောကြောင့်တည်း။

“ဘယ့်နှယ်လဲ - စာရွက်ပေါ်မှာ ရေးထားတဲ့ အချက်အလက်တွေ မှန်ရဲ့လား”

ရွှင်ပျော်ပျော်မြို့စားကြီးက စာရွက်များကို ဖြည်းညင်းစွာ ပြန်လိပ်ရင်း စင်လုံအားလှမ်းမေးသည်။ စင်လုံက ပြုံးရယ်ရင်း ပြန်ဖြေ၏။

“စာရွက်ထဲမှာပါတဲ့ အချက်အလက်တွေ မှန်သလား၊ မမှန်ဘူးလားဆိုတာ သခင်ကြီးဝမ် မခွဲခြားတတ်တော့ဘူးလား”

ရွှင်ပျော်ပျော်မြို့စားကြီးသည် သူ၏မုတ်ဆိတ်မွေးကို ပွတ်သပ်လျက် ခပ်ပြုံးပြုံးပြန်မေး၏။

“ခင်ဗျားက အင်မတန် ပါးနပ်တာပဲကိုးဗျ၊ ကျုပ်မေးတဲ့မေးခွန်းကိုမဖြေဘဲ ခင်ဗျားက ကျုပ်ကို ပြန်မေးနေသေးတယ်၊ ကဲ - ခင်ဗျားမှာဘာများပြောစရာရှိနေသေးသလဲ”



စင်လုံသည် ရွှင်ပျော်ပျော်မြို့စားကြီးကို အနည်းငယ်မျှ လှည့်စား၍ မရကြောင်း သိလိုက်ပါ၏။ ထို့ကြောင့် ခပ်ပြုံးပြုံးပင် ပြန်ဖြေလိုက်ရသည်။

“စာရွက်ပေါ်မှာရေးသားထားတဲ့အချက်အလက်တွေထဲက တစ်ချို့ဟာ မမှန်ဘူးဗျ”

ရွှင်ပျော်ပျော်မြို့စားကြီး၏ မျက်ခုံးများမှာ မြင့်တက်သွားသည်။

“ဘယ်တစ်ချို့လဲ”

“ဒီစာရွက်မှာ စင်လုံဟာ ဆက်ဆံရေးသိပ်ကောင်းတယ်ဆိုတဲ့ အချက်ဟာ မမှန်ဘူး”

“ဟား - ဟား - ဟား ဘာဖြစ်လို့ဒီလောက် ကိုယ့်ကိုယ်ကို နှိမ့်ချနေရတာလဲ”

“စာရွက်ထဲမှာ စင်လုံဟာ ကိုယ်ကျိုးစွန့်ပြီး အများအကျိုးအတွက်ဆောင်ရွက်တတ်တယ်ဆိုတာလည်း မမှန်ဘူး”

“ဒါလည်း နှိမ့်ချခြင်းတစ်မျိုးပါပဲ”

“နှိမ့်ချတာမဟုတ်ပါဘူး၊ ကျုပ်ဟာကိုယ်ကျိုးကြည့်တတ်တဲ့ လူသားတစ်ဦးဆိုတာ ကိုယ့်ကိုယ်ကို သိနေလို့ပါပဲ”

ရွှင်ပျော်ပျော်မြို့စားကြီးသည် တဟားဟားအော်ဟစ်ရယ်မောတော့သည်။

“ဒီစာရွက်တွေထဲမှာ ခင်ဗျားကို သူရဲကောင်းအာဇာနည်လို့ မှတ်ချက်ချမထားပါဘူး၊ ကိုယ်ကျိုးမဖက်ရင် သူရဲကောင်း အာဇာနည်ပေါ့ဗျ၊ လူဆိုတာ တစ်ခါတစ်လေ ကိုယ်ကျိုးကြည့်ရတယ်၊ ကမ္ဘာတည်စကတည်းက ကိုယ်ကျိုးဖက်တဲ့လူတွေ အများကြီးရှိခဲ့တယ်၊ ကိုယ်ကျိုးမဖက်တဲ့လူကတော့ အရှုံးအပေါ်နဲ့ သူရဲကောင်း

အာဇာနည်တွေပဲဖြစ်မယ်”

စင်လုံက ပြုံးရင်းထောက်ခံလိုက်၏။

“လူမျိုးစဉ်ဆက်ဟာလည်း ကိုယ်ကျိုးဖက်ခဲ့တာချည်းပါပဲ၊ ကိုယ်လူမျိုးတည်တံ့အောင် ကြိုးစားတာ၊ ကိုယ့်နိုင်ငံရဲ့ နယ်မြေချဲ့ထွင်တာတွေဟာ လူမျိုးစုလိုက် ကိုယ်ကျိုးကြည့်တဲ့ကိစ္စတွေပေါ့”

ရှင်ပျော်ပျော်မြို့စားကြီးသည် သူ၏လက်နှစ်ဖက်ကို ပွတ်သပ်ဆုပ်နယ်ပြီး

“အင်း - ကျုပ်တို့ဟာ ကိုယ်ရေးကိုယ်တာကိစ္စကနေ တော်တော်ကလေး ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးလိုက်မိကြတာပဲ၊ ကဲ - ကဲ အမောပြေအရက်တစ်ခွက်လောက် သောက်လိုက်ပါဦး”

ထိုအချိန်တွင် အရပ်လေးမျက်နှာ၌ စုန်းမီးများ တဝင်းဝင်းတောက်လျက် အသံများသည်လည်း ပိုမို၍ညံစီလာသည်။ သူတို့နှစ်ယောက်သည် အရက်ခွက်များကိုယ်စီကိုင်လျက် အေးဆေးစွာ စကားပြောနေကြသည်။ ဘေးပတ်ဝန်းကျင်၌ ညံစီနေသည့် အသံများကို ဂရုမစိုက်သယောင် -

ထိုစဉ် “အဖော်မဲ့လူ” သည် စကားအဆက်အစပ်မရှိဘဲ တစ်ယောက်တည်းပြောလိုက်သည်။

“မှန်းစရာကောင်းလိုက်တာ”

သူသည် စားပွဲပေါ်မှ ဂဏန်းခွံများကို ကောက်ကိုင်ပြီး လက်ဝါးထဲ၌ ချေမွပစ်လိုက်၏။ ထို့နောက် လက်ထဲမှ ဂဏန်းခွံများကို တဝင်းဝင်းတောက်လျက် စီစီညံညံအသံပြုနေသော စုန်းမီးများရှိရာသို့ ပစ်ပေါက်လိုက်၏။

သူ့လက်ထဲမှ ဂဏန်းခွံများသည် ကျေမွနေလေပြီးဖြစ်သော



လည်း သူ၏ကြောက်မက်ဖွယ်ရာ အတွင်းအားကြောင့် ပြင်းထန်သော အရှိန်ဖြင့် ပြေးထွက်သွားတော့သည်။

သူတို့၏ပတ်ဝန်းကျင်မှ စုန်းမီးများနှင့် ထိတွေ့လိုက်သောအခါ တတိန်တိန်အသံမြည်လျက် စုန်းမီးများ အောက်သို့ပြုတ်ကျကုန်တော့သည်။ စင်လုံသည် အရက်ခွက်ကိုကိုင်၍ ပြုံးကြည့်နေရာမှ “အဖော်မဲ့လူ” အား လှမ်းပြောလိုက်သည်။

“ဒီစုန်းမီးတွေက အဖော်မဲ့နှောင်ကြိုးကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်နေတယ်နဲ့တူတယ်၊ ဒီတော့ ကျုပ်ကလည်း အဖော်မဲ့နှောင်ကြိုးကို အကူအညီပေးရသေးတာပေါ့”

သူသည် အရက်များကို ပါးစပ်နှင့်အပြည့်ငုံလျက် အားကုန်မှုတ်ထုတ်လိုက်သည်။ အရက်အစက်အပြောက်အများသည် နှင်းမှုန်များကဲ့သို့ ဝေ့ဝဲအုံ့မှိုင်းသွားပြီး စုန်းမီးများအား ဖုံးအုပ်ဝါးမျိုသွားတော့၏။ စုန်းမီးရာပေါင်းများစွာ ငြိမ်းသတ်ပြုတ်ကျကုန်တော့သည်။

“အဖော်မဲ့လူ” က အေးစက်စွာ မှတ်ချက်ချလိုက်၏။

“တယ်ကောင်းတဲ့ အတွင်းအားပညာတစ်ရပ်ပါလား”

ရှင်ပျော်ပျော်မြို့စားကြီးက ရယ်လိုက်သည်။

“ခင်ဗျားရဲ့သိုင်းပညာကတော့ ကျုပ်မြင်ဖူးသမျှတွေထဲမှာတော့ အကောင်းဆုံးပညာပဲ၊ နံပါတ်တစ်လို့ ဆိုရလောက်ပါတယ်၊ ဘာဖြစ်လို့ ခင်ဗျားရဲ့အစွမ်းကို မပြသေးတာလဲဗျ”

“ကျုပ်က ဘာဖြစ်လို့ အကြောင်းမဲ့တိုက်ခိုက်ရမှာလဲဗျ”

“စစ်ပွဲတစ်ပွဲမှာ လက်ဦးမှုအရယူရမည်ဆိုတဲ့ သခ်ႋနစာကို ခင်ဗျားကောင်းကောင်းမှတ်သားမိမယ်လို့ ကျုပ်ယုံကြည်တယ်၊ အဲဒီသဘောပဲပေါ့ဗျာ”

စင်လုံက တဟားဟားရယ်မောတော့သည်။

"ကျုပ်နဲ့ သခင်ကြီးဝမ်ဟာ ရန်သူလား၊ မိတ်ဆွေလားဆိုတာ ခုထက်ထိမသိသေးဘူးလားဗျ၊ သခင်ကြီးဝမ်ရဲ့ အသိဥာဏ်ဟာ မသေးဘူးဆိုတာ ကျုပ်သိနှားလည်ပြီးသားပဲ"

ရှင်ပျော်ပျော်မြို့စားကြီးက ပြုံးလိုက်၏။

"ရန်သူလား၊ မိတ်ဆွေလားဆိုတာ တဒင်္ဂအတွင်းမှာ မခွဲခြားနိုင်ပါဘူး၊ ကျုပ်တို့ - "

ရှင်ပျော်ပျော်မြို့စားကြီးမှာ စကားကို ဆက်မပြောနိုင်အောင် ဖြစ်သွားရသည်။ အဘယ်ကြောင့်ဆိုသော် လူလေးငါးဆယ် ရယ်မောလိုက်သည့် ရယ်သံကြီးကို ရုတ်တရက်ကြားလိုက်ရသောကြောင့်ဖြစ်ပါ၏။ ထိုရယ်မောသံကြီးနှင့်အတူ ကျောရိုးစိမ့်ဖွယ်ရာ အသံကြီးကိုလည်း ကြားလိုက်ရပြန်သည်။

"ရှင်ပျော်ပျော်မြို့စားကြီးရဲ့ လူ့သက်တမ်းဟာ တိုလှတယ်၊ မိုးမလင်းမီမှာပဲ အသက်ကုန်လိမ့်မယ်"

ထိုအသံမှာ လူ၏အော်သံနှင့်လည်းမတူ၊ တစ်စုံတစ်ခုသော ကိရိယာတပ်ဆင်၍ အော်ပြောသံနှင့်လည်းမတူ၊ လွန်စွာ ကျောချမ်းစရာကောင်းသည်။

ရှင်ပျော်ပျော်မြို့စားကြီးသည် သူ၏မုတ်ဆိတ်များကို ဖြည်းညင်းစွာ ပွတ်သပ်လျက်ပြောနေသည်။

"ရှင်ပျော်ပျော်မြို့စားကြီးဟာ ကမ္ဘာပေါ်မှာ သက်တမ်းအရှည်ဆုံး လူသားတစ်ဦးဖြစ်တယ်၊ ဝိညာဉ်လိပ်ပြာသရဲတွေကသာ သက်တမ်း အတိုဆုံး မိစ္ဆာကောင်တွေဖြစ်တယ်"

ရှင်ပျော်ပျော်မြို့စားကြီး၏အသံမှာ သိပ်ကျယ်လောင်လှသည်



မဟုတ်ချေ။ သို့သော် သူ့အသံကို အဝေးကကြားနိုင်သည်။ သူ့အသံကြောင်း မိုးကောင်းကင်၌ စုန်းမီးလေးငါးဆယ်ခန့် တဝင်းဝင်းတောက်လျက် ပေါ်လာပြန်သည်။ ပေါ်လာသည်နှင့်အတူ ကြောက်ခွဲဖွယ်ရာ ငိုညည်းသံများကို ကြားရပြန်သည်။

ဤအချိန်တွင်မူ စုန်းမီးများကိုသာမက လူများ၏ အသွင်သဏ္ဌာန်ကို တွေ့မြင်လာရပြီဖြစ်သည်။ လူဆိုသော်လည်း သာမန်လူများမဟုတ်ချေ။ အရောင်များ တဝင်းဝင်းတလက်လက် ပြိုးပြိုးပြက်ပြက်တောက်ပနေသည့် လူများဖြစ်၏။ ထိုလူများသည် စုန်းမီးများအကြား၌ ချောက်ချားဖွယ်ရာ လှုပ်ရှားသွားလာနေကြသည်။

ငရဲပြည်မှ ငရဲတံခါးကြီးပွင့်သွားသဖြင့် ငရဲသားများလွတ်ထွက်လာသည်နှင့် တူနေတော့သည်။ ငိုညည်းသံလား၊ ရယ်မောသံလား၊ ဝေခွဲမရသော သီချင်းသီဆိုသံများ ထွက်ပေါ်လာပြန်သည်။ သီချင်း၏ အဓိပ္ပါယ်များက မည်သို့မျှ နှစ်မြို့ဖွယ်ရာမရှိပေ။

"ငရဲတံခါးမကြီး ပွင့်လာပြီ၊ ရှင်ပျော်ပျော်မြို့စားကြီးရဲ့ အလောင်းကိုကြိုနေပြီ၊ ဝိညာဉ်လိပ်ပြာစုန်းမီးတွေနဲ့ မီးသင်္ဂြိုဟ်ဖို့ အသင့်ဖြစ်ပြီ"

ဤပစ္စက္ခအခြေအနေကား သာမန်လူများအဖို့ သွေးလေချောက်ချားလျက် ရူးသွပ်လျှင်လည်း ရူးသွပ်၊ မရူးသွပ်လျှင်လည်း ချက်ချင်းတုံးခနဲ သေကျသွားစေနိုင်သည့် အခြေအနေဖြစ်သည်။ ငရဲသားများနှင့်တူသော လူလေးငါးဆယ်ခန့်သည် သူတို့၏လက်များကို ဝှေ့ယမ်းနေကြ၏။

ထိုအခါ လေထုကြီးတစ်ခုဖြစ်ပေါ်လာကာ ရာချီ၍ထွက်ပေါ်လာသည့် စုန်းမီးများသည် ရှင်ပျော်ပျော်မြို့စားကြီးနှင့် စင်လုံတို့ထံသို့ တဟုန်ထိုးပြေးဝင်လာပြန်တော့၏။ ရှင်ပျော်ပျော်မြို့စားကြီး

သည် ငြိမ်သက်စွာမနေနိုင်ပါတော့ချေ။

“အဖော်မဲ့လူ ဘယ်မှာလဲဟေ့”

အဖော်မဲ့လူသည် စားပွဲရှေ့၌ မားမားမတ်မတ်ရပ်လျက် သူ၏ အင်္ကျီလက်ဖြင့် ဝှေ့ယမ်းရိုက်ခတ်နေတော့သည်။ စင်လုံကရယ်နေပြီးမှ -

“သူတို့ အနှောင့်အယှက်ပေးလို့ပဲ မပြီးနိုင်တော့ဘူး။ ကိစ္စမရှိပါဘူးလေ၊ နည်းနည်းတော့ အလုပ်ရှုပ်တာပေါ့”

သူတို့အရက်ဖန်ခွက်ထဲမှ အရက်ကို ပါးစပ်အပြည့် ငုံလိုက်ကာ ဖူးခနဲ မှုတ်ထုတ်လိုက်ပြန်သည်။ အရက်များသည် ထောင်ပေါင်းများစွာသော အစက်အမှုန်ကလေးများအဖြစ်သို့ ပြောင်းလဲသွားပြီး စန်းမီးများကို လွှမ်းခြုံလျက် ပျောက်ကွယ်သွားစေပြန်သည်။

ရှင်ပျော်ပျော်မြို့စားကြီးသည် လက်ခုပ်လက်ဝါးတီး၍ ရယ်ပြန်လေသည်။

“ဟား - ဟား - ဟား - လက်စသတ်တော့ ဝိညာဉ်လက်ဝါးဂိုဏ်းသားတွေဟာ အရက်မှမသောက်တတ်ကြဘဲကိုး၊ အရက်သောက်တတ်ရင် သည့်ထက်တောင်သူတို့ပိုပျော်နိုင်ကြမှာ”

သူ၏စကားဆုံးသည်နှင့် စန်းမီးမှာ ထပ်မံရွေ့လျားရောက်ရှိလာပြန်သည်။ သို့သော် သူတို့ထံသို့ တိုက်ရိုက်ရောက်ရှိမလာတော့ပါ။ ကွေ့ဝိုက်၍ ဘေးပတ်လည်မှသာ လှုပ်ရှားနေတော့သည်။ လှုပ်ရှားနေသည့် လူရိပ်များသည်လည်း ယခင်ကထက် နောက်ဘက်သို့ ပိုဆုတ်သွား၏။ အဝေးမှသာ လှုပ်ရှားယိမ်းကနေကြသည်။

စင်လုံက လှုပ်ရှားယိမ်းကနေသော လူရိပ်များကို ကြည့်၍ မှတ်ချက်ချလိုက်သည်။



“အင်း - ဝိညာဉ်လက်ဝါးဂိုဏ်းရဲ့ ဝိညာဉ်လိပ်ပြာသိုင်းပညာဟာ ထူးခြားဆန်းကြယ်မှုတော့ တကယ်ရှိတယ်၊ ကိုယ်ဖော့ပညာက သရဲတွေတစ္ဆေတွေလို ပေါ့ပါးကြတာကတော့ အမှန်ပဲ၊ တော်ရုံတော်ရုံကိုယ်ဖော့ပညာနဲ့ ဒီလိုမလှုပ်ရှားနိုင်ဘူး။ နောက်ပြီး စန်းမီးလို ထင်မှတ်မှားရတဲ့ ခရာတွေကို ပစ်လွှတ်နိုင်တဲ့ သူတို့ရဲ့လက်မောင်းအားကလည်း အတော့်ကို ကြောက်စရာကောင်းတာပဲ”

ရှင်ပျော်ပျော်မြို့စားကြီးက အေးစက်စက်ရယ်လိုက်၏။

“သိပ်လည်း ချီးကျူးမနေစမ်းပါနဲ့ဗျာ၊ သူတို့ဟာ ဝိညာဉ်လိပ်ပြာသိုင်းပညာရဲ့ ဆယ်ပုံတစ်ပုံကိုတောင် မတတ်ကြဘူး၊ သူတို့လူပေါင်းလေးငါးဆယ်ရဲ့ လက်မောင်းအားကလည်း စင်လုံရဲ့လက်မောင်းအား တစ်ဖက်ထဲကိုတောင် မီမှာမဟုတ်ပါဘူး။ ဒီလောက်အသုံးမကျတဲ့ဟာတွေကို ကျုပ်တို့က လေကုန်ခံပြီး ချီးကျူးနေရမှာလားဗျ”

စင်လုံက ရယ်လိုက်၏။

“အဲဒီလောက်တောင်တော့ မဟုတ်ပါဘူးဗျာ၊ ကျုပ်က အရက်ငွေ့ကို အသုံးချလိုက်တာပါ၊ သိုင်းပညာမှာတော့ ရှင်ပျော်ပျော်မြို့စားကြီးရဲ့ အဖော်မဲ့လူကို လုံးဝမမီပါဘူး၊ သူ့အတွင်းအားက တကယ့်ကို ကြောက်စရာကောင်းပါတယ်”

ထိုစဉ် အဖော်မဲ့လူ၏ အေးစက်စက်အသံကြီး ပေါ်လာသည်။

“ခင်ဗျားနဲ့ကျုပ် တစ်ကြိမ်လောက် ယှဉ်ပြိုင်ကြည့်ပြီးမှ ဆုံးဖြတ်လို့ဖြစ်မယ်”

စင်လုံက ပေါ့ပါးစွာ ရယ်ပြန်သည်။

"မလိုသေးပါဘူးဗျာ၊ ခင်ဗျားနဲ့ကျုပ် ရန်သူဖြစ်ရမလား၊ မိတ်ဆွေဖြစ်ရမလားဆိုတဲ့ အဆုံးအဖြတ်ကို သခင်ကြီးဝမ်ကသာ ပေးစွမ်းနိုင်တာဆိုတော့"

ရှင်ပျော်ပျော်မြို့စားကြီး၏ မျက်လုံးများသည် ထူးခြားစွာ အရောင်တဖျပ်ဖျပ် တောက်ပလာသည်။

"ပြန်ပြောစမ်းပါဦး။ ကျုပ်ကြားလိုက်ရတာ မရှင်းလို့၊ မိတ်ဆွေဖြစ်မလား၊ ရန်သူဖြစ်မလားဆိုတာ ကျုပ်က ဆုံးဖြတ်ရမယ်၊ ဟုတ်ရဲ့လား"

စင်လုံက တည်ကြည်စွာပြောလိုက်၏။

"ဟုတ်တယ် - သခင်ကြီးဝမ် ဆုံးဖြတ်ရမယ်"

ထိုစဉ် စင်လုံသည် သူ၏အင်္ကျီလက်စရည်ကို လှုပ်ယမ်းလိုက်ရာ ထူးခြားကြီးမားသော လေလှိုင်းတစ်ခု ထွက်ပေါ်လာသည်။ အဖော်မဲ့လူက အေးစက်စွာပြောလိုက်သည်။

"ခင်ဗျားက ကျုပ်ကို ပညာစွမ်းပြချင်ပြီလား"

သို့သော် ချက်ချင်းလိုလိုပင် သူတို့အနီး၌ တထိန်ထိန်မြည်လျက် စုန်းမီးနှစ်ခုကျလာသည်။ ထိုစုန်းမီးနှစ်ခုသည် လေထုကို ဖြတ်သန်းလာသော်လည်း လုံးဝလေတိုးသံမပေါ်ခဲ့ချေ။ အကယ်၍ စင်လုံသာ နားကြားမလျင်မြန်ဘဲ အင်္ကျီလက်စရည်ကို မလှုပ်ခတ်ပါက သူတို့သုံးယောက်အနက် တစ်ယောက်ယောက်အား လာရောက်ထိနိုက်ပေလိမ့်မည်။

အဖော်မဲ့လူသည် လုံးဝ နှုတ်ဆိတ်သွားတော့၏။

ရှင်ပျော်ပျော်မြို့စားကြီးက ရယ်လျက်ပြောကြားလိုက်သည်။

"သခင်ကလေးစင်လုံရဲ့ နားအကြားစွမ်းအင်ကတော့ တကယ့်



ကိုချီးကျူးလောက်ပါပေတယ်ဗျာ၊ ခင်ဗျားသာ ဒီနေရာမှာ ရှိမနေရင် ကျုပ်အေးအေးဆေးဆေး အရက်ထိုင်သောက်လို့ ရနိုင်တော့မယ် မထင်ဘူး"

"ဒီလောက် ချီးကျူးဖို့လည်း မလိုပါဘူးဗျာ၊ အရက်တစ်ခွက်နှစ်ခွက်သောက်ထားတဲ့ကျေးဇူးကိုတော့ ပြန်ဆပ်ရဦးမှာပေါ့-"

ထိုစဉ် ခပ်ဝေးဝေးမှ နားကွဲမတတ်အော်ဟစ်လိုက်သည့် အသံများကို ကြားလိုက်ရပြန်သည်။ ရှင်ပျော်ပျော်မြို့စားကြီး၊ စင်လုံနှင့် အဖော်မဲ့လူတို့က လှမ်းကြည့်လိုက်သောအခါ အဝေးမှ တစ္ဆေများသဖွယ် လှုပ်ရှားယိမ်းကနေသည့် လူလေးငါးဆယ်ခန့်သည် သူတို့ရှိရာသို့ တရှိန်ထိုးပြေးဝင်လာသည်ကို တွေ့လိုက်ရသည်။

သူတို့မျက်နှာတွင် အရောင်တစ်လက်လက်တောက်ပနေသည့် ဆေးရောင်များအပြင် အခြားဆေးရောင်အမျိုးမျိုးကိုပါ ခြယ်သထားသဖြင့် တကယ့်သရဲတစ္ဆေအစစ်အမှန်များထက်ပင် ကြောက်စရာကောင်းနေသည်။ သူတို့အားလုံးမှာ ဆံပင်အရှည်များနှင့်ဖြစ်၍ ပကတိလူရုပ်ကိုလည်း မည်သို့မျှ မှတ်မိနိုင်လိမ့်မည် မဟုတ်ချေ။

ရှေ့ဆုံးမှပြေးဝင်လာသည့် နှစ်ယောက်သည် မြားနှစ်စင်းပစ်လွှတ်လိုက်သည့်နှယ် သူတို့ရှိရာပြေးဝင်လာသည်။ တစ်ဦး၏ လက်ထဲတွင် တပြောင်ပြောင်တဝင်းဝင်းဖြစ်နေသည့် ဓားရှည်ကိုင်ထားပြီး အခြားတစ်ဦး၏ လက်ထဲတွင်မူ ခက်ရင်းခွတစ်ချောင်းကိုင်ထား၏။ ခက်ရင်းခွတွင် သံကွင်းများတပ်ဆင်ထားရာ ထိုသံကွင်းများမှ တချွင်ချွင်မြည်သံများ ထွက်ပေါ်လျက်ရှိနေ၏။

သူတို့သည် ရှင်ပျော်ပျော်မြို့စားကြီးနှင့် စင်လုံတို့အနီးသို့ လျှပ်တစ်ပြက်အတွင်း ရောက်ရှိလာကြပြီး ရှင်ပျော်ပျော်မြို့စားကြီး

အား ခက်ရင်းခွနှင့်ထိုးသကဲ့သို့ စင်လုံအား ဓားရှည်နှင့်ခုတ်သည်။ စင်လုံသည် သူ၏နားရွက်အနီးသို့ ရောက်ရှိလာသည့် ဓားရှည်အား ထမင်း စားသည့်တူနှစ်ချောင်းဖြင့် ဖမ်း၍ညှပ်လိုက်၏။

သူ၏လက်တစ်ဖက်သည် စားပွဲပေါ်မှ ဂဏန်းလုံးတစ်ကောင်ကို ကောက်ယူလျက် ရှင်ပျော်ပျော်မြို့စားကြီးအား ခက်ရင်းခွဖြင့် ထိုးသူအား လှမ်းပေါက်လိုက်ရာ "ဖုံး" ခနဲ မြည်ဟည်းလျက် ခက်ရင်းခွရော လူပါ လွင့်စဉ်ထွက်သွားတော့သည်။

ဓားရှည်ကို တူဖြင့်ညှပ်ဆွဲခံနေရသည့် ဝိညာဉ်လိပ်ပြာဂိုဏ်းသားသည် ရယ်လျက်ပြောသည်။

"ခင်ဗျားက ကျုပ်ဓားကိုလိုချင်လို့ကိုး။ ခင်ဗျားဒီလောက် လိုချင်လဲရှိပါတယ် ရော့ - "

သူသည် ဓားရှည်ကို နောက်ပြန်မဆွဲတော့ဘဲ အတွင်းအား ထုတ်လျက် ရှေ့သို့တွန်းလွှတ်လိုက်သည်။ စင်လုံ၏ တူနှစ်ချောင်းသည် ရတ်တရက်တစ်ပတ်လည်သွားပြီး ဓားရှည်ကိုတွန်းလွှတ်၍ ခုန်ထွက်သွားသူအား ပြေးဝင်ထိုးစိုက်သွားလေတော့၏။

"အား - "

မျက်စိတမှိတ် လျှပ်တစ်ပြက်အတွင်း၌ စင်လုံသည် လူနှစ်ယောက်ကို အေးဆေးစွာ သေဆုံးသွားစေခဲ့သည်။ စင်လုံသည် ဝိညာဉ်ဂိုဏ်းသားများ၏ တိုက်ကွက်ကို ကလေးကစားစရာ တိုက်ကွက်အဖြစ် သဘောထားသည့်နှယ် အေးဆေးစွာထိုင်ရင်း ခံလျက် သူတို့အား သေခြင်းလက်ဆောင်ကို ပြန်ပေးလိုက်သည်။

ဝိညာဉ်ဂိုဏ်းသားများသည် သူတို့အနီးသို့ ချဉ်းကပ် မလာတော့ချေ။ အလှမ်းကွာကွာနေရာမှနေ၍ တုန်ယင်သည့် ရယ်သံများနှင့် ရယ်မောနေကြ၏။ ယခင်ပုံစံအတိုင်း မှောင်ရိပ်များထဲ၌



တစ္ဆေသရဲများသဖွယ် လှုပ်ရှားယိမ်းကနေကြပြန်သည်။

ရှင်ပျော်ပျော်မြို့စားကြီးက ရယ်မောရင်း ချီးကျူးလိုက်၏။

"အင်း - ထိုင်ရာကမထဘဲ ဝိညာဉ်ဂိုဏ်းသားနှစ်ယောက်ကို ငရဲပြည်ပြန်ပို့လိုက်ပုံကတော့ တယ်ကြည့်ကောင်းတာပဲ"

စင်လုံသည် လက်တစ်ကမ်းအလိုမှနေ၍ ခက်ရင်းခွဖြင့် လှမ်းထိုးသည့်တိုင် တစ်ချက်မျှ စိုးရိမ်ခြင်း၊ လှုပ်ရှားခြင်းမရှိသော ရှင်ပျော်ပျော်မြို့စားကြီး၏ တည်ငြိမ်မှုကြောင့် ရှင်ပျော်ပျော်မြို့စားကြီး၏ သိုင်း ပညာအဆင့်အတန်းကို လုံးဝမခန့်မှန်းနိုင်အောင် ဖြစ်သွားသည်။ သူနှင့် "အဖော်မဲ့လူ" ရှိနေသဖြင့် ဤမျှကြာမြင့်ကောင်းနေခြင်းလားတော့ မဆိုနိုင်ပေ။

စင်လုံက ခပ်ပြုံးပြုံးပြန်ပြောလိုက်သည်။

"သခင်ကြီးဝမ်က ချီးကျူးစရာမဟုတ်တာကို ချီးကျူးနေပြန်ပြီ"

ရှင်ပျော်ပျော်မြို့စားကြီးက တဟားဟားရယ်လိုက်၏။

"အင်း - အခြေအနေတွေကတော့ ပြောင်းပြန်ပဲဗျနော်၊ အရင်ကဆိုယင် ခင်ဗျားဟာ ကျုပ်ကိုအင်မတန်သတ်ချင်နေတယ်၊ အခုကျတော့ ကျုပ်အသက်ကို ကာကွယ်ပေးနေပြန်ရော၊ နောက်ပြီး ကျုပ်ကို ရိုသေလေးစားစွာနဲ့ ဆက်ဆံနေသေးတယ်၊ တကယ့်ကို အားလုံးပြောင်းပြန်ဖြစ်သွားတာပဲ"

ရှင်ပျော်ပျော်မြို့စားကြီးသည် ရယ်မောပြောဆိုနေရာမှ ရုတ်တရက် အမူအရာပြောင်းသွားသည်။ သူ၏ မျက်နှာသည် ကြောက်မက်ဖွယ်ရာ တည်ကြည်သွားပြီး ကျယ်လောင်သောအသံဖြင့် ဟိန်းဟောက် မေးမြန်းလိုက်သည်။

"ခင်ဗျား - ဘာဖြစ်လို့ ဒီလိုလုပ်နေတာလဲ"

စင်လုံကမူ အပြုံးမပျက်ပါချေ။

"ဒါကို ခင်ဗျားမသိဘူးလား"

"ခင်ဗျားပြောမှပဲ ကျုပ်သိနိုင်မယ်"

"ကျုပ်က ခင်ဗျားကို ဘယ်တုန်းကမှ မကောင်းမကြံခဲ့လို့ပဲဗျ ဒါပေမယ့် - "

ထိုအခိုက်၌ လူရိုင်းခု သူတို့ထံသို့ လျှပ်တစ်ပြက် ခုန်ဝင်လာတော့သည်။ ဓား၊ ခက်ရင်းခွ၊ ဓားရှည်၊ သံလုံးနှင့် ကျာပွတ်တို့သည် အရောင်းတဝင်းဝင်း တလက်လက်တောက်ပလျက် လေထုကို ထိုး ခွဲဖြတ်သန်းလာနေသည်။ မျက်နှာ၌ ကြောင်ကြောင်ကျားကျား အရောင်များဖြင့် လင်းလက်နေသူများမှာ တကယ့်သရဲ တစ္ဆေများသဖွယ် လိပ်ပြာငယ်သူအား အသက်ထွက်သွားစေနိုင်၏။

ထိုငါးယောက်စလုံးသည် ရွှင်ပျော်ပျော်မြူးစားကြီးအား တိုက်ခိုက်ခြင်းသာ ဖြစ်ပါသည်။ သို့သော် စင်လုံသည် ရွှင်ပျော်ပျော်မြူးစားကြီးနှင့် အနီးကပ်ဆုံးထိုင်နေသူဖြစ်၍ ရွှင်ပျော်ပျော်မြူးစားကြီးကဲ့သို့ပင် တိုက်ပွဲ၏ ဗဟိုစက်ကွင်းဖြစ်နေပါသည်။

သူသည် သူ၏အင်္ကျီလက်စရှည်နှစ်ဖက်ကို ရုတ်တရက်လှုပ်ယမ်းလိုက်ပြီး ဓားမြှောင်ကိုင် ဝိညာဉ်ဂိုဏ်းသားအား ဖမ်းကိုင်လိုက်၏။ ဓားရှည်ဖြင့် ထိုးလာသူထံ ပစ်သွင်းလိုက်ရာ ထိုသူနှစ်ဦးထံမှ သွေးရူးသွေးတမ်းအော်လိုက်သည့် အသံကြီးကို ကြားလိုက်ရ၏။

တပြိုင်တည်းလိုလိုမှာပင် စင်လုံ၏ မျက်စိနှစ်ကွင်းရှိရာသို့ ခက်ရင်းခွလက်နက် ပြေးဝင်လာသည်။

"ချွမ်း - "



စင်လုံမည်ကဲ့သို့ လှုပ်ရှားလိုက်သည်ကို မည်သူကမျှ မသိလိုက်ကြရပေ။ ခက်ရင်းခွသည် အရက်ပုလင်းကို သွားရောက်ထိုးစိုက်သွားသဖြင့် ချွမ်းခနဲအသံမြည်သွားပြီး အရက်များ စီးကျသွားတော့သည်။ သို့သော် ခက်ရင်းခွလက်နက်ပိုင်ရှင်၏ အဖြစ်မှာမူ အနည်းငယ်မျှ သက်သာမှုမရှိရှာပါပေ။ အဘယ်ကြောင့်ဆိုသော် ပန်းကန်လုံးတစ်လုံးသည် ထိုသူ၏ပါးစပ်ထဲသို့ လုစ်ခနဲတိုးဝင်သွားပြီး ခန္ဓာကိုယ်ကြီးမှာလည်း ငါးထည့်သည့်ပန်းကန်ပြားကြီးထဲသို့ ပျော့ခွေလဲကျသွားသည်။

အဖော်မဲ့လူသည် စင်လုံနှင့် ရွှင်ပျော်ပျော်မြူးစားကြီး၏ နောက်ဘက်၌ လက်ပိုက်၍ ရပ်နေပါ၏။ တစ်ချက်ကလေးမျှ လှုပ်ရှားခြင်း မရှိပါချေ။ ကုလားထိုင်၌ထိုင်ရင်း လျှပ်ပြက်သည့်နှယ်လှုပ်ရှားနေသည့်စင်လုံအား မျက်တောင်မခတ် စိုက်ကြည့်နေသည်။

စင်လုံသည် ငါးပန်းကန်ထဲလဲကျနေသူ၏ ပါးစပ်ပေါ်သို့ ငါးကြီးတစ်ကောင်ကို တူဖြင့်ညှပ်၍ တင်ပေးလိုသည်။ စင်စစ် ထိုသူသည် ငါးကို စားချင်၍ စားနိုင်မည်မဟုတ်ပါချေ။ အဘယ်ကြောင့်ဆိုသော် သူ့ပါးစပ်ထဲ၌ ပါးကန်လုံးတစ်လုံး ဝင်နေခြင်းကြောင့်ပါတည်း။

သံလုံးလက်နက်ကိုင်သူ ဝိညာဉ်ဂိုဏ်းသားသည် သူ့ဂိုဏ်းသား၏ အခြေအနေကိုမြင်သောအခါ ထိတ်လည်းထိတ်လန့်၊ ဒေါသလည်းဖြစ်သွားပြီး သံလုံးကို အရှိန်ပြင်းစွာလွှဲလျက် စင်လုံ၏ဦးခေါင်းအား ထုချလိုက်တော့၏။

ထိုအချိန်မှာ ကျာပွတ်ကိုင် ဝိညာဉ်ဂိုဏ်းသားက စင်လုံအား ကျာပွတ်ဖြင့်ရိုက်ခတ်လိုက်သည့်အချိန်နှင့် တစ်ချိန်တည်းဖြစ်နေသည်။ သူတို့နှစ်ယောက်၏ လက်နက်များသည် စင်လုံအား ထိသည်မထိသည်ကို သူတို့မသိလိုက်ကြပါ။ သူတို့၏ နံရိုးများအောက်

ဘက်၍ နာကျင်မှုကို ခံစားလိုက်ရပြီး မျက်လုံးများလည်း ပြာခနဲ ဖြစ်သွားကြပြီး သူတို့၏လက်နက်များကို လွှတ်ချလိုက်ကြရသည်။ နစ်ဦးစလုံး ဝုန်းခနဲ လဲကျသွားတော့၏။

စင်လုံသည် ထိုင်ရာမထ လက်နစ်ဖက်လှုပ်ရှားရုံမျှဖြင့် ဝိညာဉ်ဂိုဏ်းသားငါးဦးအား အတုံးအရုံးလဲကျသွားစေခဲ့သည်။ သူ၏ အမူအရာ သူ့ဟန်ပန်၌ စိုးရိမ်တကြီးရှိမှု ဂရုတစိုက်ရှိမှု လုံးဝမရှိချေ။ ပေါ့ပေါ့တန်တန် တိုက်ခိုက်နေခြင်းသာဖြစ်သည်။ ရွှင်ပျော်ပျော် မြို့စားကြီးရော "အဖော်မဲ့လူ"ပါ တွေ့ရှိနေခဲ့ကြသည်။ စင်လုံ၏ ခုခံမှုနှင့် တိုက်စစ်ဆင်မှုမှာ အပိုအလိုမရှိ အားလုံးကွက်တိပင်ဖြစ်သည်။

ရွှင်ပျော်ပျော်မြို့စားကြီးက အေးစက်စက်ဖြင့် ပြောလိုက်သည်။

"ဒီရန်သူငါးယောက်ကို ခင်ဗျားက ကလေးကလား အသေး အမွှားလောက်ပဲ သဘောထားတယ်ဆိုတာ ပြချင်လို့ ဒီလို ထိုင်ရာ မထ အစွမ်းပြနေတာလား"

"ဟုတ်ပါတယ်၊ ကျုပ်ရဲ့ခွန်အားစိုက်ထုတ်ခြင်းမရှိတဲ့ စွမ်းရည် ကို သခင်ကြီးဝမ် တွေ့စေချင်လို့ပဲဖြစ်ပါတယ်"

ဝိညာဉ်လက်ဝါးဂိုဏ်းသားတို့သည် သူတို့နှင့် အတော်လှမ်း သည့်နေရာများသို့ ဆုတ်ခွာသွားပြီး တဟီးဟီး တဟားဟားရယ် မောရင်း လှုပ်ရှားယိမ်းကနေကြသည်။ စင်လုံ၏ သိုင်းပညာက ဝိညာဉ်ဂိုဏ်းသားများအား ကြောက်ရွံ့ထိတ်လန့်သွားစေခဲ့ပြီ။

စင်လုံသည် အဝေးမှောင်ရိပ်ထဲမှ ရိုးတိုးရိပ်တိတ်လှုပ်ရှားနေ သည့် ဝိညာဉ်ဂိုဏ်းသားများကိုကြည့်၍ ပြုံးလိုက်မိသည်။ ထို့နောက် ဖြည်းညင်းစွာပြောသည်။



"ငှက်တွေဟာ ကောင်းကင်မှာ အမြဲတမ်းမပျံနိုင်ဘူး၊ တစ်ချိန်ချိန်မှာ သစ်ပင်ကောင်းကောင်းမှာ နားရတယ်၊ လွှင့်မျော နေတဲ့ သိုင်းသမားဟာ သိုင်းလောကထဲမှာ ထာဝရမလွှင့်မျော နိုင်ဘူး။ ထင်ရှားတဲ့သခင်ကောင်းကောင်းဆီမှာ ခိုလှုံရတယ်၊ ကျုပ်ဟာ သိုင်းလောကထဲမှာ လွှင့်မျောနေခဲ့တာကြာပြီ၊ ကျုပ်လုပ် ချင်တာ တစ်ခုရှိတယ်၊ ကျုပ်တစ်ယောက်ထဲလည်း မလုပ်နိုင်ဘူး၊ ဒီတော့ ကျုပ် ဘာလုပ်ရမလဲ၊ ဒါလောက်ဆိုရင် သခင်ကြီးဝမ် သိသင့်ပါပြီ"

ရွှင်ပျော်ပျော်မြို့စားကြီး၏ ထူးခြားလှသော မျက်လုံးများသည် အရောင်တဖိတ်ဖိတ်တောက်ပလာ၏။

"ခင်ဗျားက ကျုပ်ဆီမှာ ခိုလှုံချင်တယ်လို့ ဆိုလိုတာလား"

"မှန်ပါတယ်"

ရွှင်ပျော်ပျော်မြို့စားကြီးသည် စင်လုံအား စူးစူးစိုက်စိုက်ကြည့် နေ၏။ စင်လုံကလည်း ရွှင်ပျော်ပျော်မြို့စားကြီး၏ တောက်ပပြောင် လက်သော မျက်လုံးများကို ပြန်လည်စူးစိုက်ကြည့်နေ၏။ အတန် ကြာမှ ရွှင်ပျော်ပျော်မြို့စားကြီးက စကားစတင်ပြောသည်။ သူ့လေသံ က မာကျောလှသည်။

"ဒါပေမယ့် ခင်ဗျားဟာ ဟိုအရင်တုန်းက - "

စင်လုံက ရွှင်ပျော်ပျော်မြို့စားကြီးအား စကားဆုံးအောင် ပြော ခွင့်မပေးပါ။ ကြားဖြတ်၍ ပြောလိုက်သည်။

"သိုင်းလောကထဲမှာ လွှင့်မျောသူဟာ သူ့ဘဝမှာ သူသခင်ပဲ ဖြစ်တယ်၊ သူ့အကျိုးကို သူကြည့်မယ်၊ သူ့အတွက် တွက်ချေကိုက် မယ့် အလုပ်ကို သူလုပ်မယ်၊ သူ့ကို ဘယ်သူမှ တားဆီးပိုင်ခွင့်

မရှိဘူး။ သူ့အတွက် အကျိုးမရှိဘူးဆိုရင် သူဟာဘယ်သူ့ကိုမဆို စွန့်ခွာနိုင်ခွင့်ရှိတယ်၊ အရင်တုန်းကတော့ ကျုပ်ဟာ ရင်ယိုကျွမ်း အတွက် အပင်ပန်းခံခဲ့တယ်၊ ဒါပေမယ့် ခုအခြေအနေက အရင် အခြေအနေနဲ့ မတူတော့ဘူး"

ရှင်ပျော်ပျော်မြို့စားကြီး၏ လေသံသည် စောစောကလို မတင်းတော့ပေ။ စင်လုံအား အေးအေးဆေးဆေးမေးလိုက်သည်။

"ဒီကနေ့ ခင်ဗျားရဲ့ဆန္ဒက ဘယ်လိုရှိသလဲ"

"ဒီကနေ့ ကျုပ်ဆန္ဒကဘယ်လိုရှိသလဲ ဟုတ်လား၊ ရင်ယိုကျွမ်းဟာ အိုမင်းနေပြီ၊ လူအိုတွေဟာ သူ့ရှေ့ခရီးအတွက် ဘာကို မျှော်မှန်းနိုင်တော့မှာလဲ၊ သေခြင်းတရားကိုပဲ မျှော်မှန်းနိုင်တော့မှာပေါ့၊ ရည်မှန်းချက်ကြီးမားတဲ့သူဟာ ရင်ယိုကျွမ်းဆီမှာ မနေသင့်တော့ဘူး၊ ဒီတော့ ရင်ယိုကျွမ်းလောက် မအိုသေးဘဲနဲ့ မိုးကိုဒူးနဲ့တိုက်နိုင်တဲ့ လူကို ရှာဖွေရမယ်၊ အဲဒီလူကို ရှာဖွေတွေ့ဖို့လည်း သိပ်ခက်မှာ မဟုတ်ဘူးလို့ ကျုပ်ထင်တယ်"

ရှင်ပျော်ပျော်မြို့စားကြီးသည် တဟားဟားအော်ဟစ်ရယ်မောတော့၏။

"ကျုပ်ကို တွေ့တယ်ဆိုပါတော့"

ကျုပ်ရှာဖွေတဲ့လူဟာ မှားနေမလား"

"ကျုပ်က လက်မခံဘူးဆိုရင်ကော"

"သိုင်းလောကမှာ လွင့်မျောနေတဲ့လူဟာ အမိုးတစ်ခုမရလည်း စိုးရိမ်မှုမရှိပါဘူး"

ရှင်ပျော်ပျော်မြို့စားကြီးသည် စင်လုံအား မျက်တောင်မခတ်တဲ့ အကဲခတ်နေသည်။ သူ့မျက်နှာ၌ တဖြည်းဖြည်းအပြုံးရိပ်များပေါ်



လာသည်။

ထိုစဉ် အဖော်မဲ့လူ၏ ကျယ်လောင်စွာပြောလိုက်သံကို ကြားလိုက်ရ၏။

"ဒီလူရဲ့စိတ်ဟာ ခန့်မှန်းရခက်ပါတယ်"

ရှင်ပျော်ပျော်မြို့စားကြီးသည် စိတ်ဆိုးမာန်ဆိုးနှင့် အော်လိုက်သည်။

"မင်း - ထွက်သွားစမ်း"

ရှင်ပျော်ပျော်မြို့စားကြီးသည် ထပ်မံမေးလိုက်၏။

"စင်လုံကို အမိုးခိုခံနိုင်တဲ့လူဟာ သိုင်းလောကမှာ ကျုပ်တစ်ယောက်တည်းရှိတယ်လို့ ဆိုလိုတာလား"

"ကျုပ် ပြောပြီးပါပကော၊ လက်မခံနိုင်ရင်လည်း ကိစ္စမရှိပါဘူးလို့"

ရှင်ပျော်ပျော်မြို့စားကြီးက ဟက်ဟက်ပက်ပက်ရယ်ရင်း -

"ကျုပ်သိချင်တာ တစ်ခုပဲရှိတယ်"

"မေးချင်တာ မေးပါ"

"ခင်ဗျားစိတ်ထဲမှာ တကယ်ကော ဆန္ဒရှိရဲ့လား"

"ဆန္ဒမရှိဘဲနဲ့ ဒီကိုဘယ်လာပါ့မလဲ၊ ဒီလောက်လည်း ဘယ်ရှင်းပြနေမလဲ"

ရှင်ပျော်ပျော်မြို့စားကြီးသည် စင်လုံ၏ မျက်လုံးများထဲသို့ စူးစူး စိုက်စိုက်ကြည့်ရင်း အဖြေရှာနေပြန်သည်။

ထိုစဉ် အဖော်မဲ့လူ၏ ဟစ်အော်ပြောသံက အေးစက်စွာ ထွက်ပေါ်လာပြန်၏။

"ဒီလူရဲ့စိတ်ထားဟာ ရေအလျဉ်လိုပဲ အမြဲပြောင်းနေကယ်၊ သူ့ကို လက်ခံဖို့မသင့်ဘူး"

ရွှင်ပျော်ပျော်မြို့စားကြီးသည် သူ၏ဦးခေါင်းကို နောက်ပြန်လှည့်လိုက်၏။ အေးစက်မာကျောစွာ ပြောလိုက်သည်။

"စောစောက ငါအမိန့်ပေးတာကို ဘာကြောင့်မနာခံတာလဲ"

ရွှင်ပျော်ပျော်မြို့စားကြီး၏လေသံသည် ဤမျှလောက် ကြောက်မက်ဖွယ်ရကောင်းလောက်အောင် အေးစက်နိုင်လိမ့်မည်မဟုတ်ဟု စင်လုံတွေးထင်မိခဲ့သည်။

"သွားတော့"

နောက်ဆုံးစကားလုံးကား ခွိုက်ဟိုလင်သစ်တောဥယျာဉ်ကြီးတစ်ခုလုံး တုန်ဟည်းသွားသည်ဟုပင် ထင်မှတ်ရတော့သည်။

အံ့သြဖွယ်ကောင်းလှချေတကား။ စိတ်လှုပ်ရှားမှု ကင်းမဲ့သည်ဟု မှတ်ထင်ရသော မျက်နှာသေကြီးဟု သတ်မှတ်ထားရသော အဖော်မဲ့လူကြီး၏ မျက်နှာမှာ ရုပ်ပျက်ဆင်းပျက် တုန်လှုပ်နေသည်။ သူသည် ဦးခေါင်းကိုငုံရင်း နောက်သို့ဆုတ်ခွာသွားလေတော့သည်။

သူနှင့် ရွှင်ပျော်ပျော်မြို့စားကြီးတို့ မခွဲမခွာရှိခဲ့ကြသည်။ တစ်ကြိမ်တစ်ခါမျှ "သွားတော့"ဟု အပြောမခံရဖူး။ ယခု သွားတော့ဟု အပြောခံခဲ့ရချေပြီ။

ရွှင်ပျော်ပျော်မြို့စားကြီးသည် အဖော်မဲ့လူကိစ္စအတွက် မည်သို့မျှ စိတ်အနှောင့်အယှက်ဖြစ်ပုံမရပေ။ သူသည် စင်လုံအား တစ်ခွန်းချင်း ပြောလိုက်၏။ သူ၏လေသံကလည်း တကယ့်ရင်ဘုရင်တစ်ပါးအလား မြင့်မောက်သွားချေ၏။

"စင်လုံ - မင်းမှာ ဆန္ဒရှိရင် ငါ့ဆီမှာ နိုလုံ့နိုင်တယ်၊ မင်း



ငါ့ဆီလာတဲ့အတွက် ငါဝမ်းသာတယ်၊ ငါဟာ ကိုးတောင်ပြည့်ကျားပဲ၊ ဒါပေမယ့် ငါ့မှာ တောင်ပံတွေလိုနေတယ်၊ မင်းရဲ့အကူအညီနဲ့ ငါဟာ တောင်ပံရှိတဲ့ ကိုးတောင်ကျားဖြစ်မယ်"

စင်လုံက ဦးညွှတ်၍ ဂါရဝပြုလိုက်၏။

"ကျေးဇူးတင်ပါတယ် သခင်ကြီးဝမ်"

ရွှင်ပျော်ပျော်မြို့စားကြီး၏ လေသံသည် ရုတ်တရက် တင်းမာသွားပြန်သည်။

"ဒါပေမယ့် - မင်းဟာ"

ထိုအနိုက်မှာပင် ကျယ်လောင်းစူးရှ၍ ထူးဆန်းလှသော အသံတစ်သံသည် ခွိုက်ဟိုလင်သစ်တောဥယျာဉ်၏ အစွန်အဖျားတစ်နေရာမှ ကြားလိုက်ရတော့သည်။ အဆန်းတကြယ် လှုပ်ရှားယိမ်းကနေကြသော ဝိညာဉ်ကိုဏ်းသားများသည် ထိုအသံထွက်ပေါ်ရာဘက်သို့ ခုန်ပေါက်ပြေးထွက်သွားကြတော့၏။ သူတို့၏ ပတ်ဝန်းကျင်ရှိ မိုးလုံးပြည့်မျှသော စုန်းမီးများလည်း လုံးဝပျောက်ကွယ်သွားတော့သည်။

ထို့ကြောင့် ပြောင်လက်တောက်ပသော စုန်းမီးများ၊ ထူးထူးခြားခြားအော်ဟစ်ညည်းညူသံများ၊ ချောက်ချားဖွယ်ရာ လှုပ်ရှားယိမ်းကမှုများ ပျောက်ဆုံးသွားသောအခါ ခွိုက်ဟိုလင်သစ်တောဥယျာဉ်ကြီးတစ်ခုလုံး လုံးဝအေးချမ်းငြိမ်သက်သွားလေတော့၏။ စောစောက ငရဲဘုံခါးဝဟု ထင်မှတ်မှားရသော ခွိုက်ဟိုလင်သစ်တောသည် လှပသော သစ်တောဥယျာဉ်အဖြစ်သို့ ပြန်လည်ရောက်ရှိလာလေပြီ၊

သို့သော် - စင်လုံတို့အနီး မြေပြင်၌မူ သံလုံးကိုင် ဝိညာဉ်ကိုဏ်းသားနှင့် ကျာပွတ်ကိုင်ဝိညာဉ်ကိုဏ်းသား နှစ်ဦးမှာ အကြောပိတ်

ခံထားရလျက် လဲကျနေခဲ့၏။ ထိုသူ နှစ်ယောက်ရှိနေ၍သာ စောစောကအဖြစ်အပျက်သည် အိပ်မက်မဟုတ်ကြောင်း၊ စိတ်ချောက်ချားခြင်းမဟုတ်ကြောင်း သိကြရခြင်းဖြစ်သည်။ ထိုဝိညာဉ်ဂိုဏ်းသား နှစ်ဦးသာမရှိပါက စောစောကအဖြစ်အပျက်ကို သူတို့ကိုယ်တိုင် ဝေဝေ ဝါဝါဖြစ်မိကြမည်မှာ မလွဲပါချေ။

စင်လုံက ရယ်ရင်းပြောသည်။

“ဒီလူတွေဟာ လာတာမြန်သလောက် ပြန်သွားတာကျတော့လည်း မနှေးပါလား”

ရှင်ပျော်ပျော်မြို့စားကြီးက ခပ်ပြုံးပြုံးပြော၏။

“စောစောကလာတာ အောက်တန်းစားကလေးတွေဗျ၊ ဝိညာဉ်ဂိုဏ်းရဲ့အဆင့်မြင့်ပုဂ္ဂိုလ်က အခုမှလာမှာဗျ”

“ဪ - ကျွန်တော်သိပြီ၊ အခုလာမှာက ဝိညာဉ်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဆိုတာလား၊ သူက အတော်ကြောက်စရာကောင်းတယ်လို့ ကျွန်တော်ကြားဖူးတယ်”

ရှင်ပျော်ပျော်မြို့စားကြီးက တဟားဟား အော်ဟစ်ရယ်လိုက်ပြီး -

“ဝိညာဉ်ဂိုဏ်းချုပ် ဘယ်လောက်ကြောက်စရာ ကောင်းကောင်း ဂရုစိုက်နေရမှာလား၊ မင်းနဲ့ငါနှစ်ယောက်ပေါင်းမိမှတော့ ငရဲပြည်က ယမမင်းကြီး တက်လာပါစေ၊ ငါတို့ ဘာကြောက်စရာရှိသလဲကွ ဟား - ဟား - ဟား”

ရှင်ပျော်ပျော်မြို့စားကြီး၏ စကားသံကိုကြားလိုက်ရသောအခါ စင်လုံ၏စိတ်ထဲ၌ တစ်မျိုးကြီးဖြစ်သွားမိတော့သည်။ သူ့စိတ်ထဲ၌ သူ့ကိုယ်သူ လိပ်ပြာမသန့်သည့် အတွေးမျိုးဝင်လာခြင်းဖြစ်သည်။



ထို့ကြောင့် စင်လုံက -

“ကျွန်တော့်ရဲ့ စိတ်စေတနာ သန့်မသန့် မှန်မမှန်ဆိုတာ သခင်ကြီးဝမ် သိလာပါလိမ့်မယ်”

ရှင်ပျော်ပျော်မြို့စားကြီးသည် သူ၏မုတ်ဆိတ်မွေးများကို ပွတ်သပ်ရင်း ခပ်အေးအေးပင်ပြောသည်။

“မင်းရဲ့ စေတနာမှန်ချင်မှန်၊ မမှန်ချင်နေ ငါထည့်မစဉ်းစားဘူး၊ မင်းလိုအရည်အသွေးရှိတဲ့လူမျိုးရဖို့အတွက် ငါကတော့ စွန့်စားရမှာပဲ၊ နောက်တော့မှ ဒုက္ခရောက်ချင် ရောက်ပဲပေါ့ -”

“ကျေးဇူးတင်ပါတယ်ခင်ဗျာ”

ရှင်ပျော်ပျော်မြို့စားကြီးသည် မျက်မှောင်ကုတ်ရင်း တစ်စုံတစ်ခုကို စဉ်းစားနေပြန်၏။

“နောက်တစ်ယောက်ရှိသေးတယ်”

“ဘယ်သူ့ကို ဆိုလိုတာလဲဗျာ”

“တရုတ်ပြည်သိုင်းလောကထဲမှာ ကြောက်စရာကောင်းသလောက် ထူးချွန်တယ်ဆိုတဲ့ လူငယ်တစ်ယောက်ပဲ၊ သူ့နာမည်ကတော့ ဝမ်းလင်းဝါးတဲ့”

“ဝမ်းလင်းဝါးလား၊ တကယ်ထူးချွန်ပြီး တကယ်ကောက်ကျစ်ရက်စက်တဲ့ လူငယ်တစ်ဦးပါပဲ၊ သိုင်းလောကထဲမှာ သူ့ရဲ့သွားလာလှုပ်ရှားပုံကို ဘယ်သူမှ မခန့်မှန်းနိုင်ဘူး၊ သူ့ကို ကြိုကြိုတင်တင စောင့်ကြည့်မယ်ဆိုတဲ့ ဝိရိယမျိုးထားလို့မရဘူး၊ သူဟာ ကိုယ်ပျောက်တစ္ဆေလို ရောက်လာတတ်တယ်၊ ပျောက်သွားတတ်တယ်”

“မင်းနဲ့ကော ခင်ခင်မင်မင်ရှိရဲ့လား”

“သခင်ကြီးဝမ်က ကျွန်တော့ကို ကျီစယ်နေပြန်ပြီ၊ သူဟာ

ကျွန်တော့်ကို အများဆုံးစိတ်အနှောင့်အယှက်ပေးခဲ့တဲ့လူပေါ့။ ကျွန်တော်နဲ့ထိပ်တိုက်တွေ့ဖို့ကိုတော့ သူကရှောင်တယ်၊ အမြီးဆွဲလိုက်၊ နားရွက်ဆွဲလိုက် ဆိုတာမျိုးတော့ သူကလုပ်တယ်၊ တကယ်တမ်းရင်ဆိုင်တိုက်နိုက်ကြရင် ဘယ်သူနိုင်မယ်ဆိုတာ အသေအချာ ခန့် မှန်းလို့မရပါဘူး"

"အင်း ပစ္စုပ္ပန်သိုင်းလောကမှာ မင်းကို နံပါတ်တစ်သိုင်းသမားအဖြစ် သတ်မှတ်ထားကြတယ်၊ အခုလိုဆိုတော့ နံပါတ်တစ်ရဲ့ အရိပ်ကရှိနေသေးတာကိုး သူ့ဘဝဇာတ်ကြောင်းက ဘယ်လိုလဲ"

"သူ့ဘဝဇာတ်ကြောင်းဟုတ်လား၊ သခင်ကြီးဝမ် စုံစမ်းမထားရသေးဘူးလား"

ရှင်ပျော်ပျော်မြို့စားကြီးက မည်သည့်အဖြေမျှ မပေးဘဲ ပြုံး၍ ကြည့်နေသဖြင့် စင်လုံက ဆက်လက်၍ပြောပြသည်။

"ဒီကနေ့ သိုင်းလောကထဲမှာ ကိုယ်ရေးကိုယ်တာ အရှုပ်ထွေးဆုံးလူသုံးယောက်ရှိတာကို သခင်ကြီးဝမ်သိပါရဲ့လား၊ သူတို့ရဲ့ ဇာစ်မြစ်တွေကိုလိုက်ရင် အမယ်ဘုတ်ရဲ့ချည်ခင်လို ရှုပ်ထွေးနေတာတွေ့ ရလိမ့်မယ်"

"ဆိုစမ်းပါဦး - ဘယ်သူတွေလဲ"

"ဘယ်သူတွေကမလဲ၊ ပထမတစ်ယောက်က အခု သခင်ကြီးဝမ် မေးနေတဲ့ ဝမ်းလင်းဝါးပေါ့"

"ဟား - ဟား - ဟား၊ ဟုတ်ပြီ ဒုတိယတစ်ယောက်ကရော"

"ဒုတိယတစ်ယောက်ကတော့ စင်လုံပါ"

"ကြိုက်ပြီ၊ နောက်ဆုံးတစ်ယောက်ကရော"

"နောက်ဆုံးတစ်ယောက်ကတော့ - နောက်ဆုံးတစ်ယောက်



ကတော့ ရှင်ပျော်ပျော်မြို့စားကြီးလို ကျော်ကြားနေတဲ့ သခင်ကြီးဝမ်ပဲပေါ့ဗျာ"

ရှင်ပျော်ပျော်မြို့စားကြီးသည် ခွက်ထိုးခွက်လန် ရယ်မောလေတော့၏။

"မဆိုးဘူး၊ တကယ့်ကို မဆိုးဘူး၊ မင်းဘဝရဲ့ဇာစ်မြစ်နဲ့ ငါ့ဘဝရဲ့ဇာစ်မြစ်ကို သိုင်းလောကသားတွေ သိပ်မသိကြပါဘူး၊ မရှိသလောက်ကိုရှားတယ်၊ အခုဆိုရင် ဝမ်းလင်းဝါးဆိုတဲ့ လူစွမ်းကောင်းတစ်ယောက်ကိုပါ ထည့်တွက်ရတော့မယ်"

ရှင်ပျော်ပျော်မြို့စားကြီးသည် စကားကို ခေတ္တရပ်တန့်ပြီးမှ ဆက်ပြောသည်။

"မင်းကတော့ ငါ့ရဲ့ရန်သူလား၊ မိတ်ဆွေလား မကွဲပြားတဲ့ အဆင့်မှာဆိုတော့ ခေတ္တမဟာမိတ်ဖွဲ့နိုင်သေးတယ်၊ ဝမ်းလင်းဝါးကတော့ ဘာမှမသိရသေးဘူး"

"ကျွန်တော်သိရသလောက်တော့ ဝမ်းလင်းဝါးဟာလည်း သခင်ကြီးဝမ်ရဲ့ အရိပ်အာဝါသကိုလာပြီး မခိုလှုံရင် သခင်ကြီးဝမ်ကလည်း ညှာတာထောက်ထားတော့မယ်မဟုတ်ဘူး ဆိုတာပဲ"

ရှင်ပျော်ပျော်မြို့စားကြီးသည် ခေါင်းတဆတ်ဆတ်ညိတ်ရင်း နားထောင်နေသည်။ ထို့နောက် စကားလမ်းကြောင်းပြောင်း၍ ပြောလိုက်သည်။

"အင်း - အခုလောလောဆယ် ငါ့စိတ်ထဲမှာ သိချင်နေတာက ဗိညာဉ်ဂိုဏ်းချုပ်ကိုပဲ၊ ဒီအမျိုးသမီးကလေးဟာ ငယ်ငယ်ရွယ်ရွယ်ကလေးနဲ့ လှလှပပလေးဆိုပဲ သူဘယ်လောက်စွမ်းလို့ ဗိညာဉ်ဂိုဏ်းကို ဦးဆောင်နေတာလဲ မသိဘူး၊ သူ့အစွမ်းကိုတော့ နည်းနည်းပါးပါးလောက် ကြည့်လိုက်ချင်သေးတယ်"

ရှင်ပျော်ပျော်မြို့စားကြီးသည် စကားဆုံးသွားသောအခါ အဝေးသို့ မျှော်ငေးကြည့်နေမိလေသည်။

"သခင်ကြီးဝမ် - နောင်တော်ကြီးရဲ့စိတ်ထဲမှာ သူ့အစွမ်းကို ကြည့်ချင်လာရင် ထပ်ပြီးစောင့်ဆိုင်းဖို့မလိုတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ နောင်တော်ကြီးကြည့်ချင်နေတဲ့ ဝိညာဉ်ဂိုဏ်းချုပ်ဟာ အခုပဲ လာနေပါပြီ"ဟု စင်လုံက ဖြည်းညင်းစွာပြောလိုက်လေသည်။

❖ ❖ ❖

ချိုက်ပိုလင် သစ်တောဥယျာဉ်အတွင်း၌ အလင်းရောင်များ ရုတ်တရက်ပေါ်လာပြန်သည်။ ဆံပင်ကို မြင့်မြင့်ထုံးထားကြသည့် မိန်းကလေးဆယ့်ခြောက်ယောက်တို့သည် ပဝါဖြူများခြုံလျက် ဖန်မီးအိမ်များကိုယ်စီကိုင်ကာ ယိမ်းနွဲ့နွဲ့လမ်းလျှောက်လာကြ၏။ သူတို့၏ သွင်ပြင်အမူအရာနှင့် လှုပ်ရှားပုံတို့မှာ လူသားမိန်းကလေးများနှင့်မတူ။ ကောင်းကင်ဘုံမှ ဆင်းသက်လာသည့် နတ်မိမယ်ကလေးများနှင့် တူနေတော့သည်။

စောစောကအဖြစ်အပျက်နှင့် ယခုအဖြစ်အပျက်သည် အဖြူနှင့်အမည်း၊ အဝိုင်းနှင့်လေးထောင့်ကဲ့သို့ ခြားနားနေ၏။ စောစောက ချိုက်ပိုလင်သစ်တောဥယျာဉ်အတွင်းသို့ ငရဲသားများ တစ္ဆေသရဲများ ဝင်ရောက်လာခဲ့ကြပြီး ယခုမူ ကောင်းကင်ဘုံမှ နတ်မိမယ်များ၊ ဒေဝစ္ဆရာများ ဆင်းသက်ရောက်ရှိလာသည်နှင့် တူနေသည်။

ရှင်ပျော်ပျော်မြို့စားကြီးသည် သူ၏မုတ်ဆိတ်မွေးကို ပွတ်သပ်လျက် ကျေနပ်အားရစွာပြောသည်။



"ဝိညာဉ်ဂိုဏ်းကလာရင် ဒါမျိုးချည်းပဲ၊ ဘာပဲဖြစ်ဖြစ် ငါ့အဖို့တော့ အပျင်းပြေတာပေါ့ကွာ၊ ညီလေးစင်လုံ စောစောက အဖြစ်အပျက်နဲ့ အခုအဖြစ်အပျက်တော့ နည်းနည်းကွာခြားတယ်ကွနော"

"ဟုတ်ပါတယ် ဣဋ္ဌာရုံနဲ့ အနိဋ္ဌာရုံပါပဲ၊ စောစောကတော့ မျက်စိရှုပ်စရာတွေချည်းပဲ"

မိန်းကလေးများကိုင်ဆောင်လာသည့် ဖန်မီးအိမ်ဆယ့်ခြောက်ခုမှ အနီရောင်မီးများ လင်းလက်နေသည်။ သူတို့နောက်၌ ထူးထူးခြားခြား အရပ်မြင့်လှသည့် လူကြီးနှစ်ယောက်သည် ဝေါယာဉ်တစ်ခုကို ထမ်းထားကြသည်။

ထိုလူကြီးနှစ်ယောက်၏ ခန္ဓာကိုယ်အထက်ပိုင်းတွင် အင်္ကျီများ ဝတ်ဆင်မထားချေ။ ကြီးမားကျယ်ပြန့်သော ရင်အုပ်ကြီးနှင့် ဖုထစ်လုံးကြွနေသော ကြွက်သားကြီးများကို မြင်နေရသည်။ အရောင်ခုနစ်မျိုးတောက်ပနေသည့် ဦးထုပ်ကိုဆောင်းထားပြီး ဘောင်းဘီ ရှည်ကြီးများကိုလည်း ဝတ်ဆင်ထားကြသည်။

စင်လုံ ပြုံးလျက်ပြောသည်။

"နောင်တော်ကြီး ဝေါယာဉ်ထဲမှာ ပါလာတာက ဝိညာဉ်ဂိုဏ်းချုပ်ဖြစ်လိမ့်မယ်နဲ့တူတယ်၊ ဟိတ်ဟန်ကတော့ မသေးပါလားဗျ"

ရှင်ပျော်ပျော်မြို့စားကြီးက ရယ်ရင်း ဖြည့်စွက်သည်။

"သတ္တိကလည်း မခေဘူးနော်"

ဝေါယာဉ်၏ အနောက်ဘက်တွင် နန်းတွင်းသူဝတ်စုံဖြင့် အမျိုးသမီးကလေးများ လိုက်ပါလာကြပြန်သည်။ ဝေါယာဉ်သည် တဖြည်းဖြည်းနှင့် ရှင်ပျော်ပျော်မြို့စားကြီး၏အနီးသို့ ရောက်ရှိသွားပြီး နောက်ဆုံး ရပ်တန့်သွားတော့၏။

ဝေါယာဉ်နောက်မှ လိုက်ပါလာသည့် နန်းတွင်းဝတ်စုံဝတ် အမျိုးသမီးများထဲမှ အမျိုးသမီးတစ်ဦးထွက်လာကာ ဝေါယာဉ်ဘေး၌ ဒူးတုပ်ထိုင်လိုက်၏။

"သခင်မ ဝေါယာဉ်ပေါ်က ဆင်းသက်နိုင်ပါပြီ"

ဝေါယာဉ်အတွင်းမှ ညှင်းညှင့်သော အမျိုးသမီးကလေး၏အသံ ထွက်ပေါ်လာသည်။ အမျိုးသမီးကလေး၏အသံမှာ တိုးညင်းလှသဖြင့် ဂရုတစိုက်နားမထောင်ပါက ကြားနိုင်လိမ့်မည်မဟုတ်ချေ။

"ဒီနေရာမှ ရွှင်ပျော်ပျော်မြို့စားကြီး ရှိနေသလား"

စင်လုံသည် အလွန်အံ့ဩသွားသည်။

ဝိညာဉ်ဂိုဏ်းသည် ရက်စက်ခြင်း၊ ကြမ်းကြုတ်ခြင်းနှင့် သွေးညှီသွေးနံ့များ ဖုန်းလွှမ်းနေသည်ဖြစ်ရာ ဝိညာဉ်ဂိုဏ်းချုပ်၏ လေသံသည်လည်း ခပ်ကြမ်းကြမ်းခပ်ထန်ထန်ဖြစ်လိမ့်မည်ဟု မျှော်လင့်ထားခဲ့မိ၏။ သို့သော် တကယ်တမ်း ကြားလိုက်ရသောအခါ လွန်စွာသာယာနေသဖြင့် အထင်နှင့်အကြား လွဲမှားသွားပြီဖြစ်ကြောင်း သိသွားရတော့သည်။

သို့သော် သူသည်တစ်ချက်မျှ အသံမပြုဘဲ စောင့်ဆိုင်းကြည့်ရှုနေလေ၏။

ရွှင်ပျော်ပျော်မြို့စားကြီးသည် ပြုံးရယ်ခြင်းလုံးဝမရှိတော့ဘဲ ဝေါယာဉ်ဆီသို့သာ ဂရုစိုက်ကြည့်ရှုနေတော့၏။ နန်းတွင်းဝတ်စုံဝတ် မိန်းကလေးက ဝိညာဉ်ဂိုဏ်းချုပ်အား ပြန်လည်အဖြေပေးနေသည်။

"မှန်ပါတယ်သခင်မ ရွှင်ပျော်ပျော်မြို့စားကြီးဟာ ဒီနေရာမှာ ရှိနေပါတယ်"

"သူရှိနေရက်သားနဲ့ ဘာကြောင့် ငါ့ကိုလာပြီး မကြိုဆိုရတာလဲ"



နန်းတွင်းဝတ်စုံဝတ် မိန်းကလေး၏ မျက်လုံးများသည် ရွှင်ပျော်ပျော်မြို့စားကြီးဘက်သို့ မျက်လုံးတစ်ချက် ဝေ့ယမ်းလိုက်ပြီး-

မြို့စားကြီးဟာ အရက်မူးလွန်နေလို့ မကြိုဆိုနိုင်တာပဲ ဖြစ်ပါလိမ့်မယ်သခင်မ"

"ဟုတ်လား၊ အရက်မူးနေသလား၊ ဒီလိုဆိုရင်လည်း သူ့ဘာသာ စိတ်အေးချမ်းသာစွာ အရက်မူးပါစေတော့၊ အရက်မူးပြေတော့မှပဲ နောက်တစ်ခေါက်လာကြတာပေါ့၊ နောက်တစ်ခေါက်လာလို့လည်း နောက်မကျသေးပါဘူး"

"ဟုတ်ကဲ့ သခင်မအမိန့်အတိုင်း ပြန်ဖို့ပြင်ဆင်ပါ့မယ်"

ရွှင်ပျော်ပျော်မြို့စားကြီးသည် အတန်ကြာ တိတ်ဆိတ်ငြိမ်သက်စွာထိုင်ကြည့်နေရာမှ နောက်ဆုံးစကားကြားလိုက်ရသောအခါ ဒေါသထွက်သွားတော့သည်။

"ရောက်မှတော့ ဘာဖြစ်လို့ ပြန်တော့မှာလဲ၊ တစ်ခါထဲ နေရစ်ခဲ့ရင် မကောင်းဘူးလား"

ဝေါယာဉ်ထဲမှ ဝိညာဉ်ဂိုဏ်းချုပ်၏အသံကို ကြားရပြန်သည်။

"ဩော် - ရွှင်ပျော်ပျော်မြို့စားကြီးက အရက်မှ မမူးသေးဘဲကိုး၊ ရှင် တကယ်အရက်မမူးဘူးလား"

"ဟား - ဟား - ဟား ကျုပ်က ဘယ်လောက်သောက်သောက် မူးတဲ့လူမှမဟုတ်ဘဲ"

"ဒါဖြင့် ဘာဖြစ်လို့လာပြီး မကြိုဆိုရတာလဲ"

"မင်းက မိန်းမသား၊ ကျုပ်က ယောကျ်ားသား၊ ဘုန်းကံချင်း ဘယ်တူပါ့မလဲ၊ ကျုပ်ကလာပြီး ကြိုရရင် ကျုပ်ရဲ့ဘုန်းကံနိမ့်မယ်၊ အနည်းဆုံးတော့ ဂုဏ်သိက္ခာ ထိခိုက်မယ်"

ဝေါယာဉ်ထဲမှ အသံသည် ရုတ်ခြည်းအေးစက်မာကျောသွားသည်။

"ကျွန်မဟာ ဂိုဏ်းချုပ်ကြီးတစ်ပါးဖြစ်တယ်၊ ဂိုဏ်းချုပ်ကြီးတစ်ပါးနဲ့တန်တဲ့ ကြိုဆိုနှုတ်ဆက်မှုဟာ ကျွန်မအတွက် မရှိမဖြစ် လိုအပ်တယ်၊ ဂိုဏ်းချုပ်ကြီးတစ်ပါးကို ကြိုဆိုလို့ ဂုဏ်သိက္ခာကျတယ်လို့ ဘယ်ရှိမလဲ"

နန်းတွင်းဝတ်စုံဝတ် မိန်းကလေးက ကြားဖြတ်ပြည့်စွက်သည်။

"ဟုတ်သားပဲရှင့်၊ တချို့လူတွေဟာ ကျွန်မတို့ရဲ့ ဂိုဏ်းချုပ်သခင်မကို ကြိုဆိုဖို့အဆင့်အတန်းတောင်မရှိရာကြပါဘူး။ ရှင့်အဖို့ အများကြီးကံကောင်းပါတယ်"

ရွှင်ပျော်ပျော်မြို့စားကြီးသည် တဟားဟားအော်ဟစ် ရယ်မောလေတော့သည်။

"မင်းတို့ရဲ့ဝိညာဉ်ဂိုဏ်းချုပ်က သခင်မ၊ ကျုပ်က ဘုရင်တစ်ပါး။ ကမ္ဘာပေါ်မှာ ဘုရင်ကစပြီး ဂိုဏ်းချုပ်သခင်မကို ကြိုဆိုတယ်ဆိုတဲ့ အစဉ်အလာရှိလို့လား"

နန်းတွင်းဝတ်စုံဝတ် မိန်းကလေးက ကြည်လင်လှသော ရယ်သံကလေးဖြင့် လှမ်းပြောသည်။

"ဒါပေမယ့် - ရှင်က ဘုရင်အစစ်မှ မဟုတ်တာပဲ"

ရွှင်ပျော်ပျော်မြို့စားကြီးသည် ဘုရင်အတုဟု အပြောခံရသဖြင့် စိတ်မဆိုးသည့်အပြင် တဟားဟားပင် ရယ်မောမိတော့သည်။

"မင်းတို့ရဲ့ ဂိုဏ်းချုပ်သခင်မဆိုတာကကော အစစ် ဟုတ်ရဲ့လား"

ငွေဆည်းလည်းလှုပ်ခတ်သံနှင့်တူသော ရယ်သံကလေးသည် ဝေါယာဉ်အတွင်းမှ ထွက်ပေါ်လာသည်။

"ကျွန်မစိတ်ထဲမှာ ရွှင်ပျော်ပျော်မြို့စားကြီးဆိုတာဟာ အင်မတန် ကြမ်းတမ်းခက်ထန်ပြီး စက်ဆုပ်ရွံရှာစရာကောင်းမယ်လို့ ထင်ခဲ့မိတယ်၊ ခုလို ဖော်ဖော်ရွေရွေနဲ့ ဟာသဉာဏ်ရှိလိမ့်မယ်လို့ တစ်ခါမှ မထင်ခဲ့ဘူး။ တကယ်တော့ ရှင်ဘုရင်ဆိုတာရော၊ ဂိုဏ်းချုပ်သခင်မဆိုတာပါ အားလုံး အတုတွေချည်းပဲ"

စင်လုံသည် ဝေါယာဉ်ထဲမှအသံကို တဖြည်းဖြည်းကျက်မိလာသည်။ ဤအသံကို သူကြားဖူးသည်ဟု ထင်မှတ်လာသည်။ မည်သူ၏ အသံဖြစ်မည်ကို စဉ်းစားပါသော်လည်း စဉ်းစား၍မရနိုင်ဘဲ ဖြစ်နေသည်။ သူ့အနေဖြင့် ဝိညာဉ်ဂိုဏ်းချုပ်သခင်မဆိုသူနှင့် တစ်ကြိမ်တစ်ခါမျှ မတွေ့ကြုံခဲ့စဖူး။ ထို့ကြောင့် ပို၍စဉ်းစားမရခြင်းဖြစ်သည်။

ထိုအခိုက်မှာပင် ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည် ငွေဆည်းလည်းလှုပ်ခတ်သည့်ရယ်သံနှင့်အတူ ဝေါယာဉ်ပေါ်မှ ဆင်းသက်လာခဲ့သည်။ သူမ၏အလှသည် ရှားမှရှားသော အလှပင်ဖြစ်သည်။ သူမ၌ ဝိညာဉ်နှင့်ပတ်သက်သည့် တစ္ဆေသရဲတို့၏ အရိပ်အယောင်လုံးဝမရှိ၊ ဖြစ်ခြင်းဖြစ်လျှင် သူမသည် မိုးပေါ်မှကျလာသည့် မိုးနတ်သူဇာကလေးသာ ဖြစ်ရပေလိမ့်မည်။

သူမ၏ကိုယ်ပေါ်၌ ဇာပါးပါးဝတ်စုံကို အထပ်ထပ်ဝတ်ဆင်ထားသော်လည်း၊ သူမ၏ လှပပြေပြစ်သော ခန္ဓာကိုယ်အလှကို မည်သို့မျှ ဖုံးကွယ်မထားနိုင်ပါချေ။ ပုရိသယောကျ်ားများ တပ်မက်ဖွယ်ရာကိုယ် ခန္ဓာအလှကို မြင်တွေ့နေကြရ၏။

တစ်ခုထူးခြားချက်မှာ မျက်နှာ၌ ပိတ်စိမ်းပါးကလေးတစ်ခုကို ကာဆီးတပ်ဆင်ထားခြင်းပင်တည်း။ ထို့ကြောင့် သူမ၏မျက်နှာကို

ပီပီသသမမြင်ရဘဲ ဝိုးတဝါးသာ မြင်တွေ့ကြရသည်။ သို့တိုင် ဝိုးတဝါး မြင်နေရသည့်အလှပင် ယောက်ျားတကာတို့အား မူးယစ်ရီဝေစေမည့် အရိပ်အယောင်များကို တွေ့နေရပေသေးသည်။

သူမ၏ လှုပ်ရှားမှုမှာ နွဲ့နှောင်းပျော့ပျောင်းလှသည်။ လေတိုက်လျှင်ပင် လဲပြိုကျတော့မည့်အလား ထင်မှတ်မှားရသည်။ သူမသည် နန်းတွင်းဝတ်စုံဝတ်သူ သူမ၏အခြွေအရံပန်းကို လက်တင်ကာ နွဲ့နှောင်းစွာ လျှောက်လာနေသည်။

ရှင်ပျော်ပျော်မြို့စားကြီး၏ မျက်လုံးများမှာ တဝင်းဝင်းတောက်ပလျက်ရှိနေတော့သည်။ သူ၏ မုတ်ဆိတ်မွေးများကို ပွတ်သပ်ရင်း တစ်ကိုယ်တည်း ညည်းညည်းညူညူပြောနေမိတော့သည်။

"အင်း - သူ့လောက်လှတဲ့မိန်းကလေးက နာနာဘာဝ ဝိနာဘာဝလို ဟန်ဆောင်ချင်တာတော့ နှမြောစရာကောင်းလှသကွာ"

စင်လုံသည် ရှင်ပျော်ပျော်မြို့စားကြီး၏ နှမြောတသဖြစ်နေပုံကို ကြားလိုက်ရသောအခါ ဟက်ဟက်ပက်ပက်ရယ်မောမိတော့သည်။ ယခုအချိန်အထိ ရှင်ပျော်ပျော်မြို့စားကြီးသည် သူ့အပေါ် ဟန်ဆောင်ဆက်ဆံမှုတစ်ခုမျှမရှိသေးကြောင်း စင်လုံကောင်းစွာ သတိပြုမိသည်။

"ကျွန်တော်လည်း ဒီအတိုင်းပဲ တွေးနေတာပဲ၊ သူ့လိုလှပုံမျိုးက ကမ္ဘာပေါ်မှာ ရှာမှရှားပဲ"

ရှင်ပျော်ပျော်မြို့စားကြီးသည် စင်လုံ၏ပခုံးကို အားရပါးရပုတ်ပြီး စင်လုံမမျှော်လင့်သည့်စကားကို ပြောကြားလေ၏။

"ကောင်းလိုက်တဲ့ အတွေးအခေါ်ပဲ၊ ငါ့အတွေးနဲ့ တစ်ထပ်တည်း ကျနေတာပေါ့၊ ငါနှစ်ပေါင်းလေးငါးဆယ်လောက်ရှာလဲ မင်းလို ငါ့စိတ်ဓာတ်နဲ့ ထပ်တူကျမယ့်လူမျိုးကို တွေ့နိုင်မှာ မဟုတ်



ဘူး"

ထိုအချိန်တွင် ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည် သူတို့ရှိရာသို့ ခြေတစ်လှမ်းလျှင် ကုဋေတစ်သန်းတန်သည့်ဟန်ဖြင့် ယိမ်းကာနွဲ့ကာ လျှောက်လာနေသည်။ သူမ၏ လမ်းလျှောက်ပုံကိုက အနုပညာဆန်လှသဖြင့် ရှင်ပျော်ပျော်မြို့စားကြီးမှာ ဝိညာဉ်ဂိုဏ်းချုပ်သခင်မကို မျက်တောင်မခတ်စတမ်း ငေးမောကြည့်နေမိတော့သည်။

ရှင်ပျော်ပျော်မြို့စားကြီး၏ စားပွဲရှေ့သို့ ရောက်ရှိသောအခါ ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည် စားပွဲပေါ်မှ အရက်ခွက်ကို သွယ်ပျောင်းလှသည့် ဖယောင်းလက်များဖြင့် လှမ်းယူလိုက်သည်။

"စိတ်မရှိပါနဲ့နော် ကျွန်မရဲ့အပြုအမူက ရှင်ပျော်ပျော်မြို့စားကြီးကို အနှောင့်အယှက်ဖြစ်သွားစေသလားဟင်"

"ဘယ့်နှယ်ပြောပါလိမ့်၊ သိပ်ပြီး အနှောင့်အယှက်ဖြစ်တာပေါ့၊ ဒီအပြစ်အတွက် အပြစ်ဒဏ်ပေးမှုဖြစ်လိမ့်မယ်"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည် ဦးခေါင်းကလေး ငုံ့သွားသည်။

"ပေးတဲ့အပြစ် သိပ်မကြီးပါစေနဲ့လို့ ဆုတောင်းမိပါတယ်၊ ကျွန်မက သိပ်ပြီးနူးညံ့ပါတယ်ရှင်၊ ရှင်ပေးတဲ့အပြစ်ကို ကျွန်မ မခံနိုင်မှာဘဲ စိုးရိမ်မိပါတယ်"

သူမ၏အကြည့်မှာ ကရုဏာသက်စဖွယ် ဖြစ်နေတော့သည်။ သူမ၏အသံမှာ ကရုဏာသက်စဖွယ် ဖြစ်နေတော့သည်။ သူမ၏ ဟန်ပန်မှ ကရုဏာသက်စဖွယ် ဖြစ်နေတော့သည်။

ရှင်ပျော်ပျော်မြို့စားကြီးသည် သူမအား စူးစူးစိုက်စိုက်ကြည့်လျက် ရယ်မောတော့သည်။

"အင်း - မင်းရဲ့အကြည့်၊ မင်းရဲ့အပြော၊ မင်းရဲ့ဟန်အမူအရာတွေကြည့်ပြီး ငါ့အသည်းနှလုံးတွေ အရည်ပျော်ကျမတတ်ဖြစ်သွား

ရတယ်၊ မင်းကို အပြစ်မပေးရက်အောင်တောင် ဖြစ်သွားရတယ်၊ ကဲ မင်းနဲ့ထိုက်တန်မယ့် ဘယ်လိုအပြစ်ပေးရမယ်ဆိုတာ အမိန့်ရှိစမ်းပါဦး"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည် ဦးခေါင်းငုံလျက်သာ ရှိနေသေးသဖြင့် ရှင်ပျော်ပျော်မြို့စားကြီးက စင်လုံအား လှမ်းမေးလိုက်သည်။

"ညီလေး - မင်းပဲ ပြောစမ်းပါဦးကွာ၊ သူနဲ့ ထိုက်တန်အောင် ဘယ်လိုအပြစ်မျိုး ပေးသင့်တယ်ဆိုတာကို - "

စင်လုံက ပြုံးရယ်ရယ်ဖြင့် -

"လွယ်ပါတယ် နောင်တော်ကြီးရာ၊ နောင်တော်ကြီးအတွက် အရက်သုံးခွက်တိတိ ငှဲ့နိုင်းလိုက်ပါ။ အဲဒါဟာ သူနဲ့ထိုက်တန်တဲ့ အပြစ်ဒဏ်ပါပဲ"

ရှင်ပျော်ပျော်မြို့စားကြီးသည် စင်လုံ၏ ဟာသမြောက်သည့် စကားကြောင့် လက်ခုပ်လက်ဝါးတီး၍ ရယ်လေတော့၏။

"ဟား - ဟား - ဟား - ညီလေးပေးတဲ့ အပြစ်ဒဏ်ကတော့ အသင့်လျော်ဆုံးပဲ၊ ဒီလောက်ချောမောလှပတဲ့ နတ်မိမယ်ကလေး ငှဲ့ပေးမယ့်အရက်ကို ငါမသောက်ရခင်ကဘဲ မူးနေမိပါပြီကွာ"

ထိုအချိန်တွင် ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည် အရက်အိုးကို ကောက်ကိုင်၍ ဖန်ခွက်ထဲသို့ အရက်များ လောင်းငှဲ့ထည့်နေချေပြီ။ ညှင်းပျောင်း သာယာလှသည့် ဆည်းလည်းလှုပ်ခတ်သံကလေးဖြင့် ရှင်ပျော်ပျော်မြို့စားကြီးအား လှမ်းပြောလိုက်သည်။

ကျွန်မလက်ဟာ အမြဲတမ်းသန့်ရှင်းစင်ကြယ်ပါတယ်ရှင်၊ ဒါကတော့ ကျွန်မအပြောပေါ့၊ ရှင်ပျော်ပျော်မြို့စားကြီးကသာ ကျွန်မလက်ကို မညစ်ပတ်ဘူးလို့ ယုံကြည်ရင်တော့ ကျွန်မငှဲ့ပေးတဲ့



အရက်ကို သောက်သာသောက်လိုက်ပါတော့ရှင်၊ ရှင်တို့ပေးတဲ့ အပြစ်ဒဏ်ကို ခံယူတဲ့သဘောပေါ့"

မီးအိမ်၏အလင်းရောင်အောက်၌ သူမ၏သွယ်ပျောင်းလှသည့် လက်များသည် နှင်းပွင့်များကဲ့သို့ ဆွတ်ဆွတ်ဖြူနေလေ၏။ လက်ချောင်းကလေးများ လှုပ်ရှားပုံမှာ ညင်သာပျော့ပျောင်းလှသဖြင့် ကချေသည်၏ လက်ချောင်းကလေးများနှယ် လှုပ်ရှားနေသည်နှင့် တူသည်။ အခြားတစ်ပါးသော မိန်းကလေးများသည် မျက်လုံးများဖြင့် စကားပြောတတ်သည်။ ဤဝိညာဉ်ဂိုဏ်းချုပ်သခင်မကမူ လက်ချောင်းကလေးများဖြင့်ပင် စကားပြောတတ်သူဖြစ်သည်။

သူမ၏ဦးခေါင်းမှ ခြေထောက်ဖျားအထိ ပြစ်မျိုးမဲ့မထင် လှပသည်။ သူမ၏ အလှအပကို ယောက်ျားတိုင်း တပ်မက်မိကြမည်သာဖြစ်၏။ သို့သော် သူမ၏အလှအပကို အကြမ်းပတမ်း ရယူခံစားလိုစိတ်တော့ ဖြစ်ပေါ်လာမည်မဟုတ်ပါချေ။

အဘယ့်ကြောင့်ဆိုသော် သူမ၏ စကားပြောသော လက်များက အခြားတစ်ပါးသော လူများထံမှ ကြင်နာမှုများကို တောင်းခံနေသောကြောင့်ဖြစ်ပါ၏။

ရှင်ပျော်ပျော်မြို့စားကြီးက အောက်ဟစ်ရယ်မောရင်း လှမ်းပြောလိုက်သည်။

"မင်းရဲ့လက်နှစ်ဖက်ကို ညစ်ပတ်တဲ့လက်လို့ သတ်မှတ်လိုက်ရင်တော့ ကမ္ဘာပေါ်မှာ ရှိရှိသမျှလက်တွေအားလုံး ဖြတ်ပစ်ရတော့မှာပဲ"

သူသည် စကားဆုံးသည်နှင့် ဝိညာဉ်ဂိုဏ်းချုပ်သခင်မ ကမ်းပေးသည့် အရက်ခွက်ကို လှမ်းယူလိုက်သည်။ သို့သော် အရက်ခွက်သည် လမ်းခွတ်လတ်၌ ရှိသေးချိန် ရှင်ပျော်ပျော်မြို့စားကြီး၏

နောက်ဘက်မှ လက်တစ်ဖက်သည် အရက်ခွက်ဆီသို့ ရောက်ရှိလာတော့သည်။

အရက်ခွက်အတွင်းသို့ မည်သည့်အရာဟူ၍ မပြောနိုင်သည့် အစက်ကလေး အနည်းငယ်ထည့်သွားသည်။ ထိုအရည်စက်ကလေးများသည် အရက်ခွက်ထဲသို့ တည့်တည့်မတ်မတ် ဝင်သွားသည်။ သို့သော် အရက်ခွက်ထဲ၌ မည်သည့်ပြောင်းလဲမှုမျှ မဖြစ်ပေါ်ပါချေ။ ထို့ကြောင့် အရက်ခွက်ထဲ၌ ဝိညာဉ်ဂိုဏ်းချုပ်သခင်မက အဆိပ် မခတ်လိုက်ကြောင်း ထင်ရှားသွားသည်။

ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည် ပြုံးရယ်ရင်း ပြောလိုက်၏။

"ရှင်ပျော်ပျော်မြို့စားကြီးရဲ့ လက်အောက်ငယ်သားတွေကတော့ တကယ့်ကို စေ့စပ်သေချာတဲ့ လူတွေပါပဲလား။ ဒါပေမယ့် အစိုးရိမ်ကြီးတာမျိုးဟာ တစ်ခါတစ်ရံ တစ်ဖက်လူကို စော်ကားသလို ဖြစ်တတ်ပါတယ်"

"အင်းလေ၊ တစ်ချို့အမြင်ကလေးတွေကိုတော့ မင်းအနေနဲ့ ခွင့်လွှတ်ရမှာပဲ၊ စိတ်ထားပြည့်ဝနလုံးလှတဲ့လူဟာ တစ်ချို့အမှားကျူးလွန်တတ်တဲ့လူတွေကို ကလေးသူငယ်တွေလို သဘောထားပြီး ခွင့်လွှတ်ရပါတယ်"

ရှင်ပျော်ပျော်မြို့စားကြီးသည် အရက်ခွက်ကို တစ်ခွက်လုံး ကုန်စင်အောင် သောက်ချပစ်လိုက်သည်။

"အင်း - မင်းကို အပြစ်ဒဏ်ပေးတဲ့အနေနဲ့ အရက်ငှဲ့ခိုင်းတယ်၊ ဒီတစ်ခါတော့ ငါ့ကိုယ်ငါ အပြစ်ပေးတဲ့အနေနဲ့ မင်းကို အရက်တစ်ခွက် ပြန်ငှဲ့ပေးပါ့မယ်"

သူသည် ပြောပြောဆိုဆိုဖြင့် အရက်တစ်ခွက်ငှဲ့ကာ ဝိညာဉ်ဂိုဏ်းချုပ်သခင်မလက်ထဲသို့ အရက်ခွက်ကို လှမ်းပေးလိုက်တော့၏။



သူ့အနေဖြင့် သူ့ကိုယ်သူ အပြစ်ဒဏ်ပေးသည့်အနေဖြင့် အရက်ငှဲ့ပေးပြီး ဝိညာဉ်ဂိုဏ်းချုပ်သခင်မအနေဖြင့် သူပေးသည့်အရက်ကို သောက်ရန်တာဝန်သာ ကျန်ပေတော့သည်။ ရှင်ပျော်ပျော်မြို့စားကြီး၏ ရည်ရွယ်ချက်ကား မည်သို့နည်း။ သူ့စေတနာကား မည်သို့နည်း။ သန့်ရှင်းဖြူစင်သည်လား။ မည်းညစ်ကောက်ကျစ်သည်လား မည်သို့မျှ မသိနိုင်ပေ။ မည်သူမျှ မသိနိုင်ပေ။

သို့သော် ဝိညာဉ်လိပ်ပြာဂိုဏ်းချုပ်သခင်မကား အေးဆေးတည်ငြိမ်လှ၏။ သူကမ်းပေးသည့် အရက်ခွက်ကို ကြွေရွှစွာ လက်ခံယူလိုက်သည်။ ရယ်ရယ်မောမောနှင့်ပင် လှမ်းပြောသည်။

"ကျွန်မဟာ ကျန်းမာရေးသိပ်မကောင်းပါဘူး။ ကျွန်မရဲ့ ခန္ဓာကိုယ်မှာ အားနည်းနေတော့ အရက်ရဲ့အာနိသင်ကို မခံစားရဲပါဘူးရှင်၊ ဒီတော့ ဒီအရက်တစ်ခွက်ကို ကျွန်မကိုယ်စား ရှင်ပဲသောက်ပေးပါလို့ မေတ္တာရပ်ခံပါတယ်"

ရှင်ပျော်ပျော်မြို့စားကြီးမှာ ဟက်ဟက်ပက်ပက် ရယ်မောလေတော့၏။ ဤအမျိုးသမီးကား အလာကြီးပေကပဲ၊ ရုပ်ရည်ချောမောသလောက် စကားပရိယာယ် ကြွယ်ဝလှသည်ပေပဲ။

"မိန်းမချောကလေးတစ်ယောက်ကို ကိုယ်စားပြုပြီး သောက်ရမယ့်အရက်ကို ငါကတာဖြစ်လို့ နှစ်နှစ်ခြိုက်ခြိုက်မသောက်ရမှာလဲ၊ သောက်ချင်လွန်းလို့ ဟိုဘက်ကမ္ဘာတောင် လွန်သွားသေးတယ်၊ ဒါပေမယ့် ငါက စေတနာနဲ့ပေးတဲ့အရက်ကိုတော့ မင်းနည်းနည်းတော့ သောက်သင့်တယ်၊ ငါ့စေတနာကို မတုံ့ပြန်သင့်ဘူးလား"

ရှင်ပျော်ပျော်မြို့စားကြီးသည် သူပေးသည့်အရက်ကို မသောက်ဘဲမနေနိုင်အောင် ချိုသာသောစကားဖြင့် ဝိညာဉ်ဂိုဏ်းချုပ်သခင်မအား အကျဉ်းအကျပ်သို့ ကျရောက်စေလိုက်၏။ သူ၏ရိုးသားသန့်

ရှင်းမှု မည်မျှရှိမရှိကို မည်သူကမျှ ခန့်မှန်းနိုင်ခြင်းမရှိသော်လည်း စကားကို ချောင်ချိုသာစွာပြောခြင်း၊ တံစိုးလက်ဆောင်ပေးခြင်း။ စိတ်သဘောကျွဲပြားအောင်ပြုတတ်ခြင်း။ ဒင်္ဂါးအပြစ်ပေးခြင်းတို့ကား အောင်မြင်ကြောင်း ဥပါယ်လေးပါးပင် ဖြစ်တော့သည်။

ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည် အရက်ခွက်ကို သူမ၏နှုတ်ခမ်းနားသို့ တိုးကပ်လိုက်သည်။ ဦးခေါင်းကလေးကို အသာငုံ့ကာ မျက်နှာမှ ဇာပိတ်ပါးကို အသာအယာမတင်ပြီး အရက်ကို တစ်ငုံမျှ စုပ်ယူလိုက်လေ၏။ ထို့နောက် ဇာပိတ်ပါးကလေးကို အသာအယာ ပြန်ချလိုက်သည်။

ထို့နောက် အရက်ခွက်ကို ရှင်ပျော်ပျော်မြို့စားကြီး၏ လက်ထဲသို့ ပြန်လည်ကမ်းပေးလိုက်၏။ အရက်သောက်ပြီးသည့်အချိန်အထိ သူမမည်သို့မျှမဖြစ်သေးသည်ကိုတွေ့ကြ၍ ရှင်ပျော်ပျော်မြို့စားကြီးသည် အရက်ထဲသို့ မည်သည့်အဆိပ်မျှ မခတ်လိုက်ကြောင်း ထင်ရှားသွားတော့သည်။

"ရှင်ပျော်ပျော်မြို့စားကြီး ကျွန်မရဲ့ခန္ဓာကိုယ်ကတော့ တကယ့်ကို ညစ်ပတ်ပေရေတဲ့ခန္ဓာကိုယ်ပါပဲရှင်၊ အခုလို တစ်ငုံတစ်လေ သောက်ပြီး ရှင်ပျော်ပျော်မြို့စားကြီးကို ပြန်ပေးရတာ ကျွန်မစိတ်ထဲမှာ မကောင်းလှပါဘူး ခွင့်လွှတ်ပါနော်"

သူမ၏အသံမှာ တုန်ယင်လှိုက်လှဲနေ၏။ အားနာစိုးရွံ့နေ၏။ မေတ္တာဓာတ်များ ပါဝင်နေသယောင် ထင်မှတ်ရ၏။ ရှင်ပျော်ပျော်မြို့စားကြီး၏ မျက်လုံးများသည် ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏ ပျောင်းနွဲ့ညွတ်နူးသောစကားနှင့် အပြုအမူများကြောင့် မှိုင်းယစ်ရီဝေသွားသည်။ သိုင်းလောကတွင် နာမည်ကြီးလှသော ဝိညာဉ်ဂိုဏ်းချုပ်သခင်မဆိုသည့် ဂုဏ်ဒြပ်ကို မေ့လျော့သွားသည်။ ဝိညာဉ်ဂိုဏ်း



ချုပ်သခင်မ၏ မကောင်းဆိုးဝါးအဂ္ဂုဏ်ရည်များကိုလည်း မေ့လျော့သွားတော့၏။ သူ၏စိတ်ထဲတွင် လှပယဉ်ပါးသော ငှက်မကလေးတစ်ကောင်သည် သူ၏ပခုံးထက်သို့ ဝဲပျံရပ်နားလာသည်ဟူ၍ပင် မှတ်ထင်မိတော့သည်။

ထို့ကြောင့် သူ၏မုတ်ဆိတ်မွေးကို ပွတ်သပ်လျက် အားရကျေနပ်ခြင်းကြီးစွာဖြင့် ပြောလိုက်လေ၏။

"ကမ္ဘာပေါ်မှာ ရှိရှိသမျှ မိန်းမချောတွေရဲ့ တံတွေးဟာ ကမ္ဘာပေါ်မှာ ရှိရှိသမျှအရက်အားလုံးအတွက် အကောင်းဆုံးဖြည့်စွက်အားပြည့်စေနိုင်တဲ့ ဆေးစွမ်းပဲလို့ ငါကယုံတယ်၊ မင်းပေးတဲ့အရက်ဟာ ငါ့အဖို့ အကောင်းဆုံးအရက်ဖြစ်မယ်ဆိုတာ ချွင်းချက်မရှိယုံကြည်တယ်"

သူသည် အရက်ခွက်ကို သောက်ချမည်ပြုလိုက်၏။ အရက်ခွက်နှုတ်ခမ်းသို့မရောက်မီပင် လက်တစ်ဖက်သည် အရက်ခွက်ဆီသို့ လျှင်မြန်စွာရောက်ရှိလာပြန်သည်။ ထိုလက်သည် အရက်ခွက်ကို လှမ်းကိုင်ရင်း တားဆီးလိုက်သည်။ စင်လုံ၏ လက်သာတည်း။

"နောင်တော်ကြီး ဒီအရက်ကိုတော့ ကျေးဇူးပြုပြီးတော့ မသောက်ပါနဲ့၊ ကျွန်တော် တားဆီးပါရစေ"

ရှင်ပျော်ပျော်မြို့စားကြီး၏ မျက်ခုံးများသည် ပင့်တက်သွား၏။ ဝင်းလက်တောက်ပသော မျက်လုံးများဖြင့် စင်လုံအား လှမ်းကြည့်လိုက်သည်။

"ဘာလဲညီလေး ဒီအရက်ခွက်ကို မင်းပါသောက်ချင်လာပြန်ပလား၊ ကောင်းပြီ ရော့ - မင်းပဲသောက်ပေတော့"

စင်လုံသည် အရက်ခွက်ကို လှမ်းယူလိုက်သည်။ ရှင်ပျော်ပျော်မြို့စားကြီးအား ပြုံးပြရင်း -

"ဒီအရက်ကိုသောက်ဖို့ ကျွန်တော့်မှာ ကျန်းမာရေး မကောင်းလှပါဘူးခင်ဗျာ"

သူသည် စကားဆုံးသည်နှင့် အရက်ခွက်ကြီးကို မြေကြီးပေါ်သို့ သွန်ချလိုက်လေတော့၏။ အရက်ခွက်မှ အရက်များသည် အခိုးအငွေ့များ ဖြစ်ကုန်၏။ နှင်းမှုန်များသဖွယ် ပြောင်းလဲသွားပြီး မိုးကောင်းကင်သို့ တငွေ့ငွေ့တက်သွားလေတော့၏။

စင်လုံးက ရယ်လိုက်၏။

"ဘယ်လိုလဲဗျ၊ ဝိညာဉ်ဂိုဏ်းချုပ်သခင်မရဲ့ အရက်ထဲမှာ အဆိပ်ရှိတယ်ဆိုတာ ခင်ဗျား သိကောင်းပါလေရဲ့ မသိလောက်အောင်တောင် ခင်ဗျား ထုံထိုင်းညံ့ဖျင်းလိမ့်မယ်လို့ ကျုပ်မထင်မိပါဘူး"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည် တုန်ယင်လှိုက်လှဲသော အသံဖြင့် -

"ရှင် ဘာတွေပြောနေတာလဲ၊ ရှင် ပြောတာတွေ ကျွန်မနားမလည်ဘူး။ အရက်ထဲမှာ အဆိပ်ပါတယ် မပါဘူးဆိုတာ ကျွန်မအနေနဲ့ ဘယ်လိုလုပ်သိမလဲ၊ သိရင် ကျွန်မ ဘယ်သောက်ဝံ့မလဲ၊ အရက်အိုးထဲက ဖန်ခွက်ထဲကို လောင်းထည့်တာက ရွှင်ပျော်ပျော်မြို့စားကြီးကိုယ်တိုင်ပဲ၊ တကယ့်အဖြစ်ကို ကျွန်မ ဘယ်သိပါ့မလဲ"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မထံမှ မမျှော်လင့်သောဒေါသများကို တွေ့လိုက်ရ၏။ ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည် ဒေါသကြောင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာသည်။

"ကျွန်မအဆိပ်ခတ်တယ်လို့ ရှင်မို့လို့ စွပ်စွဲရက်တယ်၊ ရှင်ရှူး နေသလား။ ကျွန်မက ဘယ်လိုအဆိပ်ခတ်နိုင်မှာလဲ၊ ရှင့်မှာ



ဦးနှောက်ရှိရင် စကားကို စဉ်းစဉ်းစားစားပြောမှာ မှချပဲ၊ အခု ရှင့် စွပ်စွဲချက်ဟာ အရမ်းမဲ့စွပ်စွဲချက်ဆိုတာ -"

စင်လုံးက ကြားဖြတ်ပြောလိုက်သည်။

"တော်စမ်းပါဗျာ၊ ပရိယာယ်ဝေဝုစ်တွေ လုပ်မနေစမ်းပါနဲ့၊ မျက်နှာဖုံးဇာပိတ်ပါးကလေးကို မ,လိုက်တယ်ဆိုကတည်းက အဆိပ်တွေဟာ အရက်ထဲကို ရောက်ပြီးနေပြီ တစ်ချို့လူတွေဟာ လက်ထဲမှာလည်း အဆိပ်ရှိတယ်၊ ခန္ဓာကိုယ်ထဲမှာလည်း အဆိပ်ရှိတယ်၊ နှုတ်ခမ်းမှာလည်း အဆိပ်ရှိတယ်၊ အစစအရာရာ အဆင်သင့်လုပ်ထားနိုင်တဲ့အတွက်တော့ ကျုပ်က ဝိညာဉ်ဂိုဏ်းချုပ် သခင်မလေးကို ချီးကျူးမိတာ အမှန်ပါပဲ"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မထံမှ သက်ပြင်းချသံ ကြားလိုက်ရလေ၏။

"အင်း - ရှင့်မျက်စိရဲ့ အကြည့်မှာလည်း အဆိပ်တွေ ဖုံးလွှမ်းနေပြီလို့ ထင်မိတော့တာပဲ"

ထိုအခါကျမှ ရွှင်ပျော်ပျော်မြို့စားကြီးသည် စားပွဲခုံကို လက်ဝါးဖြင့် ဖြန်းခနဲပုတ်ချလိုက်ပြီး အားရပါးရပြောလိုက်လေတော့၏။

"လက်စသတ်တော့ အင်မတန်လှပချောမောလှတဲ့ ဝိညာဉ်ဂိုဏ်းချုပ်သခင်မက ခတ်လိုက်တဲ့အဆိပ်ကိုး"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည် ဦးခေါင်းငုံ့သွားတော့သည်။

"ကျွန် - ကျွန်မ - မငြင်းပယ်နိုင်တော့ပါဘူးရှင်"

ရွှင်ပျော်ပျော်မြို့စားကြီးက ဒေါသဖြင့် ဟောက်လိုက်သည်။

"မင်း - အတော်ရဲတင်းပါလား။ ငါ့ကို တော်ရုံတန်ရုံလူဟာ မလုပ်ကြဲရဲဘူး၊ လုပ်ကြဲတဲ့လူဟာလည်း အင်မတန်ရဲတင်းတဲ့လူပဲ

ဖြစ်ရမယ်"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏အသံမှာ ကြောက်ရွံ့မှုဖြင့် တုန်လှုပ်နေသည်။

"ကျွန်မကို သိပ်ပြီးမကြိမ်းမောင်းပါနဲ့ရှင်၊ ကျွန်မဟာ ငယ်ငယ်ကတည်းက အသည်းငယ်တတ်တဲ့သူပါ၊ သူများ ကြိမ်းမောင်းခြိမ်းခြောက်တာကို မခံရဲတဲ့လူပါ"

ရွှင်ပျော်ပျော်မြို့စားကြီး၏ဒေါသကား မပြေသေးပေ။

"မင်းဟာ တကယ့်ကို ဝိညာဉ်ဂိုဏ်းချုပ်သခင်မပေပဲ၊ မကောင်းဆိုးဝါးတွေရဲ့သခင်မလို့ ဆိုလည်းဆိုလောက်ပါပေရဲ့ကွာ၊ ငါ့လက်တစ်ချက်မြှောက်လိုက်တာနဲ့ မင်းသေသွားနိုင်တယ်ဆိုတာ မင်းသိရဲ့လား"

"ကျွန်မ - ကျွန်မ - သိထားပါတယ်ရှင်၊ ဒါ - ဒါပေမယ့် ရှင်က ကျွန်မကို မသတ်ရက်ဘူးဆိုတာလည်း သိထားပါသေးတယ်"

ထူးဆန်းလှချေတကား။ ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည် ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ပြောကြားနေသည်။ သို့သော် သူမ၏ မျက်နှာ၌ ပြုံးရယ်နေသည်။ ဇာဝိတ်ပါးကာထားသော်လည်း သူမ၏ မျက်နှာကို ကြောက်ရွံ့ဖွယ်ရာ မြင်တွေ့နေရသည်။

"မင်းဟာ တယ်လည်းသိတတ်ပါလား။ လူတစ်ယောက်ရဲ့ အညာ ဘယ်မှာရှိသလဲဆိုတာကိုလည်း မင်းသိသေးသကိုး၊ ငါ့မှာ ကြောက်စရာကောင်းလောက်အောင် သန်မာလှတဲ့ သံမဏိလက်မောင်းတွေ၊ သံမဏိလက်ဝါးတွေရှိနေတာတော့အမှန်ပဲ၊ ဒါပေမယ့် လှပတဲ့ ပန်းကလေးတစ်ပွင့်ကိုတော့ မချေမွရက်ပါဘူးကွာ"

စင်လုံက ရယ်လိုက်၏။



"အလှအပမြတ်နိုးတဲ့သူဟာ ဘယ်တော့မှ အလှအပကို မဖျက်ဆီးဘူး။ ဒါဟာ သဘာဝပဲ၊ ဥယျာဉ်မှူးဟာ သူ့ဥယျာဉ်ထဲက ပန်းတွေ နွမ်းကြေပျက်စီးသွားအောင် မလုပ်ဘူး။ ဝွားဝွားစွင့်စွင့် လန်းပွင့်လာအောင်ပဲလုပ်တယ်"

ရွှင်ပျော်ပျော်မြို့စားကြီးက ပြုံး၍ပြောလိုက်သည်။

"ညီလေးစင်လုံရဲ့ စကားဟာ အပိုအလိုမရှိ ကွက်တိစကားပဲ"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မက အေးစက်စွာမေးလိုက်၏။

"ရွှင်ပျော်ပျော်မြို့စားကြီးရဲ့ အရိပ်လိုဖြစ်နေတဲ့လူက ဘယ်သူလဲ"

"ကျုပ်လား - ကျုပ်နာမည် စင်လုံ"

"တစ်ထောင်မှာတစ်ယောက်၊ တစ်သောင်းမှာတစ်ယောက် ရဲရင့်လှတဲ့လူက "တစ်ပါးကျွန်"လုပ်နေပါကလား။ လောကမှာ အံ့ဩစရာတွေ တစ်ခုပြီးတစ်ခု တွေ့နေရတော့တာကိုး"

စင်လုံက ဟက်ဟက်ပက်ပက်ရယ်မောလိုက်လေ၏။

"အင်မတန် လှပချောမွေ့တဲ့ မိန်းကလေးတစ်ယောက်က အင်မတန်ဆိုးဝါးလှတဲ့ တစ္ဆေသရဲတွေရဲ့ သခင်မ လုပ်ပေးနိုင်ရင် ကျုပ်လို အင်မတန်ရဲရင့်တဲ့လူကကော ဘာဖြစ်လို့ တစ်ပါးကျွန်မဖြစ်နိုင် ရမှာလဲ၊ မြေခွေးရဲ့ဦးခေါင်းဖြစ်ရတာကို မြင့်မြတ်တယ်လို့ ထင်တဲ့လူရှိရင်၊ ခြင်္သေ့ရဲ့အမြီးဖြစ်ရတာဟာလည်း ဂုဏ်ရှိတယ်လို့ ထင်တဲ့ လူတွေရှိတတ်တာပဲ"

"ဒါပေမယ့် - လူတွေဟာ အောက်ကျတဲ့ဘဝမျိုးကို ဘယ်တော့မှ တစ်ထစ်ဆင်းမသွားသင့်ဘူး။ ခြင်္သေ့ရဲ့အမြီးဖြစ်ရတာထက် မြည်းရဲ့ဦးခေါင်းဖြစ်ရတာဟာ ပိုမြတ်တယ်၊ လွတ်လပ်မှုဟာ

အရှင်သခင် ပဲ၊ လွတ်လပ်မှုမရှိတာဟာ သေခြင်းပဲ၊ ဘဝဆုံးခြင်းပဲ”

ဝိညာဉ်လိပ်ပြာသခင်မသည် စင်လုံအား ကြီးမားသော သတိဖြင့် စောင့်ကြည့်နေ၏။ သူမ၏မျက်လုံးများကို ဇာပိတ်ပါးဖြင့် ကာခြားထားသော်လည်း သူမ၏အကြည့်မှာ နှင်းမှုန်ထဲမှ ထွင်းဖောက်လာသော မြားကလေးများနှယ် စူးရှလွန်းလှသည်။ အချိန်အတော်ကြာ စူးစိုက်ကြည့်နေပြီးနောက် သူမ၏ခန္ဓာကိုယ်ကလေးမှာ လဲပြိုကျသွားတော့မလို ယိမ်းယိုင်သွားလေတော့သည်။

နန်းတွင်းဝတ်စုံဝတ်မိန်းကလေးသည် သူမ၏ သခင်မကို ကပျာကယာ ထိန်းမ ပေးရင်း ရှင်ပျော်ပျော်မြို့စားကြီးနှင့် စင်လုံတို့ဘက်သို့ လှည့်၍ရန်တွေ့လိုက်သည်။

“ရှင်တို့ကမှတကယ့်မကောင်းဆိုးဝါးတွေပဲ၊ ရှင်တို့ကြောင့် ကျွန်မတို့ရဲ့သခင်မ ရောဂါပြန်ထလာပြီ သူဟာသိပ်ပြီး စိတ်လှုပ်ရှားမှု မခံနိုင်ဘူးရှင့်”

ရှင်ပျော်ပျော်မြို့စားကြီးက အာမေဋိတ်သံဖြင့် အော်လိုက်ရင်း လှမ်းပြောလိုက်သည်။

“ဘုရားရေ - မင်းပြောတဲ့စကားအရဆိုရင် စင်လုံနဲ့ငါကပဲ တရားခံဖြစ်ရပြီပေါ့၊ ငါတို့နှစ်ယောက်ဟာ လူဆိုးတွေဖြစ်နေပြီပေါ့၊ စဉ်းစဉ်းစားစားလည်း ပြောပါမိန်းကလေးရဲ့”

ထိုမိန်းကလေးသည် စင်လုံအား စူးစူးစိုက်စိုက်ကြည့်လိုက်၏။ သူမ၏အကြည့်သည်လည်း လှံတစ်စင်းနှယ် စူးရှလှသည်။

“သူ - ဟုတ်တယ်၊ သူလည်း လူဆိုးပဲ”

စင်လုံက ရယ်လိုက်၏။

“ကျုပ်ကို လူဆိုးဘွဲ့ချီးမြှင့်တဲ့အတွက် ကျေးဇူးတင်ပါတယ်၊



မင်းကလူဆိုးလို့ပြောရင် လူဆိုးပဲပေါ့၊ ကျုပ်က မဟုတ်ပါဘူးလို့ အတင်းမငြင်းတော့ပါဘူး”

ထိုမိန်းကလေးက အံကြိတ်ရင်းဆက်ပြောသည်။

“ရှင်တို့နှစ်ယောက်ဟာ ကျွန်မတို့ရဲ့ ဝိညာဉ်ကိုထိန်းချုပ် သခင်မကို ရောဂါပြန်ထအောင်လုပ်ကြတယ်၊ ဒီအတွက် လျော်ကြေးပေးရမယ်”

စင်လုံမှာ အေးဆေးစွာ ပြောလိုက်သည်။

“ကျုပ်မှာ ရောဂါကိုကုနိုင်တဲ့ဆေးတွေ တစ်ပုံကြီးရှိပါတယ်၊ ဒါပေမယ့် မင်းသခင်မရဲ့ရောဂါမျိုးကို ကုနိုင်တဲ့ဆေးတော့မရှိဘူး၊ အဲဒီ အတွက် ဝမ်းနည်းမိပါရဲ့ကွယ်”

ထိုမိန်းကလေး၏ ဒေါသကားမပြေ။ သူမလိုချင်သည့်အရာကို မရရအောင်ယူမည်ဟူသော သန္နိဋ္ဌာန်မျိုးကို သူမ၏မျက်လုံးများထဲ၌ တွေ့မြင်နေရသည်။

“ဘာပြောတယ်ရှင့်၊ ရှင်တို့ဟာ ကျွန်မရဲ့သခင်မကို ဒုက္ခရောက်အောင်လုပ်တယ်၊ နောက်ပြီးတော့ ပေါ့ပေါ့ဆဆ ပြောကြတယ်၊ ဒီလိုလုပ်လို့ရရိုးလား၊ ကျွန်မသခင်မရဲ့ရောဂါကို ပျောက်အောင် ကုသပေးရင်ကုသပေး၊ ကုသမပေးလို့ကတော့ ရှင်တို့နှစ်ယောက်စလုံး မလွယ်ဘူးမှတ်ပါ၊ ကျွန်မက ရှင်တို့ကိုအသေခံပြီး တိုက်မှာရှင့်၊ ကိုယ့်အသက်ကို နမြောပြီး အညှံ့ခံလိမ့်မယ်လို့ မထင်နဲ့”

ထိုမိန်းကလေး၏ အမူအရာမှာ တကယ့်ကို ကြောက်မက်ဖွယ်ရာ ဖြစ်နေတော့သည်။ ပြောသည့်အတိုင်း လုပ်မည့်ပုံပေါ်သည်။ သို့သော် ရှင်ပျော်ပျော်မြို့စားကြီးဆိုသည် သိုင်းလောက၌ သာမညလူမဟုတ်သကဲ့သို့ စင်လုံသည်လည်း အညတြတစ်ယောက်မဟုတ်

ပါချေ။ တစ်ခေတ်တွင်တစ်ယောက်ဆိုနိုင်သူများ ဖြစ်ကြသည်မဟုတ်ပါလော။

ရှင်ပျော်ပျော်မြို့စားကြီးက အားပါးတရ ရယ်မောလေတော့၏။

“မင်းရဲ့ဟန်ပန်ကလေးတွေက သိပ်ပြီးချစ်စရာကောင်းပါလား ကွဲ့၊ မင်းရဲ့သခင်မနဲ့ အိမ်ထောင်ဖက်ပြုရင်တော့ မင်းလည်း အချည်းနှီး မဖြစ်စေရပါဘူး။ ငါတို့အတွက် အိမ်ရာခင်းနိုင်းတဲ့တာဝန်ကို မင်းကိုပေးထားမယ်”

ဒေါသထွက်နေသည့်မျက်နှာ၌ ရက်သွေးဖြန်းသွားကာ ရဲခနဲ ဖြစ်သွားလေတော့၏။ သူမသည် ခြေထောက်ဆောင့်ရင်း ရန်တွေ့နေတော့သည်။

“လူဆိုး - ရှင်ဟာ တကယ့်လူဆိုးပဲ၊ တစ်လောကလုံးမှာ ရှိတဲ့ လူဆိုးလူယုတ်မာတွေရဲ့ ထိပ်ခေါင်တင်ဟာ ရှင်ပဲ၊ ရှင်တို့ရဲ့ အပြုအမူ အပြောအဆိုဟာ နူးညံ့သယောင်နဲ့ ကြမ်းတမ်းတယ်၊ သိမ်မွေ့သယောင်နဲ့ ရက်စက်တယ်၊ ရှင်တို့မှာ ဒီလိုအပြုအမူအပြောအဆိုတွေရှိလို့ ကျွန်မသခင်မရဲ့ရောဂါဟာ ပြင်းထန်သွားရတာပဲ၊ ရှင်တို့ တရားခံ”

ရှင်ပျော်ပျော်မြို့စားကြီးက သူမအား လုံးဝအရေးမစိုက်ပါချေ။ ရှိသည်ဟူ၍ပင် မထင်မှတ်။ စင်လုံ၏ ပခုံးအား ရင်းရင်းနှီးနှီးပုတ်၍ ပြောသည်။

“ညီလေးစင်လုံ ငါဟာ အလှအပကြိုက်တယ်၊ အမွှေးရနံ့တွေကို သဘောကျတယ်၊ ဗိညာဉ်ဂိုဏ်းချုပ်သခင်မကိုလည်း လှလှပပကုသနိုင်တဲ့နည်းမျိုးနဲ့ ကုသပေးစမ်းပါလား”

စင်လုံကလည်း ရင်းနှီးစွာပင် ပြန်ပြောသည်။



“နောင်ကြီးက အဲဒီပုံစံအတိုင်း ဖြစ်စေချင်တယ်ဆိုရင် ကျွန်တော်လည်း ကုသပေးဖို့ ဝန်မလေးပါဘူး။ လှလှပပကလေးပဲ ဖြစ်စေရပါမယ်”

သို့သော် -

ဗိညာဉ်ဂိုဏ်းချုပ်သခင်မ၏ ပုံပန်းသဏ္ဌာန်အခြေအနေကမူ လွန်စွာဆိုးဝါးနေပုံရသည်။ သူ၏ရင်ဝကို လက်ဖြင့်ဖိကာ ကြေကွဲစွာပြောသည်။

“ရှင်တို့ရဲ့ ကရုဏာတရားကို ကျေးဇူးတင်ပါတယ်ရှင်၊ ဒါပေမယ့် ကျွန်မရဲ့ရောဂါကတော့ ကုသလို့ပျောက်ကင်းတော့မယ် မထင်တော့ဘူးရှင့်”

ရှင်ပျော်ပျော်မြို့စားကြီးက နူးညံ့ပျော့ပျောင်းသောလေသံဖြင့် နှစ်သိမ့်လိုက်သည်။

“ဒီလိုတော့မပြောပါနဲ့လေ၊ အနာရှိရင် ဆေးရှိတာပဲ၊ လောကမှာ မပျောက်နိုင်တဲ့ရောဂါဆိုတာ မရှိပါဘူး။ ဘယ်ရောဂါဖြစ်ဖြစ် ကုသနိုင်တဲ့နည်းလမ်းကတော့ ရှိကိုရှိရမယ်”

“ကျေးဇူးတင်ပါတယ်ရှင်၊ အနာရှိရင်ဆေးရှိတယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် အခုခက်နေတာက အနာသိပေမယ့် ဆေးမရှိတာပါပဲ၊ ဆေးက တကယ့်ကိုအရှာရခက်ပါတယ်ရှင်”

“ဘာဖြစ်သလဲ ဆေးက ဘယ်လောက်တောင် ခက်နေလို့လဲ၊ ကမ္ဘာ့အစွန်အဖျားမှာ သွားရှာရမယ့်ဆေးလား။ ပြောသာပြော၊ ငါ ရအောင်ရှာပေးမယ်”

“ရှင် တကယ်ပဲလား။ ကျွန်မအတွက် ဆေးရအောင် တကယ်ပဲ ရှာပေးမလား။ ရှာပေးချင်တဲ့စိတ်ရော တကယ်ရှိရဲ့လားဟင်”

"ကျုပ်က ဆေးရာပေးတာတော့ဟုတ်ပါပြီ၊ ကျုပ်ဆေးရာပေးတဲ့အခါကျရင်တော့ မင်းကဘာပြန်ပြီးကျေးဇူးဆပ်မှာလဲ၊ အဲဒါ တော့ နည်းနည်းလောက်ပြောပြစမ်းပါ"

နည်းနည်းမဟုတ်ပါဘူးရှင်၊ အများကြီးပြောပြနိုင်ပါတယ်၊ ကျွန်မကို ရှင်ခိုင်းချင်တာခိုင်းပါ၊ ကျွန်မ ပြန်လုပ်ပေးပါ့မယ်"

ရွှင်ပျော်ပျော်မြို့စားကြီးသည် မျက်လုံးများ ပိတ်သွားမတတ် ရယ်လိုက်၏။

"ဘယ်လိုပဲ ခိုင်းခိုင်းလား"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မက ခေါင်းညိတ်ပြ၏။

ရွှင်ပျော်ပျော်မြို့စားကြီးသည် ကျေနပ်သွားသည်။ ဘာခိုင်းခိုင်း လုပ်ပါမည်ဆိုသော ကျေးဇူးဆပ်ခြင်းထက် အခြားကောင်းသော ကျေးဇူးဆပ်နည်း ရှိပါဦးမည်လော။

"ကောင်းပြီ - ဆေး ဘယ်မှာရှိသလဲ၊ ပြောပေတော့"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏အသံသည် အနည်းငယ်တိုးသွား၏။

"အဲဒီဆေးက ဝေးဝေးလံလံအရပ်မှမဟုတ်ပါဘူး။ ဒီနားမှာတင် ရှိပါတယ်"

ရွှင်ပျော်ပျော်မြို့စားကြီးမှာ လွန်စွာ အံ့ဩသွားတော့သည်။

"ဟုတ်လား။ ဒီနားမှာတင်လား။ ငါက ဝေးဝေးလံလံမှာလား လို့ကွာ၊ ဒါဖြင့်ပြော ဘယ်မှာလဲ"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏ အသံက ပို၍တိုးညင်းသွားပြန် သည်။

"အဲဒီဆေးက ရွှင်ပျော်ပျော်မြို့စားကြီးရဲ့ ခန္ဓာကိုယ်မှာပဲ ရှိနေ ပါတယ်"



ရွှင်ပျော်ပျော်မြို့စားကြီးမှာ ထပ်မံ အံ့ဩသွားပြန်သည်။

"ဘုရားရေ - ဆေးက ငါ့ကိုယ်မှာ ဟုတ်လား။ ဖြစ်မှ ဖြစ်ရ လေကွာ"

ထိုစဉ် နန်းတွင်းဝတ်စုံဝတ်မိန်းကလေးက ကြားဖြတ်ဝင်ပြော သည်။

"ဟုတ်တယ်၊ ဆေးက ရှင့်ခန္ဓာကိုယ်မှာ ရှိနေတယ်၊ ဒါပေမယ့် ရှင်ပေးဖို့ နှမြောတွန့်တိုနေမှာပါ၊ ကျွန်မသိပါတယ်"

ရွှင်ပျော်ပျော်မြို့စားကြီးက ရယ်လိုက်သည်။

"ကောင်မလေး မင်းကငါ့ကို ဘာကြောင့် ဒီလောက်တောင် အထင်သေးရတာလဲ၊ ငါ့နာမည်ကို သိုင်းလောကမှ တစ်ခါမှ မကြားဖူးဘူးလား"

ထိုမိန်းကလေးက မယုံကြည်နိုင်ဟန်ဖြင့် ထပ်မေးပြန်သည်။

"ရှင် တကယ်ပေးမှာလား"

"ဒီကောင်မလေးကတော့ ခက်နေပြန်ပါပြီ၊ မင်းရဲ့ဝိညာဉ်ဂိုဏ်း ချုပ်သခင်မဆိုတဲ့ မိန်းမချောလေးသေရင် ငါရင်ကျိုးလိမ့်မယ်၊ အချောအလှ အနုအရွမှန်သမျှ ငါကမြတ်နိုးတယ်ကွ"

ထိုမိန်းကလေးက ရွှင်ပျော်ပျော်မြို့စားကြီးအား ဦးညွှတ်အရို [illegible]ပေးရင်းပြောသည်။

"ကျေးဇူးတင်ပါတယ်ရှင်"

"ကဲ - မင်းတို့က ငါ့ကိုပဟေဠိဝှက်မနေစမ်းပါနဲ့ ဘာဆေးလဲ ဆိုတာသာ ပြောစမ်းပါ"

ထိုမိန်းကလေးက စဉ်းစားဟန်ဖြင့် မျက်လုံးကလေး ပုတ်ခတ် ပုတ်ခတ်လုပ်နေသည်။ ထို့နောက် တွေးတွေးဆဆပြောသည်။

"ကျွန်မရဲ့သခင်မဟာ စိတ်နှလုံးစိုးရိမ်ပူပန်စရာ ကြောင့်ကြစရာ ဖြစ်တဲ့အခါမှာ ဒီရောဂါပေါ်ပေါက်လာတယ်၊ စိတ်ရောဂါတစ်မျိုးလို့ ခေါ်မှာပေါ့ရှင်၊ ကျွန်မသခင်မရဲ့နှလုံးသားဟာ ညှိုးချုံးပူဆွေးနေတတ်တယ်၊ ကျွန်မသခင်မရဲ့ နှလုံးသား လန်းဆန်းအားတက်မယ့် နှလုံးအားဆေးမျိုး လိုအပ်နေပါတယ်"

"ဒါဖြင့် နှလုံးရောဂါပျောက်စေမယ့် ဆေးမျိုးပေါ့"

"ဟုတ်ပါတယ်ရှင်၊ ရှွင်ပျော်ပျော်မြို့စားကြီးရဲ့ အသည်းနှလုံးကို ထုတ်ပေးခွင့်ပြုမယ်ဆိုရင် ကျွန်မတို့ရဲ့သခင်မဟာ ချက်ချင်းလန်းဆန်းသွားမှာဖြစ်ပါတယ်"

ရှွင်ပျော်ပျော်မြို့စားကြီးမှာ မျက်နှာပျက်သွားတော့၏။ သို့သော် ချက်ချင်းပင် ဣန္ဒြေဆယ်လျက် ရယ်မောလိုက်နိုင်သည်။

"လက်စသတ်တော့ မင်းကငါ့ကို သတ်ချင်နေတာကိုး"

ထိုမိန်းကလေးက ရှွင်ပျော်ပျော်မြို့စားကြီး၏စကားကို လက်မခံပါချေ။

"ဟင့်အင်း - ရှင် ဒီလိုမပြောပါနဲ့၊ ကျွန်မတို့က ရှင့်ကိုသတ်ဖို့ မတောင်းဆိုပါဘူး။ ရှင်က ကျွန်မတို့ရဲ့သခင်မကို ကုသဖို့ ဘယ်လိုဆေးမျိုးဖြစ်ဖြစ် ရှာပေးနိုင်တယ်ဆိုလို့သာ ဆေးဝါးအဖြစ် ရှင့်နှလုံးသားကို တောင်းဆိုတာပါ၊ ဘယ်လိုလဲရှင့်၊ ရှင့်စကားကို ကျွန်မတို့ အတည်မယူနိုင်တော့ဘူးမဟုတ်လား"

ရှွင်ပျော်ပျော်မြို့စားကြီးသည် ဒေါနှင့်မောနှင့် သူ၏အင်္ကျီရင်ဘတ်ကို ဖွင့်ချလိုက်သည်။

"ကောင်မလေး - စကားများမနေနဲ့၊ ငါ့အသည်းနှလုံးက ဒီ ရင်ထဲမှာရှိတယ်၊ လာယူလှည့်"



ထိုမိန်းကလေးက စိတ်သက်သာသွားဟန်ဖြင့် ပြုံး၍ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ်ရှင့်၊ ရှွင်ပျော်ပျော်မြို့စားကြီးရဲ့ စေတနာမေတ္တာနဲ့ ကျွန်မတို့ရဲ့ သခင်မရောဂါဝေဒနာ ပျောက်ကင်းပါတော့မယ်၊ ကျွန်မတို့ရဲ့ သခင်မ ကျန်းကျန်းမာမာဖြစ်သွားတဲ့အခါ ရှွင်ပျော်ပျော်မြို့စားကြီးရဲ့ကျေးဇူးကို ပြန်ဆပ်ဖို့ လုံးဝမမေ့ပါဘူးရှင်"

မိန်းကလေးသည် ခါးကြားမှ တစ်စုံတစ်ခုကို ဆွဲထုတ်လိုက်သည်။ ဖန်မီးအိမ်အရောင်ဖြင့် အရောင်ဟပ်လျက် ဓားမြောင်၏အရောင် လင်းခနဲ လက်ခနဲဖြစ်သွားတော့သည်။ သူမသည် ဓားမြောင်ကို ကိုင်မြောက်လျက် ရှွင်ပျော်ပျော်မြို့စားကြီးထံသို့ တစ်လှမ်းချင်းတိုးဝင်သွားလေတော့၏။

ထိုစဉ် -

"နေဦး"

ရှွင်ပျော်ပျော်မြို့စားကြီး၏ အော်ဟစ်သံသည် မိုးခြိမ်းသံကဲ့သို့ မြည်ဟည်းသွားသည်။

မိန်းကလေးသည် မြို့စားကြီး၏ ဟားမြစ်သံကြောင့် အထိတ်တလန့်ဖြင့် နောက်ဘက်သို့ လေးငါးလှမ်းမျှ ဆုတ်သွားတော့သည်။

သူမက အထစ်ထစ်အငေါ့ငေါ့ဖြင့် လှမ်းမေးလိုက်သည်။

"ဘယ်လိုလဲရှင့် - ရှင့်ကတိမတည်တော့ဘူးလား"

ရှွင်ပျော်ပျော်မြို့စားကြီးက မရယ်မပြုံးပြောလိုက်သည်။

"ငါကတိမတည်ဘူးလို့ ဘယ်မှာပြောလို့လဲ၊ ငါ့အသည်းနှလုံးကို လိုချင်ရင် မင်းရဲ့ဝိညာဉ်ဂိုဏ်းချုပ်သခင်မကိုယ်တိုင် လာယူပါစေ"

ထိုအခါ လုံးဝတိတ်ဆိတ်ငြိမ်သက်စွာ ရှိနေသည့် ဝိညာဉ်ဂိုဏ်းချုပ်သခင်မက ဝင်ပြောသည်။

"ဖြစ်ပါတယ်လေ၊ ရှင့်အမိန့်ကို နာခံရမှာပေါ့"

"လာပါ မင်းကိုယ်တိုင် လာယူလှည့်ပါ"

ထိုစကားကို ပြောပြီးသည်နှင့် ရွှင်ပျော်ပျော်မြို့စားကြီးသည် လုံးဝတိတ်ဆိတ်ငြိမ်သက်သွားပြီး ရင်ဘတ်ကိုဖွင့်၍ စောင့်နေလိုက်၏။ ထိုစဉ်ဓားရောင်တစ်ချက် ဖွေးခနဲလက်သွားပြီး ဓားမြောင်သည် ရွှင်ပျော်ပျော်မြို့စားကြီး၏အနီးသို့ ရောက်ရှိလာလေတော့သည်။

မေတ္တာမွန်ဖြင့်

တက္ကသိုလ်နေလင်းအောင်

အမှတ်(၁၉၆)၊ လမ်း(၄၀)၊ ရန်ကုန်မြို့။